
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မှန်မှန်

ချစ်သူက အခါးတော်ပေးကာကဲ့ [illegible]

စာမူခွင့်ပြုချက်အမှတ်
[illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၀၉၁၂၀

၂၀၁၁ ခုနှစ်၊ မေလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် ([illegible]) စောတနာစာပေ၊
အမှတ်(၅၉)၊ [illegible] လမ်း၊ [illegible] မြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်([illegible]) [illegible] OFFSET
အမှတ်(၅၉)၊ [illegible] လမ်း၊ [illegible]

ဆုမြတ်မှန်မှန်
ချစ်သူကအခါတော်ပေး [illegible]
ရန်ကုန်၊
စောတနာစာပေ၊ ၂၀၁၁။
၁၂၈ – စာ၊ ၁၂×၁၈ စင်တီ။
(၁) ချစ်သူကအခါတော်ပေးတော့ [illegible]

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







၁

**လှမျိုးခင်**သည် ခရီးသွားလျှင် ဘယ်လိုမှ အိပ်မပျော်နိုင်သူ ဖြစ်လေရာ အခုလည်း သူစီးလာသောကားဟာ ပဲခူးရောက်နေပြီဆိုတာသိလျှင် အိတ်ကဖုန်းကို ထုတ်ပြီးနောက် လေးသောင်းထံ ဖုန်းခေါ်လိုက်သည်။ ဒီအချိန်မှာ အိပ်မက်ကောင်းတုန်း ဖြစ်မည်ဟု မျှော်လင့်ရသော လေးသောင်းဟာ ထင်ထားတဲ့အတိုင်း ဖုန်းကို တော်တော်နဲ့ မကိုင်ချေ။ သူကလည်း ဘယ်ရမလဲ အညာသား သူဌေးသားပီပီ ဂျီအက်စ်အမ်ကတစ်လုံး၊ စီဒီအမ်အေကတစ်လုံး နှစ်လုံးကိုင်သူ ဖြစ်သောကြောင့် ဖုန်းနှစ်လုံးနဲ့ပင် လေးသောင်းရဲ့ ဟန်းဒ်ဖုန်းရော၊ အိမ်ဖုန်းရောကိုပါ ပြိုင်တူခေါ်သည်။

ကဲ ... ဒီလိုဆိုတော့ ခုတင်ဘေးက စားပွဲပုလေးပေါ်မှာ တင်ထားတဲ့ အိမ်ဖုန်းကလည်း ဂလုံ ဂလွမ်အော်၊ ခေါင်းအုံးဘေးမှာထားမယ့် ဟန်းဒ်ဖုန်းကလည်း မရပ်မနားအော်တော့မသိမဟုတ်လား။ ဘယ်ဖုန်းကို ကိုင်မလဲ ကြိုက်တဲ့ဖုန်းကိုသာကိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို ... ကြားလား"

တစ်ဖက်မှ ဘယ်လိုမှ သည်းမခံနိုင်တော့ထင့်။ ဖုန်းနှစ်ခုစလုံးကို ကိုင်ကာ အိပ်ချင်မူးတူး အသံပြကြီးဖြင့် နင်းကန်ကုန်းအော်တော့သည်။ မြန်မာပြည်မှာ ဟန်းဒ်ဖုန်းကိုင်သော လူတွေရဲ့ထုံးစံအတိုင်း ဖုန်းဖွင့်လိုက်တာနှင့် ကြားလား ဟူသော စကားကို နားဆင်ရတာ ဖြစ်တော့သည်။ မသိတဲ့ နိုင်ငံခြားသားတွေကဆိုလျှင် ကြားလား ဆိုတာ မင်္ဂလာပါဟူသော နှုတ်ဆက်စကားလိုပင် ထင်နေကြလေသည်။

"ကြားတယ် ... ကြားတယ်"

"အေး ... ကြားရင် ပြန်အိပ်ပြီ"

"ဟား ... ပြန်မအိပ်နဲ့လေ၊ လေးသောင်း ကြားလားဗျ၊ ကျွန်တော်ပါ"

"ဟော့ကောင် ... အရူး၊ မင်း ဘယ်ဖုန်းနဲ့ ပြောနေတာလဲ၊ ငါ့နားထဲမှာ ဟိုဘက်နားရော ဒီဘက်နားကရောပါ မင်းအသံတွေကို ကြားနေရတယ်"

"နှစ်လုံးစလုံးနဲ့ ပြောနေတာ"

"ဟား ... မင်း အရူးပဲ။ ဟော့ကောင် ... တစ်လုံးကိုချ ... တောက် ... စောစောစီးစီး ဘာလာအရူးထနေတာလဲ၊ ငါ ဆဲလိုက်ရ၊ မကောင်းဘဲ ရှိတော့မယ်"

"လေးသောင်း ... ကျွန်တော် ပဲခူး ရောက်နေပြီဗျ"





"မင်းဘာသာမင်း ပဲခူးမကလို့ ငရဲပြည်ပဲရောက်ရောက် ဒီအချိန် ငါ့ကို ဖုန်းဆက်ပြီး နိုးစရာလား လဒရ"

"ဟား ... နိုးရမှာပေါ့။ လေးသောင်း ကျွန်တော့်ကို လာကြိုရမှာလေဗျာ၊ ခုတည်းက ကြိုနှိုးထားမှ အိပ်ပုံ အိပ်ပုံ လုပ်တတ်တဲ့ လေးသောင်းရဲ့အကျင့်နဲ့ ကြိုရမယ့်အချိန် ကွက်တိ ဖြစ်မှာပေါ့ ...

ဒီကားတွေက မတရားမြန်တာဗျ။ ပဲခူးနဲ့ ရန်ကုန်ဆို ရွတ်ခနဲရောက်မှာ။ ခုတည်းက လေးသောင်း ထတော့။ မျက်နှာလေး ဘာလေးသစ်တော့၊ အဝတ်အစားလေး ဘာလေးလဲ ..."

"ဟော့ကောင် ... စိတ်ကူးတွေယဉ်ပြီး စွတ်ပြောမနေနဲ့။ မင်းကို လာကြိုမယ်လို့ ဘယ်သူက ပြောလို့လဲ ...

ကိုယ့်ဟာကိုယ် ကားငှားလာခဲ့"

အကြင်နာကင်းမဲ့သော သူ့ဦးလေးက အဲဒီလိုပြောလိုက်တာနှင့် သူက ဟာ,ခနဲ အော်သံကျယ်ကြီးက ကားထဲမှာ လွင့်စဉ်ပေါက်ကွဲထွက်သွားသည်။ သူ့ဘေးခုံက ဦးလေးကြီးက သူ့ကို ဘုရှီး,ရှီးလေသည်။

"လေးသောင်း ... ဒီတူလေး တစ်ယောက် ရှိတာဗျာ"

"ဟော့ကောင် ... တစ်ယောက်မှ မရှိလည်း ဒီစတိုင်လ်ပဲ။ ဘုရင့်နောင်နဲ့ အောင်မင်္ဂလာအဝေးပြေးကွင်း တောင်ထိပ်နဲ့ မြောက်ထိပ်ပဲကွ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်ယောက်တည်းများကွာ ကိုယ့်ဟာကိုယ် Taxi ငှားလာ။ နားတောင် အေးသေးတယ်။ ကားတွေများပေါလို့၊ ကားငှားလာခဲ့၊ ငါ လာမကြိုနိုင်ဘူး။ ဖုန်းလည်း ထပ်မဆက်နဲ့ ဖုန်းပိတ်ပြီး ဆက်အိပ်ပြီ။ လာမှ တံခါးထ ဖွင့်ပေးမယ် ... ဒါပဲ"

လုံးဝကို Heart ထိဖွယ် စကားများဖြင့် သူ့ဦးလေး လူပျိုသိုးကြီးကား ရက်ရက်စက်စက် ဖုန်းချလို့ သွားလေသည်။ သူက အံကြိတ်ပြီး ကျန်ရစ်ခဲ့သည်။ ရန်ကုန်မှာ သူ လာနေမယ် ဆိုကတည်းက သူ့ဦးလေး လူပျိုကြီးကား သူ့ကို လေစိမ်းတွေ စတိုက်နေတာပဲ ဖြစ်တော့သည်။ သူတို့ဇာတိဟာ မန္တလေးတိုင်းထဲက ကျောက်ပန်းတောင်းဇာတိဖြစ်ပြီး သူ့မိဘတွေဟာ ကျောက်ပန်းတောင်းမြို့ရဲ့ မျက်နှာဖုံးများဖြစ်ကြသည်။ လက်ဖက်ရည်ဆိုင်တွေမှာ အော်တတ်သော ကျောက်ပန်းတောင်းဂိတ်ဆုံး ဆိုတဲ့ စကားတွင်လေသည့်အတိုင်း အချိုးကော ထန်းလျက်ပေါလေသော သူတို့မြို့မှာ သူတို့က ထန်းလျက်ပွဲရုံ၊ ပဲနှမ်းမျိုးစုံပွဲရုံနှင့်အတူ ဆယ်ဘီးကားကြီးတွေနှင့် ကုန်စည်တင်ပို့သော အဝေးပြေးကားကြီးတွေကိုပါ ပိုင်ဆိုင်သည်။

အမြော်အမြင်ရှိလေသော သူ့အဖေဟာ သူ ဆယ်တန်းလောက်မှာပဲ ရန်ကုန်ရှိ ဘုရင့်နောင်ပွဲရုံတန်းမှာပါ ပွဲရုံတစ်ရုံ လာဖွင့်ထားပြီး ရန်ကုန်ဈေးကွက်ကိုပါ နယ်ချဲ့နိုင်းထားတာဖြစ်သည်။ အဲဒီပွဲရုံကိုတော့ သူ့ဦးလေးက ဦးစီးသလို သူ့အဖေက





လည်း တစ်လတစ်ခါလောက် ရန်ကုန်သို့ ပုံမှန်ဆင်းကာ ကြီးကြပ်သည်။ သူကတော့ အဲဒီအချိန်တွေမှာ မိတ္ထီလာတက္ကသိုလ်မှာ ကဲကောင်းတုန်းပင်။ သူက ကျောက်ပန်းတောင်းက ဆယ်တန်းအောင်သည်မို့ တက္ကသိုလ်တက်သောအခါ မိတ္ထီလာတက္ကသိုလ်မှာ သင်္ချာဘာသာအထူးပြုဖြင့်တက်ရသည်။ မိဘအလုပ်တွေ ဘာတွေလဲ ကြုံရင် ကြုံသလိုသာကူညီပြီး သိပ်စိတ်ဝင်တစား မရှိခဲ့ပါ။

မိတ္ထီလာတက္ကသိုလ်ကနေ သင်္ချာဘွဲ့တစ်ဘွဲ့ ရပြီး တစ်နှစ်လောက်အထိလည်း အေးအေးဆေးဆေးပဲဖြစ်သည်။ အဲဒီလို အေးရာအေးကြောင်းနေလာသော သူ့ကို သူ့အဖေက တစ်နေ့မှာတော့ အမိန့်တစ်ခု ထုတ်ပြန်လာတော့သည်။

"မောင်ခင် ... မင်း ရန်ကုန်မှာ MBA သွားတက်ရမယ်။ အဲဒီအတွက် ဝင်ခွင့်စာမေးပွဲဖြေဖို့ ကိစ္စတွေရှိတယ်။ စုံစမ်းပြီး ငါ့ကိုပြန်ပြော"

သူ့အဖေကား ကျောက်ပန်းတောင်းသားနေတယ်။ အထင်သေးလို့ကတော့ မရချေ။ အရင်ခေတ်က တက္ကသိုလ်ကျောင်းသားတွေလို လော့ဂရက်သမ်ကြီး ကျကွဲသွားလို့ပါ ဆိုတဲ့ အချိုးမျိုး သွားချိုး၍မရ။ ဘွဲ့ရပညာတတ်တစ်ယောက် မဟုတ်ပေမယ့် ပြင်ပဗဟုသုတကတော့ လေ့လာလိုက်စားမှု အားကောင်းကာ နေရာတကာ၌ နံ့နံ့စပ်စပ်ရှိသူ ဖြစ်သည်။ မီဒီယာပေါင်းစုံကို နေ့စဉ်လေ့လာဆည်းပူးသောကြောင့် ကမ္ဘာကြီးမှာ နေ့စဉ်ဘာဖြစ်နေတယ်ဆိုတာကအစ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း စီးပွားရေးဆိုင်ရာ ပညာရပ်တစ်ခုဖြစ်သော MBA သင်တန်းကို တက်နိုင်နေပြီ။

"အဖေ MBA က ရန်ကုန်ကို သွားတက်ရမှာလား။ မိတ္ထီလာမှာလည်း တက်လို့ရတယ်လေ။ မိတ္ထီလာစီးပွားရေး တက္ကသိုလ်မှာလည်း MBA ဘွဲ့ ပေးတာပဲဟာ၊ နီးနီးနားနား မိတ္ထီလာမှာပဲ ..."

သူ့စကားတောင် မဆုံးသေး။ သူ့အဖေက ဆက်ပြောသည်။

"ဟုတ်ကောင် ... မိတ္ထီလာမှာ တက်လို့ရတာ ငါ သိတယ်။ ဒါပေမဲ့ မင်းကို တမင် အမြင်ကျယ်စေချင်လို့ ရန်ကုန်ကို လွှတ်တာ။ မင်း မိတ္ထီလာမှာလည်း သုံးနှစ်တောင် ကျောင်းတက်ပြီးပြီ ...

အခုလည်း မိတ္ထီလာနေပြန် ဘာသဘောလဲ။ မိတ္ထီလာမှာ မင်းရည်းစား ရှိနေလို့လား"

"ဟာ ... မဟုတ်ကဟုတ်က။ မရှိပါဘူး အဖေကလည်း။ ကျွန်တော်က ပြောပြတာပါ"

"ပြောပြမနေနဲ့။ ငါ သိတယ်။ မင်းကို တမင် ရန်ကုန်မှာ တက်နိုင်းတာ။ ဟိုမှာ ပွဲရုံတွေလည်း ရှိတယ်။ နေစရာအိမ်လည်း အဆင်သင့်ပဲ ...

နောက်ဆိုရင် ရန်ကုန်က စီးပွားရေးမြို့တော် ဖြစ်လာတော့မှာ။ ဒီတော့ မင်း ရန်ကုန်မှာပဲ MBA တက်ဖို့





ပြင်ဆင်။ တစ်ခါတည်း ပြောထားမယ်။ ဟိုမှာ သွားတက်နိုင်းတာ မင်းကို အပျော်သွားတက်နိုင်းတာ မဟုတ်ဘူးနော်။ ဒီခေတ်ကြီးထဲမှာ စီးပွားရေးလုပ်ငန်းတွေကိုလုပ်မယ့် လူငယ်တစ်ယောက်အတွက် MBA ဆိုတာ တက်ကို တက်ထားသင့်တဲ့ ပညာရပ်တစ်ခုမို့ မင်းကို တက်နိုင်းတာ ...

ပြီးတော့ ဒီ့ထက် လူရည်လည်ပြီး တိုးတက်စေချင်လို့။ မြို့ပြယဉ်ကျေးမှုအထာနဲ့ အသားကျနေစေချင်လို့။ ဝင်ဆံ့စေချင်လို့။ ငွေကို ချွေတာရမယ်လို့ ငါမပြောဘူး။ မကောင်းတဲ့နေရာ မဟုတ်တဲ့နေရာမှာ လျှောက်မသုံးရင် တော်ပြီ ...

ငါပြောတာ သဘောပေါက်လား"

မပေါက်လည်းဘဲ ပေါက်တယ်လို့ ပြောရတာက သားသမီးတို့ရဲ့ ထုံးစံလို ဖြစ်နေပြီမို့ သူက ခေါင်းသာညိတ်ပြလိုက်ရတော့သည်။ အဲဒီလိုနှင့် သူ့အဖေရဲ့သဘောတော်ကျ သူက ရန်ကုန်မှာ MBA သင်တန်းတက်ဖို့ ဖြစ်လာခဲ့တော့သည်။ ပထမတစ်ခေါက် ရန်ကုန်ဆင်းကာ ဝင်ခွင့်စာမေးပွဲတွေ ဘာတွေအရင်ဖြေပြီးမှ ဝင်ခွင့်အောင်မြင်ပြီးနောက် ကျောင်းလာတက်ဖို့အတွက် ရန်ကုန်သို့ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ သူ့ဦးလေး အရင်းခေါက်ခေါက်ကြီး တစ်ယောက်လုံး ရှိတာတောင် နွေးထွေးစွာ လာကြိုဖော်မရသဖြင့် ရန်ကုန်သည် သူ့ကို ခပ်စိမ်းစိမ်းပဲ ကြိုဆိုလိုက်သည်ဟု သူကတော့ ဓာတ်နာနာဖြင့် တွေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် သူ စီးလာသော Express ကားကြီးဟာ အောင်မင်္ဂလာအဝေးပြေးကွင်းသို့ အောင်မြင်စွာနှင့် ဆိုက်ရောက်သွားတော့သည်။ သူက ကျောပိုးအိတ်တစ်လုံး၊ လတ်ဂ်ဂေ့ချ်တစ်လုံးနှင့်မို့ ပေါ့ပေါ့ပါးပါးရှိကာ Taxi ငှားဖို့ ထွက်လာခဲ့သည်။ သူ့ကို အလုအယက် ဝိုင်းဆွဲနေသော လူများကို ရှောင်ကွင်းကာ Taxi တစ်စီးကိုမှီပြီးရပ်နေသော ကောင်မလေးတစ်ယောက်ထံ သူကချဉ်းကပ်သွားလိုက်သည်။

ရန်ကုန်မှာ မိန်းကလေးတွေ Taxi မောင်းနေပြီဟု ပြောသံကြားဖူးသဖြင့် သူက အဲဒီ ကောင်မလေးရှိရာသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ သူမမျှော မိန်းကလေးဆိုတော့ ယောကျ်ားတွေနှင့်အပြိုင် ခရီးသည်တွေကို ဆွဲလား ခေါ်လား မလုပ်နိုင်ရှာဘူးထင်တယ်ဟု ကရုဏာသက်မိသွားတာကြောင့်လည်း ဘယ်ခရီးသည်ကိုမှ ဝင်မလုဘဲ အေးအေးဆေးဆေး ရပ်နေသော သူမထံသို့ လျှောက်သွားမိတာလည်းပါသည်။ ပြီးတော့ သူမ မှီရပ်နေသော Taxi ကားကလည်း ဆလွန်းအလုံးဖြစ်ကာ သားသားနားနားလည်း ရှိလှသည်။

"ကားငှားချင်လို့"

သူက ပြောလိုက်လျှင် သူမက သူ့ကို မျက်ခုံးပင့်ကြည့်သည်။ မိုးအုံ့အုံ့ ချမ်းစိမ့်စိမ့် မနက်ခင်း ခြောက်နာရီလောက်မို့ ခေါင်းစွပ်ဂျာကင် မိုးပြာနုရောင်လေးကို ဝတ်ထားသော ပိန်ပိန်ရှည်ရှည် ကောင်မလေးသည် အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်





ထည့်ကာ သူ့ကို အသေအချာ ပြန်စိုက်ကြည့်နေသည်မို့ သူကရင်ထဲမှာ ဖိုးသိုးဖပ်သပ်တောင် ဖြစ်ချင်သွားသည်။ ခရီးသွားနေသူမို့ သူ့ရုပ်ဟာ သိဝ်လန်းဦးမည့်ပုံ မပေါ်ပါ။

"ဟော့ ... ငါပြောနေတာ ကြားလား။ ကားငှားချင်လို့ ... လို့။ ကားအားလား"

"ကား ! ။ အင်း ... အားပါတယ်"

"အားရင် ရွှေစံပယ်ရိပ်မွန်အိမ်ရာကို သွားချင်လို့။ ဘယ်လောက်ပေးရမလဲ"

"အဲ ... ခုနစ်ထောင်ပါ၊ ခုနစ်ထောင်ပဲပေး"

"အား ... များတယ်။ ငါးထောင်ထားလိုက်"

"ငါးထောင် ! အင်း ... ငါးထောင်ဆိုတော့လည်း ငါးထောင်ပေါ့၊ ကဲ ... တက်"

"ဟိတ် ... အခု သွားမှာနော်"

"ရော် ... အခု မသွားလို့ ဘယ်နှနာရီမှ သွားချင်လို့လဲ"

"သိဘူးလေ၊ မင်းတို့က လမ်းကြောင်းတူ ခရီးသည်တွေ စုပြီး တင်တတ်လွန်းလို့။ အဲဒါမျိုးတွေဆို မစောင့်နိုင်ဘူးလို့ ပြောတာ"

"မစောင့်ပါနဲ့ ကျွန်မကလည်း အခုသွားမှာ။ ကဲ ... တက်"

သူမက သူ့အဝတ်အိတ်တွေတောင် တင်ပေးမော်မရဘဲ ကားမောင်းသူနေရာမှာ ဝင်ထိုင်တာမို့ သူကပဲ အိတ်တွေကို ကိုယ့်ဘာသာကိုယ်တင်ကာ ကားပေါ်ထိုင်ရသည်။ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းမှာ ထိုင်ပြီးရော သူမက ကားကို ကျင်လည်စွာကွေ့ ချိုး မောင်းထွက်သွားသည်။ သူမ ကားကိုကျင်ကျင်လည်လည် မောင်းနေပုံကို သူက နောက်ခန်းထဲမှာ သဘောတကျနှင့် ခေါင်း တဆတ်ဆတ်ညိတ်ပြီး ပြုံးကြည့်သည်။

"မင်း ဒီအလုပ် လုပ်စားတာ ကြာပြီလား"

"ဟမ် ? ... ဘာပြောတာလဲ"

"ဩော် ... Taxi မောင်းတာ ကြာပြီလားလို့ ပြောတာပါ"

"အင်း ... ဆိုပါတော့"

"ကောင်းပါတယ်၊ နောက်ဆို ယောကျ်ားတွေအတွက်တောင် အလုပ်တွေ ရှားပါးလာတော့မယ်နဲ့ တူတယ်နော် ...

နဂိုထဲက အလုပ်ခေါ်ရင် မိန်းကလေးတွေကို ဦးစား ပေးခေါ်နေကြတဲ့ ခေတ်ကြီးထဲမှာ အခု မိန်းမတွေကပါ ယောကျ်ားလေး အလုပ်တွေ ဝင်လုပ်တယ်ဆိုတော့၊ ဟဲ... ဟဲ ... နောက်ဆို ကျွန်တော်တို့ယောကျ်ားတွေ အိမ်မှာ ငုတ်တုတ်ထိုင်နေရတော့မယ်နဲ့ တူတယ်နော်"

သူ့စကားကို ကောင်မလေးက ဘာမှပြန်မပြောဘဲ နောက်ကြည့်မှန်ထဲမှ အသာလှမ်းကြည့်ကာ ပြုံးနေသည်။ ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် ကားကို ကျင်လည်စွာမောင်း နေသော ကောင်မလေးကို သူက ခင်မင်ရင်းနှီးစိတ်တွေ ဖြစ်ထွန်း ကာ စကားတွေ ဆက်ပြောနေမိသည်။

"ခင်ဗျား ... ဘွဲ့ရပြီးပြီလားဗျ"





"အင်း"

"ဟုတ်လား ... ကျွန်တော်လည်း ရပြီးပြီဗျ။ သင်္ချာနဲ့လေ၊ ဗတိကတော့ ကျောက်ပန်းတောင်းကပေါ့ဗျာ၊ အခု ရန်ကုန် ကို MBA လာတက်တာဗျ။ သိတယ်မဟုတ်လား MBA ...

ခုခေတ်မှာတော့ စီးပွားရေးလုပ်မယ့်လူတိုင်း တက် ထားရင်တော့ မမှားတဲ့ ပညာရပ်တစ်ခုပေါ့ဗျာ။ ကျောက်ပန်း တောင်းနားက မိတ္ထီလာမှာလည်း စီးပွားရေးတက္ကသိုလ်ရှိ တော့ တက်လို့တော့ရတယ်ဗျ။ ဒါပေမဲ့ အဖေက ပိုပြီး အမြင်ကျယ်အောင်ဆိုပြီး ရန်ကုန်ကို လွှတ်တာ ...

အပေါင်းအသင်းတွေက နယ်မှာ ကျန်ရစ်ခဲ့တော့ ရန်ကုန်ကို လာရတာ ငေါင်တယ်ဗျာ။ သိလား"

သူ့စကားကို သူမက ခေါင်းတစ်ချက် ဆတ်ပြသည်။ အဲဒီအချိန်မှာပဲ ဖုန်းမြည်သံ ထွက်ပေါ်လာတာကြောင့် သူက သူ့ရဲ့ဖုန်းတွေကများလားဟု ယောင်ယမ်းပြီး ထုတ်ကြည့်သော် လည်း ရှေ့က ဟယ်လို ဆိုသော အသံကြားမှ သူမဆီကဖုန်း ဆိုတာ သိလိုက်ရသည်။ Taxi သမားကလည်း ဟန်းဒ်ဖုန်းနဲ့ အဆင့်မြင့်သားပဲဟု တွေးမိသွားတုန်းမှာပဲ သူမက ဖုန်းပိတ်လိုက် တာ တွေ့ရသဖြင့် စကားကို ထပ်ဆက်မိပြန်သည်။

"ခင်ဗျားတို့ Taxi ဆွဲတာ တော်တော်ကိုက်တယ်နဲ့ တူ တယ်နော်၊ ဟန်းဒ်ဖုန်းတွေ ဘာတွေနဲ့ ... ဟဲ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ဒါက ကတ်ဖုန်းပါ။ မဖြစ်မနေမို့ ဆောင်ထားရတာ တစ်ခါတလေကျရင် ကက်စတန်မာတွေက ဖုန်းဆက်ပြီး လှမ်းခေါ်တာမျိုးတွေ ရှိတယ်လေ"

"ဩော် ... ဩော် ... ဟုတ်တာပေါ့။ ဟုတ်တာပေါ့ ကတ်ဖုန်းတွေ ငါးသိန်းတန်ဖုန်းတွေ ပေါ်လာတော့ လူလတ်တန်းစားတွေ ဖုန်းကိုင်နိုင်လာတာပေါ့ ...

ကောင်းပါတယ် ... ကောင်းပါတယ် ...

ရန်ကုန်မှာရော ခုတလော ဘာတွေခေတ်စားနေလဲဗျ။ ကျွန်တော်လည်း ရန်ကုန်မရောက်တာ ကြာပြီဆိုတော့ ဘာခွင်တွေ ကောင်းလဲဟင်"

"ဒီလိုပါပဲ၊ ကားဈေးတွေတော့ အရမ်းကျတယ်"

"အေးဗျ ... နော် ... ကြားတယ် ... ကြားတယ်၊ တချို့ကားတွေဆို ရာနဲ့ချီပြီး ပြုတ်ကျတာပဲ။ ကျွန်တော်တို့က အိမ်မှာ အဝေးပြေးကားတွေလည်း ထောင်ထားတယ်ဗျ။ အရင်တုန်းကတော့ ကိုက်ပါတယ်။ ကားက လုပ်တတ်ရင် ပွားတာလေ၊ တစ်စီးကနေ နှစ်စီးဖြစ်တာ ...

ကျွန်တော်တို့မြို့မှာဆိုရင် ဆယ်ဘီးကားမပိုင်တဲ့အိမ်ဆိုတာ ခပ်ရှားရှားဗျ၊ ဟဲ ... ဟဲ ... ခုနောက်ပိုင်းတော့ ကုန်နည်းနည်းရှားလာတယ် ...

ဩော် ... နောက်ဆိုရင် ခင်ဗျားတို့ရော အဝေးပြေးကားကြီးတွေ တက်မောင်းဖို့ စိတ်ကူးရှိလား"





"မောင်းသင့်ရင်တော့ မောင်းရမှာပေါ့"

"ဟား ... မိုက်တယ်ဗျာ၊ ကောင်းပါ့ ... ကောင်းပါ့"

မနက်စောစော ကားရှင်း လူရှင်းမို့ သူမက ကားကို ခပ်သွက်သွက် မောင်းလာတာဖြစ်သောကြောင့် ဘုရင့်နောင်ရှိ ရွှေစံပယ်ရိပ်မွန်သို့ ဘယ်လိုတောင် ရောက်လာမှန်း မသိပါ။ ရွှေစံပယ်ရိပ်မွန်ထဲသို့ ကားကိုချိုးကွေ့တော့မှပင် သူက ရောက်နေပြီမှန်း သတိပြုမိလိုက်ရတာဖြစ်သည်။ သူမက သူတို့တိုက်ရှေ့တည့်တည့်မှာ ကားရပ်ပေးလျှင် သူက အရင်ဆင်းသည်။ ဒီတစ်ခါတော့ သူမက ကားနောက်ဖုံးကို လှပ်ကာ သူ့အထုပ်ကို ချပေးပါသည်။ သူက တစ်ထောင်တန် ငါးရွက်ကို ရေတွက်ကာ လှမ်းပေးလိုက်လျှင် သူမက ခပ်တည်တည်လှမ်းယူရင်း သူ့ကိုတည့်တည့်စိုက်ကြည့်ကာ ...

"ကျောက်ပန်းတောင်းသား၊ ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"ဟင် ... ဘာလုပ်မလို့လဲ"

"ဩော် ... ဒါတော့ စဉ်းစားတတ်သေးတာပဲနော်။ ရှင်နာမည်မပြောလည်း ရှင့်အကြောင်းကတော့ တော်တော်သိနေပါပြီ ...

ရှင့်ကို စေတနာနဲ့ သတိပေးလိုက်ပါရစေ။ နောက်နောင် ကိုယ်နဲ့မသိတဲ့ လူတစ်ယောက်ကို ကိုယ့်အကြောင်းတွေ လုံးစေ့ပတ်စေ့ လိုက်ပြောပြနေတာမျိုးကို ဘယ်တော့မှ မလုပ်ပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီရွာကကြီးထဲမှာ ရှင် အသဏ်ရှည်ရှည် အနာဝေး
ဝေးနဲ့ အေးအေးဆေးဆေး နေချင်သေးတယ်ဆိုရင်ပေါ့ ...”

သူမက သူ့ကို ခက်သေးတယ် ဟူသော ပုံစံဖြင့် တစ်ချက်ကြည့်ကာ ကားပေါ်တက်ပြီး မောင်းထွက်လို့ သွားလေသည်။ သူက နားမလည်စွာဖြင့် ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့သည်။ သို့သော် ကြာကြာခေါင်းမကုတ်အားချေ။ ဗိုက်ထဲက တကျုတ်ကျုတ်နှင့် ဆာလှောင်လှပြီမို့ အိမ်ရှေ့က ဘဲလ်ကိုသာ ခပ်နာနာနှင့် ဖိနှိပ်လိုက်တော့သည်။

ပြီးတော့ ... ကျောက်ပန်းတောင်း လေသံအတိုင်း အကျယ်ကြီး ...

“ဗျို့ ... လေးသောင်း”

❤





၂

“ဟား ဟား ဟား ... ဖြစ်ရလေ စိန်ရယ်၊ ဒါဆို နင်
စောစောစီးစီး ဟာသတစ်ပုဒ် တွေ့လာတာပေါ့”

နှင်းပွင့်က ပုစွန်နိုင်လွန်တစ်ဖတ်ကို တူနဲ့ညှပ်ယူကာ အချဉ်ရည်နှင့် တို့ပြီးနောက် ပါးစပ်ထဲသို့ ထိုးသွင်းရင်း ပြောသည်။ စိန်ကတော့ အခုနကလေးတင် တွေ့ခဲ့သော ကျောက်ပန်းတောင်းသားတစ်ယောက် ဒီလိုအချဉ်ရည်နဲ့ တို့စားမခံရပါစေနဲ့ဟု တိတ်တိတ်လေး ဆုတောင်းပေးနေမိသည်။ ရန်ကုန်လို မြို့ကြီးပြကြီးမှာ ကိုယ့်အကြောင်းတွေကို တွေ့တဲ့လူ ချက်ချင်းလျှောက်ပြောသော ဒီလူရဲ့ကံကြမ္မာကို စိန် တွေးမကြည့်ချင်ပေ။ ဘယ်လို အကြောင်းကြောင်းမှန်း မသိပါ။

ဒီမနက် စိန်သည် အဝေးပြေးကွင်းကို ကိစ္စတစ်ခုဖြင့် ရောက်နေခြင်းဖြစ်သည်။ အိမ်ရဲ့အလုပ်ကိစ္စဆိုလျှင်လည်း မများလှပါ။ ကိစ္စပြီးတာနှင့် သူငယ်ချင်းဖြစ်သူ နှင်းပွင့်နှင့် ဒင်း



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းသွားစားဖို့ ချိန်းထားပြီးသားလည်းဖြစ်သည်။ ကိုရွှေကျောက်ပန်းတောင်းသားကို မြင်မြင်ချင်း စိတ်ဝင်စားသွားပြီး လိုက်ပို့ပေးမိသောကြောင့်သာ နောက်ကျသွားရခြင်းဖြစ်သည်။ နှင်းပွင့်ကတော့ စိန် ပြန်ပြောသော အဖြစ်တွေကို နားထောင်ကာ ရယ်လို့မဆုံးချေ။

"ဒါဖြင့်ရင် အဲဒီ အူကြောင်ကြောင်ငနဲကို တို့တွေ ကျောင်းမှာပြန်ဆုံရဦးမှာပေါ့ ...

တွေ့ချင်လိုက်တာဟယ်၊ ကျောင်းမှာလည်း ဘယ်လိုတွေ အူကြောင်ကြောင် လုပ်ဦးမလဲ မသိဘူးနော်"

စိန်က လက်ဖက်ရည်ချိုချိုကို တစ်ငုံ့ငုံကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်မိသည်။ သူကား ကျောက်ပန်းတောင်းကနေ၍ ရန်ကုန်သို့ MBA လာတက်တယ် ဆိုတာကို သူ ပြောပြသဖြင့် သိရသလို စိန်နဲ့နှင်းပွင့်ကလည်း ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ MBA သင်တန်းတက်ဖို့ ပြင်ဆင်နေကြသူတွေဖြစ်သည်။ ဒီအတိုင်းဆိုလျှင် သူ့ကို ကျောင်းမှာတွေ့မြင်ရဖို့ သေချာသလောက်ရှိနေခဲ့ပြီ။

"အူကြောင်ကြောင် ဆိုတာထက် ရိုးသားလွန်းတာပါ။ သူများတွေနဲ့ မူကွဲပြီး ထွက်သွားတော့ အူကြောင်ကြောင်ဖြစ်သွားတာပေါ့"

"တော်တော်ရယ်ရမှာပဲနော်၊ သူ့ပုံစံက ဘယ်လိုပုံစံလဲ တိုက်ဂေါလား"



"သိပ်တိုက်ဂေါ်တော့ မဟုတ်ဘူး။ တီရှပ်နဲ့ ဂျင်း(န်)နဲ့တော့ ဝတ်တယ်ဟ။ ဒါပေမဲ့ သူ့ flow နဲ့ သူ့ style ကိုကြည့်လိုက်တာနဲ့ နယ်ကဆိုတာ သိပ်သိသာစေတယ် ...

အထူးသဖြင့် သူ ပြောတဲ့ flow ပေါ့။ အဲဒီ အရပ်ဒေသဘက်ကလူတွေ စကားပြောရင် လေးလေးကြီးတွေဟ။ မန္တလေးက လူတွေလည်း စကားပြောရင် ဟောဟောဒိုင်းဒိုင်း ပြောတတ်ကြတာပဲ၊ ဒါပေမဲ့ သူတို့က လေးတယ်၊ သိပ်သိသာတယ် ...

လူတစ်ယောက်ရဲ့ စကားပြောတဲ့လေသံ၊ သူ့ flow ကို နားထောင်ကြည့်တတ်ရင် သူဟာ ဘယ်အရပ်ဒေသကဆိုတာ အကြမ်းဖျင်းတော့ မှန်းဆလို့ရတယ်။ ဥပမာ ... အထက်အညာကလား အောက်ပြည်သားလား တောင်ပေါ်ဒေသကလား၊ မြိတ် ... ထားဝယ်ဘက်ကလား စသဖြင့်ပေါ့"

"ဟင်း ... ကျောက်ပန်းတောင်းသားတို့တော့ ကံဆိုးပြီ။ လူတွေကိုလိုက်ပြီး လေ့လာခွဲခြမ်း စိတ်ဖြာတတ်တဲ့ စိန်ပန်းနီနီနဲ့မှမဲ ထိပ်တိုက်တွေ့ခဲ့ရတယ်လို့ ...

သေဖို့သာပြင်ပဲ"

နှင်းပွင့်ရဲ့စကားကိုတော့ စိန်က ဘာမှမပြောဘဲ ...သာပြုံးနေမိလေသည်။ နှင်းပွင့် ပြောသလိုပင် စိန်သည် လူတစ်...ာက်ကို လေ့လာအကဲခတ် ဆန်းစစ်ရသည့်အလုပ်ကို အင်မတန်

www.burmeseclassic.com



စိတ်ပါဝင်စားသူ ဖြစ်သည်။ လူတွေရဲ့ကွဲပြားခြားနားတဲ့ ကာရိုက်တာတွေကို လေ့လာအကဲခတ်ကာ အဲဒီလူဟာ ဘယ်လိုစိတ်နေသဘောထားရှိတယ် ဆိုတာကိုလည်း ခန့်မှန်းတွက်ချက်ရတာကို ဝါသနာပါသူဖြစ်သည်။ အဲဒီလို စွဲစွဲမြဲမြဲ လုပ်လာတဲ့အတွက်ကြောင့်လည်း ခုချိန်မှာတော့ စိန်သည် လူတစ်ယောက်ကို တွေ့လိုက်ဘာနှင့် ဘာဆိုတာကို အပေါ်ယံလောက်ကတော့ ချက်ချင်းဆုံးဖြတ်နိုင်လေသည်။

"သူ ကံမဆိုးပါဘူးဟာ။ ငါနဲ့တွေ့တာ သူ ကံကောင်းသွားတာ။ ငါ့နေရာမှာသာ တခြားမရိုးသားတဲ့လူဆို သူသေမှာ ...

အင်း ... ဒီခေတ်ကြီးထဲမှာ ဒီလိုလူမျိုးလည်း ရှိသေးတာပဲ။ သူက လူတိုင်းကို သူတို့မြို့က ငယ်ပေါင်းကြီးဖော်တွေလို သဘောထားတာကိုး"

"ရုပ်ရည်ကရော ဘယ်လိုပုံစံရှိလဲ"

"ဟွန်း ... နင်ကလည်း ဒါပဲ စိတ်ဝင်စားနေပြန်ပြီ။ နင်တို့တွေဟာလေ အဲဒီ အပေါ်ယံအရေပြားကိစ္စတွေကို အရင်ဦးစားပေးတာပဲ"

"သြော် ... အလုပ်မကြိုက်တဲ့လူ ရှိလားဟဲ့"

"ရှိတယ် ... ငါ ရှိတယ်"

"ဟွန်း ... နင့်ကိုတော့ ထည့်မပြောနဲ့။ နင်က ဂေါက်နေတာပဲ"





အဲဒီစကားကိုတော့ စိန်က တဟားဟားပဲ အော်ရယ်မိသည်။ နှင်းပွင့်ပြောသလိုပင် အလုပ်မကြိုက်သော ရှားရှားပါးပါး မိန်းကလေးထဲတွင် စိန် ပါဝင်လေသည်။ စိန်ရဲ့ရုပ်ရည်ဟာ လှပချောမောသော စာရင်းထဲမှာလည်း မပါဝင်ပါ။ ဒါပေမဲ့ ဘယ်နေရာက ဆွဲဆောင်မှု ရှိနေမှန်းမသိ ရှိနေသည်ဟုတော့ တော်တော်များများက ပြောကြသည်။

စိန်ကတော့ ကိုယ့်ကိုယ်ကိုယ် ရွက်ကြမ်းရေကျိုဟုသာ ထင်၏။ စိန်သည် အရပ်ငါးပေခုနစ်နှစ်မခန့်ရှိပြီး ဖြူဖြူသွယ်သွယ် ကိုယ်လုံးကို ပိုင်ဆိုင်ထားသည်။ လွတ်လပ်ပေါ့ပါးသော အဝတ်အစားများကိုသာ အများဆုံး ဝတ်ဆင်တတ်ပြီး မိန်းမဆိပ်ဆန်သော အဝတ်အစားများကို ဘယ်တော့မှ မဝတ်တတ်ချေ။ တစ်ကိုယ်ရည် သန့်ရှင်းရေးကလွဲပြီး အလှအပရေးကို လုံးဝဂရုစိုက်တတ်ပါ။ အလှပြင်ပစ္စည်းများကို စိတ်မဝင်စား၊ အဝတ်အစား အလှပပများကို စိတ်မဝင်စား၊ ဒါကြောင့် နှင်းပွင့်က Shopping ထွက်ချင်တိုင်း ဒုက္ခရောက်ရလေ့ရှိသည်။

"သူ့ရုပ်ရည်က လုံးဝမြန်မာရုပ်ဟ၊ သိလား"

"ဟွန်း ... နင်ကတော့ စားပြီ။ ဘယ်သူတွေကရော ဘိုရုပ်ပေါက်နေလို့လဲ"

"ဟား ... နင့်ကို အဲဒါကြောင့် ညံ့တယ်လို့ ပြောတာ။ ငါနဲ့ပေါင်းနေရင် ငါ့တစ်ဝက်လောက်တော့ ပြေးစမ်းပါ ...

ငါတို့ မြန်မာတွေရဲ့ မြန်မာစစ်စစ်ရုပ်က ဘယ်လိုရှိလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"အဲဒါ ညံ့တာပဲ။ ဂျာနယ်တချို့မှာ အရင်တုန်းက မြန်မာတွေရဲ့မာတ်ပုံတွေကို ထည့်ဖော်ပြပေးထားတာ နင် မမြင်ဘူးလား။ မြန်မာတွေရဲ့ရုပ်ရည်အစစ်က ညိုညိုမောင်းမောင်းတွေ သိပ်မလှဘူး ...

ယပလက်(ယိုးဒယား)တွေနဲ့ အရမ်းတူတယ် ...

နင် ကြည့်လိုက်ပါလား။ ယပလက်တွေရဲ့ရုပ်တွေက လှမှမလှတာ။ လှတယ် ဆိုတာတွေက မျိုးစပ်ထားလို့လှတာ။ သူတို့ရုပ်အစစ်ဆိုရင် လုံးဝမလှဘူး။ အဲဒီလိုမလှတာများတဲ့ တို့မြန်မာတွေရဲ့မြန်မာရုပ်အစစ်တွေထဲမှာကြည့်ကောင်းနေပြီဆိုရင် ဒါ တော်တော်ထူးခြားနေပြီပဲ ...

အဲဒီကျောက်ပန်းတောင်းသားရဲ့ ရုပ်ကလည်း အဲဒီလိုမျိုးပဲ။ အရမ်း မြန်မာဆန်တယ်။ This is Myanmar face လို့ အမှတ်အသားပြုလို့ရတဲ့ မျက်နှာမျိုး။ ဆရာကြီးရွှေဥဒေါင်းရေးတဲ့ ဇော်ဟိတ် ဆိုတဲ့ ဇာတ်ကောင်လိုပေါ့၊ ဒါပေမဲ့ သူကတော့ အူကြောင်ကြောင်နိုင်တယ်၊ အဲဒါပဲ ...

အဲဒီလို ရုပ်မျိုးက Style တစ်ခုဝင်အောင် နေတတ်ရင် လုံးဝကွဲထွက်လာပြီး Star တစ်ယောက် ဖြစ်နိုင်တယ်။ Style နဲ့ မနေတတ်ရင် တောဂိုက်ဖြစ်သွားမယ်။ ဒါပဲ ... သူက အစွန်းနှစ်ဖက်မှာ ရှိတယ်"





"အောင်မယ်လေးဟယ် ... နင့်ဟာကလည်း အခုမှတွေ့တဲ့လူကို Comment တွေ အမျိုးမျိုး ပေးနေလိုက်တာ ...

သူများကို ပြောမနေနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း Style ဝင်အောင် နေဦး"

"This's my own style"

ရိုးရှင်းနေသော စိန်ရဲ့ Style ကို နှင်းပွင့်က နှာခေါင်းတစ်ချက်ရှုံ့ခြင်းဖြင့် ဂုဏ်ပြုသည်။ ဘယ်သူတွေ ဘာပြောပြော စိန်ကတော့ ကိုယ်ယုံကြည်ရာကိုပဲ ကိုယ်လုပ်သည်။ အများသဘောကျအောင် သွားခေါ်ပြမည့်လူစားမျိုးထဲတွင် စိန်ပန်းနီနီ ဆိုသော မိန်းကလေးတစ်ယောက် မပါဝင်တာကတော့ အသေအချာပဲ ဖြစ်လေသည်။

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

သူ တက်ရောက်ရမည့် ကျောင်းဝင်းထဲသို့ ခြေချလိုက်တာနှင့် နှလုံးသားတစ်ခုလုံးက ဒုတ်ခနဲ ခုန်သလို ခံစားသွားရသည်မှာ ထူးတော့ ထူးဆန်းလေသည်။ ကျောင်းတော်ရဲ့အငွေ့အသက်သည် နွေးထွေးဖို့ ရင်ခုန်ဖို့ ကောင်းလှသည်။ ဟိုဟိုဒီဒီ လှုပ်ရှားသွားလာနေကြသော ကျောင်းသား ကျောင်းသူများကို မြင်ပြီး စိတ်တွေက အလိုလို မြူးကြွလာသည်။ မြင်မြင်သမျှ အဆောက်အဦးတွေ အားလုံးက လန်းလှသည်။ သူရော လန်းပါရဲ့လား။

သူက ကိုယ့်ကိုယ်ကိုယ် တစ်ချက်ပြန်ငုံ့ကြည့်လိုက်ကာ ပြုံးလိုက်သည်။ မွေးကတည်းက လှိုင်းပါနေသော သူ့ဆံပင်ကို တိုတိုကပ်ကပ် တိတိကျကျညှပ်ကာ ခေါင်းလိမ်းဆီဖြင့် ပုံသွင်းထားသောကြောင့် ကြော့မော့သပ်ရပ်နေသည်။ DII (ဒီတူး)





အမှတ်တံဆိပ် အဖြူနဲ့အနီစပ်ကြား စပို့ရှပ်ကို ဂျင်း(န်)အနက်ဖြင့် တွဲဖက်ဝတ်ဆင်ထားပြီးနောက် ကျောပိုးအိတ်ကိုလွယ်၊ စကောလ်ဖိနပ်ကိုစီးကာ အပြတ်သားနားနေသည်ဟု ကိုယ့်ကိုယ်ကိုယ်ထင်မိသည်။ သူက ကိုယ့် Style ကို သဘောကျကာ ကျောင်းဝင်းထဲသို့ မြောက်ကြွသော ခြေလှမ်းများဖြင့် လှမ်းဝင်လာခဲ့သည်။

တစ်နေရာအရောက်မှာတော့ သူ့နားထဲသို့ တရှတ်ရှတ်နှင့် ခေါ်သံတစ်ခုက တိုးဝင်လို့လာသည်။ သူက လှည့်ကြည့်လိုက်လျှင် သူ့ကို လက်ယပ်ပြီးခေါ်နေသော မြို့ပြလူငယ်တစ်စု။

"ဟေ့ ... ဘရာသာ ... ဒီကို ... ဒီကို"

သူက သူ့ကို ခေါ်တာလားဟူသော ပုံစံနှင့် မျက်နှာကို လက်ညှိုးဖြင့် ထိုးပြလိုက်လျှင် ထိုအုပ်စုက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြသည်။ ပြီးတော့ လာပါဟူသော သဘောဖြင့် လက်ယပ်ခေါ်ပြန်သည်။ ဒီတစ်ခါတော့ သေချာသွားပြီမို့ သူက ခပ်သွက်သွက်ပင် လျှောက်လာခဲ့သည်။

"မောနင်း ဘရာသာ"

"မောနင်းပါ ... မောနင်း ... ဟဲ ... ဟဲ၊ ဒါပေမဲ့ ကျွန်တော့်နာမည် ဘရာသာ မဟုတ်ဘူး ခင်ဗျ"

"ဩော် ... ဟုတ်လား။ ဘယ်သူများပါလိမ့်"

"လှမျိုးခင်ပါ ... ဇာတိက ကျောက်ပန်းတောင်းကပါ ... အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... ကျောက်ပန်းတောင်းကလား။ ထင်တော့ ထင်သားပဲ"

"ဟုတ်လား ... ရုပ်က သိပ်ခန့်နေလို့လား"

"ခန့်တာပေါ့ဗျာ ... ခန့်တာပေါ့။ ခန့်ရုံတင် မကဘူး၊ ချောလည်း ချောသေးတာ။ ခန့်ချောကြီးပဲ"

"ဟုတ်တယ် ... ခန့်ချောကြီး ... ခန့်ချောကြီး ... ဟား၊ ဟား ဟား"

ကျန်တဲ့လူတွေကပါ ဝိုင်းပြီးအော်ပေးကြလျှင် သူက နည်းနည်းတောင် ရှက်တက်တက် ဖြစ်သွားရသည်။ ရန်ကုန်သားတွေ နောက်တတ်တယ်ဆိုတာ ခုမှပဲ ယုံသွားရလေသည်။ သူက မနေတတ် မထိုင်တတ် ဖြစ်လာလျှင် လုပ်နေကြပုံစံအတိုင်း ခေါင်းကုတ်မိကာ ...

"ဟဲ ... ဟဲ ... တော်ကြပါတော့ဗျာ၊ သိပ်မမြှောက်နဲ့ဗျ၊ ကျွန်တော် မနေတတ်တော့ဘူး ...

ဟိုဟာလေ ... လက်ဖက်ရည် လိုက်သောက်ကြပါလား။ မိတ်ဖြစ်ချွေဖြစ် ကျွန်တော် တိုက်ပါ့မယ်"

"အား ... Thank you so much for your စေတနာ။ ဒါပေမဲ့ ဘရာသာ့ရဲ့စေတနာကို အသိအမှတ်ပြုပေမယ့် အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေလို့ မသောက်နိုင်တော့ဘူးဗျာ ...

ဘရာသာလည်း မသောက်သင့်ဘူးဗျ"

"ဘာဖြစ်လို့လဲ ခင်ဗျ"





"ဩော် ... ကိုယ်တို့ကိုသင်မယ့် တီချယ့်ကို ကြိုရမယ့်တာဝန် ရှိတယ်လေဗျာ။ အဲဒီ တီချယ်က ကိုယ်တို့ကို စာသင်မှာ ...

အဲဒါ သူ လာရင်ကြိုမှ ကြိုက်တယ်လို့ ကြားသိထားတယ်။ ဒါကြောင့် သူ့ကိုကြိုဖို့ စောင့်နေတာ။ ဘရာသာလည်း ကြိုသင့်တယ်နော်။ ဒါမှ တီချယ်က မှတ်မိသွားပြီး ဂရုစိုက်မှာ ...

မဟုတ်ဘူးလား"

"ဟာ ... ဟုတ်တာပေါ့ ... ဟုတ်တာပေါ့။ လာမှုကြိုဆိုးထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ် တပည့်ဝတ်၊ မချွတ်ငါးခုသာတဲ့ ...

ဆရာမကို ကြိုဆိုတာ မူလတန်း အလယ်တန်းမှ မဟုတ်ဘဲ တက္ကသိုလ်ထိရှိတာ အင်မတန်ကောင်းတဲ့ ...ကျင့်စရိုက်ပဲဗျာ ...

ကောင်းပါ့ ... ကောင်းပါ့၊ ဒါနဲ့ ဆရာမနာမည်က ဘယ်သူတဲ့တုန်း"

"ဆရာမနာမည်က ဒေါ်ရွှေအိမ်သူတဲ့။ ဆရာမက ငယ်ငယ်လေးနော်၊ အရမ်းလည်း ချောတာ၊ ကိုယ်လုံး ကိုယ်ပေါက်ကလည်း အရမ်းလှတာ။ အသားကလည်း ဖြူဖွေးနေဖပ်နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ လာရင် ကိုယ့်ဘော်ဒါ သွားနှုတ်ဆက်ပြီး ကြိုမှာ။ ငယ်ငယ်တုန်းက ကလေးဘဝတုန်းက ကြိုခဲ့ဖူးသလို တီချယ်ရဲ့အိတ်တို့ ဖိုင်တွဲတို့ စာအုပ်တွေကို ကူသယ်ပေးလိုက်နော်"

"ဟား ... သင်ပေးရမှာပေါ့၊ ကိုယ့်ဆရာပဲဟာ။ ဒါနဲ့ ဆရာမက ဘယ်တော့လာမှာလဲ"

"ခုလာတော့မှာ၊ ဟော ... ပြောရင်း ဆိုရင်း လာနေပြီ။ ဟိုမှာ ... ဟိုမှာ အဲဒါ တီချယ် ဒေါ်ရွှေအိမ်သူပဲ ...

လက်ပိုက်ပြီး သွားနှုတ်ဆက်၊ ပြီးတော့မှ တီချယ့် စာအုပ်တွေကို သယ်ပေးလိုက်"

"အေးပါဟ ... အေးပါ"

သူက အိတ်ကို ပြင်လွယ်လိုက်ရင်း ခပ်လှမ်းလှမ်းက လမ်းလျှောက်ပြီး လာနေသော ဆရာမဒေါ်ရွှေအိမ်သူကို တစ်ချက်လှမ်းကြည့်လိုက်လျှင် အကြည့်တို့ကို ဖယ်မခွာနိုင်ဘဲ ဆရာမထံမှာ ငေးစိုက်သွားရသည်။ ဟိုကျောင်းသားတွေ ပြောတာထက် အောင်ပင် ဆရာမက အဆတစ်ထောင်လောက် ပိုလှလေသည်။ အညိုရောင်ရင့်ရင့် ဆံနွယ်တွေက သူ့အမေကြည့်သော ကိုရီးယားကားတွေထဲက မင်းသမီးတွေလို ခွေခွေလိမ်လိမ်လေးတွေဖြစ်ကာ အစိမ်း၊ အဝါ၊ အပြာ စသော ပန်းနွယ်ခက်တွေ ရောစပ်ထားသည့် အိအိပျော့ပျော့ အစတစ်မျိုးကို ကိုယ်ခန္ဓာနှင့် ကွက်တိဖြစ်အောင် ဝမ်းဆက် ချုပ်ဝတ်ထားလေသည်။





မြန်မာဝတ်စုံ ဆန်းဆန်းပြားပြား အဆင်ဒီဇိုင်းလေးကို ခါးတိုလက်ပြတ် လုံချည်ရှည်ရှည် ဝတ်ထားတာကြောင့် ရင်သပ်ရှုမောဖွယ်ကောင်းသော ကိုယ်လုံးအလှကလည်း ဖမ်းစားထားသေးသည်။ ဆုတောင်းကောင်းလွန်းသော ဆရာမသည် သူတို့ထက် အသက်ကြီးသူဟု မထင်ရဘဲ ရွယ်တူလောက်သာ ထင်ရလေသည်။ အင်းလေ ... အခုခေတ် ဆရာမတွေဟာ ငယ်ငယ်ချောချောလေးတွေပဲဟာ။ တချို့ဆို ကိုယ့်ထက် သုံးလေးနှစ်ပဲကြီးတာတွေ ရှိသည်။

သူက ဆရာမရှေ့သို့ အပြေးသွားကာ ခေါင်းတစ်ချက်ညွှတ်ပြီးနောက် လက်ပိုက်ကာ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ ဆရာမ"

သူ့ပုံစံကြောင့် ဆရာမက ကြောင်သွားကာ သူ့ကို မျက်မှောင်ကြုတ်ကြည့်သည်။ အနီးကပ်ကြည့်တော့မှ ဆရာမရဲ့ မျက်နှာဟာ တော်တော်လှပြီး ဆွဲဆောင်မှုရှိတာကို သူ သတိပြုမိတော့သည်။ ဒါပေမဲ့ ကိုယ့်ဆရာမ ဆိုတော့လည်း သူ မပြစ်မှားရဲတော့ပါ။

"သားက အဲ ... ကျွန်တော်က လှမျိုးခင်ပါ ဆရာမ၊ ပေး ... ဆရာမရဲ့ စာအုပ်တွေကို ကျွန်တော် သယ်ပေးမယ်နော်"

သူက ပြောပြောဆိုဆိုဖြင့် ဆရာမက ရင်ဝယ်ပိုက်ထားသော စာအုပ်တွေကို လှမ်းဍ်ဆွဲယူလိုက်လျှင် ဆရာမက ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှင် ... ဒါ ဘာလုပ်တာလဲ"

"ဆရာမကို စာသင်ခန်းထဲအထိ လိုက်ပို့မလို့လေ။ ပေးပါ ဆရာမရဲ့ အားမနာပါနဲ့"

"တောက် ... ဖယ်စမ်း။ နင် ငါ့ကို သက်သက်လာအကြောင်ရှိက်နေတာ မဟုတ်လား"

"အား ... မရိုက်ပါဘူး ဆရာမကလည်း ကျွန်တော်က ဆရာမကို စေတနာနဲ့ ကူသယ်ပေးမလို့ပါ"

"ဘာစေတနာလဲ။ နင် ငါ ဘယ်သူဆိုတာ သိတယ် မဟုတ်လား"

"သိတယ်လေ။ ဆရာမက ဒေါ်ရွှေအိမ်သူ မဟုတ်လား ... ဟဲ ဟဲ"

"တောက် ... ကြည့်စမ်း၊ နင်က ငါ့ကို တမင် ဒေါက်ဖြုတ်တာပေါ့လေ၊ လူပါးဝတဲ့အကောင် မျက်ခွက်တော်တော်ပြောင်တယ်၊ လာခဲ့ ... နင့်ကို မော်ကွန်းထိန်းဆီ သွားအပ်ရမယ်"

"ဟာ ... မဟုတ်ဘူးလေ။ ကျွန်တော် ဆရာမကို ဘာတွေများ စော်ကားမိလို့လဲ။ ကျွန်တော် မဟုတ်တာ ဘာမှမလုပ်ပါဘူး ...

တပည့်ဝတ္တရားငါးပါးနဲ့အညီ ဆရာမကို လာပြတာပါ"





"ဘာတပည့်ဝတ္တရားငါးပါးလဲ။ နင် ပြောလေ ကဲလေ လုပ်မနေနဲ့၊ နင် ငါ့ကို ရွှေအိမ်သူမှန်း သိသိလျက်နဲ့ တမင်လုပ်တာ ...

လာခဲ့ ... အခုလိုက်ခဲ့"

"အာ ... ဆရာမ ... ဆရာမ။ ဟော့လူတွေ ... လာပါဦး ပြောပေးပါဦး"

သူ့ရဲ့ဆော်ဒါတွေကို ကြည့်လိုက်တော့ တစ်ယောက်မှ မရှိကြတော့ချေ။ အဲဒီလိုနှင့် သူသည် မော်ကွန်းထိန်း၏ရုံးခန်းသို့ ရောက်သွားလေသည်။ မော်ကွန်းထိန်းကို သူက အတုန်တုန်အလှုပ်လှုပ်ဖြင့် ရှင်းပြရသည်။ ဒီနေ့မှ ကျောင်းထဲသို့ စရောက်သည်။ ရောက်ကတည်းက ပြဿနာနှင့် ကြုံရတာဖြစ်လေသည်။

"ကျွန်တော် သူ့ကို တကယ် ဆရာမလို့ ထင်တာပဲ ဆရာ။ ဒါကြောင့် တမင် သွားကြိုပြီး နှုတ်ဆက်တာပါ။ အဲဒီလူတွေက ကျွန်တော့်ကို ဒီနေ့သင်မယ့် ဆရာမ လာလိမ့်မယ်။ ဆရာမက ငယ်ငယ်လေး နာမည်က ရွှေအိမ်သူလို့ ခေါ်တယ် စသဖြင့် အားလုံးပဲ သူတို့ပြောပြသွားတာပါ ...

ကျွန်တော် ဘာမှ မသိပါဘူး ဆရာ။ တကယ်ပြောတာပါ။ ဒါကြောင့်လည်း ဆရာမကို ရိုရိုသေသေပဲ သွားနှုတ်ဆက်ပြီး ကြိုလာတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာမှမလုပ်ပါဘူး ခင်ဗျာ၊ တကယ်ပါ။ မယုံရင် သူ့ကိုမေးကြည့်ပါ"

မော်ကွန်းထိန်း ဆရာက သူ့ရဲ့ဖောချွေးတွေပြန်နေသည့် အသဲအသန် ဖြေရှင်းနေပုံကို သနားသွားသည်ထင့်။ သူမဘက်သို့ တစ်ချက်လှည့်ကြည့်ကာ ဟုတ်လား သမီးဟု မေးမြန်းသည်။ သူမက သူ့ကို မျက်စောင်းတစ်ချက် လှည့်ထိုးလျှင် သူက အဲဒီမျက်စောင်းကို ဒိုင်းခနဲ ရင်ခုန်သွားရသည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူ သက်သက်လာနှောက်တယ်လို့ပဲ ထင်ပါတယ်"

"သက်သက်လာနှောက်တာတော့ မဖြစ်နိုင်ပါဘူး သမီးရယ်။ ဒီလိုကိစ္စမျိုးတွေက တက္ကသိုလ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စမျိုးတွေပါ ...

သူ့ကို တခြားကျောင်းသားတွေက ချောက်ချတာဖြစ်နိုင်ပါတယ်။ ကဲ ... မောင်ကျောင်းသား၊ မင်းကလည်း နောက်ဆို သူများပြောတိုင်း စွတ်မယုံနဲ့၊ စဉ်းစားချင့်ချိန်ပြီးမှယုံ ...

ဒီက သမီးကလည်း ကျေအေးပေးလိုက်တော့ ဟုတ်ပြီလား၊ ကဲ ... အတန်းတက်စရာရှိသေးတယ် မဟုတ်လား၊ သွားကြတော့"

သူတို့နှစ်ယောက်စလုံးက မော်ကွန်းထိန်းထံက ပြန်ထွက်လာပြီး သူက လှပလွန်းသော သူမကို တစ်ချက်ခိုးကြည့်





ကာ အရဲစွန့်ပြီး ခေါ်လိုက်သေးသည်။ ဆရာမ မဟုတ်ဘူး ဆိုတော့လည်း ကောင်းတောင် ဆောင်းသေးသည်။ သူမကို သူ လွှတ်လွှတ်လပ်လပ်ကြီး ပိုးပန်းလို့ ရသွားပြီ မဟုတ်ပါလား။ မြင်မြင်ချင်းထဲက သူ့ရင်ထဲကို ထုတ်ချင်းဖောက်ပြီး ဝင်ရောက်ခဲ့သည့် မြှေအဆင်းလို ရုပ်သွင်ကို ရုပ်ရှင်ထဲကစကားနှင့် ပြောရလျှင် မြင်မြင်ချင်းမှာပဲ ဟုတ်ထိသွားခဲ့ပြီဖြစ်သည်။

"မရွှေအိမ်သူ"

"ဘာလဲ"

"ဟို ... ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို မမုန်းပါနဲ့နော်"

"ဘာ"

သွားပြီ။ ရုပ်ရှင်ထဲက စကားအတိုင်း သွားပြောမိပြီ။ မမုန်းပါနဲ့ဆိုသော စကားဟာ နည်းနည်းကြောင်သွားမှန်း လွန်သွားတော့မှ သူလည်း ရိပ်မိတော့သည်။

"ဪ ... ကျွန်တော့်ရဲ့ အမှားမကင်း လုပ်ရပ်တွေအတွက် မမုန်းသွားပါနဲ့၊ အဲဒါကို ပြောတာပါ"

"တောက် ... အူကြောင်ကျားနဲ့မှ တွေ့တာ ကံဆိုးတာပဲ ... ဟင်း"

သူမက သူ့ကို အူကြောင်ကျားဘွဲ့အား ထိုက်ထိုက်တန်တန် အပ်နှင်းသွားကာ ချာခနဲ လှည့်ထွက်သွားလေသည်။ သူ့အတွက်မှာ လေအဝေ့၌ သူ ရှူရှိုက်ခွင့် ရလိုက်သော မွှေး



www.burmeseclassic.com

www.burmeseclassic.com



ရန့်မှာ ကမ္ဘာကျော်တန်ဖိုးကြီးရေမွှေးတွေရဲ့ ရနံ့နဲ့ တစ်ထပ်တည်း ပဲ ဖြစ်တော့သည်။ သူက မျက်လုံးများကို မှေးမှိတ်ရင်းမှ လက်နှစ်ဖက်ကိုဖြန့်ကာ feel အပြည့်ဖြင့် ပြောမိသွားသည်။

"အား ... သိပ်ချစ်သွားပြီ Now How ရယ်၊ အဲ ... ဟုတ်ပါဘူး၊ သိပ်ချစ်သွားပြီ ရွှေအိမ်သူရယ်"

သူကတော့ သိပ်ချစ်မိသွားသူမို့ ပတ်ဝန်းကျင်ကို ဂရုတောင်မပြုမိတော့ချေ။ ရင်မှာ အချစ်စိတ်က ဖုံးလွှမ်းလာလျှင် ဘာကိုမှ ဂရုမထားမိတော့ပါ။ ဒါကြောင့် သူ့ကို ဘယ်သူတွေက ဂရုတစိုက်နှင့် စောင့်ကြည့်နေသလဲ ဆိုတာလည်း သတိမထားမိတော့။ သူ့အာရုံတွေ၊ စိတ်နှလုံးသားတွေကို ရွှေအိမ်သူကသာ အကြီးအကျယ် ဖမ်းစားလို့သွားတော့တာဖြစ်လေသည်။



၄

"အင်း ... မြေကြီးကို လက်နဲ့ခတ်ရင် လွဲ့လွဲမယ်သာ၊ ငါ ထင်တာကတော့ မလွဲနိုင်တော့ဘူး။ မကြာခင် ဒီကျောင်းထဲမှာ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ကို မြင်ရတော့မယ်နဲ့ တူတယ်"

စိန်ရဲ့စကားကို နှင်းပွင့်က ခေါင်းကို ခပ်သွက်သွက် ညိတ်ပြီး ထောက်ခံသည်။ စိန်နဲ့ နှင်းပွင့်သည် ကျောင်းသားရေး ဆောက်က ကိုစွတစ်ခုဖြင့် ပြန်လာတုန်းမှာပဲ မော်ကွန်းထိန်းရဲ့ ခန်းထဲသို့ ဝင်သွားသော ရွှေအိမ်သူနှင့် ကျောက်ပန်းတောင်းသား ကို မြင်လိုက်ရကတည်းက ပြဿနာတစ်ခုခုတော့ တက်ပြီဆိုတာ သိလိုက်ကြတာဖြစ်သည်။ ဒါကြောင့် အဲဒီနားမှာ မယောင်မလည် နဲ့ပြီး နားထောင်လိုက်တာနှင့် ဘာဖြစ်တယ် ဆိုတာကို ချက်ချင်း သဘောပေါက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ပန်းတောင်းသားတော့ ရွှေအိမ်သူနဲ့မှ တည့်တည့်သွားတိုးမိတာ စိတ်မကောင်းစရာပဲ"

နှင်းပွင့်ရဲ့အပြောကို စိန်က မျက်လုံးတစ်ချက်လှန်ကြည့်ရင်းမှ စတင်စပ်စုမိသည်။

"နင်က သူ့ကို သိလို့လား"

"သိပ်သိတာပေါ့၊ သူက နာမည်ကြီးပဲလေ။ ကြည့်နေ ... ဒီ MBA သင်တန်းမှာလည်း သူက the Most Popular ဖြစ်လာလိမ့်ဦးမယ်"

"ဟုတ်လား ... သူ့အကြောင်း နင် သိထားသလောက်လေးတွေ ပြောစမ်းပါဦး"

"သူ့အကြောင်း နင့်ကို ငါ တစ်ခါ ပြောပြဖူးပါတယ်။ ဒါပေမဲ့ ငါကလည်း အမှတ်တမဲ့ ပြောမိတာပါ။ နင်လည်း အမှုမဲ့ အမှတ်မဲ့ ဖြစ်နေမှာပဲ ...

သူက တို့ရပ်ကွက်ရဲ့ ဟိုဘက်လမ်းကလေ။ ငါ့အစ်ကိုတွေတောင် သူ့ကို ကြိုက်သေးတယ်။ ငါတို့က သူငယ်တန်းကနေ လေးတန်းထိ တစ်ကျောင်းတည်းပဲ၊ ငါးတန်းကျတော့မှ ငါက မန္တလေး ရောက်သွားတာ"

နှင်းပွင့်နဲ့ စိန်သည် ကိုးတန်းကျမှ ဘော်ဒါဆောင်တစ်ခုမှာ ကျောင်းအိပ်ကျောင်းစားတက်ရင်းမှ စတင်ခင်မင်ခဲ့ကြတာဖြစ်ပြီး တက္ကသိုလ်တက်တဲ့အထိ အတွဲညီခဲ့ကြတာဖြစ်သည်။





"သူက ရှစ်တန်းလောက်တည်းက နာမည်ကြီးတာဟ။ သူ့အမေက ငယ်ငယ်တည်းက traing ပေးထားခဲ့တော့ သူ့ကိုယ်လုံးက ရှယ်မိုက်နေတာ၊ မယ်ပြိုင်ပွဲ အငယ်တန်းတွေမှာဆို သူက first ပဲလေ။ ဒါကြောင့် သူက အဝတ်အစားဝတ်ရင်လည်း သူ့ကိုယ်လုံးအလှကိုပေါ်တဲ့ မြန်မာဝတ်စုံတွေကိုချည်း ရှယ်ချုပ်ဝတ်တာ။ ရုပ်လည်းချောတယ်၊ အသားလည်း ဖြူတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဘာမှပြောစရာမရှိတော့ သူမှ နာမည်မကြီးရင် ဘယ်သူကြီးမလဲဟာ ...

ဟုတ်တယ် မှလား"

"ဟုတ်ပါတယ်၊ သူ့ကုသိုလ်နဲ့ သူလှတာ မနာလိုစရာမရှိပါဘူး။ ဒါပေမဲ့ နင် အခုနကပြောတဲ့ စိတ်မကောင်းစရာပဲဆိုတဲ့ စကားက ဘာလဲ"

"ဩော် ... သူက အဲဒီအလှပေါ်မှာ အရမ်းမာန်တက်တယ်လေ။ သူ့အလှကို ယောကျာ်းလေးတွေ ရူးသွပ်နေတာကို သိပ်သဘောကျပြီး သူ့ကို လိုက်တဲ့သူတွေဆိုရင်လည်း ပြုံသနာ အရမ်းရှာတတ်တာဟ ...

ဟိုက နည်းနည်းဆို သူက များများလုပ်ပစ်တတ်တာ။ သူ့ကိုယ်သူ ပိုနာမည်ကြီးအောင် လုပ်တာပေါ့ဟာ။ ခုနက ကိစ္စမျိုးလိုပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



တော်တန်ရုံ လျှော်ပစ်လိုက်လည်း ရရဲ့သားနဲ့ သူ့ကိုယ်သူ အရမ်း Roll တင်ပြီး ဓာချဲ့တာပေါ့၊ အဲဒီလို"

"သြော် ... သြော် ... သူက ရည်းစားတော့ မရှိဘူးပေါ့"

"No ။ သူ့အမေကြီးက တကယ့်ခေါင်နဲ့မှ ပေးစားမှာလေ၊ ဒါကြောင့် ရွေးတုန်း။ ဒီသင်တန်းတောင် သူဌေးသားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ လာတက်တယ် ကြားလို့ လွှတ်လိုက်တာလား မသိပါဘူး ...

သူတို့အိမ်ရဲ့ Style က အရင်ခေတ်က သမီးရှင်တွေရဲ့ Style ဟာ၊ သမီးတွေကို လှလှပပဖြစ်အောင် ကျင့်ကြံနေထိုင်နိုင်း၊ မိန်းမတွေ တတ်အပ်တဲ့ ပညာသင်နိုင်း၊ ဘက်စုံထူးချွန်အောင် လေ့ကျင့်နိုင်းပြီးတော့မှ တကယ့်ခေါင်နဲ့ရွေးပြီး ပေးစားလိုက်တာ။ သူ့အစ်မလည်း အဲဒီလိုပဲလေ။ ဘောစိတစ်ယောက်နဲ့ မနှစ်ကပဲ ယူသွားတာ"

"ဟင် ... ရောင်းကုန်လို သဘောထားတာပေါ့"

"ဟုတ်တယ်၊ အဲဒီသဘောပဲ။ အကြောင်းသိတဲ့ ကာလသားတွေကတော့ ချဉ်တာပေါ့ဟာ။ သူတို့က တန်ဖိုးမြင့်ရောင်းကုန်တွေပဲလေ"

"တော်ပါပြီဟာ ... ပျင်းစရာ ကောင်းလိုက်တာ။ king အနော်ရထာ လက်ထက်က ဓာတ်လမ်းတွေပဲ"

"ဒါပေမဲ့ စိတ်ဝင်စားစရာ ကောင်းတာတစ်ခုက ဟိုကျောက်ပန်းတောင်းသားနဲ့ အဲဒီအမျိုးသမီးတို့ ဘယ်လို





စခန်းသွားမလဲ ဆိုတာပဲ။ ဟိုသူငယ်က သူ့ကို ဘယ်လိုတက်ကနိကွေးတွေနဲ့ လိုက်မလဲ မသိဘူးနော် ...

အဲဒါ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်"

"ဟိတ် ... ဟိတ် ... မျက်လုံးကို ချက်ချင်းမရွှေ့နဲ့နော်၊ ခဏနေမှ မသိမသာကြည့်၊ အဲဒီထက် စိတ်ဝင်စားစရာကောင်းတဲ့ အဆင်တစ်ခုကို ခုလေးတင် အာရုံထဲမှာ ဖျတ်ခနဲ တွေ့လိုက်လို့ ...

နှင်နဲ့ ဘေးဘက်တန်းတန်းမှာ"

နှင်းပွင့် ပုံစံက ရယ်ချင်စရာကြီးမို့ စိန်က အသာကျိတ်ပြုံးလိုက်ကာ နှင်းပွင့် ပြသောနေရာသို့ မသိမသာ စောင်းငဲ့ကြည့်လိုက်သည်။ အဲဒီအချိန်မှာပဲ သန့်ပြန့်ချောမောကာ အင်မတန် ကြည့်ကောင်းသော ယောကျ်ားတစ်ယောက်ကို တွေ့မြင်လိုက်ရတာ ဖြစ်လေသည်။ သူက တခြားတစ်ယောက်နှင့် ရပ်စကားပြောနေပြီး စိန်တို့ကို မမြင်သဖြင့် စိန်က သူ့ကို သေချာစွာ အကဲခတ်ခွင့် ရနေသည်။

အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်က ကျစ်ကျစ်လစ်လစ်နှင့် သားအရေက ယောကျ်ားလေးတန်မဲ့ ဖြူဖွေးနေကာ ဝတ်ဆင်ားပုံက်လည်း ပန်းနုရောင် တီရှပ်နှင့် ဂျင်း(န်)မှုတက်အနက်မို့ သူ့ပုံစံက တော်တော်ကြီး ထင်းထွက်နေသည်။ အင်း ... ဒီနေ့ တို့ ဒီသင်တန်းရဲ့ Queen ရော၊ king ရောကိုပါ တစ်ပြိုင်နက် တွေ့နေရပြီဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်နော် ... ဘယ်သူလဲ မသိဘူး"

နှင်းပွင့်ထံမှ တီးတိုးမှတ်ချက်ချသံ ထွက်လာတော့မှပဲ စိန်က ပုဂ္ဂိုလ်လေးထံမှ အကြည့်တို့ကို ဖယ်လွှဲမိသွားသည်။ ယောကျ်ားလေးတစ်ယောက်ကို စက္ကန့်သုံးဆယ်လောက် ငေးစိုက်မိသွားသော ကိုယ့်လိပ်ပြာကိုယ်လည်း ရှက်မိသွားသည်။ စိန့်ဘဝတွင် ယောကျ်ားလေးတစ်ယောက်ကို အဲဒီလောက်ထိ သတိလက်လွှတ် မငေးဖူးပါ။

"ကဲ ... အတန်းထဲ သွားမယ်ဟာ၊ တော်ပြီ"

"နေပါဦးဟဲ့၊ သူကရော MBA တက်မယ့်သူလား၊ ဘာလားဆိုတာ နည်းနည်းလောက် စနည်းနာကြည့်ကြရအောင်"

"နှင်းပွင့် ... နင်ဟာလေ ချောတာမြင်ရင် ဟန်ကိုမဆောင်နိုင်ဘူး"

"သြော် ... ကြည့်တာချင်း အတူတူ ချောတာ လှတာလေး ကြည့်တော့ မျက်စိခွန်အားတိုးတာပေါ့ဟဲ့"

"ဟင် ... ဒါဖြင့်ရင် စုနက ရွှေအိမ်သူကျတော့ ဘာလို့ စိုက်မကြည့်သလဲ"

"ဟဲ့ ... ကြည့်စရာလား။ မိန်းကလေးချင်း ခပ်ပါးပါးပေါ့ ဟဲ့။ မိန်းကလေးချင်း ဘာစိုက်ကြည့်စရာလိုလဲ။ ဂမ္ဘာပေါ်မှာလည်း ဒီသဘောတရားအတိုင်းပဲ သွားနေတာပဲ"



"သြော် ... သြော် ... ကမ္ဘာနဲ့ချီပြီးတော့ကို ပြောတာပေါ့ နော်။ အေးပေါ့ဟာ ... လူတွေက ချောချောလှလှမြင်ရင် နှစ်သက်ကြတာ သဘာဝပါပဲ ...

ဒါပေမဲ့ ရုပ်အလှထက် စိတ်အလှက ပိုအရေးကြီးတာပါ။ နင့်ကို ငါ ဥပမာတစ်ခု ပြောပြမယ်။ နင့်ကို ကြိုက်နေတဲ့လူ နှစ်ယောက်ရှိတယ် ဆိုပါတော့ ...

တစ်ယောက်က ရုပ်ချောတယ်။ သူနဲ့ တွဲသွားတာနဲ့တင် နင့်ကို လူပိုကြည့်မယ့် ရုပ်မျိုးပေါ့။ ဒါပေမဲ့ သူက နင့်ကို ဂရုစိုက်မှုမှာ သာမန်ပဲ။ သူ့ကိုယ်သူသာ သ,ပြီး နင့်မွေးနေ့တောင် မေ့နေတတ်တဲ့ လူစားမျိုးပေါ့ဟာ ...

နောက်တစ်ယောက်က ရုပ်ရည်က သာမန်ပေါ့။ ဒါပေမဲ့ နင့်ကို အရမ်းချစ်ပြီး အရမ်း ဂရုစိုက်တယ်၊ နင့်အကြိုက်တွေကိုပဲ ဦးစားပေးတယ်။ နင် မေ့နေတဲ့ နင်နဲ့ ပတ်သက်တဲ့ အသေးအမွှားလေးတွေကအစ မှတ်မှတ်သားသား ရှိတယ် ...

ကဲ ... အဲဒီနှစ်ယောက်မှာ နင် ဘယ်သူ့ကို ရွေးမလဲ"

"ဟင် ... ဒါကတော့ နင်က တမင်ခွင်ချပြီး ပြောတာကိုး။ ရုပ်ချောပြီး ကြင်နာတတ်တဲ့ ယောကျ်ားတွေလည်း ရှိတာပဲ"

"ဟုတ်ပါတယ်၊ မရှိဘူး မဟုတ်ဘူး ရှိတော့ ရှိတယ်၊ ရှားတယ် ...

www.burmeseclassic.com

www.burmeseclassic.com



နင် သိထားဖို့က အကောင်းရဲ့တစ်ဖက်မှာ အဆိုးရှိတယ်ဟ။ အကောင်းတွေချည်း သွားပုံနေတာမျိုး မဟုတ်ဘဲ ကောင်းတာတွေမှာလည်း ဘေးထွက်ဆိုးကျိုးတွေ ရှိနိုင်တယ်"

"အမယ်လေး ... တော်ပါပြီ။ နင့် ဒိုင်တွေကို ရှေ့မဆက်ပါနဲ့တော့။ နင်ဟာလေ MBA မတက်ဘဲ စိတ်ပညာဒီပလိုမာ သွားတက်ဖို့ ကောင်းတယ် ...

နင် သိပ်တွေးမနေနဲ့ဟဲ့။ ရူးသွားဦးမယ် သိလား ... ဟင်း"

နင်းပွင့်က စိန်ရဲ့တွေးခေါ်မှု စွမ်းရည်တွေကို ဤသို့ပင် ပက်ပက်စက်စက် ဂုဏ်ပြုလိုက်လေသည်။ သူတို့ပြောလည်း ပြောချင်စရာပဲ ဖြစ်သည်။ စိန်သည် တစ်ခုခုဆို ဘယ်တော့မှ ရိုးရိုးလေး မတွေးတတ်ပါ။ လမ်းဟောင်းတွေကိုလည်း မနှစ်သက်။ အသစ်အဆန်းတွေကို စိတ်ဝင်စားကာ သူများမတွေးသည့် ရှုထောင့်မှ တွေးခေါ်တတ်သူ ဖြစ်သလို တရားမျှတမှုကိုလည်း သဘောကျသူဖြစ်သည်။

ဒါတွေကလည်း စိန် ငယ်ငယ်လေးတည်းက စွဲမြဲနှစ်သက်စွာ ဖတ်လာခဲ့သည့် စာအုပ်တွေ၏ လွှမ်းမိုးမှုကြောင့်လည်း ပါ,ပါလိမ့်မည်။

❦ ❤ ❦





## ❦ ၅ ❦

လူတစ်ယောက်ကို စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ဖြင့် စွဲလမ်းနေရသော အရသာကို ရွှေအိမ်သူနဲ့ကျမှပဲ သူခံစားဖူးတော့လေသည်။ အခုဆိုလျှင် ကျောင်းတက်တာ တစ်ပတ်ရှိခဲ့ပြီ။ အဲဒီတစ်ပတ်အတွင်းမှာ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် လှပလေသော ရွှေအိမ်သူသည် သူ့နှလုံးသားထဲသို့ တစ်စထက်တစ်စ တိုးဝင်လာကာ သူ့ရဲ့စွဲလမ်းမှုပြဿနာကလည်း အတော်လေး ကြီးထွားနေခဲ့ပြီဖြစ်သည်။

သူ့မှာ ဒီဝေဒနာတွေကို ရင်ဖွင့်ပြောပြစရာ သူငယ်ချင်းကလည်း တစ်ယောက်တလေသော်မှတောင် မရှိချေ။

ဒီမှာ MBA လာတက်ကြသူတွေကလည်း ဘွဲ့တစ်ခုရပြီးသား လူတွေဖြစ်ကာ ကိုယ့်သူငယ်ချင်း။ ကိုယ့်အပေါင်းအသင်းနဲ့ကိုယ် နီးစပ်ရာ လာတက်ကြတာမို့ သူ့အတွက် ပေါင်းစရာအပေါင်းအသင်းကလည်း ရှားပါးနေသည်။ ရန်ကုန်သားတွေကပဲ

www.burmeseclassic.com

www.burmeseclassic.com



မှဖော်ရွေ မခင်မင့်တတ်တာလား သူကပဲ ခင်မင်စရာ မကောင်း တာလားတော့ မပြောတတ်ချေ။ သူ့မှာ အပေါင်းအသင်းကတော့ တစ်ယောက်မှ မရသေးပေ။ မိန်းကလေးတစ်ယောက်ကို ချစ်ကြိုက် ပိုးပန်းရသည်မှာ ကိုယ်တိုင်၌ အိုက်ဒီယာကောင်း ရှိရင်ရှိ မရှိရင် လည်း သူငယ်ချင်းကောင်းတို့ရှိလေမှ အဆင်ပြေ တိုးတက်မည် ဟု ခံယူထားသော သူ့အတွက်တော့ အချောအလှ စာရင်းဝင် ရွှေအိမ်သူရဲ့အနားသို့ ဘယ်လိုမှ မကပ်နိုင်ဘဲ ရှိနေသေးလေ သည်။

သူ့ဦးလေး လူပျိုကြီးကိုလည်း သူက အားကိုး၍ မရပါ။ သူက ပထမတော့ လေးသောင်းကို အားကိုးခဲ့သေးသည်။ စာရင်းတွေလုပ်နေသော လေးသောင်းရဲ့အနားသို့ မယောင်မလည် ကပ်ကာ ...

"လေးသောင်း ... ကျွန်တော် ကောင်မလေးတစ်ယောက်ကို ကြိုက်နေလို့ဗျ ... အဟီး"

"အဲဒါ ဘာဖြစ်လဲ၊ ငါ့ကို လာပြောရသလား၊ မင်းအဖေကို ပြောပြီး တောင်းခိုင်းပေါ့"

သူ့ဦးလေးကား အဲဒီလို ဝေးသော ဦးလေးဖြစ်လေ သည်။ ဘာမှလဲမသိ၊ ပွဲရုံကိစ္စနှင့် အစားအသောက်ကိစ္စကလွဲ လျှင် ဘာမှလာမပြောနဲ့၊ ဘာမှစိတ်မဝင်စားဘူး ဟူသော အစား မျိုးထဲကဖြစ်သည်။ မိန်းမတွေကိုလည်း ဒံပေါက်တစ်ပွဲလောက် တောင် စိတ်ဝင်တစား မရှိသူမို့ ခက်တော့လည်း ခက်လှသည်။





သူက ကြံရာမရဖြစ်လျှင် ခေါင်းကုတ်သည့် ထုံးစံ အတိုင်း ...

"လေးသောင်းကလည်း အဲဒီအဆင့်တွေအထိ မရောက် သေးဘူးလေဗျာ။ ကျွန်တော်က အခုမှ ကောင်မလေးရဲ့ အချစ်ကို ရဖို့ကြိုးပမ်းနေတာ ...

ကြိုးပမ်းနေတာတောင် မဟုတ်ဘူး။ ဘယ်လိုကြိုး ပမ်းရမှန်းတောင် မသိသေးလို့ လေးသောင်းကို မေးနေ တာ"

"ဒါများကွာ၊ ကြိုက် လိုက်ပြောပေါ့၊ စာပေးပေါ့"

သူက လေးသောင်းရဲ့အပြောကြောင့် စိတ်ပျက် လက်ပျက်ဖြင့် ရှုံ့မဲ့မိသည်။

"အဲဒီလောက် ရိုးစင်းတဲ့ နည်းလမ်းတွေ မသုံးချင်လို့ပေါ့ ဗျာ။ လေးသောင်းကလည်း ... လေးသောင်းကို ရန်ကုန် ရောက်တာ စောလို့ တိုးတက်လား မေးကြည့်ပါတယ်။ လေးသောင်းက ကျွန်တော့်ထက် ဆိုးနေတယ်"

"ဟ ... ရန်ကုန်ရောက်တာနဲ့ ဘာဆိုင်လဲကွ။ ရန်ကုန်က မိန်းမပဲပိုးပိုး နယ်ကမိန်းမပဲပိုးပိုး ဘာများ ထူးထူးခြားခြား ကွာခြားသွားတာ ရှိလို့လဲ"

"ကွာတာပေါ့၊ ဟိုမှာက သူ့သူ ကိုယ်ကိုယ် ဆိုင်ကယ်စီး ကြတာ၊ ကိုယ်ကြိုက်တဲ့ ကောင်မလေးဘေးကနေ ဆိုင်ကယ် နဲ့ အသာလေး လိုက်ရုံပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ... သူတို့အိမ်ရှေ့ ဆိုင်ကယ်နဲ့သွားပတ်၊ အဲဒါဆိုရင် ဒီကောင်မလေးကို ကြိုက်နေပြီဆိုတာ အားလုံး သိကြတယ်"

"သိတော့ဘူးကွာ၊ မင်းတို့ဟာ ရှုပ်နေတာပဲ။ ကြိုက်တာပဲ ဘယ်လိုပြောပြောပေါ့၊ ငါကတော့ မသိဘူး။ စိတ်လည်း မဝင်စားဘူးဟ ...

ဘာမှန်း မသိဘူး၊ ဒီမှာ စာရင်းမကိုက်ရတဲ့အထဲ မကျေညီတဲ့အပြင် လာနှောင့်ယှက်နေတယ်"

အဲဒီလိုနှင့် သူက သူ့ဦးလေးဆီကလည်း အကူအညီ မရတဲ့ အောင်မြင်စွာနဲ့ပဲ ဆုတ်ခွာခဲ့ရသည်။ ရွှေအိမ်သူနဲ့ ခင်မင်ခွင့်ရဖို့၊ ရွှေအိမ်သူရဲ့အနားမှာ နေခွင့်ရဖို့ ဘယ်လိုများ ကြံဆောင် အားထုတ်ရမလဲဆိုတာ ဘယ်လိုမှ စဉ်းစားအကြံထုတ်လို့မရ ဖြစ်နေလေသည်။ ဒါကြောင့် သူ တတ်နိုင်တာလေးတွေပဲလုပ်ပြီး စိတ်ဖြေနေရသည်။

သူ တတ်နိုင်တာဆိုတာက ကျောင်းသို့ ရွှေအိမ်သူ ရောက်မလာခင် ကြိုသွားကာ သူမ လာတာကို စောင့်ကြည့်ခြင်း၊ သူမ သွားလေရာ တိတ်တခိုး လိုက်ကြည့်ခြင်း၊ မမြင်အောင် ခိုး ကြည့်ခြင်း စတာတွေပဲ ဖြစ်တော့သည်။ သူကပဲ တစ်နေ့ထက် တစ်နေ့ နေမြင့်လေ အရူးရင့်လေ ဖြစ်လာသလား၊ သူမကပဲ တစ်နေ့ထက်တစ်နေ့ ပိုချောလာသလားတော့ မပြောတတ်ပေ။





ရွှေအိမ်သူသည် သူ့အတွက်တော့ တကယ့်ကို နတ်သမီးပဲ ဖြစ်တော့သည်။ ရွှေလိုဝင်းနေသော အသားအရည်ရယ်၊ ပြစ်မျိုးမှဲ့ မထင် မျက်နှာအလှရယ်၊ မက်လောက်စရာ ကိုယ်ခန္ဓာအလှရယ် ဖြင့် ဘယ်ဘက်ကမှ အပြစ်ကို ရှာမတွေ့နိုင်ပါ။

အိတ်ကလေးကိုလွယ် စာအုပ်လေးကိုပိုက်ပြီး ဆင်မယဉ်သာ ခြေလှမ်းများဖြင့် လမ်းလျှောက်လာပုံမှာ လုံးဝကို မျက်စိမခွာချင်စရာ ယဉ်တစ်ကိုယ်မယ် အလှဖြင့်ဖြစ်သည်။ အဲဒီလိုဖြင့် ငေးရင်း ငေးရင်း အကြံထုတ်ရင်း တစ်နေ့မှာတော့ သူ့ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်သည်။ သူက မော့ကြည့်လိုက်သောအခါ စပ်ဖြီဖြီ ဖြစ်နေသော မျက်နှာတစ်ခုကိုတွေ့လျှင် မှတ်မိသွားရသည်။

"ဩော် ... ခင်ဗျားကိုး"

သူ့ကို စပ်ဖြီဖြီ ရယ်ပြနေသော တစ်ယောက်မှာ ကျောင်းစတက်သောနေ့က သူမထံသို့ အချွန်နဲ့မ,ပြီး လွှတ်လိုက်သော ကျောင်းသားအုပ်စု ဖြစ်နေတာကို တွေ့ရလေသည်။

"ဟဲ ... ဟဲ ... ဘာရာသာ မောနင်း။ ကိုယ်တို့ကို မှတ်မိပါတယ်နော်"

"မှတ်မိသားပဲ။ ခင်ဗျားတို့ ကျုပ်ကို ဘာဒုက္ခပေးဦးမလို့လဲ"

"အာ ... မပေးပါဘူး ဘရာသာရယ်။ အထင်မလွဲပါနဲ့၊ အဲဒီတုန်းကလည်း ...



www.burmeseclassic.com

www.burmeseclassic.com



ဘရာသာ့ဒီနိုင်းက ခင့်ပို့ကောင်းတာနဲ့ နောက်လိုက်တာပါ။ အပျော်ပါ ဘရာသာရဲ့။ ဒါပေမဲ့ အဲဒီလိုနောက်လိုက်တာတောင် ကျေးဇူးတင်ရမယ်နော် ...

ဟဲ ... ဟဲ ... ဘရာသာ၊ ဘယ်သူ့ကို စောင့်နေတာလဲ။ မညာနဲ့နော် ကိုယ်တို့ သိတယ်"

အဲဒီလို ပြောလိုက်တာနဲ့ သူက ရှက်တက်တက်ဖြစ်သွားရကာ ထုံးစံအတိုင်း ခေါင်းကုတ်ပြီး ဟီးခနဲ ရယ်ချပစ်လိုက်သည်။

"ခင်ဗျားတို့က ဘယ်သူ့ကို ထင်လို့တုန်းဗျ ... အဟဲ"

"ဘယ်သူ့ကို ထင်ရမလဲဗျာ၊ အဲဒီနေ့တည်းက ခင်ဗျားရွှေအိမ်သူကို Heart ထိသွားတယ် မဟုတ်လား"

"ဟာ ... ခင်ဗျားတို့ကလည်းဗျာ ... ဟီး ဟီး"

"ရှက်မနေစမ်းပါနဲ့ဗျာ။ ယောကျ်ားအချင်းချင်းပဲ ကျွန်တော်တို့က ခင်ဗျားတစ်ယောက်တည်း ယောင်လည်လည် ဖြ

နေတာကို ကူညီမလို့ဗျ"

"ဟာ ... တကယ်လွှား။ လုပ်စမ်းပါဗျာ၊ ကျွန်တော်တ

ယောက်တည်း တကယ့်ကို ယောင်လည်လည် ဖြစ်နေတာ

ဗျ ...

ခင်ဗျားတို့ သိသားပဲဗျာ။ ဒီကိစ္စမျိုးဆိုတာက တ

ယောက်အားနဲ့ ဆောင်သော်မရ၊ အများအားနဲ့ဆောင်

ရတယ် ဆိုတာလေ"



"ဟာ ... ဘာလဲ။ ခင်ဗျားက သူ့ကို ကားတင်ပြေးဖို့ကြံစည်နေတာလား၊ အာ ... ဒါမျိုးဆိုရင်တော့ မကူညီနိုင်ဘူးဗျာ။ အဲဒါက ရာဇဝတ်မှုမြောက်တယ်ဗျ ...

တော်ပြီ ... တော်ပြီ ... သားသား ကြောက်ကြောက်"

"အာ ... မဟုတ်ပါဘူး ခင်ဗျားတို့ကလည်း။ ကျွန်တော်ပြောတာက ဦးနှောက်ကို ပြောတာပါ။ ကျွန်တော့် ဦးနှောက်တစ်ခုတည်းနဲ့ ကြံဆောင်လို့ မရဘူး ...

ခင်ဗျားတို့ ဦးနှောက်တွေနဲ့မှ ရနိုင်မယ်၊ ဒါကိုဆိုလိုတာပါ"

"သြော် ... ဂလိုလား။ ဂလိုဆိုရင်တော့ ကူညီပေးရတာပေါ့။ ခင်ဗျား သူ့ကို ဒီလိုပဲ လျှောက်သံပြန်ပေး ခြေအေးဝမ်းယောင် လုပ်နေတော့မှာလား"

"အဲဒီလို မလုပ်လို့ ဘယ်လို လုပ်ရမှာလဲဗျာ။ ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့က သူ့အကြောင်းကို တော်တော်သိကြတယ်နဲ့ တူတယ် ...

ကျွန်တော့်ကို သူ့အကြောင်းလေး နည်းနည်းလောက်ပြောပြပါလား၊ ခုဟာက သူ့နာမည်ကလွဲပြီး သူ့အကြောင်းကို ဘာမှမသိဘူး ဖြစ်နေတာ ...

သူ့အကြောင်းလေး သိရင် အဆင်ပြေမယ် ထင်လို့ပါ ... အဟီး။ နောက်ပြီးတော့ သူ့မှာရည်းစားရှိမရှိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ရည်းစား လုံးဝမရှိဘူး"

"ဗျာ ... တကယ်လား။ ဟာ ... ဝမ်းသာလိုက်တာဗျာ၊ အရမ်း ဝမ်းသာတာပဲ။ နောက်ပြီးတော့ရောဟင် ? သူ့အကြောင်းလေးပေါ့၊ သူ ဘယ်မှာနေတယ်၊ ဘာတွေလုပ်တတ်တယ်။ ဘာတွေ ကြိုက်တယ် ဆိုတာပေါ့ ... ဟီး"

"အဲဒါ ပြောမလို့ပေါ့၊ အဲဒါ အဓိက Main Point ပဲ။ ဒီမှာ ကိုယ့်ဘော်ဒါရ ..."

"ဟုတ်ကဲ့ ... ပြောပါခင်ဗျ ... ဟီး"

"မိန်းကလေးတစ်ယောက်ကို ကြိုက်ပြီ လိုက်တော့မယ်ဆိုရင်အရေးအကြီးဆုံးအချက်က ဘာလဲ ... သိလား"

"ဘာလဲဟင် ... ဘာလဲ"

"ဩော် ... သူ ဘာကြိုက်တတ်တယ် ဆိုတာကို သိအောင်လုပ်ပြီး သူ့အကြိုက်အတိုင်း လိုက်ပြီး ဆက်ဆံတတ်တာပေါ့။ ဒါမှ သူက ကိုယ့်ကို သဘောကျမှာပေါ့၊ ဟုတ်ဖူးလား"

"ဟာ ... ဟုတ်တာပေါ့ ... ဟုတ်တာပေါ့။ သူ့အကြိုက်က ဘာလဲဟင်"

"သူက ရာဇာနေဝင်းကို အရမ်းကြိုက်တာ"

"ဗျာ ... ရာဇာနေဝင်း။ အဲဒါ ဘယ်ကကောင်လဲ။ သူ့ရည်းစားလား"





"အာ ... ပေါက်ပေါက်ရှာရှာ ခင်ဗျားကလည်း ရာဇာနေဝင်းတောင် မသိဘူးလား။ ရုပ်ရှင်မင်းသားလေဗျာ။ ဒီလောက်နာမည်ကြီးတာ။ Style တစ်ခုကို ထူထောင်ထားတဲ့ မင်းသားလေ ...

မကြားဖူးဘူးလား၊ ရာဇာစတိုင်လ်ဆိုတာ၊ ဆံပင်ကေတို့၊ အဝတ်အစားကို တံဆိပ်မဖြုတ်ဘဲ ဝတ်တာတို့၊ ချည်သားဘောင်းဘီပွပွကြီးနဲ့ အကျီအကျပ်တွေ တွဲဝတ်တာတို့၊ စကားပြောရင် ခေါင်းတလှုပ်လှုပ် ပြောတာတို့၊ သူများနဲ့မတူတဲ့ စတိုင်လ်တွေလေဗျာ။ ရာဇာစတိုင်လ်ပေါ့"

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ။ သိပြီ ရုပ်ရှင်မင်းသား ရာဇာနေဝင်းကို ပြောတာလား ...

အာ ... သူ့ကို ကျွန်တော်လည်း ကြိုက်တယ်ဗျ ... အဟီး"

"အေး ... အဲဒီ ရာဇာကို ချွေအိမ်သူကလည်း သိပ်ကြိုက်တယ်။ ဒီတော့ ခင်ဗျားရဲ့ဒီဇိုင်းကို ရာဇာနေဝင်းဒီဇိုင်းသာ ပြောင်းလိုက် ...

သူ့ဆီကို ရာဇာစတိုင်လ်နဲ့သာသွား၊ ရာဇာပြောတဲ့ အိုက်တင်အတိုင်း သွားပြော။ လုံးဝ ..."

"လုံးဝ ဘာဖြစ်လဲဟင်"

"ပါးရိုက်ခံရမှာ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... ပါးရိုက်ချင်တာတောင် ရိုက်မှာ မဟုတ်တော့ဘူးလို့ ပြောတာ ဟဲ ... ဟဲ ...။ စကားပြောမှားသွားလို့ ...

အဲဒါ ခင်ဗျား ရာဇာစတိုင်လ် ပြောင်းလိုက်ဗျာ။ ရွှေသူ့လို စကားပြောတတ်အောင်ကျင့် အိုကေပြီဆိုရင် ရွှေအိမ်သူ ရှေ့ကို သွားပေတော့"

"တကယ်လား ... ဟာ ... ဖြစ်ပါ့မလား။ ကျွန်တော် ကြောက်တယ်ဗျာ"

"ဟာ ... ဘာကြောက်စရာရှိလဲ။ ခင်ဗျားက ခင်ဗျားအစစ်မှ မဟုတ်တော့တာ။ ရာဇာကလုန်း ... အဲလေ ... ခင်ဗျားနာမည်က ဘယ်သူ"

"လှမျိုးခင် ... လှမျိုးခင်"

"အေး ... လှမျိုးခင်၊ အဲဒီတော့ ရာဇာလှမျိုးခင် ဖြစ်သွားပြီပဲ။ သူကြိုက်တဲ့ဒီဇိုင်း ပြောင်းလာတဲ့ ခင်ဗျားကို သူ ဘယ်လိုလွန်ဆန်နိုင်မှာလဲ ...

မင်း ဘယ်ပြေးမလဲ မိချိုသဲပေါ့ကွာ။ ဟဲ ... ဟဲ ... ဒီတော့ ဒီနေ့ကစပြီး ဒီဇိုင်းပြောင်းလိုက်တော့ ... အိုကေ"

"အိုကေဗျာ ... အိုကေ၊ ဒါပေမဲ့ ကျွန်တော်က အဲဒီဒီဇိုင်းရဖို့ ဘယ်လိုပြောင်းရမှာလဲဗျ။ မပြောင်းတတ်ဘူး"

"ဒါလေးများ ဝါဆေးစား။ လွယ်လွယ်လေး ခင်ဗျားမပြောင်းတတ်ရင် ကျွန်တော်တို့ လိုက်ပြောင်းပေးမယ်။ မနက်ဖြန် စနေနေ့ မဟုတ်လား။ အေးဆေး အချိန်ရတယ် ...





ကိုယ့်ဘရာသာ စနေ တနင်္ဂနွေ နှစ်ရက်လောက် အိုက်တင်ကျင့်လိုက်ရင် မန်းဒေးကျ ရွှေအိမ်သူရှေ့မှာ အလန်းစား ရှပါဖွင့်နိုင်ပြီပေါ့ ...

ကဲ ... မနက်ဖြန်မနက် ဆယ်နာရီမှာ ဒဂုံစင်တာ Second floor က KO KO Beauty Saloon ကို လာခဲ့။ အဲဒီမှာ ခင်ဗျားရဲ့ Hair-Style ကို အလန်းဆုံး ပြောင်းပေးမယ်"

"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ။ စိတ်ချ ကျွန်တော် ဆက်ဆက်လာခဲ့မယ်"

"အိုခေ ... ဘရာသာ။ အဲဒီစတိုင်လ်ကို ပြောင်းပြီးတာနဲ့ ခင်ဗျားနဲ့ ရွှေအိမ်သူ နှစ်ပါးသွား ထွက်လို့ရပြီဗျာ"

"ဟာ ... ဟီး ဟီး"

သူက ဝမ်းသာလုံးဆို့ကာ အဲဒီညက အိပ်တောင်မပျော်ခဲ့ချေ။ မိုးလင်းခါနီး မှေးခနဲ အိပ်ပျော်သွားသော အိမ်မက်ထဲတွင် သူနဲ့ ရွှေအိမ်သူက တောခေါ်လီသီချင်းဖြင့် ကိုရီးယားနိုင်ငံ ဂျယ်ဂျူးကျွန်းမှာ ကခုန်နေကြသည်ဟု အိပ်မက်,မက်လေသည်။ အိပ်မက်ထဲတွင် သူက ရာဇာစတိုင်လ် ဝတ်ဆင်ထားကာ ရွှေအိမ်သူကတော့ ဘီကီနီဖြင့် အရမ်းခမ်းနားနေသည်။ ရွှေအိမ်သူ၏ လုံးကြီးပေါက်လှ အလှကို မျက်စိမခွာနိုင်အောင် ငေးရင်း ဘယ်လိုတောင် အိပ်ရာနိုးလာမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ရွှေအိမ်သူသည် ယုံကြည်စိတ်ချစွာဖြင့် လျှောက်လှမ်းလာသော လမ်းတစ်လျှောက် လူအားလုံးရဲ့ မျက်လုံးတွေက သူမကိုယ်ပေါ်မှာပဲ လာစိုက်နေသည်ဟု ထင်မိလေသည်။ သူမက ကိုယ့်အလှကိုယ် အပြည့်အဝ ယုံကြည်စိတ်ချသောကြောင့် ကိုယ်ခန္ဓာအလှအပကို ဦးစားပေးသည့် အဝတ်အစားတွေကိုပဲ ဦးစားပေးဝတ်ဆင်တတ်သည်။ အခုလည်း ခရမ်းဖျော့ရောင် အပွင့်ကျဲများကို လှပစွာ ဒီဇိုင်းဖော်ထားသည့် မြန်မာဝတ်စုံ လက်ပြတ်နှင့် လုံချည်ရှည်ရှည်ကို ကြွကြွရွရွလေး ဝတ်ဆင်ကာ အထူးလေ့ကျင့်ထားသော လမ်းလျှောက်ပုံဖြင့် တစ်လှမ်းချင်း လျှောက်ဝင်လာခဲ့သည်။

ဘယ်ကိုမှ မကြည့်ဘူး ဆိုပေမယ့် ရွှေအိမ်သူရဲ့မျက်ဝန်းတွေက ကျင့်သားရနေသူပီပီ ကိုယ့်ကို ဘယ်သူတွေ ရှိုးနေသလဲ ဆိုတာတော့ မျက်ဝန်းထောင့်မှာ ရေဒါတပ်ဆင်ထားပြီး ဖမ်းမိ





ထားသည်။ ရွှေအိမ်သူကို တော်တော်များများက နှစ်သက်သဘောကျသော မျက်ဝန်းတွေဖြင့် ငေးမောနေကြပေမယ့် လုံးဝကို ဂရုမစိုက်သော သူတစ်ယောက်ကလည်း ရှိသေးသည်။ အဲဒီတစ်ယောက်ကို သူမ သတိထားမိတာ ကြာချေပြီ။

သတိထားမိဆို သူကလည်း ကျောင်းမှာ ထင်ရှားထင်းထွက်နေသောကြောင့် ဖြစ်သည်။ အိမ်သူက မိန်းကလေးအချင်းချင်းတောင် လည်ပြန်ငေးရသလို သူကလည်း မိန်းကလေးတွေ စိတ်ဝင်စားကြသော ယောကျ်ားလေးတစ်ယောက် ဆိုတာအိမ်သူ ကြားသိထားသည်။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် ကျစ်ကျစ်လစ်လစ်နှင့် ဝင်းဝါစိုပြည်သော အသားအရေရှိသူ ထိုယောကျ်ားသားသည် သူ့ကိုယ်သူ ကြည့်ကောင်း ချောမောတာကို ယုံကြည်မှုရှိသည့်အလား ပတ်ဝန်းကျင်ကိုလည်း ဂရုတစိုက် မရှိလှသလိုအိမ်သူ့ကိုလည်း ဂရုတစိုက် မရှိလှပါ။ သူ လိုက်ကြည့်စရာမလိုဘူး ဟူသော ပုံစံကို ချိုးထားတာကို အိမ်သူကလည်း ခံပြင်းလှသည်။ ငါလို အလှပဂေးတစ်ယောက်ကို သူက ဘာကြောင့် လိုက်မကြည့်နိုင်ရသလဲ ဟူသော မေးခွန်းကိုလည်း ထပ်တလဲလဲ တွေးမိလေသည်။ ရှိရှိသမျှ ယောကျ်ားအားလုံးက အိမ်သူ့ကို အလှနတ်ဖုရားမသဖွယ် ဖူးဖူးမှုတ် တင်မြှောက်ထားချိန်မှာ သူက ဥပေက္ခာပြုထားခြင်းသည် အိမ်သူ့ကို အသံတိတ် စိန်ခေါ်ခြင်းပဲ ဟု သတ်မှတ်လေသည်။

တစ်နေ့ကျမှပဲ သူနဲ့ အိမ်သူ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဘောဘီ"

အိမ်သူသည် ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်လာသည်ဖြစ်ရာ ရုတ်တရက်ကြီးပဲ ကိုယ့်ဘေးသို့ ခုန်ဆွပြီးရောက်လာသော လူရိပ်တစ်ခုကြောင့် လန့်ဖျပ်သွားရသည်။ အမယ်လေး ဟု မတ,မိရုံတမယ် စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပြီး လှည့်ကြည့်လိုက်လျှင် ရှုပ်ယှက်ခတ်နေသော ဒီဇိုင်းဖြင့် ခပ်ကြောင်ကြောင် ပုံစံ လူတစ်ယောက်။ မျက်မှန်ကလည်း လေဒီဂါဂါတပ်သော အဖြူစင်းကြားမျက်မှန်နှင့် အင်္ကျီက Alter ရှပ်အဖြူကို ကြယ်သီးတွေ ဟပြီနေအောင်ပင် ကျပ်ကျပ်ထုပ်ထုပ် ဝတ်ထားပြီး အကွက်စိပ်စိပ်ပါသော နက်ခ်တိုင်ကိုလည်း တပ်ထားသေးသည်။ အောက်က ဘောင်းဘီကတော့ အင်မတန် ခွကျနေသော မှုမှုကြီးကြီး ဘောင်းဘီကားကားကြီးဖြစ်ပြီး ခါးပတ်အပြားကြီး ပတ်ထားသေးသည်။

ဟန်းဒ်ဖုန်းနှစ်လုံးက ခါးတစ်ဖက် တစ်ချက်စီမှာ ချိတ်လျက် နာရီကနှစ်လုံးဆင့် ပတ်ထားသေးသည်။ ဒီပုံစံ ... ဒီပုံစံဟာ ဘယ်သူ့ပုံစံပါလိမ့်။ ဒီပုံစံကို အိမ်သူ ရင်းရင်းနှီးနှီးကြီး သိလေသည်။ အိမ်သူက အဲဒီ ကိုးရိုးကားရားပုံစံကို အံ့ဩတကြီး စိုက်ကြည့်နေတုန်းမှာပဲ ထိုသူက ဟဲခနဲ သွားဖြဲပြလာသည်။

"ဘောဘီ ... ကိုယ့်ကို သိသလား"

အဲဒီအပြောဆို ဟန်ပန်နဲ့ လေသံဟာ ဘယ်သူ့လေသံပါလိမ့်။ တော်တော်ကြီးကို သိသည်။ နေစမ်းပါဦး။





"ဟား ... ဘောဘီ၊ ကိုယ့်ကို အသည်းအသန် ရှိုးနေပါလား။ ကိုယ် သိပ်တောင် မနေတတ်တော့ဘူးကွာ ... ဟင်း ... ဟင်း"

အား ... သိပြီ၊ ကြည့်စမ်း ... ဒီလူ ဘယ်ကငပေါကြီးပါလိမ့်။ သူဟာ အိမ်သူ့ကို ရာဇာနေဝင်း အိုက်တင်တွေဖြင့် လာစကားပြောနေတာပဲ ဖြစ်တော့သည်။

"ရှင် ... ရှင် ... ဘယ်သူလဲ"

"ကိုယ်လား ... ကိုယ်က ..."

သူက စကားကို ချက်ချင်းမပြောသေးဘဲ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပတ်ကာ ရှာခနဲ လှည့်လိုက်သည်။ ပြီးတော့မှ လေဒီဂါဂါ မျက်မှန်ကို ဖျတ်ခနဲ ဆွဲချွတ်ကာ ...

"ကိုယ်က ရာဇာလူမျိုးခင် ... ဟဲ ... ဟဲ"

ရာဇာနေဝင်းရဲ့လေသံနှင့် စကားပြောကာ နောက်က ရယ်သံကျတော့မှ ဗိုလ်အောင်ဒင် ရယ်သလို ရယ်လိုက်သည့်လူကိုကြည့်ကာ အိမ်သူက ကောင်းကောင်းကြီး မှတ်မိသွားသည်။

"ရှင် ... ရှင် ... ဟိုတစ်ခါက ..."

"ဟား ... ဘောဘီက ကိုယ့်ကို မှတ်မိသားပဲ။ ဟုတ်တယ် ကိုယ်ပါပဲ၊ ကိုယ်ပါပဲ ဘောဘီ ..."

ဘောဘီ့ကို တီချယ်မှတ်ပြီး လာကြိုခဲ့တဲ့ ကိုယ်ပါပဲ။ ခုလည်း ဘောဘီ့အကြိုက် ဒီစတိုင်လ်ကို ပြောင်းပေးလိုက်တာပါ ...



www.burmeseclassic.com

www.burmeseclassic.com



အိုခေနော် ဘောဘီ အိုခေတယ် မဟုတ်ပါလား"

"ဘာ အိုခေရမှာလဲ ... ဟင် ? ရှင် ရူးနေလား၊ ဖယ်စမ်း ရှေ့က"

"ဟာ ... ဘောဘီ နေဦးလေ။ နေပါဦး ဘောဘီရဲ့"

"တောက် ... ဘယ်ကအရူးလဲ။ ရှင့်ကို ဖယ်လို့ပြောနေတယ် နော်"

အိမ်သူ့အသံက တစ်ဆိတ်တော့ ကျယ်လောင်သွားသည်။ ကျယ်လောင်သွားသည် ဆိုတာကလည်း ခပ်လှမ်းလှမ်းက လျှောက်လာသော King ကို တွေ့မြင်လိုက်ရ၍ဖြစ်သည်။ မျက်ဝန်းထောင့်က မြင်နေရသော အရိပ်တွေအရ King သည် အိမ်သူရဲ့အော်သံကြောင့် ဒီဘက်သို့ စိတ်ဝင်တစား ကြည့်ရှုနေပြီ ဆိုတာကို သိလိုက်ရ၍ ဖြစ်သည်။

"ဘောဘီ ... ကိုယ် ... ကိုယ်လေ ... ဘော ... ဘော ... ဘောဘီကို ... မြင် ... မြင်ချင်းပဲ"

အရေးထဲ ရာဇာအတုက စကားထစ်နေသေးသည်။ အိမ်သူ အော်ဟစ်ပစ်လိုက်၍ လန့်သွားသည်ဟု ထင်သည်။ အဲဒါကို အခွင့်ကောင်းယူ၍ အိမ်သူက ထပ်၍ဖိပစ်လိုက်သည်။

"တောက် ... ရှင် ကျွန်မကို သက်သက် အရှက်ခွဲနေတာ မဟုတ်လား။ ဟင် ... တော်တော်မိုက်ရိုင်းတဲ့လူ၊ နှမချင်း မစာနာတဲ့လူ ... ရှင့်လိုလူ"

"ဒီမှာ"





အိမ်သူရဲ့စကားတောင် မဆုံးသေးချေ။ ခေါသံတစ်ခုက ထွက်ပေါ်လာ၍ လှည့်ကြည့်လိုက်လျှင် King တစ်ယောက် အနားသို့ ရောက်လာပြီဆိုတာ သိလိုက်ရသည်။ အနားမှာ လာ ရပ်လိုက်သော သူ့ပုံစံဟာ သူ့ကြောင့်ပဲ ပတ်ဝန်းကျင်တစ်ခုလုံး ထိန်လင်းသွားသလိုလို၊ ရောင်စဉ်တွေ ဖြာသွားသလိုလိုဖြင့် လင်းချင်းသွားရသည်။ ပြီးတော့ အင်မတန် စွဲမက်ဖို့ကောင်းသည့် မွှေးရနံ့တစ်ခုကလည်း လွင့်ပျံ့နေသေးသည်။

သုံးလက်မဒေါက် စီးထားသော အိမ်သူထက်ပင် သူ့အရပ်က ခေါင်းတစ်လုံး ပိုမြင့်ကာ အနီးကပ်မြင်ရတော့မှ သူ့ရုပ်ရည်ဟာ ကိုရီးယားမင်းသား ဆီဝန်နဲ့တူကြောင်း ပိုမိုလက်ခံလိုက်ရတာပဲ ဖြစ်တော့သည်။ သူက အိမ်သူ့ကို ကြည့်မနေပါ။ သူ ခေါ်လိုက်တာကလည်း ဂေါက်ကြောင်ကိုသာ ဖြစ်သည်။

"ဒီက သူငယ်ချင်း၊ ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ ပါလား"

"ဗျာ ... ဘာဖြစ်လို့လဲ၊ ခင်ဗျားက ဘယ်သူလဲ"

"နောက်တော့ ပြောပြမယ်လေ။ ခဏလိုက်ခဲ့ပါလား။ နောင်ကြီးအတွက် ဒီနေရာမှာ သိပ်အခြေအနေ မကောင်း ဘူးဆိုတာ သိတယ်မဟုတ်လား"

"ဟာ ... အစ်ကို။ ကျွန်တော် သူ့ကို ဘာမှမနှောင့်ယှက် ရပါဘူး။ ကျွန်တော် တကယ် မေတ္တာရှိလို့ ... ဗိုဒင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ယုံပါတယ်။ အဲဒီမေတ္တာကြောင့်ပဲ ဒီလို ပုံတွေလုပ်လာတာ မဟုတ်လား။ ဒါပေမဲ့ နည်းနည်းတော့ လွဲနေတယ်ဗျ ...

ကဲ ... လာပါ၊ ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပေးပါ။ ကန်တင်းကိုပဲ သွားမှာ ... လာ"

King ကား သူ့ကို ရှိုးရှိုးသားသားပြောပြီး ခေါ်သွားသဖြင့် ရာဇာလှမျိုးခင်သည် ကြောင်စီစီဖြင့် ပါသွားလေသည်။ အိမ်သူကိုတော့ King က တစ်ချက်မှ လှည့်မကြည့်သွားချေ။ စကားလည်း မပြော။ တကယ်ဆိုလျှင် အိမ်သူ ထင်ထားသော ပုံစံက အမြင်မတော်သဖြင့် ကြားထဲက ပြေရာပြေကြောင်း ဝင်ဖျန်ဖြေကာ ရာဇာလှမျိုးခင် ထွက်သွားတော့မှ အိမ်သူကို မိတ်ဆွေဖွဲ့၊ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပြီးနောက် မိတ်ဆွေတွေ ဖြစ်သွားနိုင်သော အခွင့်အရေးမှန်း သိသိကြီးဖြင့် သူက တမင်မယူခဲ့တာလည်းဖြစ်သည်။ အဲဒီအတွက် အိမ်သူ့မှာ တနုံ့နုံ့နှင့် ကြိတ်မနိုင်ခဲမရ ဖြစ်ရုံမှအပ ဘာမှမတတ်နိုင်တော့ချေ။

ဟိုအကြောင်းများကိုလည်း ကျောင်းသားရေးရာ မဖို့လိုက်ရ၊ ဘာပြဿနာမှလဲ အကြီးအကျယ် မရှာလိုက်ရဘဲ တိတ်တဆိတ် ပြီးဆုံးသွားသည်မှာ King ၏ လက်ချက်ကြောင့်သာ ဖြစ်တော့သည်။ ဒီ king ဟာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ အိမ်သူ သိဖို့တော့လိုပြီဟု သဘောပေါက်လိုက်လေသည်။





## ၇

လင်းပြေသည် သူ့ရှေ့မှာ စိတ်ကျဉ်းနေသော ပုံသဏ္ဌာန်ဖြင့် ထိုင်နေသော ရာဇာနေဝင်းကလုန်းကို ... သူ့ရဲ့ ရယ်လည်းရယ်ချင်သလို သနားလည်း သနားနေမိသည်။ ကောင်မလေး တစ်ယောက်အတွက် ဒီလိုစွန့်စွန့်စားစားတွေ လျှောက်လိုင်းကိုတဲ့ လူမျိုးကို ဒီတစ်ကြိမ်တည်း တွေ့ဖူးသဖြင့် အံ့အားလည်းသင့်ရ သည်။ မိန်းမတစ်ယောက်ကိုချစ်သည့် အချစ်တွေဟာ အဲဒီလောက် အားပြင်းဖို့ လိုအပ်သလား၊ သူကတော့ ဘယ်မိန်းမကိုမှ အဲဒီ လောက် ရူးရူးမူးမူး မချစ်ဘူးပါ။

"ကဲ ... ရင်တုန်ပန်းတုန်ပြေအောင် သောက်လိုက်ပါဦး။ ဪ ... နာမည်ပြောပြီး မိတ်ဆက်ရဦးမယ်။ ကျွန်တော့် နာမည်က လင်းပြေတဲ့၊ ဒီက ညီနောင်ရဲ့ နာမည်ကရော"

သူက ခင်မင်ဖော်ရွေသည့် ပုံစံဖြင့် လမ်းဖွင့်ပေး လိုက်လျှင် ရှေ့က ရာဇာကလုန်းက လိမ္မော်ရည်ကို တစ်ငုံယူ သောက်ရင်းမှ ကမန်းကတန်းမျိုးချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လှမျိုးခင်ပါ"

"လှမျိုးခင် ... အင်း ... ကိုလှမျိုးခင်က ဘာဖြစ်လို့ ဒီစတိုင်လ်ကို ထွင်လာရတာလဲ။ ရာဇာ ခရေဇီလား"

"ဟာ ... မဟုတ်ပါဘူး။ သူ ကြိုက်တယ်ဆိုလို့ ကျွန်တော် ဝတ်လာတာပါ"

"ဩော် ... ဖြစ်ရတယ်။ သူ ကြိုက်တယ်ဆိုတာနဲ့ ဝတ်စရာလားဗျာ၊ ဒီမှာ မှတ်ထား။ မိန်းကလေးတွေက သူများနောက်လိုက်တွေဆိုရင် မကြိုက်တတ်ဘူးဗျ ...

သူတို့က Hero တွေကိုမှ သဘောကျတာ"

"ဗျာ ... ဒါဆိုရင် ကျွန်တော်က Hero လုပ်ရဦးမှာလား"

အချစ်အတွက်ဆို အသက်ပင်သေသေ ဟူသောလူစားမျိုးနှင့် လာတွေ့နေသဖြင့် လင်းပြေက စိတ်ပျက်လက်ပျက်နှင့် မျက်နှာကို ရှုံ့မဲ့မိသည်။ ဒီလူဟာ အချစ်အတွက်ဆိုလျှင် ဘာပဲဖြစ်ဖြစ် လုပ်မည်ဆိုသော လူစားမျိုးပါပဲလား။ ဒီလိုအကွက်တွေ သွားကျွေးလို့ကတော့ မိန်းမတွေက ကောင်းကောင်းနိုင်စားလိုက်ဦးမည့် အပေါက်မျိုးပင်။

"မလုပ်ရပါဘူးဗျာ၊ ကျွန်တော်က သဘောကို ပြောပြတာပါ။ ခင်ဗျား အဲဒီကောင်မလေးကို တော်တော်ကြိုက်လား"

"ဟာ ... ကြိုက်တာပေါ့။ ကြိုက်တာမှ အသေအလဲကို ကြိုက်တာ။ မတရားကို ကြိုက်တာ ...





ဟို ... ကိုလင်းပြေနဲ့ သိလားဟင်"

"မသိပါဘူး။ သူ့နာမည်တောင် မသိဘူး"

"ဟာ ... သူ့နာမည်က ရွှေအိမ်သူလေ။ သူက ရာဇာနေဝင်းကို အရမ်းကြိုက်တာတဲ့။ အဲဒါကြောင့် ကျွန်တော့်ကို ဒီ၊ ဒီဗိုင်းပြောင်းဖို့ ဘော်ဒါတစ်ယောက်က အကြံပေးတာနဲ့ ဒီလိုလုပ်လာတာ ...

ကျွန်တော် ဘာမှားလို့လဲဗျာ"

လင်းပြေက အူကြောင်ကြောင် ပြန်မေးနေသော လူကိုကြည့်ရာ တော်တော်သနားသွားသည်။ အင်းလေ ... သူ့ရဲ့ ပုံစံကိုက အူကြောင်ကြောင် ဖြစ်နေတာကိုး။ သူများနောက်ချင်စရာ ကလိချင်စရာ ချောက်တွန်းချင်စရာ ဖြစ်နေတဲ့ ဒီဗိုင်းကို မျက်နှာမှာ သိပ်ကိုရိုးသားလွန်းသော သဏ္ဍာန်တစ်ခုက ထင်ဟပ်နေပြီး အဲဒါကပဲ သူများတွေက အချွန်နဲ့ မ,ချင်စရာ ဖြစ်နေတာဖြစ်သည်။

"သူက အဲဒီလို ကြိုက်တယ် ဆိုတာနဲ့ပဲ ခင်ဗျားက ဘာလို့လုပ်ရတာလဲ။ ဒါဆို သူက မိုက်ကယ်ဂျက်ဆင် သိပ်ကြိုက်တယ် ...

မိုက်ကယ်ဂျက်ဆင် ကသလို ကပြပါဆိုရင် ခင်ဗျားကပြမှာလား ... ပြော"

"အာ ... အဲဒီလိုတော့ မကပါဘူး"

www.burmeseclassic.com



"အဲဒါပဲပေါ့။ ကိုယ်က ချစ်တယ် ကြိုက်တယ် ဆိုပြီး သူ့ခလိုချည်း နေရာတကာ လိုက်နေလို့တော့ မဖြစ်ဘူး လေ ...

ခင်ဗျား သူ့ကို တကယ်ချစ်တယ် ကြိုက်တယ်ဆိုရင် အခုလိုပုံစံတွေ မလုပ်ပါနဲ့။ ခင်ဗျားအတွက် အဲဒါ အကောင်းဆုံး အကြံဉာဏ်ပေးတာပဲ"

"ဟာ ... ဒါဆို ဒီ့ထက်ကောင်းတဲ့ အကြံဉာဏ်ပေးပါဦးဗျာ။ ကျွန်တော် သူ့အချစ်ကို ရချင်တယ်။ သူ့ကို ပိုင်ဆိုင်ချင်တယ် ...

အဲဒါ ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုကြိုးစားရမလဲ။ ကိုလင်းမြေက ရန်ကုန်သားလည်း ဖြစ်တယ်။ နုံနုံစပ်စပ်နဲ့ ခေတ်မီမီလည်း ရှိတယ်ဆိုရော နည်းလမ်းတွေ ဘာတွေ သိမှာပေါ့ ...

ကျွန်တော့်ကို ကူညီပါလားဗျာ၊ ကျွန်တော် ကိုလင်းမြေရဲ့ ကျေးဇူးကို မမေ့ပါဘူး"

သနားစရာကောင်းသော မျက်နှာကို သူက တစ်ချက်ပြုံးကြည့်ကာ ခေါင်းကို ခါယမ်းလိုက်သည်။

"ဆောရီးဗျာ ... ပြောရင် ယုံမလားတော့ မသိဘူး။ ကျွန်တော်မိန်းကလေးတစ်ယောက်ကို တစ်ခါမှ မချစ်ဖူးဘူး ရည်းစားလည်း မထားဖူးဘူး ...





ဒီတော့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုလိုက်ရမယ်ဆိုတဲ့ နည်းလမ်းတွေကို တကယ်ပဲ မသိဘူး"

"ဟာဗျာ"

တကယ်ကို စိတ်ဓာတ်ကျသွားသော ပုဂ္ဂိုလ်ကို သူက အားပေးနှစ်သိမ့်သလိုဖြင့် ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ကာ အားပေးစကား ဆိုမိသည်။

"ဒါပေမဲ့ စိတ်မညစ်ပါနဲ့။ အဆိုးထဲက အကောင်းတစ်ခုကို ထုတ်ပြရရင် ခင်ဗျားကို သူက တော်တော်မှတ်မိသွားပြီဗျ...

အဲဒီတော့ အဲဒီအရှိန်နဲ့ ဆက်လိုမ့်လို့ရတယ်။ နောက်ထပ် ကိုးရိုးကားရားတွေတော့ ထပ်မလုပ်တော့နဲ့ပေါ့ဗျာ။ ရှေ့က လုပ်ခဲ့တယ် ဆိုတာတွေကလည်း ခင်ဗျားက သူ့ကို သိပ်ချစ်လို့ လုပ်ခဲ့တယ် ဆိုတာတွေ သိသာပစေပေါ့ ...

ဒါဆို အိုကေမှာပါ"

"ဟင်း ... အေးပေါ့လေ။ ကျွန်တော်က ချစ်မိပြီပဲ၊ ဘာပဲဖြစ်ဖြစ် ကြိုးစားရမှာပေါ့"

"ကြိုးစားပေါ့ဗျာ။ အဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်။ အိုခေ ... အိုခေ ... အတန်းချိန်တောင် နီးနေပြီ။ သွားကြစို့"

သူက ပြောလိုက်လျှင် ရာဇာကလုန်းက စိတ်ပျက်လက်ပျက်ပုံစံနှင့် ထလာသည်။ ယောကျ်ားချင်းတောင် တော်တော်စိတ်ညစ်စရာကောင်းသော ဒီပုဂ္ဂိုလ်ရဲ့ပုံစံကို သူက ရယ်ချင်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရယ်ရက်တော့ပါ။ စိတ်ထဲမှာတော့ ရွှေအိမ်သူကိုသာ ဖျတ်ခနဲ သတိရသွားသည်။ တကယ်ဆို သူမနှင့် ရင်းနှီးအောင် လုပ်လို့ရခဲ့သော်လည်း သူက မလုပ်ခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတာ ကိုတော့ သူ ကိုယ်တိုင်ပဲ အသိဆုံး ဖြစ်ပါသည်။





၈

လှမျိုးခင်သည် ဒီနေ့တော့ ကျောင်းကို ရှိုးရှိုးပဲဝတ်ဆင်လာခဲ့သည်။ ရှိုးရှိုးပဲ ဝတ်ဆင်လာခဲ့သည် ဆိုတာက တစ်နေ့ကလို ရာဇာဝတိုင်လ်တွေ ဘာတွေ မလုပ်တော့တာကို ဆိုလိုခြင်းဖြစ်သည်။ သူ့ဦးလေးရဲ့အကြံပေးချက်အတိုင်း ထင်းထင်းလင်းလင်းဖြစ်အောင် ဝတ်ဆင်သွားဟု ဆိုသဖြင့် အဝါနှင့်အစိမ်းအပွင့်အခက်များ ပါဝင်သော Alter Shirt ကျပ်ကျပ်ကို Skinney အကျပ် ဘောင်းဘီအနက်ဖြင့် ခပ်မိုက်မိုက်လေး တွဲဖက်ဝင်ဆင်လာခဲ့သည်။ ဖုန်းနှစ်လုံးကတော့ ထုံးစံအတိုင်း ဘယ်ဘက်မှာတစ်လုံး၊ ညာဘက်မှာတစ်လုံးဖြစ်ကာ ကျောပိုးအိတ်ကို ဟန်ပါပါလွယ်ပြီးနောက် ရွှေအိမ်သူ လာမည့်လမ်းကို မျှော်လင့်စောင့်စားလျက် ရှိနေသည်။

ဟော ... လာပါပြီ။ အချိန်တိကျသူလေး၏ရိုးရိုးစံအတိုင်း ရွှေအိမ်သူသည် ဆင်မယဉ်သာ ခြေလှမ်းမျိုးဖြင့်

www.burmeseclassic.com



လျှောက်လှမ်းလာခဲ့ပြီဖြစ်သည်။ အဖြူရောင် လည်ထောင်လက်ပြတ်ဇာအင်္ကျီလေးကို အဖြူခံပေါ်မှာ အနက်ပွင့်ကြီးတွေ ခပ်ကျဲကျဲပါဝင်သော လုံချည်ပျော့ရှည်ရှည်ဖြင့် တွဲဖက်ဝတ်ဆင်ထားပြီး ခပ်အေးအေး လျှောက်လှမ်းလာပုံလေးကို သူက ငေးမဝစွာကြည့်ရှုနေမိသည်။ ဒီလောက် လှပလွန်းတာတောင် ရည်းစားလည်းမရှိဘူးဆိုသော မိန်းကလေးဟာ တော်တော်ကို အဖိုးတန်တာပဲဟုလည်း သူက အသားလွတ်ကြီး အမှတ်တွေ ပေးနေမိသေးသည်။

သူမတစ်ယောက် သူ့အနားသို့ ရောက်လာတာနှင့် သူက မတ်တတ်ထရပ်လိုက်လျှင် သူမက သူ့ကိုမြင်သွားပြီး မျက်နှာက သိသိသာသာ တင်းမာသွားသည်။ အဲဒီလို တင်းသွားတာနှင့် သူကလည်း ပြောရမည့် စကားတို့ ထစ်အ,သွားတော့တာပင်။

"မ ... မ ... မရွှေအိမ်သူ"

သူမက ဘာမှပြန်မပြောဘဲ လမ်းကိုသာ လျှောက်မြဲလျှောက်လျက်ပင်။ သူကတော့ ဘေးက ကပ်လိုက်ကာ ဘာဆက်ပြောရမှန်းမသိ။ ဒါကြောင့် မထူးမခြင်း ခေါ်မည်ဟု စိတ်ကူးကာထပ်ပြီး အရဲစွန့်ကာ ခေါ်လိုက်သည်။

"မ ... မ ... မရွှေအိမ်သူ"

"ဒီမှာ"

သူမက လျှောက်လှမ်းနေသည့် ခြေလှမ်းတွေကို ခြေစုံရပ်တန့်လိုက်ပြီးနောက် သူ့ကို စေ့စေ့ကြည့်ပြီး အေးခဲတိုး





တိတ်စွာ ခေါ်လိုက်တာ ဖြစ်သောကြောင့် အော်လိုက်တာ‌ ကတောင် သူက လန့်သွားရသည်။ အမယ်လေး ... ကြည့်နေပုံကြကလည်း ကြောက်စရာ ကောင်းလိုက်တာ။ သိပ်လှသော မျက်ဝန်းတွေသည် အမိုးအငွေ့တွေ ထွက်နေသလား မှတ်ရအောင် ရူးရဲတောက်ပြောင်နေကြသည်။

"ရှင် ဘာကြောင့် ကျွန်မကို လိုက်နှောင့်ယှက်နေရတာလဲ"

"ဗျာ ... ကျွန်တော် နှောင့်ယှက်တာ မဟုတ်ပါဘူး။ ကျွန်တော် ... ဟို ... ဟိုလေ ... မရွှေအိမ်သူကို တာ ... တကယ်"

"တော်ပြီ။ ရှင့် ပါးစပ်ကို ပိတ်ထားလိုက်တော့။ ရှင်နောက်ကို ကျွန်မနောက်က ဘယ်တော့မှ မလိုက်ပါနဲ့"

"ဗျာ ... ဒါဆို ရှေ့က သွားရမှာလားဟင်"

"တိတ်စမ်း။ ရှင် အူကြောင်ကြောင် လာလုပ်မနေနဲ့နော်။ ရှင့်ကို ကျွန်မ အပြတ်သားဆုံး သတိပေးလိုက်မယ်။ ကျွန်မကို စကားလာပြောစရာ ဘာအကြောင်းမှ မရှိဘူး ...

ရှင့်လို လူမျိုးကို ကျွန်မ စိတ်လည်း မဝင်စားဘူး။ စိတ်လည်း မကူးဘူး။ အဲဒါ အရှင်းဆုံး သဘောပေါက်ထားတော့ ...

ကျွန်မ ရှင့်ကို ပြင်းပြင်းထန်ထန် သတိပေးလိုက်တာနော်။ နောက်နေ့တွေ ရှင် ဆက်လိုက်လာဦးမယ်ဆိုရင် ကျွန်မအဆိုး မဆိုနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို လက်ညှိုးတစ်ချောင်း ထောင်ပြကာ ခပ်ပြင်းပြင်း သတိပေးပြီးနောက် ထွက်ခွာသွားလျှင် သူသည် နေရာမှာတင် ငုတ်တုတ်မေ့ပြီး အသက်မဲ့သလို ကျန်ရစ်ခဲ့သည်။ ဘာကြောင့်များ သူမက သူ့ကို ဒီလောက်ကြီးအထိ ခါးသီးနေတာပါလိမ့်။ သူမ ပြောဆိုဆက်ဆံသွားတဲ့ ပုံစံထက် ကြည့်တဲ့ အကြည့်ဒီဂရီကိုက အဖက်မတန်သလိုလို၊ အထင်သေး ရွံရှာသလို ပုံစံမျိုးဖြစ်သည်။ အဖက်မတန်သလို လုပ်ရအောင်ကလည်း သူ့ပုံစံဟာ ဆင်းရဲစုတ်ပြတ် မွဲချာနေတဲ့ ပုံစံမျိုးလည်း မဟုတ်ရချေ။

ဒါဆို သူမက ဘာကြောင့် အဲဒီလို ဆက်ဆံသွားရတာလဲ။ ရွှေအိမ်သူဟာ ထင်ထားတာထက် အများကြီး မာနကြီးတဲ့ မိန်းကလေးများလား၊ ရင်ထဲမှာ ချစ်မိလေသော အချစ်များအတွက် သူ ဘယ်လိုတောင် ကြိုးစားရမှန်း မသိတတ်တော့ပါ။

"သိပ်စိတ်ခတ်ကျသွားလား"

သူ့နောက်ပါးဆီကနေ၍ အသံတစ်သံကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်လျှင် မျက်နှာတစ်ခုက သူ့ကို နွေးထွေးစွာ စိုက်ကြည့်နေတာကို တွေ့လိုက်ရသည်။ ဒီမျက်နှာ ... ဒီမျက်နှာကို သူ မြင်ဖူးသလိုရှိသည်။ ဒါကြောင့် အသည်းအသန် စဉ်းစားနေတုန်းမှာပဲ သူမကလည်း သူ စဉ်းစားနေဟန်ကို ရိပ်မိကာ မှတ်မိပါစ ဟူသော အပြုံးနှင့် မေးဆတ်ပြီး မေးသည်။

အဲဒီတော့မှပဲ သူ့ဦးနှောက်က ဖျတ်ခနဲ မီးပွင့်သွားကာ ...





"ဟာ ... Taxi ။ မင်း Taxi သမား"

"အင်း ... ရှင်က မှတ်မိသားပဲ။ ဟုတ်တယ် ... ကျွန်မက Taxi မောင်းခဲ့တဲ့ တစ်ယောက်ပေါ့"

"အေးလေ ... အိုး ... တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရတာပဲ။ ခင်ဗျား ဒီကျောင်းထဲကို ခရီးသည် လာပို့တာလား"

သူ့စကားကြောင့် ကောင်မလေးက တစ်ချက်ရယ်လိုက်ရင်းမှ ...

"မဟုတ်ပါဘူး။ ကျွန်မက ရှင့်လိုပဲ MBA တက်နေတာလေ"

"ဗျာ ... အဲ ... အဲဒါဆိုရင် အဲဒီတုန်းက ..."

"ထားလိုက်ပါတော့။ အဲဒီတုန်းက ကျွန်မဘာသာ ကိစ္စတစ်ခုနဲ့ လာတာပါ။ ကားကတော့ Taxi ဖြစ်နေတယ်။ ဒါကို ရှင်က မှားပြီးငှားတော့လည်း အင်းလေ ... ရှင်ကတော့ မမှားပါဘူး။ ကျွန်မကလည်း လိုက်ပို့ချင်စိတ် ပေါက်သွားတာနဲ့ လိုက်ပို့ပေးဖြစ်တယ် ဆိုပါတော့ ...

အဲဒီထဲက ရှင် ပြောပြလို့ MBA တက်မယ်ဆိုတာ သိရပြီး ကျောင်းမှာ ပြန်ဆုံမယ်ဆိုတာ သိပြီးသားပါ"

"ဟာ ... ဒါဖြင့်ရင် ခင်ဗျားက ကျွန်တော့်ကို ပထမဆုံး ကျောင်းစတက်တဲ့နေ့တည်းက တွေ့တယ်ပေါ့"

"တွေ့တာပေါ့"

"ဟာဗျာ ... ဒါနဲ့များ ဘာဖြစ်လို့ မခေါ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ကျွန်မ ခေါ်မယ် လုပ်လိုက်ရင် ရှင်က ရှင့်ပြဿနာနဲ့ရှင် ရှုပ်နေတာနဲ့ပဲ၊ မခေါ်ဖြစ်တော့တာ …

ဘယ်လိုလဲ … ရန်ကုန်မှာ ကျောင်းလာတက်ရတာ အဆင်ပြေရဲ့လား"

"မပြေပါဘူးဗျာ။ ရန်ကုန်က လူတွေက စိမ်းကားတယ်။ မမိုက်ပါဘူး"

သူ့စကားကို သူမက နှစ်သက်သဘောကျစွာ ရယ်သည်။ ပြီးတော့မှ သူ့မျက်ဝန်းထဲသို့ တည့်တည့်စိုက်ကြည့်ကာ …

"ရန်ကုန်က စိမ်းကားတာလား။ ရွှေအိမ်သူက စိမ်းကားတာလား"

"ဟင် … ခင်ဗျားက ဒါတွေလည်း သိနေတယ်"

"ဩော် … မသိဘဲ နေပါ့မလား။ ရှင်က တကယ့်ခေါင်ကိုမှ တက်ကိုင်ထားတာကိုး"

"ဗျာ … ကျွန်တော် သူ့ကို ဘာမှမကိုင်ပါဘူး"

"ရော် … အဲဒါကို ပြောတာ မဟုတ်ပါဘူး။ ရှင် ကြိုက်တဲ့သူက တကယ့် အချောအလှ ထိပ်တန်းစာရင်းဝင်လေ … ပြီးတော့ သူ့ဆီကို ရှင် သွားတဲ့နည်းလမ်းက ရိုးရိုးတွေမှ မဟုတ်တာ မော်ကွန်းထိန်းဆီ ရောက်ရတာနဲ့ ရာဇဝနေဝင်းစတိုင်လ် လုပ်ရတာနဲ့။ ကိုးရိုးကားရားတွေချည်းပဲလေ …





ရှင့်ကို ရန်ကုန် စရောက်တဲ့နေ့တည်းက ကျွန်မ ပြောပါတယ်။ လူတွေကို သိပ်မယုံစားနဲ့။ သူများပြောတိုင်း မယုံနဲ့ ဆိုတာလေ"

"ဩော် … သူတို့က ရွှေအိမ်သူ့ကို သိထားကြတယ်ဆိုတော့ သူတို့ပြောတာ တကယ်ထင်လို့လေ …

ဟူး … ခက်လိုက်တာဗျာ။ မိန်းကလေးတစ်ယောက်ကို လိုက်ရတာ ဒီလောက် ခက်ခဲမှန်း အစက မသိခဲ့ပါဘူး …

"ဘာလဲ … ရှင်က အခု လက်လျှော့လိုက်ပြီပေါ့"

"လက်တော့ မလျှော့ပါဘူး။ ဒါပေမဲ့ သူ့ကို ကျွန်တော် ဘယ်လိုကြိုးစားရမှန်းကို မသိဘူးဗျာ …

ကျွန်တော့်မှာ သူငယ်ချင်း အပေါင်းအသင်းလည်း မရှိတော့ တစ်ခုခုဆို ပြောဆို တိုင်ပင်ရမယ့်လူလည်း မရှိဘူးဗျာ။ တွေ့တဲ့လူတွေကျတော့လည်း အချွန်နဲ့ပဲ မ,မ သွားကြတော့ ပိုဆိုးနေတယ် …

ဟို … ခင်ဗျားကရော ကျွန်တော့်ရဲ့ရန်သူလား၊ မိတ်ဆွေလားဟင်"

သူ့စကားကြောင့် သူမက မျက်စောင်းလှဲ့လှဲ့ထိုးသည်။ အဲဒီမျက်စောင်းကြောင့်ပဲ သူက ဒီကောင်မလေးကို သဘောကျသွားသည်။ ရန်ကုန်က လူတွေကို လူစိမ်းကားတွေချည်းပဲဟုလည်း ရမ်းသမ်းပြောလို့တော့ မရချေ။ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း တွေ့စတည်းက သူ့ကို ပြေပြေလည်လည် ဆက်ဆံခဲ့သူဖြစ်သည်။

အခုလည်းစိတ်ရင်းကောင်းမှုဟုတည်းသော စေတနာအရင်းခံက မျက်နှာမှာ လာထင်ဟပ်နေသောကြောင့်လားတော့ မသိချေ။ သူမ မျက်နှာလေးက ကြည်ကြည်လင်လင် ဖြစ်နေတာကိုက ထူးခြားမှုတစ်ခုဖြစ်သည်။ လှပတယ် ဆိုတာထက် ကြည်လင်လွန်းသော မျက်နှာမျိုးဖြစ်သည်။ သူ သိရသလောက်ကတော့ ဒေးဗစ်ဘက်ခမ်းရဲ့မိန်းမထားသော တိုဖောင်းဖောင်းဆံပင်ပုံစံနှင့်ဖြစ်ကာ ရှင်းရှင်းသန့်သန့် ရုပ်ရည်မျိုးကို ပိုင်ဆိုင်သည်။ ပြောရလျှင်တော့ ခင်မင်ဖွယ်ကောင်းသည့် ရုပ်ရည်မျိုးဖြစ်သည်။

"ရှင်က ဘယ်လို သတ်မှတ်ချင်လို့လဲ။ ရန်သူလို့ သတ်မှတ်ချင်လည်းဖြစ်တယ်။ မိတ်ဆွေလို့ သတ်မှတ်ချင်လည်း ဖြစ်တယ်"

"ဟာ ... ရန်သူလို့တော့ မသတ်မှတ်ချင်ပါနဲ့ဗျာ။ မိတ်ဆွေတစ်ယောက်မှ မရှိချင် နေပါစေ ရန်သူကတော့ တစ်ယောက်လည်း မရှိချင်ဘူး ...

ဟိုလေ ... ကျွန်တော့်ကို ခင်ဗျားရဲ့မိတ်ဆွေပဲဖြစ်ဖြစ်၊ သူငယ်ချင်းတစ်ယောက်လိုပဲဖြစ်ဖြစ် သတ်မှတ်ပေးနိုင်မလားဟင်"

"အင်း ... ရပါတယ်၊ သူငယ်ချင်းလိုပဲ သတ်မှတ်ကြတာပေါ့။ ရှင့်နာမည်တော့ ကျွန်မ သိပြီးသားပါ ...





ကျွန်မ့နာမည်က စိန်ပန်းနီနီတဲ့"

"စိန်ပန်းနီနီ ... အင်း ... ရှည်တော့ ရှည်တယ်နော်။ ဟို ... ဖြတ်ပြီးခေါ်ရင် ရမလားဟင်"

"ရှင်က ဘယ်လို ဖြတ်ခေါ်မှာလဲ"

"ဟို ... မစိန်ပန်း"

သူ့စကားကြောင့် သူမမျက်နှာက သံပရာသီးကိုက်မိသူလို ရှုံ့မဲ့သွားကာ ခေါင်းကို ခါယမ်းသည်။ မကြိုက်သေးဘူးဟူသော သဘောမို့ သူက နောက်တစ်ခု အလျင်အမြန်စဉ်းစားကာ ပြောလိုက်သည်။

"မနီ ... မနီ ... ဟုတ်ပြီ၊ မနီလို့ ခေါ်မယ်လေ"

သူမက ရှုံ့မဲ့ပြီး ခေါင်းကို သွက်သွက်ခါအောင်ယမ်းကာ ...

"တော် ... တော် ... မနီလည်း မခေါ်နဲ့။ ကျွန်မကို တခြားသူငယ်ချင်းတွေ ခေါ်သလိုပဲ ခေါ်ပါ ...

စိန်လို့ပဲ သူတို့က ခေါ်ကြတယ်"

"စိန် ... ဟုတ်ပြီ ... ဟုတ်ပြီ။ ဒါလည်း ကောင်းတာပဲ။ ဒါဆို စိန်နဲ့ ကျွန်တော် သူငယ်ချင်းတွေ ဖြစ်သွားကြပြီပေါ့နော် ...

ဝမ်းသာတယ်ဗျာ၊ ဒီနေ့အဖို့ ချစ်သူက စိမ်းကားသွားပေမယ့် သူငယ်ချင်းတစ်ယောက် ရတဲ့အတွက် ဖြေသာပါတယ်။ ဪ ... စိန်ရဲ့ဖုန်းနံပါတ်လေး သိခွင့်ရှိမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ (xxx)တဲ့"

"ဒါဆို ဖုန်းဆက်မယ်နော်။ ရတယ် မဟုတ်လား"

"သိပ်ရတာပေါ့၊ အိုခေ ... နောက်မှ ဆုံမယ်၊ အတန်းသွား တက်တော့မှာမို့ ဘိုင့် ဘိုင်"

"ဟုတ် ... ဟုတ်"

သူ့ကို သူမက သဘောကျသလို ပြုံးကြည့်ကာ ထွက်ခွာသွားသည်။ ဖြူဖြူသွယ်သွယ်နှင့် ကြည်လင်သော မျက်နှာပေးရှိသည့် ကောင်မလေးဟာ တော်တော်ကြီးကို ခင်ဖို့ကောင်းသည်ဟု သူကတော့ မှတ်ချက်ချသည်။ ဒီနေ့အဖို့ကတော့ မင်္ဂလာတစ်ပါး ဖြစ်ခဲ့ပါသည်။





၉

ဒီနေ့သည် စိန်တို့ရဲ့ကျောင်းပိတ်၍ အားလပ်သော စနေနေ့ ဖြစ်သည်။ စိန်သည် ကျောင်းကသင်ခန်းစာတချို့ကို ဖတ်ရှုနေရာမှ စာလုပ်ခြင်း ပြီးဆုံးသွားလျှင် အညောင်းဆန့်သည့် အနေဖြင့် အိပ်ရာပေါ်သို့ ဘုန်းခနဲ ပစ်လှဲမိကာ အကြောဆန့်မိသည်။ နာရီကို ကြည့်လိုက်သောအခါ ဆယ့်တစ်နာရီခွဲမို့ နေ့ခင်း ထမင်းစားချိန်တော့ မရောက်သေး။ စိန်က နေ့လယ် ဆယ့်နှစ်နာရီတိတိမှာ နေ့ခင်းစာ ထမင်းစားသူဖြစ်သည်။

ဒါကြောင့် အိပ်ရာထဲမှာ ဟိုလိမ် ဒီကောက်လုပ်ရင်း ဘာရယ်မဟုတ်ဘဲ ကျောင်းက ကျောက်ပန်းတောင်းသားကို ရုတ်ခနဲ သတိရသွားသည်။ သူက ပြောသည်။ သူ့မှာ ပေါင်းသင်းစရာ မိတ်ဆွေသူငယ်ချင်း မရှိပါတဲ့။ ဖြစ်တော့လည်း ဖြစ်နိုင်ပါသည်။ ဒီကျောင်းမှာက ဘွဲ့ရပြီးသားလူတွေ လာတက်ကြသူများတာမို့ အားလုံးဟာ ကိုယ့်အပေါင်းအသင်းနဲ့ကိုယ် ချိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး လာတက်ကြတာများသည်။ ဒါကြောင့် တကူးတက အပေါင်းအသင်း ရှာစရာမလိုပေ။

သူ့မှာကျတော့ အပေါင်းအသင်းက မရှိရှာ။ လုပ်တိုင်းလွဲနေသည့် သူ့ရဲ့အကြောင်းကြောင်းပုံစံကြောင့် ပေါင်းသင်းမယ့်သူ သိပ်မရှိတာကိုလည်း စိန်က ကရုဏာသက်ရသည်။ ဘာကြောင့်မှန်းမသိပါ။ သမရိုးကျတွေကို သိပ်စိတ်မဝင်စားတတ်သော စိန်သည် သူ့ရဲ့အကြောင်းကြောင်းပုံစံကိုတော့ စတွေ့တည်းက စိတ်ဝင်စားခဲ့တာဖြစ်သည်။ ဒါကြောင့်လည်း သူနဲ့မိတ်ဆွေတွေ ဖြစ်လာခဲ့ရတာပင်။ သူလိုလူက တကယ့် အလှထိပ်ခေါင်ရွှေအိမ်သူကို ချစ်ကြိုက်မိတယ် ဆိုတော့ သူ့ဇာတ်လမ်းက ပို၍ စိတ်ဝင်စားဖို့ ကောင်းလာခဲ့တော့သည်။

"အို ဝို ဝိုး ... အို ဝိုး ဝိုး ... Calling Bad Romance ဂါ ဂါ ဟူ လာ လာ ..."

ဗရုတ်သုတ်ခ အဆိုတော်မ လေဒီဂါဂါ၏ နာမည်ကြီး Bad Romance သီချင်းသံ ထွက်ပေါ်လို့လာလျှင် ဖုန်းလာပြီဆိုတာ စိန်က သဘောပေါက်လိုက်ပြီးနောက် ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"ဩော် ... မစိန်ပန်း ... အဲ ... စိန်နဲ့ ပြောချင်လို့ပါ"

"စိန့်ရဲ့ဖုန်းကိုဆက်မှတော့ စိန်ပဲ ပြောနေတာပေါ့"

"ဩော် ... စိန်၊ ကျွန်တော်ပါ လှမျိုးခင်ပါ"





"အင်း ... ပြော၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စက အထွေအထူးတော့ မရှိပါဘူး ... အဟီး။ ဟို ... ကျွန်တော့်ရဲ့အသစ်စက်စက် မိတ်ဆွေမလေးဆီ သတိရလို့ ဆက်ကြည့်တာပါ ...

အားရဲ့လား ဘာလုပ်နေတာလဲ"

အင်း ... ဒီလိုမေးတတ်ပုံလေးကတော့မဆိုး။ လူမှုရေးသိတတ်သည်ဟု ပြော၍ရသည်။ ခက်တာက စကားတစ်ခါပြောတိုင်း အဟီး အဟဲတွေ ပါနေတာက ဆိုးလှသည်။ ဘာအကျင့်ကြီးမှန်းလဲ မသိချေ။ နောက်တော့ ဒီအကျင့်ကြီးကိုပါ ဖျောက်ပေးရမည်ဟု မှတ်ထားလိုက်သည်။

"အားပါတယ်။ အခုနကလေးတင်မှ စာလုပ်တာ ပြီးသွားတာ။ တစ်ပတ်စာ သင်ထားသမျှတွေ ပြန်နွှေးကြည့်နေတာ ...

ရှင်ရော စာမလုပ်ဘူးလား"

"ကျွန်တော်က ညဘက်မှလုပ်တာ။ ဒီလို မနက်ဘက် နေ့လယ်ဘက်တွေတော့ သိပ်လုပ်လေ့ လုပ်ထ မရှိဘူးဗျ ... အဟဲ"

တွေ့လား။ လာပြန်ပြီ အဟဲ။ စိန်က အလိုမကျစွာဖြင့် နှာခေါင်းရှုံ့လိုက်မိသည်။

"စိန်က မနက်ဘက်တွေ လပ်တာလား။ ညဘက်ကျ မလုပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကျွန်မ ပြောင်းပြန်။ မနက်ဘက်ကို သွား စရာလေး ဘာလေး ရှိရင်တော့ သွား၊ မရှိရင်တော့ အိမ် မှာပဲ စာလုပ်တယ် ...

ညဘက်ကတော့ အေးအေးဆေးဆေး အနားယူကာ အခွေကြည့်၊ စာဖတ်၊ အင်တာနက်သုံးပေါ့၊ ညဉ့်နက်တယ် တစ်နာရီလောက်မှ အိပ်ဖြစ်တာ"

"ဩော် ... အပြင်တွေ ဘာတွေ မသွားဘူးပေါ့"

"သွားစရာရှိရင်တော့ သွားပါတယ်။ ဒါပေမဲ့ အိမ်မှာနေ ရတာကိုပဲ ကြိုက်တဲ့သူဆိုတော့ သိပ်မသွားဖြစ်ဘူးပေါ့"

ရှင်ရော ဘယ်တွေသွားပြီးပြီလဲ။ ဘယ်တွေရောက် ပြီးပြီလဲ"

"ရွှေတိဂုံဘုရားတောင် မရောက်သေးပါဘူးဗျာ၊ အဲ ဒဂုံစင်တာတော့ တစ်ခေါက်ရောက်သေးတယ်။ ဟို ရာဇာစတိုင်လ် ပြောင်းဖို့လေ ...

တခြားတော့ ဘယ်မှမရောက်သေးဘူးဗျ ... အဟဲ"

"ဩော် ... ရှင်ကလည်း သွားရ လာရတာ ဝါသနာမ ဘူးလား"

"ပါတာပေါ့၊ ဒါပေမဲ့ သွားစရာ အဖော်မှ မရှိတာ။ သွား ရတာ ကြောင်တောင်တောင်ကြီး ...

ဟို ... စိန်တို့ အပြင်လေး ဘာလေး သွားရင် ကျွ တော့်ကိုခေါ်ပါလားဟင်။ ကျွန်တော် လိုက်လှေ့လာချင် ပါ"





"အိုခေ ... ခေါ်တာပေါ့။ ခုလောလောဆယ်တော့ မသွား သေးဘူး။ သွားဖြစ်ရင်ခေါ်မယ်"

"စိန် ... ဟို ... ဟိုလေ ... အဟဲ"

သူ့ပုံစံက တစ်ခုခုပြောဖို့ရာကို ပြောမထွက်ဘဲ အ,ထစ်၊ အ,ထစ် ဖြစ်နေသည့် ပုံစံမျိုးမို့ စိန်က ခေါင်းယမ်းမိ သည်။ စိန်က မထောက်မပေးမချင်း သူ့ဆီက စကားသံက ထွက်မလာ။

"စိန် ... ဟို ... ဟိုဒင်း"

"အမယ်လေး ... တဟိုဟိုနဲ့ ဘာဖြစ်နေတာလဲ။ ပြောစရာ ရှိတာ ပြောပါလား၊ ဒီမယ် ရှင့်ကို တစ်ခုသတိပေးရဦး မယ်၊ လူတွေနဲ့ စကားပြောရင် ဟိုဒီတွေ အဟီး အဟဲတွေ ထစ်အမနေနဲ့ ...

အဲဒါ လူတစ်ယောက်ရဲ့ Personality ကို ထိခိုက် စေတယ်။ ကိုယ့်ကိုယ်ကိုယ် Confidence ရှိရှိ နေစမ်းပါ"

"အဲ ... Confidence ရှိတယ် ဆိုတာကတော့ သဘော ပေါက်ပါတယ်။ Personality ဆိုတာက ဘာကိုပြောတာ လဲဟင်"

"ဟင် ... ရှင်ကလည်း Personality ဆိုတာတောင် မသိ ဘူးလား။ ဒါ ဒီဘက်ခေတ်မှာ လူတိုင်းသုံးလေ့သုံးထရှိ တဲ့ စကားပါ ...



www.burmeseclassic.com

www.burmeseclassic.com



Personality ကောင်းတယ်တို့၊ Personality ညံ့တယ်တို့ အလုပ်တွေ ဘာတွေခန့်ရင်တောင် Personality ကို ကြည့်ပြီး အလုပ်ခန့်တယ် ဆိုတာတွေ မကြားဖူးဘူးလား”

“အဲ ... သိပ်တော့ မကြားဖူးဘူး။ ကျွန်တော့်ကို ရှင်းပြပါလားဟင်”

“ရှင် နားလည်အောင် အရှင်းဆုံး ပြောပြရရင် မြန်မာလို နီးနီးစပ်စပ် ဆိုရင်တော့ Personality ဆိုတာ ဥပဓိရုပ်ပေါ့၊ ဥပဓိရုပ်ကောင်းတယ်တို့၊ ဟယ် ... သူက ဆင်းရဲပေမယ့် ရုပ်ရည်လေး သနားကမားရှိတယ်၊ ရုပ်သန့်တယ် ဆိုတာမျိုးတွေ နောက် ... ပိုက်ဆံတွေ အရမ်းချမ်းသာပေမယ့် ချမ်းသာတယ်လို့ မထင်ရဘူးနော်တို့ စသဖြင့် အဲဒါတွေဟာ Personality နဲ့ ပတ်သက်တဲ့ စကားတွေပေါ့ ...

တချို့တွေက မွေးရာပါအရကို Personality ကောင်းတာတွေ ရှိတယ်။ တချို့ကျတော့ တမင်ကျင့်ကြံနေထိုင်ယူတာ ရှိတယ်။ အခြေခံကျင့်ဝတ်တွေကိုတော့ သိထားသင့်တယ်လေ။ လူတွေနဲ့ စကားပြောရင် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပြောနိုင်တာမျိုးဟာ စကားပြောတိုင်း ထစ်အ,နေတာ ခေါင်းကုတ် ဖင်ကုတ် လုပ်နေတာတွေထက်တော့ ပိုကောင်းတာပေါ့”





“ဟုတ်တယ် ... ဟုတ်တယ်။ ကျွန်တော်က လူတွေနဲ့စကားပြောရင် မဝံ့မရဲတော့ ဖြစ်တယ်ဗျ။ အဲဒီကျ ခေါင်းကုတ် ဖင်ကုတ် ဖြစ်ရော”

အဲဒီလို ဗွင်းဗွင်းကြီး ပြောသော အပြောကိုတော့ စိန်က အားရပါးရပဲ ရယ်မောမိလေသည်။ ဒီလူဟာ အဲဒါတွေကို ခင်ဖို့ကောင်းတာ ဖြစ်တော့သည်။

“ကဲ ... ပြောပါဦး။ အခုနက ရှင် ကျွန်မကို တစ်ခုခု ပြောဖို့ ကြိုးစားနေတယ် မဟုတ်လား။ ဘာပြောချင်နေတာလဲ”

“ဟင် ... စိန်က ဘယ်လိုလုပ် သိတာလဲ”

“သြော် ... သိတာပေါ့။ ဒါလည်း အရိပ်အကဲဖမ်းနည်းတစ်မျိုးပဲလေ”

“ဟာ ... စိန်က တော်လိုက်တာဗျာ။ ကျွန်တော် အဲဒီလိုမျိုး သိချင်လိုက်တာ။ အဲဒီလိုသိအောင် ဘယ်လိုလုပ်ရလဲဟင်”

“အမယ်လေး ... ကျောက်ပန်းတောင်းသားရယ်။ ရှင် သိချင်တာတွေကလည်း များလိုက်တာ။ ကဲပါ ... အခု ရှင် သိချင်တဲ့ လိုရင်းကိုသာပြော”

“သြော် ... ဟိုလေ၊ ရွှေအိမ်သူရဲ့ဖုန်းနံပါတ်ကို သိလားလို့ပါ”

“ဖုန်းနံပါတ် ! မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်မှ ရုတ်တရက် တိတ်ဆိတ်သွားသည်။ စန်က အသာအယာ ပြုံးလိုက်ကာ ...

"ဘာလဲ ... သူ့ဖုန်းနံပါတ်ကို ရှင် လိုချင်လို့လား"

"ဟုတ် ... ရရင်တော့ လိုချင်တာပေါ့ ... အစ်မ"

"သူ့ဖုန်းနံပါတ်ကို စုံစမ်းပေးဖို့က မခဲယဉ်းပါဘူး"

"ဘာက ခဲယဉ်းနေတာလဲဟင်"

"ရှင့် မဆိုးပါဘူး။ ရှုထောင့်တစ်ခုကနေ တွေးတတ်လာပြီပဲ"

"အင်း ... အဲဒါ စိန်နဲ့ပေါင်းလို့ ဖြစ်မယ်"

"သူ့ဖုန်းနံပါတ်ကို ရဖို့က မခဲယဉ်းဘူး။ ရှင့်ကို လွယ်လွယ်လေး ပေးလိုက်လို့ရတယ်။ ဒါပေမဲ့ ဖုန်းဆက်လိုက်တာနဲ့ပဲ အခြေအနေက ထူးပြီးတိုးတက်လာဖို့ မမြင်ဘူး ...

ရှင်မှန်း သိတာနဲ့ သူက ကောမှာပဲ။ နောက်ထပ်လည်း ဖုန်းကိုင်မှာ မဟုတ်တော့ဘူး။ ဒီတော့ ရှင့်အတွက် အခြေအနေက ပိုဆိုးသွားဖို့ပဲ ရှိတော့တယ်"

"ဟာ ... စိန်ကလည်းဗျာ"

"စိန်ကလည်း မဗျာနဲ့။ ကျွန်မက ရှင့်အတွက် စေတနာနဲ့ အမှန်တရားတွေကို ပြောပြနေတာ ...

ရှင် ဒီလိုပုံစံမျိုးနဲ့ သူ့အနားကို ချဉ်းကပ်လို့ကတော့ သူ့ဆီက အချစ်ကို ဘယ်တော့မှ ရမှာမဟုတ်ဘူး"





စိန်က ဤသို့ပင် ရဲရဲကြီး ပြောချပစ်လိုက်လေသည်။ သူ့ဘက်က ရုတ်တရက် တိတ်ဆိတ်သွားပြီးတော့မှ ...

"ဒါ ... ဒါဖြင့်ရင် ဘယ်လိုပုံစံမျိုးနဲ့မှ ရမှာလဲဟင်"

"သမားရိုးကျ မဟုတ်တဲ့ ပုံစံမျိုးပေါ့။ အိုက်ဒီယာတွေနဲ့ တည်ဆောက်ထားတဲ့ မိန်းမပိုးနည်း တစ်မျိုးနဲ့ သူ့ကိုလိုက်ရမှာပေါ့။ ရှင် ချစ်နေတဲ့ ရွှေအိမ်သူ ဆိုတာ သာမန်မှ မဟုတ်တာ။ သူ့ကို လိုက်နေတဲ့သူတွေက အများကြီး။ ပွင့်ပွင့်လင်းလင်း ပြောရရင် သူ့ဘေးနားမှာ ရှင့်ထက်သာတဲ့လူတွေက တစ်ပုံကြီးလေ"

သူ့ဘက်က ဘာမှမပြောနိုင်တော့။ စိန်သည် ကိုယ်ပြောနေတာတွေကို ဘရိတ်အုပ်ရတော့မည်ဟု သဘောပေါက်ကာ ...

"ရှင် စိတ်မာတ်လည်း သိပ်ကျမသွားပါနဲ့။ လူဆိုတာ အမှန်တရားကိုတော့ လက်ခံနိုင်စွမ်း ရှိရမယ်လေ ...

ကျွန်မက အမှန်တရားကို ပြောပြနေတာ။ အခုနက ပြောသလို ရှင့်ဘက်က နည်းလမ်းဟောင်း နည်းလမ်းရိုးတွေနဲ့ ဝင်လို့တော့ မဖြစ်နိုင်ဘူး"

"အဲဒီ နည်းလမ်းရိုးတွေတောင် ကျွန်တော်က မသိတာဗျာ။ စိန် ကျွန်တော့်ကို ကူညီပါလားဗျာ ...

တကယ်ပါ၊ ခင်ဗျားကို ကျွန်တော် အရမ်းအားငယ်ကြီးတယ်။ အရမ်းလည်း ခင်တယ်။ ခင်ဗျားက စိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီး ဉာဏ်လည်း ကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် ရွှေအိမ်သူနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ကျွန်တော့်ကို ကူညီပါလားဟင် ...

ကျွန်တော် ခင်ဗျားကျေးဇူးကို မမေ့ပါဘူး”

“ရှင်က ကျွန်မပေးတဲ့အကြံဉာဏ်အတိုင်း တကယ်လုပ်မှာမို့လို့လား”

“ဟာ ... လုပ်မှာပေါ့။ လုပ်မှာပေါ့။ စိန်သာ ကူညီမယ်ဆိုရင် တကယ်လုပ်မယ်ဗျာ။ ဘာပဲလုပ်ရ ... လုပ်ရ”

“ကျွန်မက တကယ် စဉ်းစားပြီး ပြောမှာဆိုတော့ ရှင့်အတွက် ကချို့ကိစ္စတွေဆိုတာ ခက်ခဲကောင်း ခက်ခဲနိုင်မယ်။ အဲဒါတွေကိုလည်း ရှင် ကြိုတင်စဉ်းစားထားဖို့ လိုလိမ့်မယ်”

“အာ ... အားလုံးကို စဉ်းစားထားပြီးသား။ စိန့် အကြံဉာဏ်အတိုင်း ကျွန်တော် တစ်သဝေမတိမ်း လိုက်လုပ်ပါ့မယ် ...

ကျွန်တော် ဘယ်လိုလုပ်ရမှာလဲဟင်”

“နေဦးလေ၊ အခုချက်ချင်းတော့ ကျွန်မ ဘယ်လိုလုပ် စဉ်းစားရဦးမှာလဲ၊ ကဲ ... ကျောင်းဖွင့်တဲ့နေ့ ရှင်နဲ့ကျွန်မ အေးဆေး တွေ့ကြတာပေါ့ ...

ဒီကြားထဲတော့ ရှင် ကျွန်မကို ဂျီမကျနဲ့တော့”

“ကောင်းပါပြီဗျာ ... ကျေးဇူးအများကြီးကို တင်ပါတယ်”





“ပြောဖို့ စောပါသေးတယ်။ အိုခေလေ ... ကျွန်မ ထမင်းသွားစားတော့မယ်။ ဒါပဲနော်”

စိန်က ဖုန်းပိတ်လိုက်ပြီးနောက် တစ်ယောက်တည်းပဲ သဘောကျ ကျေနပ်စွာ ပြုံးလိုက်သည်။ စိန် စိတ်ဝင်စားသော ဇာတ်လမ်းတစ်ပုဒ်တွင် စိန်က မထင်မှတ်ဘဲ ဒါရိုက်တာဖြစ်ခွင့် ရခဲ့ပြီ။ ဒီဇာတ်လမ်းကို စိန် ဘယ်လိုဖန်တီးရမလဲ။ အဲဒီအတွက်တော့ စိန်က နည်းနည်းရင်ခုန်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com



## ၁၀

ရွှေအိမ်သူသည် ခုံတန်းလေးတစ်ခုတွင် အေးအေးဆေးဆေး စာထိုင်ဖတ်နေသော လင်းပြေကို ခပ်လှမ်းလှမ်းမှ မြင်တွေ့လိုက်ရလျှင် နှုတ်ခမ်းတစ်ဖက်ထည်းတွန့်ပြီး ပြုံးမိသွားသည်။ အဲဒီတစ်ယောက်ဟာ သူ့ကိုယ်သူ အင်မတန် ကြည့်ကောင်းမှန်း သိတာကြောင့် သက်သက် အထာတွေကိုင်နေသည်ဟု သူမကတော့ မြင်သည်။ တစ်နေ့တုန်းက လုပ်ရပ်ကိုပဲကြည့်။ ဟိုကြောင်တောင်တောင် တစ်ယောက်ကို ရွှေအိမ်သူရဲ့ ရှေ့ကနေခေါ်ထုတ်သွားပြီး သူမနှင့်တော့ မျက်လုံးချင်းဆုံအောင်တောင် ကြည့်မသွားပေ။

အဲဒါကိုက သူ မရိုးသားတာဟု သူမကတော့ ယူဆသည်။ လူတစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံပတ်သက်မှုမှာ အမှတ်တမဲ့လော့က်တော့ မျက်လုံးချင်း အကြည့်ချင်း ဆုံဖြစ်ကြသည်။ နောက်ဆုံး City Mart မှာ ဈေးဝယ်လျှင်တောင်





တခြားဈေးဝယ်သူတွေနှင့် ဖြတ်သွား လာသွား အကြည့်တစ်ချက်လောက်ကတော့ ဆုံဖြစ်ကြတာပင်။ ဒါကို သူက အိမ်သူ့ထံ အကြည့်တစ်ချက်မှ ရောက်မလာခြင်းသည် တမင်သက်သက်ကို မဆုံအောင် ကြိုးစားထိန်းသိမ်းခြင်း ဖြစ်သည်ဟု နားလည်သဘောပေါက်လိုက်လေသည်။

အဲဒီအတွက် အိမ်သူ မကျေနပ်ပါ။ သူက ဘာမို့လို့လဲဟူသော အတွေးနှင့်အတူ အိမ်သူက ထိပ်တိုက်ကို ရင်ဆိုင်ဖို့ စိတ်ကူးထားလေသည်။ ဒါပေမဲ့ အိမ်သူရဲ့ ထိပ်တိုက်ရင်ဆိုင်မှုမှာ နူးညံ့သိမ်မွေ့မှုပဲ ဖြစ်သည်။ ယောကျ်ားတစ်ယောက်၏ နှလုံးသားကို နူးညံ့သိမ်မွေ့မှုကသာ အရည်ပျော်အောင် ဖမ်းစားထားနိုင်သည်ဟု အိမ်သူကတော့ ယုံကြည်ပါသည်။

အိမ်သူက သူ့ရှေ့တွင် ခြေစုံရပ်လိုက်သည်။ ပထမတော့ သူဟာ မသိသေး။ သူ့စာသူ စိတ်ဝင်တစား ဖတ်ရှုနေသည်။ နောက်တော့ တစ်ခုခုကို အာရုံခံမိသည့်အလား အသာအယာမော့ကြည့်လို့ လာလေသည်။ အဲဒီအခါတွင် အိမ်သူက သူ့ကို အလှပဆုံး ဆီးကြိုပြုံးပြထားပြီးသား ဖြစ်သည်။

အဲဒီအပြုံးကြောင့် သူက အံ့သြသလို ဖြစ်သွားကာ ခဏတော့ကြောင်ပြီး ကြည့်နေသေးသည်။ ကဲ ... မှတ်ပလား။ ဒီလိုလာပြီး ပြုံးပြနှုတ်ဆက်နေလိမ့်မယ်လို့ ထင်မထားလို့ နင် အံ့အားသင့်နေတယ် မဟုတ်လား။ ဒါသည်လည်း ရွှေအိမ်သူရဲ့ ပညာတစ်ကွက်ပဲ လင်းပြေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘာကိစ္စများ ရှိလို့ပါလိမ့်"

"ဒီလိုပါ ... တစ်နေ့ကလေ ဟိုအူကြောင်ကြောင် တစ်ယောက်ရဲ့ နှောင့်ယှက်မှုကနေ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း မပြောလိုက်ရလို့ လာပြောတာပါ ...

အဲဒီနေ့က ကူညီပေးလိုက်တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

"ဟာ ... ရပါတယ်၊ ကျွန်တော်က အဲဒီလောက်ကြီးလည်း ကူညီလိုက်ရတာ မဟုတ်ပါဘူး ...

တစ်ကျောင်းတည်း တက်နေကြတဲ့ ကျောင်းသားကျောင်းသူ အချင်းချင်း ကတောက်ကဆ ဖြစ်နေကြတာ ကြည့်မကောင်းလို့ပါ ...

နဲဗားမိုင်း ... နဲဗားမိုင်း"

"သူ့အတွက်တော့ နဲဗားမိုင်းပေမယ့် ကျွန်မအတွက်တော့ ကျေးဇူးတင်စရာကောင်းတဲ့ အပြုအမူတစ်ခုပါပဲ။ ဩော် ... ကျွန်မနာမည် ရွှေအိမ်သူပါ"

"ဟုတ်ကဲ့ ... ကျွန်တော်က လင်းပြေပါ။ ကျွန်တော့်ကို မိတ်ဆွေ သူငယ်ချင်း တစ်ယောက်လို သတ်မှတ်နိုင်ပါတယ်"

"ဟုတ် ... အဲဒါဆိုရင် အိမ်သူတို့ သူငယ်ချင်း ဖြစ်သွားကြပြီပေါ့နော်"





သူက ပြုံးကာ ခေါင်းတစ်ချက် ဆတ်ပြသည်။ အနီးကပ်ကြည့်တော့မှ မိန်းကလေးတစ်ယောက်လိုကို နုနယ်ချောမောသော လင်းပြေဟာ အပြောအဆို အနေအထိုင်ကအစ စိတ်ဝင်စားဖို့ကောင်းသူ ဆိုတာ လက်ခံလာရတာဖြစ်သည်။

"သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကန်တင်းမှာ မုန့်လိုက်စားပါလား။ ကျွန်မ မုန့်သွားစားမလို့ပါ"

"ဩော် ... စားလေ။ ဒါပေမဲ့ ကျွန်တော် ကျွေးမှာပါ"

"ဟင့်အင်း ... မဟုတ်တာ။ ကျွန်မကို ကူညီဖူးတဲ့သူဆိုတော့ ကျွန်မပဲ ကျွေးရမှာပေါ့။ ကျွန်မပဲ ကျွေးမယ်နော်"

သူက အတိုက်အခံလုပ်ပြီး မငြင်းတော့ချေ။ မင်းသဘောပါပဲဟူသော မျက်နှာပေးမျိုးနှင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ သူ ပြုံးသည့် အပြုံး၊ သူ လုပ်သည့် စတိုင်လ်တိုင်းဟာ မိန်းကလေးတွေ စွဲမက်စေဖို့အတွက်လားတော့ မပြောတတ်ပါ။ ဝိုင်းစုခိုင်သိန်း ဆိုထားသော သီချင်းထဲကလို သူရယ်ရင် ပါးနှစ်ဖက်မှာ ပါးချိုင့်နှစ်ခုနဲ့ ... မဒီတွေ အကုန်နှစ်သက်တာ တကယ်မဆန်းကြယ် ဆိုတာမျိုး ဖြစ်နေလေသည်။

ကန်တင်းရောက်တာနှင့် အိမ်သူက ရှမ်းခေါက်ဆွဲတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် မှာသည်။ သူကတော့ လက်ဖက်ရည်တစ်ခွက်သာ မှာလေသည်။

"တစ်ခုခု စားဦးလေ။ လက်ဖက်ရည်ချည်းပဲ မသောက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ။ ကျွန်တော် အိမ်က ထမင်းကြော်နဲ့ ကော်ဖီ စားလာခဲ့ပြီးသားပါ။ မရွှေအိမ်သူကို အားနာလို့ လက်ဖက်ရည် သောက်လိုက်တာ"

"သြော် ... ကျွန်မကတော့ ဘာမှစားမလာခဲ့ရဘူး။ ဒီနေ့ အိပ်ရာထတာ နောက်ကျတော့ Exercise လုပ်တာ နောက်ကျသွားရော ...

အဲဒါနဲ့ ရေချိုးပြီး အမြန်ပြေးရတာ။ ဖယ်ရီ မမီမှာ စိုးလို့"

"မရွှေအိမ်သူက နေ့တိုင်းပဲ Exercise လုပ်လေ့ရှိသလား"

"အင်း ... လုပ်တယ်။ အရမ်း နေမကောင်းဖြစ်နေတဲ့ အချိန်တွေကလွဲလို့ပေါ့၊ ငယ်ငယ်လေးတည်းက လုပ်နေကြဖြစ်သွားတော့ မလုပ်ရရင်ကို တစ်ခုခု လိုနေသလို ဖြစ်သွားတော့တာ"

"သြော် ... ကောင်းပါတယ်။ ကျွန်တော်ကတော့ ပုံမှန်ကြီး မလုပ်ဖြစ်ဘူးဗျ။ ဆောင်းတွင်းလောက်ပဲ ထပြေးဖြစ်တော့ တယ် ...

မရွှေအိမ်သူက နေ့တိုင်း လုပ်နိုင်တယ် ဆိုတော့ ကျန်းမာရေးအတွက်ရော အလှအပရေးအတွက်ရော ကောင်း ပါတယ်"

အိမ်သူက လာချပေးထားသော ရှမ်းခေါက်ဆွဲကို တူနဲ့နယ်နေရင်းမှ သူ့ကို မျက်လုံးတစ်ချက်လှန်ပြီး မော့ကြည့် ကာ ...





"ဒီမှာ လင်းပြေ။ ရှင် ကျွန်မကို မရွှေအိမ်သူလို့ ခေါ်နေရတာ မပင်ပန်းဘူးလား။ ရှင်နဲ့ ကျွန်မက ရွယ်တူတွေလောက်ပဲ ရှိမှာပါ၊ မသကာကွာလှလည်း တစ်နှစ်လောက်ပေါ့ ...

ကျွန်မကို သူများတွေ ခေါ်သလို အိမ်သူလို့ပဲ ခေါ်ပါ"

"အင်း ... အိမ်သူ ဆိုတာ ..."

သူက ဘာမှဆက်မပြောဘဲ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် တစ်ယောက်တည်းလိုလို ပြုံးကာ ရှေ့က လက်ဖက်ရည်ကို ကောက်မွှေနေသည်။ အိမ်သူက သူ ပြုံးနေတာကို သေချာ စိုက်ကြည့်လျက် ...

"ဘာပြုံးတာလဲ"

"သြော် ... အိမ်သူဆိုတဲ့ အဓိပ္ပာယ်ကို တွေးကြည့်မိသွားလို့ပါ"

"ဘာလဲ ... ဘာတွေးကြည့်မိသွားတာလဲ"

"အိမ်သူက အဲဒီ အိမ်သူ ဆိုတဲ့ အဓိပ္ပာယ်ကို မသိဘူးလား"

"ဟင့်အင်း မသိပါဘူး။ ဘာလဲဟင် ပြောပြပါလား"

"အိမ်သူ ဆိုတဲ့ ဝေါဟာရက ရှေးတုန်းက ဇနီးမယားကို ခေါ်တာလေ၊ ခုထိလည်း တချို့သူတွေတော့ ပြောနေကြတုန်းပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်သူက ဆိုတာတွေက ကျွန်တော့်ဇနီး ကပေါ့၊ အဲလိုအဓိပ္ပာယ်ရှိတယ်။ ဒီတော့ ရွှေအိမ်သူ့ ဆိုတဲ့ အဓိပ္ပာယ်က ရွှေလိုတန်ဖိုးရှိတဲ့ အိမ်သူ၊ ရွှေဇနီးမယား ပေါ့၊ အဲလို ဖြစ်နေတယ်"

အိမ်သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့ကို ကြည့်လိုက်သော်လည်း သူ့မျက်နှာက ဘယ်လိုအဓိပ္ပာယ်မျိုးမှ မရှိနေပါ။ အိမ်သူ မသိသည့် ဝေါဟာရတစ်မျိုးကို အေးအေးဆေး ဆေးပဲရှင်းပြသလို ရှိနေသည်။ သူက လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ရင်းမှ ...

"အိမ်သူရဲ့မိဘတွေက အိမ်သူ့ကို အဓိပ္ပာယ်နဲ့ နာမည်ပေး ခဲ့တာ နေမှာပေါ့။ မိန်းကလေးတစ်ယောက်အတွက် အောင် မြင်တဲ့ ဇနီးမယားတစ်ယောက်ဖြစ်ဖို့က အရေးကြီးတဲ့အချက် တွေထဲမှာ တစ်ခုအပါအဝင် မဟုတ်ဘူးလား"

သူ့အပြောကြောင့် အိမ်သူ့ရင်ထဲမှာ ဒုတ်ခနဲဖြစ် သွားသည်။ ဘုရားရေ ... သူဟာ အိမ်သူတို့မိသားစုအကြောင်း ကို သိထားနှင့်တဲ့ လူတစ်ယောက်များလား။ မဟုတ်ဘူး ဆိုရင် တော့ သူဟာ အကြားအမြင်ရနေတဲ့ လူတစ်ယောက် ဖြစ်နိုင်သည်။ အိမ်သူရဲ့မေမေဟာ မွေးထားတဲ့ သမီးတွေကို ဘက်စုံထူးချွန်တဲ့ မိန်းမပီပီသသတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးကာ သမက်တွေကိုလည်း တကယ့် ဒိတ်ဒိတ်ကြဲဆိုတဲ့ ဟာတွေနဲ့ ပေးစားခဲ့တာ ဖြစ်သည်။





အခုတော့ အိမ်သူတစ်ယောက်သာ ကျန်ရစ်တော့ သည်။ အိမ်သူက သူ့ကို မသိမသာ အကဲခတ်ကြည့်လိုက်လျှင် သူ့ပုံစံကတော့ အေးအေးဆေးဆေးပဲ ရှိနေသည်။ အိမ်သူက ရှမ်းခေါက်ဆွဲကို တူနှင့်ညှပ်၍ ပါးစပ်ထဲသို့ ထိုးသွင်းပြီးနောက် အေးအေးဆေးဆေးဝါးကာ သူ့ကို ပြန်ကြည့်လျက် ...

"အရင်ခေတ်ကတော့ အဲဒီအယူအဆဟာ ဟုတ်ချင် ဟုတ် မှာပေါ့။ အခုခေတ်မှာတော့ မိန်းမတွေဟာ ပညာတွေ ပိုတတ်လာပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လာနိုင် ကြတဲ့အတွက် ဇနီးကောင်း ဖြစ်ရေးကို သိပ်မတွေးကြတော့ ဘူးလို့ ထင်တယ်"

"အင်း ... ဒီလိုပြောပုံထောက်တော့ အိမ်သူ တစ်ယောက် အပျိုကြီး ဖြစ်တော့မယ်နဲ့တူတယ်"

သိပ်လှတဲ့ မိန်းမတွေ အပျိုကြီးဖြစ်ရတာ မိုက်တော့ မမိုက်ပါဘူးဗျာ"

သူက ခေါင်းတယမ်းယမ်းဖြင့် ညည်းညူလျှင် အိမ်သူသည် အဲဒီပုံစံကိုကြည့်ကာ သဘောကျသွားရသည်။ ဒီလူ ဟာ စတိုင်လ်အရာမှာတော့ အတော့်ကို မြောက်တာပဲ။ ဟို အူ ကြောင်ကျားနဲ့တော့ ဘာမှကို မဆိုင်တာပင်။

ကြည့်စမ်း ... ဒီအူကြောင်ကျားက အတွေးထဲကို ဘယ်လိုလုပ်များ ရောက်လာတာပါလိမ့်။ စိတ်ပျက်ဖို့ အင်မတန် ကောင်းလှသော အူကြောင်ကျားပင်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်းမမြှောက်ပါနဲ့။ ဒီဝိုင်းကို ကျွန်မ ရှင်းမှာပါ"

"မမြှောက်ပါဘူးဗျာ။ လှနေတဲ့လူကို လှတယ်မပြောလည်း သူ့အလှက သူ့ဟာသူ ရှိပြီးသားပါ။ ပြောလိုက်တော့မှ တန်ဖိုးက မဲ့သွားဦးမယ်"

"အိုခေလေ ... စကားကတော့ ပြောလို့ကောင်းပါတယ်။ Class တက်ဖို့ အချိန်တောင် နီးနေပြီ။ ကျွန်မ ပိုက်ဆံ ရှင်းလိုက်တော့မယ်နော်"

"အိုခေပါ"

အဲဒီနောက် ကန်တင်းက ပြန်လာရာ လမ်းတစ်လျှောက်တွင် အိမ်သူတို့ကို အကဲခတ်နေသော မျက်လုံးတွေ ရှိတယ်ဆိုတာကိုလည်း နှစ်ဦးသားလုံး ရိပ်မိခဲ့ကြသည်။ နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရင်း အိမ်သူရဲ့လည်တံလေးက ခပ်မော့မော့လေး ဖြစ်နေတာကိုလည်း အိမ်သူ ကိုယ်တိုင်ပဲ သတိထားမိဆုံး ဖြစ်လိမ့်မည်။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က အိမ်သူရဲ့စိတ်တွင် ကျေနပ်သော စိတ်ရင်းတစ်ခုက ထင်ဟပ်နေခဲ့ပါသည်။





## ၁၁

လှမျိုးခင်သည် နံနက်ခင်းတုန်းက မြင်ကွင်းကို အခုထက်ထိ မျက်လုံးထဲမှာ ပြန်မြင်ယောင်လာကာ နေ့လယ်စာ ထမင်းတောင် စားမဝင်ချေ။ သူ့ရှေ့က မမနှစ်ယောက်ကတော့ ဘာအပူအပင်သောကမှ မရှိသည့်အလား ခပ်အေးအေးဖြင့် အရသာရှိရှိ စားသောက်နိုင်ကြသည်။ သူကတော့ ရှေ့မှာချထားသည့် ထမင်းပေါင်းပန်းကန်ကို အခုထက်အထိ ယောင်လို့တောင် မတို့ရသေး။ တို့ချင်စိတ်လည်း မရှိပေ။

မနက်ခင်းတုန်းက အတူယှဉ်တွဲပြီး လျှောက်လာကြသော လင်းပြေနှင့် ရွှေအိမ်သူကို မြင်လိုက်ရကတည်းက သူ့စိတ်တွေ ထိုင်းမှိုင်းလေးလံသွားခဲ့ခြင်း ဖြစ်သည်။ နတ်ဖက်သည့်စုံတွဲဟု ပြောရမည်ဖြစ်သော သူတို့နှစ်ယောက်ဟာ ရင်းနှီးမှုအတိုင်းအတာတစ်ခုဖြင့် တူယှဉ်တွဲကာ လမ်းလျှောက်လာကြသော မြင်ကွင်းသည် သူ့ရင်ကို ဘယ်လိုမှ မချမ်းမြေ့စေပါ။ တစ်မနက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



လုံး ပို့ချသွားသော သင်ခန်းစာများမှာ ဘာတွေမှန်းကို မသိလိုက်ပေ။ နေ့လယ်ခင်း ထမင်းစားဖို့ Class လွှတ်ပေးလိုက်တော့ စိန်ပန်းနီနီက ကန်တင်းသွားမယ် လိုက်မလား ဆို၍သာ လိုက်ခဲ့ရသော်လည်း သူ့ခြေထောက်တွေဟာ သူ့ကို ကန်တင်းသို့ရောက်အောင် ဘယ်လိုခေါ်ဆောင်ခဲ့သလဲ ဆိုတာတောင် မသိတော့ပါ။

"လှမျိုးခင်"

"ဗျာ ... ဗျာ"

စိန်ပန်းနီနီ ထံမှ ခပ်ဆတ်ဆတ် ခေါ်သံကြောင့်သာ သူက ထိတ်ထိတ်လန့်လန့်ဖြင့် ပြန်ထူးမိတာဖြစ်သည်။ သူမကို ကြည့်လိုက်တော့ သူမက ကြာဆံကြော်တစ်လုတ်ကို ပါးစပ်ထဲသို့ ထိုးသွင်းရင်းမှ သူ့ကို တည့်တည့်စိုက်ကြည့်ကာ ...

"ရှင် ဘာဖြစ်နေတာလဲ"

"ဟိုဒင်း ... ဘာ ... ဘာမှ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင် စားစရာရှိ စားပါလား။ ဒီမှာ ရှင် ကြေကွဲပြမနေနဲ့။ အဲဒီ ကြေကွဲမှုတွေဟာ၊ ဒါ ခပ်ပါးပါးလေးပဲ ရှိသေးတယ်ဆိုတာကိုလည်း သဘောပေါက်ထားဦး"

"ဗျာ ... စိန်ကလည်းဗျာ"

"စိန်ကလည်း မဗျာနဲ့။ ကျွန်မ ရှင့်ကို ပြောခဲ့သားပဲ။ ရှင်က တကယ့် ခေါင်ကိုမှ တက်ကြိုက်တယ်။ ဒီအတွက်ကြောင့် သူများထက်ပိုပြီး ရင်ဆိုင်စရာတွေ များတယ်လို့ အစတည်းက မပြောခဲ့ဘူးလား ...





ဒါ သင်ခန်းစာ 001 ပဲ"

"ဗျာ ... ဒါဆိုရင် သင်ခန်းစာတွေက ရာချီပြီး လာဦးမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်။ အများကြီး လာဦးမှာ။ ဒီတော့ ရှင် အခုတည်းက လက်လျှော့ပြီး နောက်ဆုတ်လိုက ဆုတ်နိုင်တယ်"

"နောက်တော့ မဆုတ်ပါဘူး။ အခုမှ စလုံးရေစတောင် မစရသေးဘဲနဲ့"

သူက မကျေမနပ်နှင့် ပြောရင်း ထမင်းပေါင်းစားဖို့ရာ ဇွန်းနှင့် ခက်ရင်းကို ကောက်ကိုင်လိုက်သည်။ စိတ်က မစားချင်သော်လည်း သူ့ရှေ့မှာ အားရပါးရ စားသောက်ပြနေသော မမနှစ်ယောက်ကြောင့် သူ့အစာအိမ်ကလည်း ဂလို ဂလွမ်ဖြင့် အချက်ပြလာပြီဖြစ်သည်။

"လက်စသတ်တော့ သူတို့နှစ်ယောက် နီး[illegible]သွားအောင် ကျွန်တော်က တံဘားထိုးပေးလိုက်သလို ဖြစ်သွားတယ်နဲ့ တူတယ် ...

ကျွန်တော်နဲ့ သူ အခြေအတင် ဖြစ်နေတုန်း အဲဒီ တစ်ယောက် ရောက်လာတာဗျ ... သိလား"

သူက ထမင်းပေါင်းတစ်ဇွန်းကို အားရပါးရပဲ ပါးစပ်ထဲ ခပ်ထည့်ကာ ပြောမိသည်။ သူမက ခေါင်းတစ်ချက်ဆတ်ကာ ...

"ဖြစ်နိုင်တယ်။ [illegible]တို့ကို ဆုံစည်းစေတဲ့ တရားခံဟာ ရှင်ပဲ။ ကျွန်မထင်တာ မမှားဘူးဆိုရင် အဲဒီတုန်းက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်တဲ့စကား ရွှေအိမ်သူက သွားပြောတာ ဖြစ်နိုင်တယ်"

"ဟဲ့ ... နင်ကလည်း တစ်ထစ်ချကြီး ပြောနေတာပဲ"

စိန်ပန်းနီနီရဲ့ သူငယ်ချင်းဖြစ်သူ နှင်းပွင့်က ဝင်ပြောတာဖြစ်သည်။

သူက နှင်းပွင့်ကို ကြည့်လိုက်၊ စိန်ပန်းနီနီကို ကြည့်လိုက်ဖြင့် မျက်နှာငယ်လေးဖြင့် ရှိနေရသည်။ သူမကပဲ သေချာသောပုံစံဖြင့် စကားဆက်ပြောသည်။

"ကြည့်ရင် သိသာတာပဲလေဟာ။ သူတို့နှစ်ယောက်က အစတည်းက သိထားတဲ့သူတွေမှ မဟုတ်တာ ...

အဲဒီနေ့ကမှ လင်းပြေက လုမျိုးခင်ကို ဆွဲခေါ်သွားရင်းနဲ့ ရွှေအိမ်သူက လင်းပြေကို သတိထားမိသွားလိမ့်မယ်။ ဒီနေ့ ကျောင်းလည်း ပြန်တက်ရော ရွှေအိမ်သူက လင်းပြေကို ကျေးဇူးတင်စကား သွားပြောရင်းနဲ့ ရင်းနှီးသွားတာ ဖြစ်နိုင်တယ်"

"ဟင့် ... နင့်ဟာကလည်း ရွှေအိမ်သူက စ,ပြောရတယ်လို့ပဲ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တယ်။ လင်းပြေကတော့ သွားပြောစရာ အကြောင်းမှ မရှိတာ။ နှစ်ယောက်သား လမ်းမှာတွေ့ရင် ပြုံးပြနှုတ်ဆက်ကြရာကနေ စကားစပ်မိပြီး ခင်မင်ရင်းနှီးသွားတာ ဖြစ်နိုင်တယ် ...

တစ်နေ့ကကိစ္စတွေ ပြန်ပြောရင်းနဲ့ပေါ့"



"ဟား ... နောက်ဆုံးတော့ ရှင်ဘုရင် ဘယ်ကထွက် ... အဲ ... အဲ ... ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာကထွက် ဆိုသလို အရင်းစစ်တော့ ကျွန်တော့်ကြောင့်ပေါ့။ ဟူး ... သေလိုက်ပါတော့ကွာ"

"ဒီမှာ ရှင် သိပ်လည်း စိတ်ဓာတ်ကျမသွားပါနဲ့။ အဆိုးထဲက အကောင်းအဖြစ် ကျွန်မတို့ ရှာဖွေယူရမှာတွေ ရှိသေးတယ်လေ ...

ဒီလောက်ထိ သွေးပူစရာ မလိုပါဘူး။ သူတို့က အခုမှ ရိုးရိုးသားသား ခင်မင်ရင်းနှီးရုံပါပဲ။ ရှင့်အနေနဲ့ ကြိုတင်ပြင်ဆင်ချိန်တွေ အများကြီး ရပါတယ်"

"ဘာတွေ ပြင်ဆင်ရမှာလဲ။ ပြောတော့ ကျွန်တော့်ကို အကြံဉာဏ်ကောင်းတွေ ပေးမယ်ဆို။ မပေးသေးဘူးလား"

"ပေးမှာပေါ့၊ ဘယ်လိုဖြစ်နေတာလဲ။ ကဲ ... ပထမဆုံး ပြောရမှာက ရှင့်စိတ်ကို တည်တည်ငြိမ်ငြိမ်လေး ထားဖို့ပဲ ...

ရှင့်စိတ်လေး တည်တည်ငြိမ်ငြိမ်နဲ့ ထမင်းကို အရင်ကုန်အောင်စား၊ ပြီးတော့မှ ကျွန်မ ပြောမယ်"

သူက ရစ်တော်မူသော မမကို မကျေနပ်သော်လည်း ဘာမှမပြောနိုင်ဘဲ ထမင်းကိုသာ ကုန်အောင်စားရသည်။ ထမင်းစားပြီးသွားတော့မှပဲ သူမက အအေးသောက်ရင်းနဲ့ သူ့ကို ပြေဓါးတွေ စတင်ခြွေတော့လေသည်။ သူမက သူ့ကို အေးဆေးတည်ငြိမ်စွာ စိုက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် သေချာစဉ်းစားပြီးမှဖြေ။ ရှင့်အနေနဲ့ ရွှေအိမ်သူဆီက အဆိုးရွားဆုံး တုံ့ပြန်မှုတွေကို ဘယ်လောက်အတိုင်းအတာအထိ ခံယူနိုင်သလဲ"

"ဗျာ ... ဘာကို ပြောတာလဲ။ ကျွန်တော် သိပ်နားမလည်ဘူး ဖြစ်နေတယ်"

"အရှင်းဆုံး ပြောရရင် ရှင့်ကို သူ ပါးရိုက်ချင်ရိုက်မယ်၊ ဆောင့်တွန်းရင် တွန်းမယ်။ ရေနဲ့ မျက်နှာကို ပက်ချင်ပက်မယ်။ စသဖြင့်ပေါ့ အဲဒီလို ဆိုးဆိုးရွားရွားတွေ တုံ့ပြန်တာကို ရှင် ဘယ်လောက်အတိုင်းအတာအထိ သည်းခံနိုင်သလဲ ...

အဲဒါကို ပြောတာ"

"သူက အဲဒါမျိုးတွေ လုပ်မယ့်သူလားဟင်"

သူ့ရဲ့ ညှောင်နာနာအမေးကို နှင်းပွင့်က မသက်မသာ ရယ်သည်။

စိန်ပန်းနီနီကတော့ မရယ်ချေ။ သူ့ကို ခပ်တည်တည်ဖြင့် စိုက်ကြည့်ကာ ...

"လုပ်နိုင်ချေ ရှိတယ်လေ။ လုပ်ဖို့ အလားအလာ အများကြီးရှိတယ်။ ရှင့်ကို ပြောပြီးသားပဲ။ အကောင်းဆုံးအတွက် မျှော်လင့်ဖို့ အခွင့်အရေးလည်း ရှိပါတယ်။ ဒါပေမဲ့ အဆိုးဆုံးကိုလည်း ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရမယ် ...

အဲဒီတော့ ကျွန်မ ပြောတာကို ရှင် ဘယ်လိုသဘောရသလဲ"





"ကျွန်တော် ရင်ဆိုင်နိုင်ပါတယ်။ အဆိုးဆုံးကို ရင်ဆိုင်နိုင်ဖို့ ခွန်အားတွေ မွေးထားတယ် ...

ရတယ်ဗျာ။ ယောကျ်ားပဲ ဘာဖြစ်လဲ၊ မကြောက်ပါဘူး၊ အဟီး ... သူ့လက်ဖဝါးနုနုလေးနဲ့ ပါးရိုက်မှာများ ဘယ်လောက်နာမှာမို့လို့လဲ။ အကြောလျှော့ပေးသလောက်ပဲ ရှိမှာများ ... ဟီး ဟီး"

သူ့ရဲ့မျက်နှာပိုးမသေသော ပုံစံကို နှင်းပွင့်က ဟင်းခနဲ ရှုံ့မဲ့ကာ ...

"သွားပြီ။ ရောဂါက တော်တော်ကို ရင့်နေပြီပဲ။ ဆေးကို မမီတော့ဘူး"

"ဟုတ်တယ်ဗျာ။ သူက မြင်မြင်ချင်းပဲ ကျွန်တော့်ရင်ကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဝင်ဆောင့်သွားတာ ...

ပထမဆုံးအချိုမှာကို အလဲအကွဲ အထိုးခံလိုက်ရတော့ ဘယ်လိုမှ နာလန်မထူနိုင်တော့ဘူး ဖြစ်သွားတာ။ ဟဲ ... ဟဲ ... ဟုတ်ပါပြီ ...

ကျွန်တော်က သူနဲ့ပတ်သက်လာရင် ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီးသွားပြီ။ ဒီတော့ စိန်က ကျွန်တော့်ကို ဘယ်လိုညွှန်ကြားချက်တွေ ပေးမှာလဲ"

"ရှင့်အတွက် ကျွန်မ သေချာစဉ်းစားပြီးပါပြီ။ ရှင့်အနေနဲ့ သူ့ကို အပိုင်းနှစ်ပိုင်းနဲ့ ပတ်သက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘယ်လို အပိုင်းနှစ်ပိုင်းလဲ။ အထက်ပိုင်းနဲ့ အောက်ပိုင်းလား"

"ဘာတွေ လာပြောနေတာလဲ။ ပထမပိုင်းက ရှင် သူ့ကို ရှင့်စိတ်ထဲမှာ ရှိတဲ့အတိုင်း လိုက်ဖို့ပဲ။ ကြိုက်သလို ပိုးနိုင် တယ်။ ရှင့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ပိုးပန်းပါ။ ကျွန်မလည်း လိုအပ်တာ မှန်သမျှ ရှင့်ကိုပြောမယ် ...

ရှင် သူ့ကို ပိုးပန်းနေသမျှ သူကလည်း ရှင့် ပညာတွေပေးနေမှာပဲ၊ အဲ ... သူ့စိတ်ထဲမှာ ရှင့်ရဲ့ခံနိုင်ပါ ကို နည်းနည်းအံ့အားသင့်စ ပြုလာတဲ့အချိန်မှာ ရှင့်အတွက် ပြောင်းလဲရေးတစ်ခု လုပ်မယ်"

"ပြောင်းလဲရေး ! ဟုတ်လား။ ဘာပြောင်းလဲရေးလဲဟင်"

"အင်း ... အဲဒီအချိန်ရောက်ရင် ကျွန်မ ပြောမယ်လေ လောလောဆယ်မှာတော့ ရှင့်ရဲ့စတိုင်လ်ကို လုံးဝမပြောင်း လဲပါနဲ့။ ဒီအတိုင်းပဲ နေပါ ...

အဝတ်အစား ဝတ်ရင်လည်း တတ်နိုင်သမျှ ပြုံး ပြဲတဲ့တွေ ဝတ်ပေး။ ဒါမှ သူ့မျက်လုံးထဲမှာ ရှင်က ထင် ထွက်နေမှာ။ ကျွန်မ ပြောတာ ပေါက်လား"

"ဩော် ... ပေါက်ပါတယ်။ ပေါက်ပါတယ်"

"စိန်ရယ် ... နင့်ဟာက သူ့ကို အချွန်နဲ့ မ,နေတဲ့အတိုင်း ပဲ။ ဟုတ်မှလည်း လုပ်စမ်းပါဟာ"



"ဒီမှာ မိန်းကလေး။ လောကကြီးမှာ ဟုတ်မယ်လို့ထင်ပြီး လုပ်ခဲ့တဲ့ အလုပ်တွေကြောင့် ခုချိန်မှာ နင်တို့ ခေတ်မီ လူ့အသုံးအဆောင်ပစ္စည်းတွေကို သုံးစွဲနေနိုင်တာ။ အားလုံး ဟာ မျှော်လင့်ချက်နဲ့ ကြိုးစားခဲ့ထဲ့ ကိစ္စတွေချည်းပဲ။ နှင်းမွှင့် ... နင် ငါ့အကြောင်းကို သိပါတယ်ဟာ။ ငါက သမားရိုးကျတွေကို စိတ်မဝင်စားတတ်တဲ့ သူတစ်ယောက် ပါ"

"ဒါဆိုရင် ကျွန်တော်က မနက်ဖြန်ကစပြီး သူ့ကို လိုက် ရမယ်ပေါ့နော်၊ ဘယ်လိုပုံစံမျိုးနဲ့ လိုက်ရမလဲဟင် ?"

"ကိုရီးယားကားတွေ ခေတ်စားနေတော့ ကိုရီးယားထဲက အတိုင်း ပန်းစည်းလေးနဲ့ သွားပေါ့ ...

ရှင်လည်း ကိုရီးယားမင်းသားလေးလို တောက် တောက်ပပလေး ဝတ်သွားပေါ့"

"ဟား ... ဟုတ်ပြီဗျာ"

သူက ဝမ်းသာအားရပင် လက်သီးဆုပ်ကာ ဟစ် ကြွေးလိုက်သည်။ ပြီးတော့ စိန်ပန်းနီနီကိုလည်း ကျေးဇူးတင်စွာ ကြည့်လိုက်ပါသည်။ သူ့အတွက်တော့ သူမဟာ မိုးနတ်မင်း ချီးမြှင့်ထားသော သူငယ်ချင်းကောင်မလေးပဲ ဖြစ်တော့သည်။ သူမရဲ့ အိုင်ဒီယာတွေနဲ့ဆိုလျှင် ရွှေအိမ်သူ၏အချစ်ကိုရဖို့ သူ မျှော်လင့်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"စိန်ရယ် ... နင့်ကိုတော့ ငါ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး။ နဂိုကမှ ရွှေအိမ်သူက ဟိုတစ်ယောက်ကို ကြည့်မရပါဘူးဆို၊ နင်က မဟုတ်က ဟုတ်ကတွေ သွားမြှောက်ပေးထားတော့ ပွဲကတော့ ကြည့်ကောင်းဦးတော့မှာပဲ"

နှင်းပွင့်ရဲ့အပြောကို စိန်က လွင့်လွင့်လေးပြုံးရင်း ပြန်ပြောလိုက်သည်။

"နင့်စကားထဲမှာကို အဖြေက ပါပြီးသားလေ။ ဒီပုံအတိုင်းမှ ပွဲကကြည့်ကောင်းမှာပေါ့ဟဲ့၊ ဟုတ်ဖူးလား"

"အဲဒါ ရွဲ့ပြောနေတာ။ နေပါဦး ... နင် သူနဲ့ပတ်သက်ပြီး ဘယ်လိုတွေများ ကြံစည်စိတ်ကူးထားသလဲ ...

သူ့ကို တခြားသူတွေ အချွန်နဲ့ မ,သလို သက်သက်မဲ့ အချွန်နဲ့ မ,နေတာတော့ မဟုတ်လောက်ပါဘူးနော်"



"နင်ကပါ ငါ့ကို မယုံသင်္ကာဖြစ်နေတာလား။ နင်လည်း ငါ့အကြောင်း သိပါတယ်။ ငါက လူတွေကို စိတ်ဝင်စားတဲ့သူတစ်ယောက်လေ ...

အထူးသဖြင့် လူ့စိတ်တွေကို စိတ်ဝင်စားတဲ့ လူတစ်ယောက်ဆိုရင် ပိုမှန်မယ်။ နင့်ကို ငါ မေးမယ်၊ လူမျိုးခင်ကို လှတယ်လို့ နင် မြင်သလား"

နှင်းပွင့်က နောက်နေတာလား ဟူသော ပုံစံဖြင့် ရှုံ့မဲ့ပြီးကြည့်ကာ ...

"ဒီရုပ်ကြီးလား လှမှာ။ နင်ကလည်း"

"ဟုတ်ပြီ၊ ဒါဆို ရုပ်ရော ဆိုးတယ်လို့ မြင်လား"

"အင်း ... ရုပ်ကတော့ သိပ်မဆိုးပါဘူး။ ဝတ်ပုံ စားပုံနဲ့ စတိုင်လ်ကတော့ ငွမ်းနေတာပေါ့"

"အင်း ... ဒါဆိုရင် နောက်တစ်ခု ထပ်မေးဦးမယ်။ ကိုရီးယားမင်းသား လီမြောင်ဟွန်းလေ၊ All In တို့ Iris တို့ ဇာတ်လမ်းတွဲထဲက အဓိကမင်းသားပေါ့။ သူရော လှသလား"

"မလှပါဘူး၊ ဒါပေမဲ့ စတိုင်လ်က မိုက်နေတယ်"

စိန်က အဲဒါပဲလေ ဟူသော ပုံစံမျိုးဖြင့် လက်ဖျောက်တစ်ချက် တီးပြလိုက်လျှင် သိပ်မဝေးသော နှင်းပွင့်က ချက်ချင်းဘောပေါက်သွားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင် ဆိုလိုချင်တာက လှမျိုးခင်ဟာ ရုပ်က တော့ မဆိုးဘူး။ ဒါပေမဲ့ နေပုံထိုင်ပုံက ဝွမ်းနေတယ်လို့ ပြောချင်တာလား ...

အဲဒီ အဝွမ်းဖယားတွေကို ပြောင်းလဲပစ်လိုက်နိုင် ရင် လန်းလာမယ်လို့ ပြောချင်တာလား"

"နင် ဒီလောက် တွေးတတ်နေရင် မဆိုးပါဘူး"

"ဟင် ... သူ့ပုံစံကို လန်းလာအောင် နင်က ဘယ်လို ပြောင်းလဲယူမှာလဲ"

"ဒါကတော့ စောင့်ကြည့်ပေါ့ဟာ။ ယောက်ျားတစ်ယောက် ဆိုတာ မှန်နေအောင် ချောဖို့ လှဖို့ မလိုပါဘူး။ အဓိက က ယောက်ျားပီသရင် ကြည့်လို့ကောင်းပြီပဲ ...

အသွေးအမွေးဆိုတဲ့ စကားကို နင်လည်း ကြားဖူး မှာပါ။ လှမျိုးခင်ရဲ့ ဖုံးအုပ်နေတဲ့ အသွေးအမွေးတွေကို ငါက ဖွင့်ထုတ်ပေးနိုင်ရင် တစ်နေ့တော့ သူဟာ ကြည့် ကောင်းတဲ့ ယောက်ျားတစ်ယောက် ဖြစ်လာပြီပေါ့ ...

ကဲ ... လောလောဆယ် ဟိုမှာ ကြည့်လိုက်ဦး တို့ရဲ့ Queen တော့ ကြွချီတော် မူလာပြီ"

စိန်က မေးဆတ်ပြလိုက်လျှင် နှင်းပွင့်ရဲ့အကြည့် က ရွေ့လျားသွားသည်။ ခပ်လှမ်းလှမ်းမှ လာနေသော သူသည် MBA သင်တန်း၏ အလှပဂေး ရွှေအိမ်သူ ဖြစ်သည်။ ရွှေအိမ် သည် ခဖြူနှင့်အနက် ဘောလုံးပြောက်ဝမ်းဆက်ကို ရင်ဖုံး



ဆန်းဆန်းလေးနှင့် လုံချည်အရှည် တွဲဖက်ဝတ်ဆင်ထားပြီး ခေါက် အမြင့်ကို စီးထားသည်မို့ လမ်းလျှောက်တာက လုံးဝစတိုင်လ်ကျ လှပနေသည်။ လေအဝှေ့မှာ လှိုင်းတွန့်ဆံနွယ်လေးတွေ ဝေ့ဝဲသွား ပုံက ခပ်လွှင့်လွှင့်ဖြင့် မိန်းကလေးချင်းတောင် ငေးနေမိမှတော့ လှမျိုးခင် စွဲလမ်းတာလည်း မဆန်းတော့ပြီ။

"ဟယ် ... လှမျိုးခင်ကြီးက နောက်ကတော့"

နှင်းပွင့်ရဲ့ အားပါးတရ ရေရွတ်သံနှင့်အတူ စိန် ဆွဲမြင်လိုက်ရတာက ပန်းစည်းလှလှကြီးကို ကိုင်ဆောင်ထားသည့် လှမျိုးခင်ရဲ့အများနဲ့မတူ တစ်မူထင်းထွက်နေသော ဒီဇိုင်းဆန်းကို ဖြစ်သည်။ လှမျိုးခင်သည် အဖြူခံပေါ်မှာ Crazy Colour စိမ်း ဝါရောင် အကွင်း အကွင်းကြီးတွေ ပါဝင်သည့် Alter ရှပ်ကို အဖြူရောင်ဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထားကာ ဘောင်အဖြူ ပါဝင်သော မျက်မှန်ကိုလည်း တပ်ဆင်ထားတာကြောင့် လုံးဝကို အပြတ်အသတ် ထင်းထွက်နေသည်။ မသိလျှင် ဘောလီးဝုဒ် င်းသားတစ်ယောက် ကျောင်းထဲသို့ ရောက်နေသည့် အလား င်။

ခေါင်းလိမ်းဆီရောင် တပြောင်ပြောင်နှင့် သူက ရွှေအိမ်သူ့အနားသို့ ရောက်လာကာ ဘေးကနေ စကားပြောရင်း န်းစည်းကြီးကို ကမ်းပေးနေသဖြင့် စိန်က လုပ်လိုက်ဦးဟဟု တ်ထဲက ကျိတ်ပြောမိသည်။ ရွှေအိမ်သူရဲ့မျက်နှာကတော့ လုံး ဘဲ တင်းမာစူပုပ်ကာ ရှုစ်ခေါက်ချိုး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရွှေအိမ် ကျွန်တော်က ကြည့်စေ အေးစေ သဘောမျိုးနဲ့ ပန်းပေးတာဗျာ။ ယူပါ ... နော် ...

ကျွန်တော် တောင်းပန်တာပါ"

"တောက် ... ရှင် ဘယ်လိုလူလဲ။ ကျွန်မကို သက်သက်မဲ့ အရှက်လိုက်ခွဲနေတာလား။ အခုချက်ချင်း ကျွန်မအနားက ထွက်သွား"

"ကျွန်တော့်ရဲ့ တောင်းပန်မှုကို အသိအမှတ်ပြုတယ်ဆိုရင် ဒီပန်းစည်းလေးကို ယူလိုက်လေ။ ဒါဆို ကျွန်တော် မရွှေအိမ်ရဲ့အနားက ထွက်ခွာသွားပေးပါမယ်"

"တောက် ... ရှင် ပြောလေ ကဲလေ၊ လူပါးဝလေပါလား ဒီလောက်တောင်ဖြစ်ဦး ... ကဲ"

ရွှေအိမ်သူက သူ့လက်ထဲမှ ပန်းစည်းကြီးကို ဆောင်ဆွဲယူကာ အဲဒီပန်းစည်းကြီးဖြင့် သူ့မျက်နှာကို ပစ်ပေါက်လိုက်တာဖြစ်သည်။

ရုတ်တရက် ထင်မှတ်မထားသော အပြုအမူမို့ လှမ်းခင်လည်း အငိုက်မိပြီး ခံလိုက်ရသလို ငေးကြည့်နေကြသော စိန်နှင့် နှင်းပွင့်လည်း ဟယ်ခနဲ ဖြစ်သွားကြသည်။ စိန်ကလေး တွေးထင်ပြီးသားမို့ မျက်ခုံးပင့်ရုံလောက် ဖြစ်သွားသော်လည်း နှင်းပွင့်ထံမှတော့ ဟယ်, ဟူသော အသံကျယ်ကြီးပင် ထွက်သွားသည်။





"မှတ်ထား။ အဲဒါ ကျွန်မကို လိုက်နှောင့်ယှက်ဦး။ ဒီမှာရှင် မြဲမြဲမှတ်ထား။ နောက်တစ်ခါ ထပ်နှောင့်ယှက်ရင် ဒီ့ထက်ပိုဆိုးမယ်မှတ်၊ တောက် ... လူပါးဝလို့"

သူက ဆက်လိုက်မသွားတော့ဘဲ နေရာမှာတင် ငုငုကြီး ရပ်ကျန်ရစ်ခဲ့သည်။ စိန်သည် အဲဒီမြင်ကွင်းကို ပထမတော့ ငေးမောနေပြီးမှ သနားကရုဏာသက်သလို ဖြစ်သွားကာ သတိဝင်လာပြီးနောက် သူ့ကို လှမ်းခေါ်မိသည်။

"လှမျိုးခင် ... ဟိတ် ... ရှတ် ... ရှတ်"

သူက ကြားသွားပြီးနောက် စိန်တို့ကို လှမ်းမြင်သွားကာ လျှောက်လာသည်။ သူ့ပုံစံက အီးမှန်ထားသလို ရှုံ့ရှုံ့မဲ့မဲ့ ရှိလှသည်။

"ဘယ်လိုလဲ စိတ်ပျက်သွားပြီလား"

"စိတ်ကတော့ မပျက်ပါဘူးဗျာ၊ စိန် ပြောတဲ့ ခံနိုင်ရည်အားတွေကို မွေးမြူထားတာပဲဟာ။ ပါးရိုက်ခံရဖို့ အဆင့်ထိတောင် မျှော်လင့်ထားမှတော့ ဒီလောက်ကတော့ တွံတေးသိန်းတန် ဆိုသလိုတောင် ဆိုပြလိုက်ဦးမယ် ... ဟဲ ဟဲ"

"တွံတေးသိန်းတန်က ဘယ်လိုဆိုလို့လဲ"

"မင်းလောက်တော့ တို့က ပျင်းတောင် ပျင်းသေးတယ်ဟေ့ ... ပျင်းတောင် ပျင်းသေးတယ် ... ဆိုတာလေ ... အဟီး"



www.burmeseclassic.com

www.burmeseclassic.com



တွဲတောသိန်းတန် အသံမျိုးနဲ့တောင် ဆိုပြလိုက်သေးသော သူ့ကို နှင်းပွင့်က ရှုံ့ရှုံ့မဲ့မဲ့နှင့် ခေါင်းယမ်းလိုက်သော်လည်း စိန်ကတော့ သဘောတကျနှင့် ရယ်မောမိလေသည်။ ဒီလူဟာ တကယ်ကို ရိုးသားပွင့်လင်းသောသူ ဖြစ်သည်။ ဘာမှကို ဟန်ဆောင်ပန်ဆောင်တောင် မရှိတတ်။ အထက်အညာဘက်က လူတွေက စကားပြောလျှင် ဟောဟောဒိုင်းဒိုင်းနှင့် ပွင့်ပွင့်လင်းလင်း ရှိကာ အင်မတန်ခင်ဖို့ကောင်းလှသူတွေ ဖြစ်သည်။

စိန့်ရဲ့အဖေဘက်က အမျိုးတွေသည် မိတ္ထီလာ၊ မန္တလေးဘက်မှဖြစ်ကာ အရမ်းကို ပွင့်လင်းဖော်ရွေကာ ဟောဟောဒိုင်းဒိုင်း စကားပြောတတ်သူတွေမို့ စိန်ကတော့ အညာစတိုင်လ်ကို ကြိုက်လှသည်။

"ရှင့်စတိုင်လ်က လန်းလှချည်လား။ ဒါမျိုး ဘယ်နှစုံကျန်သေးလဲ"

"ဟုတ်လား။ ကျွန်တော် လန်းနေတယ်လား။ ထင်တော့ ထင်သားပဲဗျ။ ဘတ်စ်ကားပေါ်မှာတည်းက ကောင်မလေးတွေက ကျွန်တော့်ကိုပဲ ရှိတ်နေကြတာ ... ဟီး ဟီး ...

ကျွန်တော် ဝယ်ထားသေးတယ်ဗျ။ စိန်က လူအများကြား ထင်းထွက်နေတဲ့ ကာလာတွေ ဖြစ်ရမယ်ဆိုလို့ တခြားအရောင်တောက်တောက်တွေ ဝယ်ထားသေးတယ်။ ပန်းဆီရောင်တို့၊ ခရမ်းရောင်တို့၊ ဘော်ကြယ်တွေ ဘာတွေနဲ့ အင်္ကျီတွေတို့ ... ဟဲ ဟဲ"





"ကောင်းပါတယ် ... ကောင်းပါတယ်။ အဲဒါတွေ တစ်နေ့တစ်မျိုး မရိုးအောင်ဝတ်ပြီး ရွှေအိမ်သူရှေ့မှာ ဂိုက်ပေးကြမ်းပေတော့ ...

ဒါနဲ့ ... နေပါဦး။ ရှင်က သူ့ကို ဘယ်လိုခေါ်တယ်"

"မရွှေအိမ်လို့ ခေါ်တာလေ။ ဘာဖြစ်လို့လဲ"

"ဘာ မရွှေအိမ်လဲ။ ရှင်ကတော့လေ ပြဿနာပဲ။ အဲဒီလို မခေါ်ရဘူးလေ။ မ,တွေ ဘာတွေ တပ်ခေါ်စရာ မလိုပါဘူး ...

အိမ်သူ လို့ပဲခေါ်။ အိမ်သူ လို့ပဲ သူ့ကို ခေါ်ကြတယ်"

"အိမ်သူ ! ။ အိမ်သူ ဆိုတာ ဇနီးမယားကို ခေါ်တာဗျ။ သူ့ကို အဲဒီလို ခေါ်ရမယ်ဆိုတော့ ရင်ခုန်ချင်စရာကြီး ... အဟီး"

စိန်က သူ့ကို စိတ်ပျက်လက်ပျက်ဖြင့် ရယ်မောမိကာ ခေါင်းကို ခါယမ်းမိသည်။ သူက စိန့်ကို တစ်ချက်ပြုံးပြီးနောက် ...

"စိန် နောက်နေ့တွေရော ကျွန်တော် သူ့နောက်ကို လိုက်ရဦးမှာလားဟင်"

"ဩော် ... လိုက်ပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ ဟိုလေ ... စိန်က ဘာများညွှန်ကြားဦးမလဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မညွှန်ကြားဘူး။ လိုအပ်ရင် ပြောမယ်။ ခုချိန်မှာ ရှင့် အိုက်ဒီယာအတိုင်း ရှင် သူ့ကို ကြိုးစားနိုင်တယ်။ အဲဒါကို ကျွန်မက စောင့်ကြည့်ရုံပဲ ...

ရှင် ပြောင်းလဲသင့်တဲ့ အချိန်ရောက်ရင် ကျွန်မက ပြောမှာပေါ့"

"ကျွန်တော်ကရော စိန့်ကို ပြောလို့ မရဘူးလား"

"ဘာပြောချင်တာလဲ ... ပြော"

"ဟိုလေ ... သူနဲ့ စိန် မခင်ဘူးလားလို့ပါ"

"မခင်ဘူး။ ဘာလဲ ရှင်က သူနဲ့ ကျွန်မကို ခင်အောင် လုပ်နိုင်းပြီး ရှင်နဲ့ သူ့ကို ကျွန်မက အောင်သွယ်လုပ်ပေးရမယ်ပေါ့ ...

အဲဒီလိုဆိုရင် အဆင်ပြေမယ်လို့ ရှင် ထင်တယ်ပေါ့"

"အဲ ... စိန်က အကြားအမြင် ရနေတာတော့ မဟုတ်ပါဘူးနော်"

"ရှင် တွေးတဲ့ အတွေးအခေါ်တွေက သိပ်ရိုးစင်းလွန်းအားကြီးနေတယ်။ ဒီလို အိုက်ဒီယာမျိုးက လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်မှာ ကျန်ရစ်ခဲ့ပြီ ...

ကိုယ့်အားကိုယ်ကိုးစမ်းပါရှင်။ ကျွန်မက ရှင့်ကို မကူညီချင်လို့ပြောတာ မဟုတ်ဘူး။ ရှင် သဘောပေါက်တယ် မဟုတ်လား"

"ဟုတ် ... ပေါက်ပါတယ်"





"ပေါက်တယ်ဆိုရင် အတန်းသွားတက်တော့။ ရှင့်ကို တစ်ခုတော့ သတိပေးချင်တယ်။ ရှင့်အဖေက ရန်ကုန်ကို လွှတ်ထားတာ ပညာသင်ဖို့၊ လူရည်လည်ဖို့၊ အသိအမြင် တိုးတက်စေဖို့နော် ...

အဓိက,ကတော့ MBA ဘွဲ့ ရလာစေချင်လို့။ အဲဒီတော့ စာကိုလည်း ဂရုတစိုက် သင်ယူပါ။ ဒီအရွယ်ဟာ အချစ်အတွက် 100% ရူးသွပ်ရမယ့်အရွယ် မဟုတ်တော့ပါဘူး။ ရူးတာလည်း ရူးပေါ့ ...

ပညာရေးကိုတော့ မထိခိုက်စေချင်ဘူး ... အိုခေ ?"

"ကျေးဇူးတင်တယ်ဗျာ။ ကျွန်တော့်ကို ခုလို ဆုံးမပေးတာ။ စိတ်ချပါ ကျွန်တော် စာလည်း ကြိုးစားပါ့မယ်။ ကဲ ... သွားမယ်နော့"

သူက လိမ်ဖယ် လိမ်ဖယ်ဖြင့် ရှေ့ကထွက်ခွာသွားလျှင် စိန်နဲ့ နှင်းပွင့်သည်လည်း အတန်းတက်ဖို့ရာအတွက် ထိုင်ရာမှထကာ လျှောက်လာကြသည်။ နှင်းပွင့်က စိန့်ဘက်သို့ လှည့်ကြည့်ကာ ...

"စိန် ... နင်ကတော့ အေးဆေးပဲနော်။ ငါကတော့ လှမျိုးခင် အတွက် ကြားထဲက ရင်လေးနေတယ်။ နင့်မှာ သူ့အတွက် နိုင်မာတဲ့ Plan တစ်ခု ရှိလို့လားဟယ် ...

ရွှေအိမ်သူရဲ့အချစ်ကို သူ ရနိုင်ဖို့ နင်က ကူညီပေးနိုင်မှာ တကယ်ပဲ သေချာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကမ္ဘာမှာ သေချာတဲ့အရာ ဘာရှိလဲ"

စိန်ရဲ့မေးခွန်းကို နှင်းပွင့်က ရုတ်တရက် ပြန်မဖြေနိုင်ဘဲ စဉ်းစားနေဟန် ရှိသည်။ သူ မဖြေနိုင်တော့မှန်း သိသဖြင့် စိန်ကပဲ ဆက်ပြောလိုက်လေသည်။

"ဒီကမ္ဘာမှာ သေချာခြင်းကို ပိုင်ဆိုင်ထားရင် မျှော်လင့်ချက်ဆိုတဲ့ စကားလုံးဟာ ပေါ်ပေါက်လာစရာ အကြောင်းကို မရှိတော့ဘူးလေ ...

နည်းနည်းလောက် တွေးကြည့်ပေါ့"





၁၃

လင်းပြေသည် ရှေ့ခပ်လှမ်းလှမ်းမှာ မြင်နေရသော မြင်ကွင်းကိုကြည့်ကာ မျက်ခုံးတစ်ချက် ပင့်သွားမိသည်။ ကြည့်စမ်း ... ဟိုးတစ်ခါက ဆုံဖူးတဲ့ ရာဇာကလုန်းပဲ။ ဒါပေမဲ့ ရာဇာနေဝင်း ဒီဇိုင်းတော့ မဟုတ်တော့ချေ။ ဒီဇိုင်းကတော့ လန်ထွက်နေသည်။ ပန်းဆီရောင် လေးထောင့်အတုံးကြီးတွေ ပါဝင်သော Alter Shirt ဖြင့် ဂျင်း(န်)ကို တွဲဖက်ဝတ်ဆင်ထားတာ တော်တော်ကို ထင်ထင်ရှားရှား ရှိလှသည်။

သူ့ဘေးမှာကတော့ သူတို့ MBA ၏ အလုထိပ်ခေါင်တင် ရွှေအိမ်သူ ဖြစ်သည်။ ပန်းဆီရောင်မင်းသားသည် ရွှေအိမ်သူ၏ဘေးကနေ အသည်းအသန် လိုက်စကားပြောနေကာ နှင်းဆီပန်းတစ်ပွင့်ကိုလည်း ကိုင်ထားသေးသဖြင့် သူက သဘောကျစွာ ပြုံးမိရသေးသည်။ မိန်းကလေးတစ်ယောက်ကို ကြိုက်လျှင် ဘေးကနေ ကြိုးစားပမ်းစား လိုက်ပြောရမည်ဟူသော အသိကို



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ထဲမှာ သံမှိုစွဲသလို စွဲထားသလိုမျိုး။ မြင်ရသော မြင်ကွင်းကတော့ သိပ် Romantic မဖြစ်လှပါ။

ဟိုတစ်ယောက်က အသည်းအသန် ကြွေမြေသလောက် ရွှေအိမ်သူရဲ့မျက်နှာကတော့ သိပ်မကြာခင် ထပေါက်တော့မည့် ဗုံးတစ်လုံးလို တင်းမာခက်ထန်နေသည်။ ဒီတစ်ခါတော့ သူက ဝင်ဆွဲဖို့ စိတ်ကူးမရှိတော့ပါ။ ဒါကြောင့် ခပ်အေးအေးပဲ ပွဲကြည့်ပရိသတ် လုပ်ပေးနေလိုက်သည်။ ခဏနေတော့ ဒေါသအိုးပေါက်ကွဲသွားသည့်ဟန်တူသည့် ရွှေအိမ်သူသည် လှမျိုးခင်ကို တည့်တည့်ရင်ဆိုင်ကာ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လေသည်။ ဟိုတစ်ယောက်ကလည်း ရုတ်တရက်မို့ အငိုက်မိသွားဟန်ရှိကာ နောက်သို့ ဖင်ထိုင်လျက်သား လဲကျသွားသည်။

အဲဒီလို လဲကျသွားပုံကို ရွှေအိမ်သူက အောင်သေအောင်သားစားရသလို ပြုံးတမ့်မ့် စိုက်ကြည့်ကာ ခါးတောင်ထောက်လိုက်သေးလျက် ...

"မှတ်ထား။ ရှင်နဲ့ အထိုက်တန်ဆုံး အရာဟာ အဲဒါပဲမှတ်။ နောက်တစ်ခါဆိုရင် ဒီ့ထက် ပိုဆိုးတာနဲ့ကို တုံ့ပြန်ဦးမှာ။ ရှင့်ကို လူလိုပြောနေတာ ရှင်မှ နားမလည်ဘဲ ... ဒီတော့ ရှင် တစ်ခါ အနားကပ်လာတိုင်း ဒီ့ထက်ဆိုးဝါးတဲ့ နည်းလမ်းတွေနဲ့ပဲ တုံ့ပြန်သွားမယ်"

လှမျိုးခင်က သူမကို တွေဝေစွာ တုံ့ပြန်ကြည့်ရှုနေတုန်းမှာပဲ သူမက မျက်နှာကို ဆတ်ခနဲလှည့်ကာ ထွက်လာခဲ့





သည်။ ရှေ့မှာရှိနေသော သူ့ကိုမြင်လျှင် ရုတ်တရက်တော့ အမ်းသွားသလို ဖြစ်ပြီးမှ နှုတ်ဆက်ဖို့ သတိရကာ ပြုံးပြသည်။ သူကလည်း အလိုက်သင့်ပဲ ပြုံးပြကာ နှုတ်ဆက်လိုက်ပါသည်။

"မောနင်း" -

"ဂွတ်ဒ်မောနင်း လို့တော့ ပြန်မနှုတ်ဆက်ချင်တော့ဘူး။ ဒီနေ့က ကျွန်မအတွက် ဂွတ်ဒ်မောနင်း မဟုတ်လို့ဘဲ"

"လူတစ်ယောက်က ကိုယ့်ကိုချစ်တာ မင်္ဂလာတစ်ပါး မဟုတ်ဘူးလား"

သူ့အပြောကို သူမက မျက်စောင်းတစ်ချက် ထိုးသည်။ အဲဒီမျက်စောင်းဟာ တခြားယောကျ်ားတစ်ယောက်အတွက်ဆိုလျှင်တော့ တော်တော်ရင်ခုန်စရာကောင်းမှာ ဖြစ်ပေမယ့် သူ့အတွက်ကတော့ ပုံမှန်ပဲ ဖြစ်သည်။

"ရှင်က (၃၈)ဖြာ မင်္ဂလာတရားတော်နဲ့အညီ ကိုင်ပေါက်ပြီးပြောရင် ကျွန်မကလည်း ဘုရားဟောတရားတွေကို လက်ကိုင်ထားပြီး ပြောရလိမ့်မယ် ...

လောကကြီးမှာ ချစ်ခင်နှစ်သက်တဲ့သူနဲ့ ကွေကွင်းရတာလည်း ဆင်းရဲဒုက္ခ၊ အဲဒီထက်ပိုတဲ့ ဒုက္ခကတော့ မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းဆက်ဆံရတဲ့ ဒုက္ခပဲရှင့် ...

ဒီလူကို ကျွန်မမှ ကြည့်မရတာ။ ပေါတောတေးလိုလို၊ ကြောင်တောင်တောင်နဲ့ ကျပ်မပြည့်သလိုလို ဘာမှန်းကို မသိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဘာစိတ်ကူးနဲ့များ MBA လာတက်သလဲတော့ စဉ်းစားမရဘူး"

"ဖူးစာရှင် လာရှာတာ နေမှာပေါ့"

"ရှင်နော် ... ရှင်ပါ အဲဒီတစ်ယောက်နဲ့ ရောပါသွားချင်လို့လား"

"ရောတော့ မထည့်လိုက်ပါနဲ့ဗျာ။ ကဲ ... ဒီနေ့တော့ ကျွန်တော် အိမ်က ဘာမှစားမလာရဘူးဗျ၊ အဲဒါ ကန်တင်းသွားမလို့ ...

တစ်ခုခု လိုက်ပြီးသုံးဆောင်ပါဦး။ အိမ်သူရော ဘာစားခဲ့ပြီးပြီလဲ"

"ကျွန်မ ကော်ဖီပဲ သောက်ခဲ့တာ။ အခုနက ဒေါသထွက်လိုက်တာနဲ့ ကော်ဖီတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"ကဲ ... ဒါဆိုလည်း ကန်တင်းမှာ နှစ်ယောက်သား အဝသွားတီးကြတာပေါ့၊ လာ ... သွားစို့"

သူ့ ကမ်းလှမ်းချက်ကို သူမက မငြင်းချေ။ ကန်တင်းသို့ရောက်သောအခါ နာမည်ကြီးလှသော မန္တလေးနန်းကြီးသုပ်ကိုပဲ နှစ်ယောက်စလုံး ဆင်တူမှာစားကြသည်။ နန်းကြီးသုပ် ရောက်လာသောအခါ အသုပ်ကို ငုံ့နယ်နေသော ရွှေအိမ်သူ့ကို သူက သံပုရာသီးစိတ် လှမ်းယူရင်းမှ အမှတ်တမဲ့ ကြည့်မိသွားသည်။ ဒေါနစိမ်းရောင် လက်ပြတ်အင်္ကျီလေးအောက်မှ လက်မောင်းသားတွေက ဆင်စွယ်တစ်ချောင်းလို လုံးဝန်းသွယ်တန်း ဖွေးနေကာ





ဘယ်နေရာကပဲကြည့်ကြည့် ရှင်းသန့်လှပနေသော သူမဟာ သူ့ကိုတော့ လိုတာထက် ခင်မင်ရင်းနှီးနေတာ စိတ်ဝင်စားဖို့ ကောင်းလှသည်။

တကယ်ဆို သူမနဲ့သူဟာ ဒီလိုမုန့်တွေ ဘာတွေ အတူစားရလောက်အောင်အထိ ရင်းနှီးမှုက မြန်မြန်ကြီး တိုးတက်သွားဖို့ အကြောင်းကတော့ သိပ်မရှိချေ။ အထူးသဖြင့် သူမဘက်ကသာ flexible မဖြစ်ဘူးဆိုရင် သူတို့နှစ်ယောက်ဟာ ဒီလောက်ကြီးအထိ ရင်းနှီးသွားစရာ ဘာအကြောင်းမှ မရှိပါ။ အခုတော့ နှစ်ယောက်သားဟာ ရင်းနှီးမှု အတိုင်းအတာ တစ်ခုအထိ ရှိခဲ့ပြီဖြစ်သည်။

"ကျွန်မလေ အဲဒီတစ်ယောက်ကို ဘယ်ဘ[illegible] ရေစက်မှန်းကို မသိဘူး။ ကြည့်လို့ကို မရတာ ...

ကျောင်းစဖွင့်တဲ့နေ့တည်းက သူ ကျွန်မကို နှောင့်ယှက်ခဲ့တာလေ။ တကယ့်ကို အူကြောင်ကျား"

သူမက နောက်ဆုံးစကားလုံးကို ပျစ်ပျစ်နှစ်နှစ်ပြောပြီးနောက် လှပသောနှုတ်ခမ်းကိုဖွင့်ကာ နန်းကြီးသုပ်တစ်နန်းကို [illegible]ါးစပ်ထဲသို့ ပီရိသပ်ရပ်စွာ ထည့်သည်။ မိန်းမလှတစ်ယောက်၏ လှပသော နှုတ်ခမ်းများမှာ အစားအသောက်စားဖို့၊ စကားပြောဖို့အပြင် ဘာများအသုံးဝင်ပါသေးလဲဟု တစ်လက်စတည်း သူ တွေးမိသွားသည်။

"အူကြောင်ကျားပေမယ့် ရိုးသားပုံတော့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … ရှင်က ဘာကိစ္စ သူ့ဘက်က ပါနေရတာလဲ"

"မပါ,ပါဘူး။ ကျွန်တော် ဘယ်သူ့ဘက်ကမှ မပါဘူး။ ကျွန်တော် မြင်တာကိုပဲ ပြောပြတာ … သူ အခုကြောင်ကျား ဖြစ်သွားတယ် ဆိုတာကလည်း ဘောကနေ အချွန်နဲ့မ,တဲ့သူတွေ ရှိလို့ပါ"

"အို … ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ သူ့ကို ဘယ်လိုမှ ကြည့်မရဘူး။ သူ အနားရောက်လာတာနဲ့ လုပ်ချင်တော့တာပဲ"

"ဗျာ"

"ဘာဗျာလဲ။ ရှင်ကလည်း"

"ဩော် … ကျွန်တော်က လန့်သွားလို့ပါ။ သိပ်လည်းမမုန်းပါနဲ့ဗျာ၊ လူတစ်ယောက်ကို မုန်းနေရတယ်ဆိုတာ ပင်ပန်းပါတယ်။ တကယ်တော့ အဲဒီတစ်ယောက်က မိန်းမ မပိုးတတ်လို့ပါ"

"အောင်မယ် … ရှင်ကတော့ ပိုးတတ်တယ်ပေါ့"

"ဟင့်အင်း … ကျွန်တော် တစ်ခါမှ မိန်းမ မပိုးဖူးဘူး"

သူမက ဟင့်ခနဲ မျက်နှာကို ရှုံ့မဲ့သည်။ အဲဒီလို ရှုံ့မဲ့လိုက်ပုံလေးက အင်မတန်ပဲ ချစ်ဖို့ကောင်းပါသည်။ ဒါပေမဲ့ ဘာဖြစ်လို့မှန်း မသိဘဲ သူ့ရင်ခုန်သံတွေက ပုံမှန်ပဲ ရှိနေသည်။ သူ ကြားဖူးနားဝရှိသော အချစ်တစ်ခုရဲ့ ဖြစ်တည်ခြင်းဆိုသည်မှာ ရင်ခုန်စိတ်လှုပ်ရှားမှုမျိုး ရှိရမည်။ တစ်ယောက်သောသူနဲ့





အတူရှိနေရတဲ့ အခိုက်အတန့်သည် ကျေနပ်ခြင်းတစ်မျိုးဖြင့် ပြီးပြည့်စုံနေရမည်။ နောက်ထပ်လည်း ထပ်တွေ့ဆုံချင်သော ဆန္ဒမျိုးရှိရမည်။ သူ့မှာ သူမနဲ့ ပတ်သက်ပြီး အဲဒီလိုစိတ်မျိုးရှိ မနေခဲ့ပါ။

ဒါပေမဲ့ သူမက သူ့အပေါ် ဆက်ဆံလာသည့်ပုံစံကို ကြည့်ပြီးတော့ လိုက်လိုက်လျောလျော ဆက်ဆံဖို့တော့ စိတ်ဆန္ဒ ရှိခဲ့သည်။ ဒါကတော့ ယောကျ်ားတို့၏ ဗီဇစိတ်လားတော့ မပြောတတ်တော့ပါ။

"သဘောကတော့ တစ်ခါမှ ရည်းစားမထားဖူးဘူးဆိုတဲ့ သဘောပေါ့နော်"

သူမက ပွင့်ပွင့်လင်းလင်းပဲ ဖွင့်မေးလာသည်။ အဲဒီလို ပွင့်လင်းတာမျိုးတော့ သူကလည်း သဘောကျပါသည်။ သူက စားလက်စ ဇွန်းခက်ရင်းကို ခဏချပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ သူမရှေ့သို့ ချပေးလိုက်သည်။ ပြီးတော့မှ သူ့အတွက် ငှဲ့ရင်း …

"မိန်းမ မပိုးဖူးဘူး ဆိုတာနဲ့ တစ်ခါမှ ရည်းစားမထားဖူးဘူးဆိုတာကတော့ သိပ်ပြီး ထပ်တူမကျဘူးနဲ့ တူတယ်နော်"

"ဘာလဲ … ရှင် ဆိုလိုချင်တာက မိန်းကလေးတွေက ရှင့်ကို ပိုးလို့ ရည်းစားထားဖြစ်သွားတာလို့ ပြောချင်တာလား"

"ဟာ … အဲဒီလို တစ်ခါမှ ကျွန်တော် မပြောခဲ့ဘူးနော်။ ကျွန်တော် ဆိုလိုချင်တာကဗျာ For Example အခု

www.burmeseclassic.com

www.burmeseclassic.com



လှမျိုးခင် ဆိုတဲ့ တစ်ယောက်လိုပေါ့။ မိန်ကလေးတစ်ယောက်ကို အဲဒီလောက်ကြီး ဥန့်ဖွန့်စားစား မပိုးဖူးဘူးလို့ ပြောတာပါ …

သူ့မှာဗျာ ဒီမိန်းကလေးအတွက် ရာဇာနေဝင်း စတိုင်လ်တွေလုပ်လိုက်၊ ပဲတွေ အပြတ်များလာလိုက်နဲ့ တော်တော်ကို တတ်သလောက် မှတ်သလောက် ကြိုးစားလာရှာတာဗျ။ ဘာပဲဖြစ်ဖြစ် အကုန်လုပ်မယ်ဆိုတဲ့ အချစ်သူရဲကောင်းစိတ်ဓာတ်မျိုးပဲ။ လေးစားပါတယ်"

"ဟင် … ရှင့်ဟာက အဆန်းပါပဲလား။ ရှင့်ကြည့်ရတာ သူ့ကို သဘောတောင် ကျနေပုံရတယ်။ သူ ကျွန်မကို နည်းမျိုးစုံနဲ့ နှောင့်ယှက်နေတာကို ရှင် ကြည့်ကောင်းနေပုံပဲ … ဟုတ်လား"

သူမ မျက်ဝန်းတွေက နည်းနည်းအရောင်တောက်လာကာ သူ့မျက်လုံးတွေထဲသို့ လိုက်လံရှာဖွေနေသောကြောင့် သူက သတိကြီးစွာ ဆွဲထားလိုက်ရသည်။ အလျှောက်ကောင်းမှ အထောင်းသက်သာပေတော့မည်။

"မဟုတ်ပါဘူး။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင်တော့ သူ့စိတ်ဓာတ်ကို သဘောကျတယ်ဗျ။ သူ့စိတ်ဓာတ်က ဘာပဲဖြစ်ဖြစ် လုပ်မယ်ဆိုတဲ့ သဘောမျိုးလေ …

ခုခေတ်မှာ တော်တန်ရုံ ယောကျ်ားလေးတစ်ယောက်က ဒီလိုစိတ်ဓာတ်မျိုး မရှိတော့ဘူး"





သူမက အလွန်လှပသော မျက်ဝန်းများကို မှေးစင်းပြီး ကြည့်လာကာ …

"ရှင် ပြောချင်တာက ယောကျ်ားလေးတွေက အချစ်ကို တန်ဖိုးမထားတော့ဘူးလို့ ပြောချင်တာလား"

"အဲ … အဲဒီလို သဘောမျိုး မဟုတ်ဘူးနော်၊ ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်ကို အိမ်သူက သဘောမပေါက်ဘဲကိုး …

ခုခေတ်မှာ ယောကျ်ားလေးတွေက ကိုယ်နဲ့ ရင်ဘတ်ချင်းနီးတဲ့ မိန်းကလေးကိုပဲ try တာ များတယ်ကွာ။ သဘောပေါက်လား မသိဘူး။ အိမ်သူလည်း ခေတ်လူငယ်ပဲ။ သိသင့်သလောက်တော့ သိမှာပါ …

ဟိုးအရင်တုန်းကဆို ယောကျ်ားလေးတစ်ယောက်က ဒီမိန်းကလေးတစ်ယောက်ကို ချစ်ပြီဆိုရင် နှစ်တွေအကြာကြီးနဲ့ ဖွဲ့ရှိရှိ လိုက်တာလေ။ ငါ့ရည်းစားကို ဘယ်နနှစ်တောင် ပိုးခဲ့ရတာကွဆိုပြီး ဂုဏ်ယူစွာနဲ့ ပြန်ပြောတတ်ကြတာက ကိုယ့်ဦးလေး တက္ကသိုလ်ကျောင်းသားတွေပဲ …

ဒီဘက်ခေတ်မှာတော့ အားလုံးက နားလည်မှု ရတယ်လို့ပဲ ပြောရမလား။ အဲ့ဒီလောက်ကြီး မကြာတော့ဘူး။ ခေတ်တွေ ပြောင်းလဲလာတဲ့ သဘောပေါ့။ အဲဒီ လှမျိုးခင်ကို ကြည့်ရတာ မိန်းမတစ်ယောက်ကို စိတ်ရှည်လက်ရှည်နဲ့ ပိုးမယ့်ပုံမျိုး …



www.burmeseclassic.com

www.burmeseclassic.com



သူ ပိုးတာက သူ့ကို လုံးဝမကြည်ဖြူတဲ့ မိန်းကလေးကို ဇီးရိုးလယ်ဗယ်က စ,ပိုးတာနော်။ Hopeless အခြေအနေကနေ စ,ပိုးတာ။ အရင်တုန်းက ပိုးတဲ့စတိုင်လ်ပေါ့။ ဒီဘက်ခေတ်မှာတော့ ယောကျာ်းလေးတွေက 50% OK တဲ့ အခြေအနေက စ,ပိုးတာ။ သေချာစဉ်းစားကြည့်။ ခေတ်အဆက်ဆက် နှလုံးသားတွေ ပြောင်းလဲလာပုံက စိတ်ဝင်စားဖို့ ကောင်းတယ်"

သူမက သူ့ကို မျက်စောင်းတစ်ချက် ထိုးပြီးနောက် အေးစပြုနေသည့် သူ ငှဲ့ပေးထားသော ရေနွေးကြမ်းကို မော့သောက်သည်။

"ရှင်ကြည့်ရတာ တော်တော် သုတေသန လုပ်ထားပုံရတယ်။ တော်ပြီ ဆက်မပြောတော့ဘူး"

"အိုခေလေ ... ကိုယ်ပြောတာတော့ တွေးကြည့်ပေါ့။ အိမ်သူတော့ မသိဘူး၊ ကိုယ့်အမြင်မှာတော့ လူမျိုးခင်ဟာ စိတ်ဝင်စားဖို့ကောင်းတဲ့သူ တစ်ယောက်လို့ ထင်တယ် ...

ခုဆို သူက နာမည်ကြီး ဖြစ်နေပြီနော်။ ဟား ... ဟား ... သူနဲ့ အိမ်သူတို့ရဲ့ ဇာတ်လမ်းက လူတိုင်းစိတ်ဝင်စားနေကြတဲ့ ဇာတ်ရှုမ်းတစ်ပုဒ် ဖြစ်နေပြီ"

"အိုး ... အဓိပ္ပာယ်မရှိတာ။ No way"

သူမရဲ့ခါးသီးစွာ ငြင်းဆန်မှုကိုတော့ သူက ပန်းနှစ်ဖက်သာ တွန့်ပြလိုက်တော့သည်။ အဲဒီနောက် ပိုက်ဆံရှင်းပြီး





ပြန်အလာလမ်းတွင် သူက သူမကို နောက်ထပ် ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"တစ်ခေတ်တစ်ခါက တက္ကသိုလ်ဇာတ်လမ်းတွေမှာလည်း အလှဘုရင်မတစ်ယောက်နဲ့ အူကြောင်ကြောင် အချစ်သမားတစ်ယောက်တို့ရဲ့ အချစ်ဇာတ်လမ်းဟာ လူစိတ်ဝင်စားအခံရဆုံး ဖြစ်တယ်ဆိုတာ သက်သေသာဓကတွေ အများကြီး ရှိခဲ့တာပဲလေ ...

ကိုယ်လည်း ဒီလိုဇာတ်လမ်းမျိုးကို သိပ်စိတ်ဝင်စားတယ်။ King & Queen ဇာတ်လမ်းမျိုးကတော့ သိပ်ရိုးစင်းတာပဲလို့ ထင်တာပဲ"

သူ့စကားကြောင့် သူမက ဖျတ်ခနဲ မော့ကြည့်သည်။ လက်ခနဲ တောက်ပသွားသော မျက်ဝန်းများထဲတွင် အဓိပ္ပာယ်တစ်ခုခု ဖြတ်ပြေးသွားသည်ဟု ထင်မိသော်လည်း ဘာအဓိပ္ပာယ်လဲဆိုတာကိုတော့ တကူးတက မစဉ်းစားကြည့်မိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဒီနေ့သည် လူမျိုးခြင်တို့ရဲ့ Holidays ဖြစ်သည်။ နံနက်ခင်းတိုင်း ရွှေအိမ်သူ့ကို တွေ့နေကြ၊ လိုက်စကားပြောနေကြ ဖြစ်သောကြောင့် စနေနေ့မနက်ရောက်လျှင် ယောင်တောင်တောင်ဖြင့် သတိရနေလေ့ရှိသည်။ အခုဆိုလျှင် ကျောင်းတက်ခဲ့သည်မှာ သုံးလပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ကျောင်းစဖွင့်တဲ့နေ့တည်းက ရွှေအိမ်သူနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်ပြီး အဲဒီနောက်ပိုင်း ၌ သူ့ရဲ့အချစ်တော်ပုံ စတင်ခဲ့သော်လည်း ခုချိန်ထိတော့ အခြေအနေက နည်းနည်းလေးတောင် မတိုးတက်သေးပါချေ။

သူ လိုက်စကားပြောလေတိုင်း ရွှေအိမ်သူသည် သူ့ကိုခါးခါးသီးသီးပဲ တုံ့ပြန်ခဲ့တာဖြစ်သည်။ အရင်ကတော့ မော်ကွန်းထိန်းထံ သွားတိုင်သေးသည်။ နောက်တော့ ဘယ်သူ့ကိုမှ မတိုင်တော့ဘဲ သူမကိုယ်တိုင်ပဲ ဆုံးမတော့သည်။ ပါးစပ်ကနေ၍ နှစ်ပြားမတန်အောင် ပြောသည်။ ထီးနှင့်ရိုက်သည်။ ဖိုင်နှင့်ရိုက်





သည်။ သူ လဲကျသွားအောင် ခြေထိုးခံသည်။ စသဖြင့် မရိုးရလေအောင် အမျိုးမျိုး အဖုံဖုံ နှိပ်စက်လေသည်။ သူကလည်း ဒါတွေကို ပန်းနဲ့ပေါက်သည့်အလား ကျေကျေနပ်နပ်ပင် ခံယူသည်။

အဲဒီလို ဂရုတစိုက်နှင့် ပြန်လည် တုံ့ပြန်နေတာကိုက သူမရဲ့ အသိအမှတ်ပြုမှုတစ်ခုဟု သူ့ရဲ့ဆရာမကြီး ဒေါ်စိန်ပန်းနီနီက လက်ချာရိုက်ထားသဖြင့် သူကတော့ သူမ ဘယ်လိုပဲ တုံ့ပြန်ပါစေ ဘာကိုမှ မမှု။ မတုန်လှုပ်ခဲ့ချေ။ သူ့အဖေရဲ့ အမြဲတမ်းဆောင်ပုဒ်တစ်ခုဖြစ်သော စေတနာသည် ကံဆိုသော စကားကိုသာ သူက လက်ကိုင်ထားသည်။ သူမအပေါ်မှာထားသော သူ့စေတနာတွေက စစ်မှန်ခဲ့လျှင် ရောင်ပြန်ဟပ်လိမ့်မည်ဟု သူကတော့ အပြည့်အဝကို ယုံကြည်ထားလေသည်။

"အင်း ... ပြောရင်းဆိုရင်းနဲ့ ငါ့ဘော်ဒါကြီးကိုတောင် သတိရသွားပြီ။ ဖုန်းဆက်ကြည့်ဦးမှ"

သူက ဖုန်းဆက်ဖို့ စိတ်ကူးလိုက်စဉ်မှာပဲ စားပွဲပေါ်ဆင်ထားသော သူ့ဖုန်းက မြည်သံထွက်ပေါ်လို့ လာသည်။ Display ပေါ်မှ နာမည်ကို မြင်လိုက်ရလျှင် သူ့မျက်လုံးတွေကဝိုင်းသွားရသည်။ စိတ်ချင်း တိုက်ဆိုင်လှချည်လား။ သူက စိတ်ကူးရုံရှိသေး သူ့ဆီကို ဖုန်းခေါ်တာက စိန်ပန်းနီနီ ဖြစ်သည်။

သူက ဝမ်းသာအားရပင် ဖုန်းဖွင့်ကိုင်လိုက်သည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေညာသား ... ရှင် ဘာလုပ်နေသလဲ"

"ကျွန်တော်လား ... ကျွန်တော်လေ စိန့်ဆီ ဖုန်းဆက်
စိတ်ကူးနေတာ၊ အဲဒီအချိန်မှာပဲ စိန့်ဆီက ဖုန်းဝင်လာလို့
အံ့သြသွားတာဗျ ... အဟီး"

"သြော် ... ဒါမျိုးတွေက ဖြစ်တတ်ပါတယ်။ ရှင် အ
ဘာလုပ်နေတာလဲ"

"ဘာမှတော့ မလုပ်ပါဘူး။ စိန် ဘာပြောစရာရှိလို့လဲ
ပြောလေ"

"ပြောစရာတော့ မရှိပါဘူး။ ရာသီဥတုက အုံ့မှိုင်း
ရှိတယ်လေ"

"ဟုတ်တယ်ဗျ၊ အခုနကတောင် ကျွန်တော် ကျောက်ပ
တောင်းကို သွားသတိရနေသေးတယ်"

"အံမယ်လေး ... သူက အရေးထဲ ဇာတိမြေကို လွမ်းနေ
ပြန်ပြီ။ ဒီလို ရာသီဥတုလေးမှာ ကြေးအိုးပူပူလေး
သောက်လို့ သိပ်ကောင်းတာ ...

ဒီတော့ ကြေးအိုးသောက်ဖို့ ရှင့်ကို လှမ်းခေါ်တာ

"ဟာ ... စိန်တို့အိမ်မှာ ကြေးအိုးချက်တာလား"

"မချက်ပါဘူး။ ဆိုင်မှာ သွားသောက်မှာ။ ဆရာစံလမ်း
**YKKO** ကြေးအိုးဆိုင်ကို သိလား"

"အင်း ... သိတယ်။ အဲဒီကို လာခဲ့ရမှာလား"

"ဟုတ်တယ်။ အခုပဲ အဝတ်အစားလဲပြီး ထွက်ခဲ့တော့





"ဟုတ်ပြီ။ လာခဲ့မယ် ... လာခဲ့မယ်၊ ဒါပဲလားဟင်"

"အင်း ... ဒါပဲ။ တွေ့မှ စကားဆက်ပြောကြတာပေါ့"

သူမက ဖုန်းချသွားသည်။ သူက အဝတ်အစားလဲ
ရဦးမလားဟု စဉ်းစားကာ မှန်ထဲသို့ တစ်ချက်ကြည့်လိုက်သော်
လည်း သူ့ပုံစံက နည်းနည်းအိုက်နေသည်ဟု ထင်မိသောကြောင့်
လဲတော့ချေ။ တီရှပ်အဝါရောင်တော့က်တောက်ကို သရီးကွာ
ဘား ဘောင်းဘီတိုဖြင့် တွဲဖက်ဝတ်ဆင်ထားတာဖြစ်ပြီး ဒီလောက်
နဲ့တော့ အပြင်ထွက်ဖို့ ဖြစ်ပါသည်ဟု တွေးမိသောကြောင့်ပင်။
သူ့ဘော်ဒါနှင့် သွားတွေ့မှာမို့ သိပ်ရှိုင်းစရာ မလိုဘူးဟုလည်း
သူက ထင်သည်။

ဒါကြောင့် ခေါင်းလိမ်းဆီလေးသာ ပွတ်လိမ်းလျက်
သူက ကားဟုားပြီးနောက် ထွက်လာခဲ့သည်။ မိုးအုံ့နေသော
န်ကုန်မြို့ရဲ့ရှုခင်းသည် တစ်မျိုးတစ်ဘာသာတော့ လွမ်းဆွတ်ဖို့
ကောင်းသည်ဟု ထင်မိလေသည်။ တစ်ယောက်ရဲ့လက်ကို တစ်
ယောက်က ဆုပ်ကိုင်ပြီး ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေ
ကြသော စုံတွဲတစ်တွဲကိုမြင်လျှင် သူနဲ့ အိမ်သူသည်လည်း ဘယ်
ဘာ့များမှ အဲဒီဘဝကို ရောက်ပါမလဲဟု တွေးတောမိသည်။
သို့သော်လည်း သူကတော့ ခွဲလျှော့ဖို့ စိတ်ကူးမရှိပါ။

သူ့အနားမှာ စိန့်လို သူငယ်ချင်းကောင်းတစ်ယောက်
ရှိတော့ ဘာမှသိပ်မလိုတော့ဘူးဟု ထင်ပါသည်။ စိန့်လို သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်ယောက်နဲ့ ခင်မင်ခွင့်ရတာသည့် သူ့အတွက်တော့ စိတ်ချမ်းသာဖို့ အကောင်းဆုံးကိစ္စတစ်ခုပဲ ဖြစ်တော့သည်။ စိန်သည် သူတို့ရဲ့အညာဒေသ လူနေမှုစရိုက်တွေကို အင်မတန် နှစ်သက်သူ ဖြစ်ပြီး အဲဒီဘက်က ဒေသအသုံးအနှုန်းများနှင့်လည်း ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ ရန်ကုန်မှာ သိပ်သုံးလေ့သုံးထမရှိသော အရှေ့အနောက် တောင်မြောက်ညွှန်းဆိုမှုများကိုလည်း နားလည်သဘောပေါက်သူဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူမလေးကို သူ အင်မတန်ခင်မင်မိပါသည်။

တွေးရင်း ငေးရင်းနှင့် ကားစီးလာခဲ့သည်မှာ ဆရာလမ်းသို့ ဘယ်လိုတောင် ရောက်လာမှန်း မသိလိုက်ချေ။ YKKO ရှေ့ ရောက်တာနှင့် ကားပေါ်မှဆင်းကာ ကားခရှင်းပေးပြီးနောက် သူက ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ ဆိုင်ထဲသို့ ဖွေ့ဝဲရှာဖွေနေစဉ်မှာပဲ သူ့အနားသို့ ဝိတ်တာတစ်ယောက်က ရောက်ရှိလာကာ –

"ကိုလှမျိုးခင်လား ခင်ဗျား"

"အေး ... ဟုတ်တယ်။ ဟ ... ဘာလဲ၊ မင်းက ငါ့ကိုသိလို့လား။ ကျောက်ပန်းတောင်းကလားကွ ... ဟုတ်လား"

ဝိတ်တာက အနည်းငယ် ရယ်ချင်သွားသော မျက်နှာထားဖြင့် ခေါင်းကိုခါယမ်းကာ ...

"ဆော [illegible] ... ကျွန်တော် ကျောက်ပန်းတောင်းက မဟုတ်ပါဘူး"





"ဟင် ... ဒါဆို ဘယ်လိုလုပ် သိတာလဲ"

"အစ်မ တစ်ယောက်က မှာထားလို့ပါ။ အစ်ကိုလာရင် သူ့ဆီ ခေါ်လာခဲ့ပေးပါ ဆိုလို့။ အစ်ကို့ကို မစိန်းပန်းနီနီက စောင့်နေပါတယ်"

"ဩော် ... ဒီလိုလား။ ဟဲ ... ဟဲ ... သိပါဘူးကွာ။ ငါ့ကိုသိနေတော့ ကျောက်ပန်းတောင်းကလားလို့ ... ဟင်း ဟင်း"

ဝိတ်တာလေးက သူ့ကို ခေါင်းတစ်ချက် ဆတ်ပြကာ ရှေ့မှ ခေါ်ဆောင်သွားသည်။ ထောင့်တစ်နေရာတွင် ထိုင်နေသော သူမကို လက်ဆန့်တန်းကာ ညွှန်ပြပေးလေသည်။ ပြီးတော့ သူတို့နံဘေးမှာ လက်နှစ်ဖက် နောက်ပစ်ပြီး ရပ်နေသည်။ သူက ချစ်စဖွယ်ကောင်းစွာ ပြုံးပြနေသော စိန့်ကို တွေ့တွေ့ချင်းပဲ အာပေါင်အာရင်းသန်သန်ဖြင့် ပြောပြမိသည်။

"ဟား ဟား ... စိန်ရာ၊ သူက ကျွန်တော့်ကို လာမေးတာလေ။ ကိုလှမျိုးခင်လား ဆိုတော့ ကျွန်တော်က ကျောက်ပန်းတောင်းက ထင်သွားတာ ...

ဩော် ... ငါ့ကို သိနေပါလားပေါ့၊ ဟီး ဟီး ... ပြီးတော့မှ မဟုတ်မှန်း သိတာ"

"[illegible] ... အဲဒီလို ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ကဲ ... [illegible]လိုက်ဦး၊ ဟိုမှာ ရပ်စောင့်နေတယ်။ ဘာ [illegible]

"[illegible] ကြေးအိုးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ကြေးအိုးလား၊ ဝက်ကြေးအိုးလား အစ်ကို၊ Sea food နဲ့လည်း ရပါတယ်"

"အင်း ... ဝက်နဲ့ပဲပေး။ ဝက်ပဲ ကြိုက်တယ်"

"ဟုတ်ကဲ့ပါ"

ဝိတ်တာထွက်ခွာသွားလျှင် သူက သူမကို ပြုံးကြည့်ကာ ...

"စိန် တစ်ယောက်တည်းပဲလား"

"ဩော် ... ဘယ်နှယောက် တွေ့နေလို့လဲ"

"မဟုတ်ဘူးလေ၊ ဟိုတစ်ယောက် နှင်းပွင့်ရော လာမှာလား လို့ပါ"

"နှင်းပွင့်က ဘယ်လာမလဲ၊ နှင်းပွင့်က ဒီအချိန်ဆို သူ့ကိုကိုနဲ့ ငြိမ့်နေပြီပေါ့"

"သူ့ကိုကိုဆိုတာ သူ့ရည်းစားကို ပြောတာလား"

"အေးပေါ့"

"ဩော် ... သူ့ရည်းစားက သူ့ထက်ကြီးတယ်ပေါ့"

"အင်း ... သုံးနှစ်လောက်တော့ ကြီးတယ်နဲ့တူတယ်။ နှစ်ယောက်စလုံးက weekend တွေမှ အားတော့ ဒီအချိန်ကျမှပဲ တွေ့ဖြစ်ကြတာပေါ့ ...

ဒါကြောင့် စနေ တနင်္ဂနွေတွေမှာ အပြင်သွားချင်ရင် အဖော်မရှိဘူးရှင်။ တစ်ပတ်မှ နှစ်ရက်တည်း တွေ့ရတဲ့ သူတို့နှစ်ယောက်ကိုလည်း မနှောင့်ယှက်ချင်ပါဘူး"





"ဩော် ... ဒါကြောင့် စိန်က ကျွန်တော်ကို လှမ်းခေါ်တာကိုး။ စိန့်ရော ... အဟဲ ... နှင်းပွင့်လို ဆီးပြားလေး ဘာလေး မရှိဘူးလား"

"ရှင်က ဘယ်လိုထင်လို့လဲ"

"မရှိဘူးလို့ ထင်တာပဲ။ ရှိရင် စိန်လည်း ဒီနေ့လိုနေ့မျိုးမှာ ချစ်သူနဲ့ပဲ အတူရှိနေမှာပေါ့၊ မဟုတ်ဘူးလား"

"အဲဒီလို မတွေးနဲ့လေ။ သူက စနေ တနင်္ဂနွေတောင် မအားတဲ့သူမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ် မြန်မာနိုင်ငံမှာ မရှိတဲ့သူမျိုး၊ ရန်ကုန်မှာ မရှိတဲ့လူမျိုး စသဖြင့် Everything is possible လေ"

သူက စိန် ပြောတာကို သဘောတကျနှင့် ငေးကြည့်နေမိသည်။ စိန် စကားပြောသောပုံစံလေးဟာ တကယ်ကိုပဲ ...တ်လပ်ပေါ့ပါးပြီး စတိုင်လ်တစ်မျိုးရှိသည်ဟု သူ ထင်သည်။ ...လည်းမများ အိုက်တင်တွေလည်း မပါဘဲ သူမရဲ့သဘာဝအတိုင်း ...ထိုင်ပြုမူ ပြောဆိုပုံလေးတွေဟာ အဆင့်အတန်းတစ်မျိုးရှိကာ ...ပေါ့ပါးပါးနှင့်ကို ခမ်းနားလွန်းသည်ဟု ထင်မိလေသည်။

"စိန် စကားပြောရင် ကျွန်တော် ကြည့်ကြည့်နေတယ်။ အင်္ဂလိပ်လို အမြဲထည့်ထည့်ပြောတတ်တယ်နော် ... စိန် English တော်လား"

"မတော်ပါဘူး။ စကားပြောရင် အင်္ဂလိပ်လို ညှပ်ပြောတာကို ရှင် ဘယ်လိုမြင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်။ စိန့် ပြောတာကတော့ နားထောင်လို့ကောင်းတယ်။ ကျွန်တော် သတိထားမိတာ ကြာပြီ။ စိန့်က ဗန်းစကားလည်း အသုံးများတယ်၊ အင်္ဂလိပ်စကားလည်း ညှပ်ပြောတယ်။ မြန်မာစကားပုံတွေဆိုလည်း ထည့်,ထည့် ပြောတတ်တယ်နော်"

"အင်း ... အဲဒါက ဒီလိုရှိတယ် ရွှေညာသားရဲ့"

စိန်က စကားချီနေတုန်းမှာပဲ ကြေးအိုးပန်းကန်တွေလာချသည်မို့ စကားစ ပြတ်သွားသည်။ အပြင်မှာ မိုးလေးတဖွဲဖွဲကျနေတုန်း ကြေးအိုးပူပူတွေက အငွေ့တထောင်းထောင်း၊ ထကာစားချင်စရာ ကောင်းနေသည်မို့ သူက အခုမှပင် ဗိုက်ဆာလာသလိုတောင် ခံစားရသည်။ စိန်က စားဟူသော သဘောဖြင့် ကြေးအိုးပန်းကန်ကို မေးတစ်ချက် ဆတ်ပြပြီးနောက် သူမကိုယ်တိုင်လည်း တူကိုဖောက်ကာ ကြာဆံဖတ်တွေကို ထိုးမွှေနောက်သည်။

နည်းနည်းပူသေးသဖြင့် မစားသေးဘဲ ဟိုမွှေဒီမွှေလုပ်ရင်းမှ သူ့ကို စကားဆက်ပြောသည်။

"အင်္ဂလိပ်လို Broken လေးတွေ ညှပ်,ညှပ်ပြောတတ်တဲ့အကျင့်က ကျွန်မ ထင်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီလက်အောက်ခံဘဝမှာ နှစ်တစ်ရာကျော်ကြာအောင် နေခဲ့ရလို့ ထင်တာပဲ။ အဲဒီအတွက် မြန်မာတွေဟာ တခြားလူမျိုးတွေနဲ့ယှဉ်ရင် အင်္ဂလိပ်စာ ပိုရတယ်လေ ...





ရှင် သတိထားမိလားတော့ မသိဘူး။ ကုလားကားဖွေ့ကြည့်ရင် ကုလားကားတွေကလည်း အင်္ဂလိပ်လိုကြားညှပ်ပြောလေ့ ရှိကြတယ်။ အိန္ဒိယဟာလည်း အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီ ဖြစ်ခဲ့တာပဲလေ။ ဒါကို ကြည့်ခြင်းအားဖြင့် ကိုလိုနီ လက်အောက်ခံနိုင်ငံတွေဟာ Broken တွေ ကြားညှပ်ပြီး ပြောကြတယ်လို့ ကျွန်မ မြင်တယ် ...

နောက်တစ်ခုက ဗန်းစကားကိစ္စပေါ့။ Slang ဆိုတဲ့ ဗန်းစကားဟာ နိုင်ငံတကာမှာလည်း သုံးတတ်ကြပါတယ်။ တချို့စကားတွေဟာ ဗန်းစကားနဲ့ပြောမှ ယဉ်ကျေးသွားတာတောင်ရှိတယ်။ တချို့စကားတွေဟာ အင်္ဂလိပ်ဝေါဟာရနဲ့ပြောမှ ယဉ်ကျေးတာရှိတယ်။ ဥပမာ Keeping (ကီပင်) ဆိုတဲ့ စကားနဲ့ မယားငယ်၊ အမြှောင်မယားဆိုတဲ့ စကား ဘယ်ဟာက နားထဲကို ချိုချိုသာသာ ဝင်လဲ ...

ဒီခေတ်မှာ လူပြောများနေတဲ့ စပွန်ဆာ ဆိုတဲ့ စကားကရော ? ။ တကယ်တမ်းမှာ စပွန်ဆာရှိတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ အဆင့်အတန်းက ဘာလဲ၊ စေ့စေ့တွေး ရေးရေးပေါ်တယ်နော်။ ဒါပေမဲ့ အင်္ဂလိပ်လိုလေးသုံးထားတော့ ဂုဏ်ယူချင်စရာလိုကြီးတောင် ဖြစ်နေတယ်။ ဝမ်းနည်းစရာကြီးပါကွယ်၊ You know what I mean ?"

သူမ ဘာကိုဆိုလိုသလဲ သူ သိသလားတဲ့။ သိပါတယ်နော်တဲ့၊ သူကတော့ သူမရဲ့မျက်နှာကိုပဲ တစ်ခါမှ မမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သောသူလို ငေးနေမိတာဖြစ်သည်။ သူမက စကားပြော အရမ်းကောင်းသူ ဖြစ်သည်။ ဟင့်အင်း ... အတွေးအမြဲ့ါကလည်းကောင်းသေးသည်။ ဒါကြောင့်မို့ဖြင့် စိန် စကားပြောနေလျှင် သူက ငေးမောပြီးပဲ နားထောင်နေရတာဖြစ်သည်။

"Hey ! what are you looking ?"

သူမက တူနှစ်ချောင်းကို သူ့မျက်နှာရှေ့သို့ ယမ်းပြီး ပြောလိုက်တော့မှပဲ သူကသတိဝင်လာကာ ဟီးခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးတော့မှ ကြေးအိုးကို စတင်စားသောက်ရင်း ...

"စိန်ပြောတဲ့ အင်္ဂလိပ်စာအသံက နားထောင်လို့ ကောင်းတယ်နော်။ အဲဒါ တမင်ကျင့်ထားတာလား"

"အင်း ... ကျင့်ထားတာတော့ မဟုတ်ပါဘူး။ ဒီလို လူမျိုးခင်ရဲ့။ ကျွန်မက အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားတာ။ ကျွန်မတို့မေဂျာမှာ Phonetic ကိုသင်ပေးတယ်၊ Phonetic ဆိုတာ ရှင် နားလည်အောင် ဘယ်လိုပြောရမလဲ ...

အင်း ... (သူမက နားထင်ကို လက်နဲ့ကုတ်ရင်းမှ) ဒီလိုကွာ ... အခုန ရှင် ပြောသလို ဘိုသံပေါက်အောင် သင်တာပေါ့။ ဥပမာ Cat ကို တော်တော်များက ကက်လို့ပဲ ထွက်မှာပေါ့။ တကယ်တမ်းမှာ သူ့ကို ခတ်(ထ်)လို့ ထွက်ရတာ။ Colour ဆိုရင် အထွက်များကြတာ ကာလာပေါ့။ တကယ်တမ်း ထွက်ရမှာက ခါလာပေါ့။ အဲဒီလိုမျိုးတွေ သင်ရတယ် ...





Nobody ဆိုရင် ဒီမှာ ပြောကြတာ နိုးဘော်ဒီပေါ့။ တကယ်တမ်းက body ကို ဘာဒီလို့ ထွက်ရတာ။ အဲဒါကမှ အမှန်။ အဲဒီလိုတွေ သင်ရတယ်ကွာ။ နောက် ... အင်္ဂလိပ်ကားတွေ ကြည့်ရင်လည်း သူတို့လေယူလေသိမ်းတွေ သေချာနားထောင်တတ်တယ် ...

ကြာလာတော့ အခုနက ရှင်ပြောသလို ဘိုသံပေါက်သွားတယ်ပေါ့၊ ဒါပါပဲ။ အဲဒီလို ဖြစ်ချင်ရင် မခက်ပါဘူး။ စာအုပ်တွေဝယ်ပြီး ကိုယ့်အိမ်မှာကိုယ် လေ့လာလို့ ရတာပဲ။ အားရင် အင်္ဂလိပ်စာလေး ဘာလေး နည်းနည်းပါးပါးပြန်လေ့လာ၊ Subtitels ထိုးထားတဲ့ ရုပ်ရှင်ကားတွေကြည့်ပေါ့။ တစ်ရက်နဲ့ မသိသာဘူး၊ တစ်ပတ်နဲ့ မသိသာဘူး၊ တစ်လလောက်မှာ ထူးခြားတယ် ထင်မယ်။ တစ်နှစ်လောက်ကြာရင်တော့ အနေအထားတစ်ခုကို ရောက်လာမှာပဲ ...

အချိန်ဆိုတာ ရွေ့လျားနေတဲ့ အရာတစ်ခုပါ၊ ကျွန်မတို့ လိုက်သည်ဖြစ်စေ၊ မလိုက်သည်ဖြစ်စေ သူကတော့ ကျွန်မတို့ကို သယ်ဆောင်သွားမှာပဲ။ တစ်နေ့ရာရောက်လို့မှ ကျန်ခဲ့တဲ့အချိန်တွေကို ပြန်လှည့်ကြည့်လိုက်လို့ နောင်တရနေရမယ့် အဖြစ်မျိုးကို မရှိရလေအောင် ကျွန်မကတော့ ဆင်ခြင်နေထိုင်တယ်"

"ဒါဆို စိန့် အမြင်မှာတော့ ကျွန်တော်က အသုံးမကျတဲ့ ကောင်တစ်ကောင် ဖြစ်နေမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး။ ရှင့်ထက်ဆိုးတဲ့လူတွေ လောကကြီးမှာ အများကြီးပဲ။ ကဲ ... စား ... မား၊ ကျွန်မရဲ့လက်ချာ တွေကို နားထောင်ပြီးစားရင် အစားအသောက် ပျက်နေမယ်။ ဘယ်လိုလဲ ကောင်းရဲ့လား"

သူက ဝက်ဦးနှောက်တစ်ဖတ်ကို ပါးစပ်ထဲ ထည့်ရင်းမှ ခပ်သွက်သွက် ခေါင်းညိတ်ပြမိသည်။

"ကောင်းတယ်ဗျ၊ ကျွန်တော် ကြိုက်တယ်။ စိန်ရော ကြိုက်လားဟင်"

"အရမ်းကြိုက်တယ်။ ကျွန်မက မိုးအုံ့ရင် မိုးရွာရင် ကြေးအိုးပဲ၊ နေသိပ်ပူမှသာ ကြေးအိုးဆီချက်စားတာ ... ကျွန်မ တစ်ယောက်တည်း လာစားရင် စားနေကြရှင့်။ အေးဆေးပဲ လမ်းလျှောက်လာလိုက်တာပဲ"

"ဗျာ ... လမ်းလျှောက်လာတယ်။ စိန်က ဘယ်မှာနေတာမို့လို့လဲ"

"ဟား ဟား ... ဟုတ်သားပဲ။ ရှင့်ကို ကျွန်မ ဘယ်မှာနေတယ်ဆိုတာ တစ်ခါမှ ပြောမပြဖူးဘူးနဲ့တူတယ်။ ကျွန်မက ဒီလမ်းထဲမှာပဲနေတာ ...

အိမ်က သိပ်မဝေးဘူးလေ"

"သြော် ... ဟုတ်လား။ ဟား ... ဒါဆိုရင် စိန်တို့က ဘောစိပေါ့"





"ဘောမစိပါဘူးဟယ်။ ဘိုးဘွားပိုင်မြေလေးပါ။ ခုခေတ် အခြေအနေနဲ့ဆို ဘယ်ဝယ်နိုင်တော့မလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဆရာစံလမ်းမှာ ခြံနဲ့ တိုက်နဲ့ နေနိုင်တယ် ဆိုတည်းက ကြွယ်ပိုး ကြွယ်ဝထဲကပါပဲ။ ဒါနဲ့ များတောင် စိန့်ကို ကြည့်ရတာ အေးဆေးပဲနော်"

"ဘာကို အေးဆေးတာလဲ"

"သြော် ... သိပ်ကြွားကြွားဝါဝါ မနေဘူးလို့ ပြောတာပါ။ ကိန်းခန်းတွေ ဘာတွေ သိပ်မကြီးဘူး။ ဒီလို ပိုက်ဆံလည်း ရှိ ပညာလည်းတော်တဲ့ မိန်းကလေးတစ်ယောက်က ကျွန်တော့်လို တောသားတစ်ယောက်ကို စိတ်ဝင်တစားနဲ့ ခင်မင်တာ နည်းနည်းတော့ အံ့ဩစရာ ကောင်းသလိုပဲနော်"

"ဘာမှ အံ့ဩစရာ မကောင်းပါဘူး။ ကျွန်မက သဘာဝ အတိုင်း နေထိုင်ရတာကို အကြိုက်ဆုံးပဲ။ ပေါ့ပေါ့ပါးပါးနဲ့ လူသားဆန်ဆန် နေထိုင်ရတာကို သဘောကျတယ်လေ ...

ကဲ ... ဒီနေ့အဖို့ ရှင့်မဟေသီအကြောင်း စကားမစပ်ရသေးဘူးနော်၊ ပြောပါဦး ... I wanna know about your feeling"

"အင်း ... မိုးအုံ့တော့ လွမ်းတယ်ဗျ ... အဟီး"

သူမက အသာအယာပြုံးကာ ခေါင်းတစ်ချက် ဆတ်လိုက်ရင်း ...

"သူလည်း ကြေးအိုး သိပ်ကြိုက်တယ်တဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တကယ်လား။ တကယ်ပြောတာလား"

"ကျွန်မ ဘယ်တုန်းက ညာဖူးလို့လဲ၊ အဲဒီတော့ ဒီအချိ မှာ သူ့ကို ကြေးအိုးသွားပို့ချင်တယ်ဆိုရင် ကျွန်မ ကူည မယ်"

"ဗျာ ... စိန်က သူ့အိမ်ကို သွားပို့ပေးမယ်ပေါ့"

"ဘာကိစ္စ ကျွန်မက ပို့ရမှာလဲ။ ရှင် သွားပို့ရမှာ။ ဒါပေ ရှင့်ကိုတော့ သူ့အိမ်ရှေ့ရောက်အောင် ကျွန်မ လိုက်ပို့ပေ မယ် ...

ယူ ... အိုကေ ?"

"ဟား ... အိုခေ ... အိုခေ ...၊ ဒါဆိုရင် ပါဆယ် ဝေ သွားရမှာပေါ့နော်၊ စိန် ကျွန်တော့်ကို တကယ်လိုက်ပို့မ ပေါ့"

သူမက ပြုံးရင်း ခေါင်းညိတ်ပြသည်။ အဲဒီပုံစံလေ က ချစ်ဖို့ကောင်းလွန်းသဖြင့် သူက နှာခေါင်းကိုတောင် လိမ် ပစ်ချင်လေသည်။ စိန့်ကို သူ ဘယ်လို လေးစားချစ်ခင်မှန်း မသိပါ။ အဲဒီနောက် သူဟာ စိန် မောင်းသော ကားပေါ်မှာ ကြေ အိုးထုပ်ကိုကိုင်လျက် ပါလာသည်။ မိုးဖွဲဖွဲအောက်မှာ စိန် သက်သောင့်သက်သာ အနေအထားဖြင့် ကားကို ကျင်လည် မောင်းနေတဲ့ပုံစံအား ကြည့်ရင်းမှ သူက သဘောတွေ ကျ သည်။





"သူ ကြေးအိုးကြိုက်တတ်တာ။ သူ ဘယ်မှာနေတယ်ဆို တာတွေ စိန် ဘယ်က စုံစမ်းထားတာလဲဟင်"

"This's Child Play for me ! ။ ရှင် တွေးထားရမှာက သူနဲ့တွေ့ရင် ဘာပြောရမလဲ ဆိုတာပဲ"

သူက စကားထပ်မဆိုမိတော့ဘဲ ငြိမ်သက်စွာ ရင် ခုန်သွားသည်။ သူမကို မမျှော်လင့်ဘဲ တွေ့ရတော့မှာမို့ သူ ရင် ထဲမှာ ပြောမပြတတ်အောင် လှုပ်ရှားနေသည်။ သူမရဲ့ အိမ်နေ ရင်း စတိုင်လ်လေးကိုလည်း သူက အထူးတလည် စိတ်ဝင်စား နေသေးသည်။ သူတစ်ယောက် မထင်မှတ်ဘဲ ရောက်လာတာ ကို သူမလည်း တော်တော်အံ့သြနေလိမ့်မည်။ သူ့ဘော်ဒါကြီး စိန် ပြောဖူးတာကတော့ လူတစ်ယောက်ကို ထင်မှတ်မထားတဲ့ Surprise တွေ မကြာခဏ လုပ်ပေးနိုင်ရင် အဲဒီသူဟာ ကိုယ့်ကို အမြဲသတိရနေတတ်တယ်တဲ့။

"ကဲ ... ဟိုးရှေ့က မြင်နေရတဲ့ သံတံခါး အပြာရောင် လေးက သူတို့အိမ်ပဲ၊ ရှင် ဒီကနေ လမ်းဆင်းလျှောက် သွားတော့၊ ကျွန်မ ဒီနားကပဲ စောင့်နေမယ်"

"ရတယ် ... ရတယ်၊ သွားလိုက်ဦးမယ် ... အဟဲ"

သူက ကြေးအိုးထုပ်ကိုကိုင်ကာ အိမ်သူတို့ အိမ်နား သို့ ချဉ်းကပ်လာခဲ့သည်။ အိမ်သူတို့ရဲ့အိမ်မှာ အရင်ခေတ်က ဒီဇိုင်းမျိုးဖြစ်ကာ တစ်ထပ်တိုက်ပြားပြားလေး ဖြစ်သည်။ ရှေ့သို့ရောက်လျှင် သူက ခြံတံခါးမှာ မြှုပ်ထားသော ဘဲလ်



www.burmeseclassic.com

www.burmeseclassic.com



ကို တီးလိုက်သည်။ ဘာတုံ့ပြန်သံမှ မကြားရ။ နောက်တစ်ချက် ထပ်နှိပ်လျှင် တံခါးပွင့်လာပြီး လုံးဝကို ထင်မှတ်မထားသော အိမ်သူ ကိုယ်တိုင်ပင် ထွက်လာသဖြင့် သူက လန့်ပြီး တံခါးနှင့် တောင် ကွယ်လိုက်ရသည်။

တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမည်ဆို တော့ သူ့မှာ လက်တွေတောင် တုန်လာလေသည်။ သူမကတော့ တံခါးနားအထိ ရောက်လာခဲ့ပြီ။

"ဘယ်သူလဲ မသိဘူး"

ကြည့်စမ်း ...။ ဒေါသမပါသော အသံလေးက ချိုသာလိုက်တာ။ သူမထံက ဒေါသသံတွေကိုပဲ နားထောင်ဖူးနေ တာကြောင့် ဒီလို ပကတိရိုးသားသော အသံသည် သူ့နားထဲမှာ တော့ အတော်ကြီးကို နားဝင်ချိုလို့နေသည်။

"ဘာကိစ္စလဲ မသိဘူးရှင့်"

သူမက တံခါးပေါက်အသေးလေးကို ဖွင့်လိုက်လျှင် သူကလည်း မျက်နှာကို သူမဘက်သို့လှည့်ကာ ဟဲခနဲ ရယ်ပြီး သား ဖြစ်သွားသည်။ သူ့ကို မြင်သွားသော သူမရဲ့မျက်နှာသည် သရဲတစ်ကောင်ကို မြင်လိုက်ရသလို ထိတ်လန့်သွားသလို အရုပ် ဖြစ်သွားသည်။

မယုံနိုင်ခြင်းများစွာဖြင့် အံ့သြအငိုက်မိနေချိန်က အခွင့်ကောင်းယူကာ သူမရဲ့အိမ်နေရင်း အလှကို သူက အပြည့် အဝ ရှုစားလိုက်မိသည်။





သူမသည် မိန်းမဝတ်စပို့ရှပ် အကျႌပ်လေးကို ဂျင်း ပန်အတိုလေးဖြင့် တွဲဝတ်ထားကာ စတိုင်လ်တစ်မျိုးဖြင့် လုံးဝကို လန်းနေသည်။ အိမ်နေရင်း ဖြစ်သဖြင့် ဘာမှခြယ်သမထားသော မျက်နှာလေးမှာ သဘာဝအတိုင်း ဖူးစင်လှပနေလေသည်။

"ရှင် ... ရှင် ... ဘာလုပ်တာလဲ ... ဟင်။ ကျွန်မကို အိမ် အထိတောင် လိုက်ပြီးနှောင့်ယှက်တာပေါ့ ... ဟုတ်လား"

သူမ အသံက အနုနကနှင့် ခြားနားစွာ ဒေါသသံ ဖြင့် စူးရှတောက်လောင်နေသည်။ သူ့အတွက် သီးသန့်ဖော်စပ် ထားသော ဒေါသသံလားတောင် မပြောတတ်ပါ။ သူက ကမန်း ကတန်းဖြင့် ပြန်ပြောရသည်။

"မ ... မဟုတ်ပါဘူး။ ကျွန်တော်လေ စေတနာနဲ့ပါ ... ဟိုဒင်း"

သူက အယောင်ယောင် အမှားမှားဖြင့် လက်ထဲက ကြေးအိုးထုပ်ကို မြှောက်ပြမိသည်။ သူမ အကြည့်က ကြေးအိုး အထုပ်ထံသို့ စူးခနဲ ရောက်သွားကာ ...

"ဘာလဲ ... ဘာမှ လာမလုပ်နဲ့။ ရှင် အခုထွက်သွား"

"သွား ... သွားမှာပါ။ ဒါပေမဲ့လေ ဒီကြေးအိုးလေးကို တော့ လက်ခံပေးပါ။ အိမ်သူ အရမ်းကြိုက်တယ်ဆိုလို့ ကျွန်တော် တကူးတက ဝယ်လာပြီး လာပို့ပေးတာပါ ... စေတနာနဲ့ပါဗျာ ... နော် ... လက်ခံပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... နှင်ကများ ငါ့ကို စေတနာနဲ့လေး ဘာလေးနဲ့။ ဒီမှာ ငါဟာငါ သေအောင်ကြိုက်ကြိုက် နှင် ကျွေးတာစားလောက်အောင် အထိတော့ မငတ်သေးဘူးဟဲ့ ...

နောက် ငါ့အိမ်ရှေ့ကို တစ်သက်လုံး မလာခဲ့နဲ့။ အခု ထွက်သွားတော့"

သူမက သူ့ကို ခွန်းစကားတစ်ယောက်၊ သူတောင်းစားတစ်ယောက်ကို မောင်းထုတ်သလို မောင်းထုတ်ကာ အိမ်ထဲသို့ လှည့်ဝင်ဖို့ ဆတ်ခနဲ လှည့်သွားသည်။ အဲဒီအခိုက်မှာ သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်းကို မသိပါ။ ဒါကြောင့် ရုတ်တရက် သတိလွတ်သလို ဖြစ်ပြီးနောက် သူမလက်ကို ဖျတ်ခနဲ သွားဆွဲမိလေသည်။ သူ့ကိုယ်သူတောင် ဒီလိုလုပ်မိမည် မထင်သော သူဟာ ကိုယ့်ကိုယ်ကိုယ် ပြန်အံ့ဩမိသွားသလို သူမကလည်း တော်တော်အံ့ဩဒေါသထွက်သွားပုံနှင့် သူ့ကို မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေသေးသည်။ သူကလည်း ဆုပ်ကိုင်ထားသော လက်ကောက်ဝတ်ကို ယောင်ပြီး မလွှတ်မိသေးချေ။ သူမက သူ့လက်ထဲမှ သူမရဲ့လက်ကို ဆောင့်ဆွဲရုန်းထွက်လိုက်ကာ ...

"နှင် ... နှင် ... လူပါးဝလှချည်လား။ ငါ့ကို အိမ်တိုင်ရာရောက်လာပြီး စော်ကားတာပေါ့လေ ... ဟုတ်လား ...

ဒီလောက်တောင် ဖြစ်ဦး။ စော်ကားရဲဦးဟာ"

သူမရဲ့လက်တစ်ဖက်က မြောက်တက်သွားပြီးနောက် သူ့မျက်နှာသည် ပူခနဲဖြစ်သွားကာ လည်ထွက်သွားလေသည်။





သူမကို ပြန်ကြည့်မိသော သူ့မျက်လုံးထဲမှာ မယုံနိုင်ခြင်းတွေက အပြည့်ပဲဖြစ်သည်။ သူမ ဒီလောက်ထိ လုပ်ရက်လိမ့်မည်ဟု ထင်မထားသဖြင့် ငေးကြောင်ပြီး ကြည့်နေသော သူ့ကို သူမက မှတ်ပြီလားဟူသော အောင်သေအောင်သား စားထားသည့် မဲ့ပြုံးတစ်ခုဖြင့် ...

"မှတ်ထား။ အဲဒါ ငါ့ကို အိမ်တိုင်ရာရောက် လာပြီး နှောင့်ယှက်တဲ့ အတွက် ...။ နှင်ကပဲ နှောင့်ယှက်နိုင်မလား၊ ငါကပဲ ပညာပေးနိုင်မလားဆိုတာ စောင့်ကြည့်လိုက်"

သူမက နာနာကြည်းကြည်းပြောကာ လှည့်ထွက်သွားပြီး တံခါးကို ဆောင့်ပိတ်လိုက်လေသည်။ သူသည် ငြိမ်သက်စွာ ရပ်နေပြီးမှ လာရာလမ်းသို့ တဖြည်းဖြည်းချင်း ပြန်လှည့်လာခဲ့သည်။ မိုးဖွဲဖွဲတွေက စတင်ရွာသွန်းနေသဖြင့် သူ့ပုံစံက တကယ့်ကို အသည်းကွဲ ဇာတ်ဝင်ခန်း ရိုက်ကူးသလိုတောင် ဖြစ်နေသည်။ ကြေးအိုးထုပ်လေးကိုင်ကာ လက်တစ်ဖက်က သူ့ပါးသူ ပွတ်ရင်း အိပ်မက်ထဲ လမ်းထလျှောက်သူလို ဝေဝေဝါးဝါး လျှောက်လာသော သူ့ကို စိန်က အံ့ဩတကြီး စိုက်ကြည့်သည်။ စိုးရိမ်မကင်းသော စိန့်ရဲ့မျက်လုံးလေးတွေ လက်လက်တောက်ပနေပုံကို မြင်ရလျှင် သူ့ရင်ထဲ၌ [illegible] ငိုချင်သွားသည်။

"လှမျိုးခင် ... ရှင် ဘာဖြစ်လာတာလဲဟင်"

"စိန် ... ကျွန်တော်လေ ..."

www.burmeseclassic.com



"အင်း ... ရှင် ဘာဖြစ်တာလဲ။ လာ ... လာ ... ကားပေါ်တက် ... ကားပေါ်တက်"

မိုးတွေက ဖွဲစိဖွဲစိ ရွာသွန်းလာသောကြောင့် သူမက သူ့ကို ဂရုတစိုက်နှင့် ကားပေါ်သို့ တက်ခိုင်းသည်။ ကားပေါ်ထိုင်မိသော သူဟာ ဘာမှမပြောနိုင်ဘဲ ငိုင်တွေနေမိသည်။ ဒေါသရောင် သင့်နေသော မျက်နှာတစ်ခုရယ်၊ ရက်ရက်စက်စက် ပြောထွက်ရက်သော နှုတ်ခမ်းတစ်စုံရယ်သည် လောလောဆယ်မှာတော့ သူ့ကို အသက်နှုတ်ထားလေသည်။

"လှမျိုးခင် ... ရှင် အိမ်သူနဲ့ တွေ့ခဲ့လား"

"တွေ့ခဲ့ပါတယ်"

"တွေ့ခဲ့တော့ ..."

သူမက စကားထောက်ပေးသည်။ သူက စိန့်ကို အားကိုးတကြီး လှည့်ကြည့်လိုက်ရင်းမှ ...

"ကျွန်တော် ပါးရိုက်ခံခဲ့ရတယ်"

"အို ... ကျွတ် ... ကျွတ် ...။ ရှင် နောက်ဆုတ်ချင်ပြီလားဟင်"

"ဟင့်အင်း ... စိန့်ကို ယုံတယ်။ စိန် ပြောတာတွေက တကယ်ဖြစ်လာတာပဲ။ ဒါကြောင့် သူ ကျွန်တော့်ကို လက်ခံလာလိမ့်မယ် ဆိုတာကိုလည်း တကယ်ကို ယုံကြည်တယ်ဗျာ ...

စိန် ... ဂိုက်တီး"





သူက ကိုရီးယားကားထဲကလို လက်သီးဆုပ်ပြီး မာန်တင်း အားပေးလိုက်လျှင် သူမက ရူးများသွားပြီလားဟူသော အကြည့်မျိုးဖြင့် ကြည့်နေသည်။ ပြီးတော့မှ ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်လျှင် သူကပါ လိုက်ရယ်မိတော့သည်။ ကြိုတင်ပြင်ဆင်ထားခဲ့သော ဒုက္ခများသည် ရယ်စရာအဖြစ်သို့ ပြောင်းလဲသွားရန်မှာ ခံယူတတ်မှုနှင့် ဆိုင်သည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

စိန်တို့ရဲ့ တစ်နေ့တာ သင်ကြားမှု အတန်းပြီးဆုံးသွားချိန်တွင် ရာသီဥတု၏ အနေအထားမှာ မှိုင်းပျပျ ရှိနေသည်။ နှင်းပွင့်ကို သူ့ရည်းစားက လာကြိုသွားပြီးနောက် စိန် တစ်ယောက်တည်း ကားပါကင်သို့ ထွက်လာခဲ့သည်။ စိန်ရဲ့ကားနံဘေးတွင် လှမျိုးခင်က စောင့်နေသည်။ အဲဒီလို စောင့်နေဖို့ကိုလည်း မနက်တည်းက ဖုန်းဆက်ပြီး မှာထားပြီးသား ဖြစ်လေသည်။ စိန်က သူ့ကို တစ်ချက်ပြုံးပြပြီး ...

"ကဲ ... ကားပေါ်တက်"

"ဗျာ ... ကားပေါ်တက်ရမှာလား"

"အင်း ... တက်။ တစ်နေရာကို သွားစရာရှိတယ်"

သူက ဘာမှထပ်မမေးတော့ဘဲ ကားပေါ်တက်လျှင် စိန်သည် ကားကို မောင်းထွက်လာခဲ့သည်။ ခဏကြာတော့မှ သူ့ဘက်သို့ မကြည့်ဘဲ စိန်က စကားစ,လိုက်သည်။





"ဒီနေ့ ရှင့်ကို အရေးကြီးတဲ့စကားတွေ ပြောမလို့ လှမျိုးခင်။ ရှင့်အတွက် တကယ့်ကို အပီအပြင် လှုပ်ရှားရတော့မယ့် အပိုင်းကို ရောက်လာပြီ။ ဒီတော့ ရှင် ဘယ်လိုတွေဆက်လုပ်ရမယ်ဆိုတဲ့ အကြောင်းအရာတွေကို ကျွန်မပြောမယ်"

"ဗျာ ... တကယ်လား။ ဘာတွေ ပြောမှာလဲဟင်"

"ခဏနေ ပြောမှာပါ။ သိပ်မကြာတော့တဲ့ အချိန်မှာပေါ့။ အခု အေးအေးဆေးဆေး စကားပြောလို့ရမယ့် နေရာကို သွားနေတာ ...

သိပ်မကြာဘူး ရောက်တော့မှာပါ"

သူက အလိုက်သိဟန်ဖြင့် ဘာမှထပ်မမေးတော့ချေ။ ဘာများပြောမလို့ပါလိမ့် ဟူသော အတွေးဖြင့် ငြိမ်သက်သွားသော သူ့ကိုကြည့်ကာ စိန်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သေးသည်။ လှမျိုးခင် ဝတ်စားဆင်ယင်ထားသော ပုံစံကိုလည်းကြည့်ကာ မသိမသာ ခေါင်းယမ်းရသေးသည်။ အနီရောင်ပန်းပွင့်အဆင် Alter ရှပ်အကျပ်ကို ကျပ်ကျပ်ထုပ်ထုပ် ဝတ်ထားသောကြောင့် အင်္ကျီက ချုပ်ရိုးကြောင်းရာတွေတောင် တင်းထွက်နေသည်။

ယောကျ်ားလေးတစ်ယောက်အနေဖြင့် ဝ,သည်ဟု မဆိုနိုင်သော်လည်း အသားများနေသည့် လှမျိုးခင်သည် ခပ်ဖိုင့်ဖိုင့်လို ဖြစ်နေတာတော့ အသေအချာပင်။ ဒါတောင် အနေဖြင့် နေသဖြင့် ခံသာနေခြင်းဖြစ်သည်။ လူက ခပ်ထွားထွား၊ အသားက ခပ်ညိုညို၊ နေတာ ထိုင်တာ ဝတ်တာ စားတာက အထာမကျ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဂွမ်းနေတာလည်း မပြောနဲ့တော့။ အခုတော့ အဲဒီပုံစံတွေကို ပြောင်းလဲဖို့ အချိန်တန်ပြီ ဖြစ်လေသည်။

စိန်သည် အတွေးဆုံးသောအခါ ကားကို စိမ်းလန်းစိုပြေဥယျာဉ်ထဲရှိ ကားပါကင်တွင် ရပ်လိုက်သည်။ နောက်တော့ သူနဲ့ စိန်သည် အထဲဒီထဲက Zephyr စားသောက်ဆိုင်လေး၏ တွင် မျက်နှာချင်းဆိုင် ထိုင်ခဲ့ကြလေသည်။ သူက သာယာလှပသော ပတ်ဝန်းကျင်ကို သဘောကျနေဟန်ရှိသည်။

"ဒီနေရာကို ရှင် ကြိုက်နေတာလား"

"ဟုတ်တယ်ဗျ။ ကျွန်တော် တစ်ခါမှ မရောက်ဖူးဘူး။ ဗီဒီယိုကားတွေထဲမှာတော့ တွေ့ဖူးနေတာ။ အပြင်မှာ ပို သာယာပြီး ပိုလှတယ်နော် ...

အင်း ဒီနေရာမျိုးက တစ်ယောက်တည်း လာရင်တော့ ကြောင်တောင်တောင် ဖြစ်နေမှာ"

"မဖြစ်ပါဘူးရှင်။ ကျွန်မဆို တစ်ခါတလေ တစ်ယောက်တည်းလည်း လာထိုင်တတ်ပါတယ်။ ကဲ ... တစ်ခုခုမှာ ဘာစားမလဲ"

"ဗိုက်တော့ နည်းနည်းဆာနေတယ်။ ဒါပေမဲ့ စိန်က အရေးကြီးတဲ့စကားတွေ ပြောမှာဆိုတော့ ..."

"ပြဿနာ မရှိပါဘူး။ စားရင်း သောက်ရင်း ပြောကြတာပေါ့။ ကျွန်မက Fish & Chips နဲ့ ယမ်းဆီပေါ့စ်ရည်။ ရှင်ရော"





အနားမှာ စိတ်တာက လာရပ်နေသဖြင့် သူမက မှာကြားရင်း သူ့ကိုပါ မေးလိုက်တာဖြစ်သည်။ သူကတော့ များများစားရမှ ဗိုက်ဝသူပီပီ ...

"မလေးရှားခေါက်ဆွဲကြော် တစ်ပွဲခင်ဗျ၊ ပြီးတော့ မန်ကျည်းတစ်ခွက်"

စိတ်တာထွက်သွားသွားလျှင် သူမက ခေါင်းတစ်ချက်ဆတ်ကာ သူ့ကို တည်တည်ငြိမ်ငြိမ် စိုက်ကြည့်လိုက်သည်။ ကိုယ်က လေးနက်သော စကားတစ်ခွန်းပြောမည်ဆိုလျှင် တစ်ဖက်သား၏ မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီး ပြောတာက ပိုကောင်းပါသည်။

"လွမ်းမိုးခင် ရှင့်ကို ကျွန်မ ပြောခဲ့တယ်နော်။ ရွှေအိမ်သူ့ကို ရှင် ကြိုးစားတဲ့ကိစ္စမှာ အပိုင်းနှစ်ပိုင်းခွဲပြီး ကြိုးစားရမယ်ဆိုတာ ...

ပထမပိုင်းကတော့ ရှင့်ရဲ့မူလဘူတ ဥပဓိရုပ်မှန်တဲ့ ကြိုးစားတဲ့ အပိုင်းပေါ့။ အဲဒီအပိုင်းမှာ ရှင်က အတိုင်းအတာ တစ်ခုထိ ရောက်ခဲ့ပြီ ...

အခု ဒုတိယပိုင်းကို ကူးပြောင်းရတော့မယ့် ကာလ ဖြစ်တယ်။ အဲဒီအတွက် ရှင် လုပ်ရမယ့် အရာတွေရှိတယ်"

"ဘာတွေလဲဟင်"

"ဘာတွေလဲဆိုတော့ ရှင့်ရဲ့ အခုလက်ရှိ စတိုင်လ်ကို လုံးဝပြောင်းလဲပစ်မယ့် အရာတွေပေါ့။ ရှင့်ကို ဒီ့ထက် ကြည့်ကောင်း ချောမောလာအောင်လုပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... အခုက ကျွန်တော်က မကြည့်ကောင်း မချောမော ဘူးလားဟင်"

ရိုးသားစွာနှင့် မေးရှာသော သူ့စကားကြောင့် စိန်က မရယ်ရက်တော့ဘဲ ကြင်နာနူးညံ့စွာဖြင့်သာ ပြုံးပြလိုက်မိသည်။

"အခုလည်း ကြည့်ကောင်းပါတယ်။ ချစ်တဲ့သူရဲ့ မျက်စိ ထဲမှာပေါ့။ မချစ်တဲ့သူရဲ့ မျက်စိထဲမှာတော့ ဘယ်ကြည့် ကောင်းမလဲ။ အဲဒီတော့ ရွေးအိမ်သူရဲ့မျက်စိထဲမှာ ရော ကြည့်ကောင်းသွားဖို့ လုပ်ရမှာ"

"ဟာ ... အဲဒီလိုလား"

"ဟုတ်တယ်။ ဒီအတွက် ရှင် Body Beauty သင်တန်း တက်ရမယ်"

"ဗျာ ! Body Beauty ဆိုတာ ကိုယ်လုံးကိုယ်ပေါက်လှ အောင်တက်တဲ့ သင်တန်း မဟုတ်လား"

"ဟုတ်တယ်လေ"

"ဟာ ... အဲဒါ မိန်းမတွေမှ တက်တာမဟုတ်ဘူးလား။ ကျွန်တော်က အဲဒါတွေ သွားတက်ရင် တင်တွေ ရင်တွေ ထွက်လာမှာပေါ့ ...

အာ ... အဲဒီလိုကြီးတော့ မလုပ်ပါရစေနဲ့ဗျာ၊ တခြား ဟာ ခိုင်းပါ"

စိန်က သူ့ကို ထုံလိုက်တာဟူသော ပုံစံဖြင့် နှုတ် ခမ်းတစ်ချက်မဲ့ပြီး ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။





"ရှင် တော်တော်ဝေးတာပဲ လူမျိုးခင်ရဲ့။ Body Beauty ဆော့တယ်ဆိုတိုင်း မိန်းကလေးတွေပဲ လှအောင်ဆော့တဲ့ အရာလို့ ထင်နေလား ...

မိန်းကလေးတွေလည်း မိန်းကလေး ကိုယ်လုံးကိုယ် ပေါက်လှအောင် သူ့စနစ်နဲ့သူ ဆော့ရသလို ယောကျ်ား လေးတွေလည်း ယောကျ်ားပီသပြီး ကြံ့ခိုင်တဲ့ Body ဖြစ် အောင် ယောကျ်ားပီပီသသ လှတဲ့ Body ဖြစ်အောင် Body Beauty ဆော့ရတာပဲလေ။ မိန်းကလေးမှ Body Beauty ရှိတာမဟုတ်ဘူး ...

ယောကျ်ားတွေမှာလည်း ရင်အုပ်အလှ၊ ဝမ်းဗိုက် ကြွက်သားအလှ၊ လက်မောင်းကြွက်သားအလှ စတာတွေ ရှိတယ်။ မောင်ဗမာတွေလို Heavy မဟုတ်ဘဲ ကြံ့ခိုင်ရုံ လှပတဲ့ ယောကျ်ားလေးခန္ဓာကိုယ် အချိုးအစားတွေရှိတယ်။ ရှင် ကိုရီးယားမင်းသားတွေ၊ အဆိုတော်တွေရဲ့ Body Beauty တွေ မမြင်ဖူးဘူးလား"

စိန်ရဲ့အပြောကြောင့် သူက စဉ်းစားသလို မျက်လုံး ထောင့်ကပ်သွားသည်။

"သူတို့ဆီမှာ အဆိုတော်ပဲဖြစ်ဖြစ်၊ မင်းသားပဲဖြစ်ဖြစ် Body Beauty လှအောင် ဂရုစိုက်ကြရတယ်။ မျက်နှာတွေ က နုဖပ်နေပြီး မိန်းမချော ချောကြပေမယ့် Body တွေ က လုံးဝယောကျ်ားပီသပြီး ဆွဲဆောင်မှုရှိအောင် လုပ်ထား ကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



တချို့ကရှိတယ်၊ ဝ,မလာအောင် ထိန်းထားတယ် ဗိုက်မှ မပူတာပဲ၊ ဖက်တီးပုပ်မှ မဟုတ်တာဘဲလို့ ပြောကြ မယ်။ မဆိုင်ဘူး ဗိုက်မပူတာဟာ လှတဲ့အဆင့် မဟုတ် သေးဘူးလေ။ ရုပ်မဆိုးတဲ့အဆင့်ပဲရှိတာ။ တကယ်တမ်း ဝမ်းဗိုက်ကြွက်သားတွေ တောင့်တင်းပြီး ကြွက်သားမြောင် တွေ သူ့အကွက်နဲ့သူ ပေါ်လာတာကမှ တကယ့်စွမ်းဆောင် မှုအစစ် အလှစစ်ကိုရတာ”

ဒီအချိန်မှာ စားစရာတွေ လာချသဖြင့် စကားစပြတ် သွားသည်။ စိန်က ငါးအသားလွှာ အပြားလေးများကို ချိ ပေါင်မုန့် အစလေးများဖြင့် ကြော်ထားသော အသားပြားတစ် အား အချဉ်ရည်ဖြင့် တို့စားရင်းမှ ဆက်ပြောမိသည်။

“ရှင် ကိုရီးယားအဆိုတော် Rain ကို သိတယ်မဟုတ်လာ သူ့ရဲ့ ဘယ်ရီအကွက်က (၈)ကွက်ရှိတယ်။ သိပ်လှတယ်

စိန်ရဲ့အပြောကို သူက ခေါက်ဆွဲကြော်စားရင်း ဟင်းကနဲ ရယ်မဲ့ကာ ...

“စိန်တို့များ ဒါတွေပဲ လိုက်ကြည့်ထားတယ်နဲ့ တူတ နော်။ အတိအကျကို သိနေတော့တာပဲ ...

မိန်းကလေးတွေလည်း ငမ်းတတ်ကြတာပဲ ... ဟင်

အညာသားရဲ့အဖွဲ့ကို စိန်က မမှုပါ။ ပခုံးတော တစ်ချက် တွန့်လိုက်သေးလျက် ...





“ငမ်းတယ်ပဲပြောပြော၊ ရှုံးတယ်ပဲပြောပြော၊ ဘာကိုမှငြင်း ဆန်မှာ မဟုတ်ဘူး။ မိန်းမလည်း လူပဲလေ။ မိန်းမတွေ မှာလည်း ဆန့်ကျင်ဘက်တွေရဲ့ Body Beauty ကို ခံစား ခွင့် ရှိတာပဲ ...

ကျွန်မကတော့ ရှင်းရှင်းပဲ။ အဲဒီလို Body Beauty လှတဲ့သူတွေကို သဘောကျတယ်။ မပျင်းအဲ ကစားတဲ့ အတွက်ရှိုးကျူးတယ်။ Celebrity တစ်ယောက်က ဒါမျိုးပဲ ဖြစ်သင့်တယ်။ သူတို့ဆီက မင်းသားတွေရော၊ အဆိုတော် တွေရော Body Beauty ဆော့ကြတယ်။ ဒါကြောင့် အဝတ်အစား ဝတ်တဲ့အခါမှာလည်း စမတ်ကျပြီး အရမ်း ကြည့်ကောင်းကြတာပေါ့။ Body fitting တီရှပ်ဝတ်တဲ့အခါ သိပ်လှတယ်။ ဗိုက်လှန်မပြပေမယ့် အထဲမှာ ကစားထားတဲ့ ကြွက်သားအမြောင်းတွေ ရှိနေတယ်ဆိုတာ မှန်းကြည့်လို့ ရအောင်ကို သိသိသာသာလှတာ ...

အခုဆို ရှင် ဒီလို Fitting Shirt တွေ ဝတ်တယ် နော်။ လုံးဝကြည့်မကောင်းဘူး။ ရှင် ဗိုက်ပူ ဗိုက်ရွဲတစ် ယောက် မဟုတ်ဘူး။ ဒါပေမဲ့ အခုနက ကျွန်မ ပြောသလိုပဲ ဗိုက်မပူတာဟာ လှတဲ့အဆင့် မဟုတ်သေးဘူးလေ”

“ဒါဆို ဗိုက်ပူတဲ့ ယောကျ်ားလေးတွေက ရုပ်ဆိုးတယ်လို့ စိတ်ပျက်စရာလို့ စိန်က ပြောချင်တာလား”



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ပါဘူး။ သူတို့ဟာ သူတို့ ပူပူနွဲနွဲ ကျွန်မနဲ့ဆိုင်တဲ့ကိစ္စမှ မဟုတ်တာ။ သူတို့ မယားသီတွေ ကျေနပ်ရင်ပြီးတာပဲလေ ...

ကဲ ... ဒီတော့ ရှင် ကျွန်မ ပြောတာကို သဘောပေါက်ပြီလား"

"ပေါက်ပါပြီ ... ပေါက်ပါပြီ။ ကျွန်တော်က ဒါဆိုရင်အဲဒီလိုမျိုးဖြစ်ဖို့ လေ့ကျင့်ကစားရမယ်ပေါ့ ...

အဲဒီလို ကိုရီးယားမင်းသားတွေလို ဗိုက်ကြွက်သား(၈)ကွက်ရှိရင်၊ ပြီးပြီပေါ့"

"အင်း ... အဲဒါက တစ်ယောက်နဲ့ တစ်ယောက် မတူဘူးနော်။ တချို့က (၆)ကွက်ထွက်တာ ရှိတယ်။ တချို့က (၈)ကွက်ထွက်တာ ရှိတယ်။ သူ့ရဲ့ Body Shape ပေါ်မူတည်ပြီး ထွက်ကြတာပဲ ...

Super Junior အဖွဲ့ထဲက ကောင်လေးလေ။ အနုဆန်းမီနဲ့တောင် Oh! My lady ဆိုတဲ့ ဇာတ်လမ်းတွဲ ရိုက်ထားတဲ့ မင်းသားဆိုရင် ဘယ်ဒီရိကွက်(၆)ကွက်ပဲ ထွက်တယ်။ ယောကျ်ားတစ်ယောက်နဲ့ တစ်ယောက်တော့ မတူတတ်ဘူး"

သူက စိန့်ရဲ့အပြောကို ဩချတယ်ဟူသော ပုံစံဖြင့် မျက်လုံးကြီး ဟမင်ပြူးပြကာ ...





"ဟား ... စိန်က အဲဒါတွေကို တကယ်ကြည့်တာပဲ။ ဟားအဲဒါမျိုးတွေကို သဘောကျတယ်ပေါ့"

"ကျတာပေါ့၊ ကျတယ်ဆိုတာ ဘယ်လိုပြောရမလဲ၊ ရှင်တို့မိန်းမချောတစ်ယောက်ကို ခံစားသလိုပေါ့၊ လှတာတွေ့ရင်ခံစားအားပေးလိုက်တာပဲလေ။ ဒါပေမဲ့ မြင်ကွင်းထဲကပျောက်သွားတာနဲ့ ဘာမှမရှိတော့ဘူး မဟုတ်လား ...

အဲဒီလို သဘောတရား အတိုင်းပါပဲ"

"ဟား ... စိန်ရာ"

သူက စိန်ရာ စိန်ရယ်ဖြင့် တဟားဟား ဖြစ်နေတုန်းမှာပဲ စိန်က သူ့ကို လိပ်စာကတ်ပြားလေးတစ်ခုအား ထုတ်ပေးလိုက်သည်။

"အဲဒါ ရှင် သွားတက်ရမယ့် သင်တန်းရဲ့ လိပ်စာပဲ။ အဲဒီက ဆရာနဲ့ ကျွန်မနဲ့ သိတယ်။ သူက ရှင့်ကို Rain ရဲ့ Body Structure မျိုးဖြစ်အောင် လေ့ကျင့်ပေးလိုက်လိမ့်မယ် ...

သူ Training ပေးတဲ့အတိုင်း ရှင် တိတိကျကျလိုက်နာပါ။ ကောင်းလွန်းအားကြီးတဲ့အရာ၊ တန်ဖိုးရှိတဲ့အရာတိုင်းအတွက် သက်သောင့်သက်သာဆိုတဲ့ စကားလုံးမရှိဘူး ဆိုတာတော့ ရှင် သဘောပေါက်ထား"

သူက လိပ်စာကတ်ပြားလေးကို လှမ်းယူပြီး ကြည့်ရှုကာ စိန့်ကို တစ်ချက်မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဖြစ်သွားရင် အိမ်သူက ကျွန်တော့်ကို ပြန်ချ
မယ်လို့ စိန်က ထင်နေတာလား"

သူ မေးတဲ့ပုံစံက မဖြစ်နိုင်လောက်ဘူး ဟူသော
အမြင်တွေ ပါဝင်နေတာကို စိန်က ရိပ်မိလိုက်သဖြင့် ခပ်လှ
လွန့်ပင် ပြုံးကာ သူ့ကို သဘောတကျ စိုက်ကြည့်မိသည်။ ဒါ
သူက အနေရခက်သွားသော ပုံစံဖြင့် ...

"ဟို ... ကျွန်တော်က စိန့်ကို မယုံလို့ပြောတာ မဟုတ်
ဘူး"

"ရပါတယ်။ မယုံလို့ပြောတယ်ဆိုလည်း ပြဿနာမရှိပါဘူ
ရှင့်မှာ မယုံကြည်နိုင်ခွင့် ရှိတာပဲ။ ဒီလို ပြောတိုင်း မ
တတ်ဘဲ ကိုယ့်အတွေးအခေါ်နဲ့ကိုယ် စူးစမ်းဆင်ခြင်
မယုံတတ်တော့တာကပဲ ရှင့်အရည်အချင်းကို ပြသနေတ
လေ။ ဒါ ရှင် တိုးတက်လာတဲ့ သဘောပဲပေါ့ ...

ရန်ကုန်ရောက်စတုန်းက ရှင် ဒီလိုမှ မဟုတ်တာ

"ဟဲ ဟဲ ... စိန်ကလည်း မြှောက်နေပြန်ပြီ"

"မမြှောက်ပါဘူး၊ ကဲ ... အခုနက စကားဆက်ကြရအောင်
ရှင် အဲဒီလို ပြောင်းလဲသွားတာနဲ့ အိမ်သူက ရှင့်ကို
ချစ်ဖို့ဆိုတာ ရာနှုန်းနည်းပါတယ်၊ နောက်ထပ် ဆိုက်
သဘောတရားတွေနဲ့ သူ့ကို ချဉ်းကပ်ရဦးမယ်"

"ဗျာ ... ဆိုက်ကိုသဘောတရားတွေ ! ဟုတ်လား။ ဟ
မိန်းကလေးတစ်ယောက်ကို ရည်းစားတော်ရဖို့အရေး၊ ချ





ဖြစ်ခွင့်ရရေးအတွက် ဒီလောက်တောင် ခက်ခဲနက်နဲမှန်း
ကျွန်တော်၊ မသိခဲ့ပါဘူးဗျာ"

"လူ့စိတ်ဆိုတာ ဆန်းကြယ်တယ် လှမျိုးခင်။ လူ့သဘာဝ
အရ ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် လိုက်ရင် ပြေး
တတ်တယ်။ မလိုက်တော့တဲ့အခါ ပြေးနေတဲ့ သူကလည်း
ရပ်သွားတတ်တယ် ...

လူတစ်ယောက်ရဲ့ သိစိတ်မှာပဲဖြစ်ဖြစ်၊ မသိစိတ်မှာပဲ
ဖြစ်ဖြစ်၊ စွဲလမ်းခြင်းဆိုတာလည်း ရှိတတ်တယ်၊ အဲဒီလို ...
အဲဒီလို သဘောတရားတွေနဲ့ ရွှေအိမ်သူရဲ့ စိတ်နေစိတ်
ထား အနားကို ကျွန်မတို့က ချဉ်းကပ်သွားမှာ ဖြစ်တယ် ...

အခုလောက်ထိပဲ ရှင် နားလည်ထားပါဦး။ နီးကပ်
တော့မှပဲ ရှင့်ကို ကျွန်မ ဆက်ပြောပြမယ်။ ရှင့်အနေနဲ့
သူ့ကို စကားလိုက်ပြောတာမျိုး မလုပ်တော့ဘဲ သူ့အလာ
ကို ထိုင်စောင့်တာမျိုးကိုပဲ ပုံမှန်လုပ်သွားတော့။ စကား
လိုက်ပြောတာမျိုးက သောကြာနေ့ တစ်ရက်တည်းကိုပဲ
လုပ် ...

အဲဒီ အလေ့အထကို သူ့စိတ်ထဲမှာ စွဲနေတဲ့အထိပဲ
လုပ်ရတော့မယ်။ Do you understand ? "

"ကျွန်တော် သိပါပြီ"

"အိုခေ ... ဒါဆိုရင် မနက်ဖြန်ပဲ အားလုံးကို အကောင်
အထည်ဖော်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ၊ စိန် ကြိုက်တဲ့ Body Beauty ဖြစ်အောင် ကျွန်တော် အားသွန်ခွန်စိုက် ကြိုးစားပါမယ် ... ဂိုက်တီး"

သူကတောင် စိန့်ကို ပြန်လည်အားပေးနေသဖြင့် စိန်က သဘောကျစွာ ရယ်မိသည်။ ရိုးသားသော ယောက်ျားတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခွင့်ရခြင်းသည် လိမ်ညာလှည့်ဖြားတတ်သော ယောက်ျားတစ်ယောက်နှင့် ရည်းစား ဖြစ်ရတာထက်တော့ အများကြီးပို၍ ကောင်းသည်ဟု စိန်ကတော့ နားလည်လက်ခံ ယုံကြည်ထားလေသည်။



၁၆

မိန်းကလေးတို့သည် မွေးရာပါ ဗီဇစိတ်စွမ်းအင်အရ ယောက်ျားလေးတစ်ယောက်က ကိုယ့်ကို စိတ်ဝင်စားနေသလား၊ စိတ်မဝင်စားဘူးလား ဆိုတာ ခွဲခြားသိနိုင်စွမ်း ရှိကြလေသည်။ အိမ်သူသည်လည်း ကိုယ့်ကိုတော့ဖြင့် ဘယ်သူက စိတ်ဝင်စားနေသလဲ၊ အရူးအမူး ဖြစ်နေသလဲ ဆိုတာလောက်တော့ မခွဲခြားနိုင်တဲ့အထိ မညံ့သေးပါ။ ခုချိန်မှာတော့ အိမ်သူသည် ဖြစ်ချင်နေတာကတခြား၊ ဖြစ်နေတာကတခြားလို့ ပြောရတော့မယ့် အခြေအနေမှာ ရောက်နေလေသည်။

လိုတာမရ ရတာမလိုဟူသော စကားသည် အပျိုကြီး လူပျိုကြီးတွေ အတွက်မှ မဟုတ်ဘဲ အိမ်သူတို့လို အရွယ်တွေအတွက်လည်း ဖြစ်နိုင်သည်ဆိုတာ သဘောပေါက်ခဲ့ရပြီဖြစ်သည်။ အိမ်သူ့အနားမှာ ချစ်ချင်သူတွေ၊ ကြိုက်ချင်သူတွေ ထိုင်းနေပါလျက်နှင့် အိမ်သူ စိတ်ဝင်စားနေခဲ့သူက တစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်တိုင်ကလည်း ချောမောလှပသလို လှတာချောတာကိုမှ ကြိုက်သော အိမ်သူသည် လင်းပြေနှင့် တွဲသွားလေတိုင်း လူတွေက နှုတ်ဖက်သည့်စုံတွဲအလား လိုက်လံငေးမောတာကို တိတ်တဆိတ် ကျေနပ်သဘောကျရသူ ဖြစ်သည်။

အလုကို ကိုးစားကာ ဘယ်ယောကျ်ားလေးကိုမှ အဖက်မလုပ်ခဲ့သော အိမ်သူသည် ကိုယ့်ကို အဖက်မလုပ်သော လင်းပြေနှင့် ကြုံရသောအခါ အသည်းတွေ ယားနေသည်။ သူက အဖက်မလုပ်တာတော့ မဟုတ်ချေ။ တွေ့ရင် နှုတ်ဆက်သည်။ ကြုံရင် စကားပြောသည်။ ဒီထက်တော့ ဘာမှမပိုပါ။ ယုတ်စွအဆုံး အိမ်သူရဲ့ဖုန်းနံပါတ်ကိုတောင် မတောင်းချေ။ အဲဒီလို ဖုန်းနံပါတ်လေးတောင် မတောင်းတာဟာ လုံ;ဝကြီး စိတ်မဝင်စားပါလို့ မတောင်းတာဟုလည်း အိမ်သူက မထင်ချေ။ ပုံမှန်အားဖြင့်ဆိုလျှင် ဒီခေတ်ထဲမှာ ဒီလောက်ရင်းနှီးမှု အတိုင်းအတာအရ တစ်ယောက်ဖုန်းနံပါတ်ကို တစ်ယောက်ကတောင်းတာဟာ ဘာမှ မရိုးသားစရာအကြောင်း မရှိပေ။ မတောင်းတာကတောင် မရိုးသားသလို ဖြစ်နေသေးသည်။

အိမ်သူက သူ့ကို တခြားသူတွေထက် အခွင့်အရေးတွေ ပေးထားပါလျက်နှင့် အိမ်သူ့အနားသို့ နီးကပ်စွာ ရောက်မလာခြင်းသည် အိမ်သူ့ကို ယဉ်ယဉ်လေးနှင့် စော်ကားသည်ဟုတောင် တွေးလို့ရလေသည်။ သူဟာ ဆရာကျသော ယောကျ်ားတစ်ယောက်လားလည်း မပြောတတ်တော့ချေ။ သူ့အပေါ်မှာ အိမ်သူက





favour ပေးသည်ဟု ထင်၍ တမင် ပဲများနေတာလားတော့ မပြောတတ်ပါ။ သူနဲ့ ပတ်သက်ပြီးတော့ အိမ်သူသည် တော်တော် ခေါင်းစားရလေသည်။

သူနဲ့ ပတ်သက်ပြီး ခေါင်းစားရတာက တစ်မျိုး၊ ဟို အူကြောင်ကြောင်နဲ့ ပတ်သက်ပြီး ခေါင်းနောက်ရတာတစ်မျိုး နဲ့ အိမ်သူတော့ ရူးတော့မည်ဟု ထင်သည်။ အူကြောင်ကြောင်ရဲ့ တစ်ဝက်သာ သူက အိမ်သူ့ကို စွဲလမ်းခဲ့ပါလျှင် အိမ်သူ မည်မျှ ကျေနပ်ရမည်နည်း။ အခုတော့ အိမ်သူက မလုပ်သောမြင်းကို လှုပ်အောင် နှဲ့ရတော့မည် ဖြစ်လေသည်။ ဒီအတွက်လည်း အိမ်သူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့် ကျောင်းသို့ သွားခဲ့သည်။ ကျောင်းမှာလည်း သူ့ကို တွေ့ပါသည်။ ကြိုတင် စိတ်ကူးထားသည့် အတိုင်းပင် ...

"လင်းပြေ ... ရှင့်ကို ရှာနေတာ အတော်ပဲ"

သူက ပျိုမဒီတွေ စွဲမက်ရသော အပြုံးမျိုးဖြင့်ပင် ချက်ခုံးတစ်ချက် ပင့်ပြလိုက်သေးကာ ...

"ဟုတ်လား ... ကိုယ် ဘာကူညီပေးရမှာလဲ"

အတပ်သိနေသလိုပြောသော သူ့ပုံစံကြောင့် အိမ်သူက လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသေးသည်။ ဒါကြောင့် ပြောတာပေါ့၊ သူက ဆရာကြီးပါလို့။

"ဟယ် ... ရှင်က အကြားအမြင် ရနေတာလား။ ကျွန်မ အကူအညီတောင်းမယ်ဆိုတာ ဘယ်လိုလုပ် သိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရှင့်ကို ရှာနေတာ အတော်ပဲဆိုတဲ့ လေသံက တစ်ခုခု အကူအညီတောင်းချင်တဲ့ လေသံမျိုးလေ။ ကိုယ့်ကို တွေ့သွားလို့ ဝင်းပသွားတဲ့ မျက်နှာကလည်း သိသာသွားစေတယ်"

"အံမာလေး ... သူပဲ ကြည့်တတ်တယ်။ မဟုတ်ပါဘူး ကျွန်မက ရှင့်ကို အကူအညီတောင်းတယ် ဆိုပေမယ့်လည်း ရှင် ပင်ပန်းရမယ့် အကူအညီမျိုးမှ မဟုတ်တာ ...

ရှင် ဘာနေ့သားလဲဟင်"

"ကျွန်တော်လား ဗုဒ္ဓဟူးသားပါ"

"အိုခေ ... ထင်တော့ထင်သားပဲ။ လင်းပြေ ဆိုတော့ ဗုဒ္ဓဟူးသားပဲ နေမှာပေါ့။ ကျွန်မကို ဗေဒင်ဆရာက ယတြာချေခိုင်းထားလို့လေ ...

ဗုဒ္ဓဟူးနေ့ မနက်ခြောက်နာရီတိတိမှာ ဗုဒ္ဓဟူးသားကို ကောက်ညှင်းပေါင်းနဲ့ အကြော် ကျွေးရမယ်တဲ့"

"ဘယ်နေရာမှာ ကျွေးရမှာတဲ့လဲ"

"နေရာကတော့ ဘယ်မှာပဲဖြစ်ဖြစ် ရပါတယ်။ အဲဒါက အရေးမကြီးဘူး။ အရေးကြီးတာက ဒီတစ်ပတ် ဗုဒ္ဓဟူးနေ့ မနက်ခြောက်နာရီမှာ ရှင် ကျွန်မကို ကူညီနိုင်ပါ့မလား ဆိုတာပဲ သိချင်တာ"

"ကူညီနိုင်တာပေါ့။ ဘယ်မှာ အကြော်ကျွေးချင်လဲ ဆိုတာသာ ပြော"





သူ့ပုံစံက တက်တက်ကြွကြွ ရှိလှသည်မို့ အိမ်သူက ရင်တောင်ဖိုချင်သွားသည်။ မင်းသားကို ပဲများမည်ဟု ထင်ထားလေသမျှ ဒီလိုကျတော့လည်း ပဲများမနေပါ။ ဒါကြောင့် သူ့စိတ်ကို ဝေခွဲရခက်သည်ဟု အိမ်သူက ပြောတာဖြစ်သည်။

"ဟိုဟာလေ ... စိမ်းလန်းစိုပြည်ထဲက Zephyr မှာ မနက်စောစော ကောက်ညှင်းပေါင်းနဲ့ အကြော်နဲ့ ရတယ် ...

ဟို ... တခြား Breakfast တွေ ဘာတွေလဲ ရပါတယ်။ အဲဒါပဲစားလို့ ပြောတာ မဟုတ်ပါဘူး။ အဲဒါကတော့ စတိလောက်တော့ စားပေါ့နော်။ ပြီးမှ တခြားဟာ စားချင်တာစားပေါ့။ မုန့်ဟင်းခါးတို့ ဘာတို့"

"ရပါတယ်၊ ကောက်ညှင်းပေါင်းနဲ့ အကြော်လည်း ကိုယ်က ကြိုက်တယ်။ အိုခေလေ ... ဒါဆိုရင် သန်ဘက်ခါမနက် ခြောက်မတ်တင်းလောက်ထဲက Zephyr ထဲမှာ ကိုယ်စောင့်နေမယ် ...

ခြောက်နာရီအတိမှာ စားရမှာ မဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်။ ခြောက်နာရီအတိမှာ စားရမှာ။ ဒါဆို အဆင်ပြေသွားပြီလို့ မှတ်လိုက်ရမလား ဟင် ...

ဒါနဲ့ ရှင်က နံနက်ခင်း ခြောက်နာရီ အိပ်ရာက နိုးပါ့မလား။ ကျွန်မ ဖုန်းဆက်ပြီး နှိုးလိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဲဒါက သူ့ဖုန်းနံပါတ်ကို သွယ်ဝိုက်ပြီး တောင်းလိုက်တာဖြစ်သည်။ သူကတော့ ပြုံးလျက်ဖြင့် ...

"ရပါတယ်။ ကျွန်တော် နိုးပါတယ်။ အိုခေလေ ဆုံကြတာပေါ့"

ကျေးဇူးရှင်က ယောင်ပြီးတော့တောင် ဖုန်းနံပါတ်ကို ရွတ်ပြမသွားပါ။ လက်ချောင်းလေးများ လှုပ်ခတ်ပြီး တာ့တာပြ နှုတ်ဆက်သွားလျှင် အိမ်သူက အံကြိတ်ပြီး ကျန်ရစ်ခဲ့ရသည်။ အဲဒီလိုနှင့် ဗုဒ္ဓဟူးနေ့ မနက်သို့ ရောက်သောအခါ အိမ်သူက စိမ်းလန်းစိုပြည်ထဲမှာ သူ့ကို သွားစောင့်နေလိုက်သည်။ ချိန်းထားသော အချိန်အတိအကျပင် ခြောက်နာရီ မတ်တင်းလောက်၌ သူကား ချွေးတစိုစိုဖြင့် ရောက်ရှိလို့ လာလေသည်။ တီရှပ်လက်တို၊ ရှော့ပန့်နှင့် ခေါင်းကင်းရှူးစီးထားသော သူသည် ပခုံးပေါ်မှာလည်း တဘက်တစ်ထည်နှင့် ဖြစ်သည်။

အိမ်သူက သူ့ကို လက်ညှိုးတစ်ချောင်း ထိုးမိလျက်သားဖြင့် ...

"ရှင် ... ရှင်က ..."

"ကိုယ်က မနက်တိုင်း အင်းလျားကန်ပေါင်မှာ ထပြေးနေကြလေ။ အင်း ... မင်းကိုတော့ တစ်ခါမှ ပြောမပြဖူးဘူးထင်တယ်"

သေလိုက်ပါလား။ ဒီကတော့ ကိုယ့်အတွက်နဲ့များ တကူးတက ထ,လာရသလားလို့ ပီတိတွေ ဖြာထားလိုက်ရတာ။





ခုတော့ သင်းက နေ့စဉ်လုပ်နေကြ ဝတ္တရားတစ်ခုကိုး။ ဒီလိုမှန်း သိရင် ဒီ့ထက်ပင်ပန်းတာ ခိုင်းပါတယ် သေနာကောင်ရယ်။ ခုတော့ သူ့ကိုပဲ Breakfast ထကျွေးသလို ဖြစ်နေသည်။

အိမ်သူသည် သူခိုးသေလို့ မငိုဝံ့ဘဲ မချိသွားဖြဲဖြင့် ကြိုဆိုခေါင်းညိတ်ရသည်။

"မပြောပြဖူးပါဘူး၊ ထိုင်လေ၊ ဒီမှာ ကျွန်မ မှာထားတာ အဆင်သင့်ပဲ၊ ခြောက်နာရီအတိဆိုတာနဲ့ စားပေတော့"

"စိတ်ချ၊ ညီလေးရေ အစ်ကို့ကို ကော်ဖီတစ်ခွက်လောက် ချပေးပါ"

သူက ဝိတ်တာကို လှမ်းမှာပြီးနောက် အိမ်သူ့ကို ပြုံးပြကာ ...

"ကိုယ်က ဒီမှာ မနက်တိုင်းလိုလို စားနေကြလေ။ ဝိတ်တာတွေနဲ့တောင် ရင်းနှီးနေပြီ။ ဒါနဲ့ စကားမစပ်။ စပ်စုတာတော့ မဟုတ်ပါဘူး၊ ဗေဒင်ဆရာက ဘာဖြစ်မယ်လို့ ဟောထားလို့ ဒီ ယတြာကို ချေရတာလဲ"

"သြော် ... ဟိုဟာပါ။ သွေးထွက်သံယို ဖြစ်ကိန်းရှိတယ်ဆိုလို့ပါ။ အဲ ... အဲဒါကြောင့်"

"အိမ်သူက ဗေဒင်တွေ ယတြာတွေ ယုံလို့လား"

"ယုံတယ်တော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာမှအပန်းမကြီးတော့လည်း လုပ်လိုက်တာပါပဲ ...
ရှင်ရောဟင် ?"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ တစ်ခါမှကို မမေးဖူးတာ။ ယကြာလည်း မချေဖူးဘူး။ အိုခေ ... ခြောက်နာရီထိုးပြီဆိုတော့ ကိုယ်စားတော့မယ်"

မျိုးပော့ ... ဆို့ပော့။ အိမ်သူသည် ဘာကို မကျေနပ်မှန်းမသိ မကျေနပ်ဖြစ်ကာနေသည်။ စိတ်ထဲမှာလည်း လူလည်လုပ်ခံရသလိုလို ဘာလိုလိုလဲ ခံစားနေရသေးသည်။ ဒီတစ်ယောက်ကို အိမ်သူ့ခြေရင်းမှာ ဝပ်စင်းစေချင်သည်။ အခုတော့ သူကအဲဒီလို မဖြစ်ဘဲ တစ်ထီးတစ်နန်း ဖြစ်နေခြင်းကို ဘယ်လိုမှ သဘောမကျချေ။

"ရှင်က မနက်တိုင်း ထပြေးနေကြဆိုတော့ ကျန်းမာရေး လေ့လာလိုက်စားတဲ့ သဘောပေါ့။ ဟို ... ကိုရီးယားမင်းသားတွေလို Body Beauty လုဖို့ရော မကစားဘူးလား"

"ကိုယ်က ဒီအတိုင်းတောင် ခါချနေရတာ ... ဟား ဟား"

သူက စသလို နောက်သလိုဖြင့် ပြောတာကြောင့် အိမ်သူက မသိမသာ နှာခေါင်းရှုံ့မိသည်။ သူက ကောက်ညှင်းပေါင်းကို အရသာခံ ဝါးနေဟန်ဖြင့် ...

"ဘာလဲ ... အိမ်သူက Body Beauty လှတဲ့ ကိုရီးယားမင်းသားတွေကို သဘောကျနေတာလား"

"သဘောကျတာပေါ့။ သူတို့က အပင်ပန်းခံ လေ့ကျင့်ထားကြတဲ့ဥစ္စာ၊ တကယ်လည်း ကြည့်လို့ ကောင်းကြတယ်လေ"





"ဟား ... မိန်းကလေးတွေလည်း ဒါမျိုး ရှူးတတ်လာပြီပဲ"

"အောင်မယ် ... ခေတ်အဆက်ဆက်က မိန်းမတွေတိုင်း ရှူးတတ်တယ်။ ကျွန်မတို့ လက်ထက်မှ ရှူးတတ်တာ မဟုတ်ဘူး ...

ရှင်တို့တွေတင် ဘီကီနီ ဝတ်ထားတဲ့ မိန်းကလေးပုံတွေမြင်ရင် သဘောတကျ ကြည့်တတ်ကြတာ မဟုတ်ဘူး"

"ဟား ... အမှန်တရားတွေ ဝန်ခံနေတာပဲ။ ကြည့်စမ်း... မိန်းကလေးတွေလည်း Body တောင့်တောင့် ယောကျ်ားတွေကို သဘောကျတတ်မှန်း အခုမှ သိရတော့တယ် ...

အိမ်သူက ကျွန်တော် ကြားဖူးတဲ့ အပျိုကြီးပုံပြင်တွေထဲကလို ဖြစ်နေပြီနဲ့ တူတယ်"

"ဘာရယ် ... ဘာအပျိုကြီးပုံပြင်လဲ"

"ဪ ...အပျိုကြီးတွေက ကာယဗလမောင်ပြိုင်ပွဲ လက်မှတ်တွေရလို့ ငြင်းမရတာနဲ့ အားနာပြီး သွားကြည့်တာတဲ့။ အပျိုကြီးတွေဆိုတော့ နံငယ်ပိုင်းလေးသာ ဝတ်ထားတဲ့ အဆီတပြောင်ပြောင် သုတ်ထားတဲ့ ဗလမောင်ကြီးတွေကို မကြည့်ရဲကြဘူးပေါ့။ ရှက်နေကြတာလေ ...

အဲဒါနဲ့ အဝတ်ပါတယ် အဝတ်အုပ်ထားတဲ့ တခ်္ဂ နေရာတည်းတင် စိုက်ကြည့်နေတယ်တဲ့။ တခြား အသား ပေါ်နေတဲ့ နေရာတွေကျတော့ မကြည့်ရဲဘူးတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... ရှင့် ညစ်တီးညစ်ပတ် ပြောတတ်တဲ့လူ ပါလား။ ဟင်း ... ထင်တောင် မထင်ရဘူး"

"ဟာ ... ရယ်စရာ ပြောပြတော့လည်း မရယ်ရဘူးလား။ ကဲပါ ... ဘာရှက်စရာရှိလို့လဲ၊ သဘာဝဟာ သဘာဝပဲ ပေါ့။ ဒါနဲ့ ဟိုတစ်ယောက်နဲ့ရော အဆင်ပြေသွားပြီလား"

"ဘယ်တစ်ယောက်လဲ"

"သြော် ... အေးပေါ့။ သူက များတော့ ဘယ်သိနိုင်မလဲ။ ခင်ဗျားလေးကို သိပ် Crazy ဖြစ်လွန်းတဲ့ ကျောက်ပန်း တောင်းသားလေ"

"သွားစမ်းပါ။ စောစောစီးစီး ကျက်သရေမရှိလိုက်တာ။ အဲဒီတစ်ယောက်လည်း တော်တော်ကို အရေထူတယ်။ ကျွန်မ ဒီလောက် ဆုံးမလွှတ်တာတောင် ဖြုံသေးပုံ မရဘူး"

"အဲဒါ အချစ်စစ်ပေါ့ကွ။ ကိုယ် ပြောဖူးသလိုပဲ ဒီခေတ်ကြီးထဲမှာ ဒီလို အချစ်စစ်က လုံးဝရှားသွားပြီနော် ... ပြီးတော့ သူ့ပုံစံကလည်း သိပ်နိမ့်တဲ့အထဲက မဟုတ်ပါဘူး။ စဉ်းစားမယ်ဆို စဉ်းစားပေးလို့ ရတာပဲ"

ယောက်ဖဘက်ကနေ၍ ရှေ့နေလိုက်ပေးနေသော သူ့ကို အိမ်သူက ခပ်မဲ့မဲ့ စိုက်ကြည့်ပြီးမှ ...

"သူများကိုသာ ပြောနေတယ်။ ရှင်ကျတော့ရော ရှင့်ဘော က လိပ်ပြာလေးတွေကို မစဉ်းစားပေးတော့ဘူးလား မင်းသားရဲ့"





သူက လာချပေးထားပြီးဖြစ်သော ကော်ဖီကို တစ်ငုံ ငုံလိုက်ရင်းမှ ...

"အဲဒီမေးခွန်းက ဘာကိုဆိုလိုတာလဲဟင်"

"ရှူးချင်ယောင် ဆောင်မနေစမ်းပါနဲ့ရှင်။ ကျွန်မ ဘာကို ဆိုလိုတယ်ဆိုတာ ရှင် သိမှာပါ"

"ဟက် ... ထားပါတော့။ ကိုယ်လည်း မင်းလိုပဲပေါ့ကွာ"

"ဘာပြောတာလဲ၊ အဲဒီစကားက ဘာအဓိပ္ပာယ်ကို ဆောင်တာလဲ"

"သြော် ... မင်းလိုပဲပေါ့ ဆိုတာထက်၊ လူ့သဘာဝ လူ့ စိတ်မနောအတိုင်းပဲလားတော့ မပြောတတ်တော့ပါဘူး။ ဟုတ်ပါတယ် ... မင်း ပြောသလိုပဲ ကိုယ့်ကို စိတ်ဝင်စား နေတဲ့ မိန်းကလေးတွေ မရှိဘူး မဟုတ်၊ ရှိပါတယ် ...

တော်တန်ရုံက လှကြပါတယ်။ ချောကြပါတယ်၊ ဒါပေမဲ့ လူ့စိတ်က လွယ်လွယ်ရနေတဲ့အရာ၊ ကိုယ့်ကို ပေါပေါများများပေးလို့ များများစားစား ရနေတဲ့ အရာတွေ ဆိုရင် တန်ဖိုးမထားချင်ကြဘူးလေ ...

ကိုယ်ပြောတာ လက်ခံလား"

"လူတွေက ပေါပေါများများ ရသလောက် တန်ဖိုးထားရ တဲ့အရာလည်း ရှိသေးတယ်ဆိုတာ ရှင် မသိသေးလို့ပဲ... ကြိုက်သလောက်ပေး အမှန်ပေး တန်ဖိုးမှ ထားလွန်း လို့ ဆိုတဲ့အရာ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ။ အဲဒါတော့ ကိုယ် တကယ်မသိဘူး"

"လျှပ်စစ်မီးလေ"

"ဟား ... ဟုတ်သားပဲ။ မဆိုးဘူး ရွှေအိမ်သူက အတွေး အခေါ်ကောင်းတယ်။ ဟုတ်တယ် ... အဲဒါတော့ အမြဲတမ်း ပေါပေါများများ မရမှာ လူတွေ အစိုးရိမ်ဆုံးအရာ ဖြစ်မှာပဲ ...

မင်း ပြောတာကို ကိုယ် လက်ခံတယ်ကွာ သိလား"

အိမ်သူက ဒါပေါ့ ဟူသော အပြုံးမျိုးဖြင့် သူ့ကို ခပ်မော့မော့လေး ပြုံးကြည့်လိုက်ကာ ...

"လက်ခံရမှာပေါ့။ အဲဒီတော့ ကျွန်မတို့က ဘာကို ကောက်ချက်ချနိုင်သလဲဆိုရင် လူတွေက ပေါပေါများများ ရတိုင်း တန်ဖိုးမထားဘူးဆိုတာ အလုံးစုံအတွက် မမှန်ဘူး။ အဲဒါ ပေါများတဲ့အရာဟာ ကိုယ့်အတွက် အများကြီးအသုံး ဝင်တဲ့အရာ ဖြစ်နေရင် သူ့ကို အမြဲလိုက်ပြီး တန်ဖိုးထား နေရမှာပဲ ...

ဥပမာ လျှပ်စစ်မီးဆိုရင် အသုံးဝင်တဲ့ အရာတွေ အများကြီး။ သူရှိမှ တော်တော်များများ အဆင်ပြေတယ်။ သူ မလာတဲ့အခါ အဆင်မပြေတာတွေ အများကြီး ကြုံ တွေ့ရတယ်။ လောကမှာ လျှပ်စစ်မီးနဲ့တူတဲ့ အချစ်မျိုးတွေ လည်း ရှိဦးမှာပါ"

သူက အိမ်သူရဲ့စကားကို နှစ်ထောင်းအားရ ပုံစံမျိုး ဖြင့် လက်မတစ်ချက် ထောင်ပြသည်။





"ဒါဖြင့်ရင် အိမ်သူရော လျှပ်စစ်မီးနဲ့တူတဲ့ အချစ်မျိုးနဲ့ တွေ့ပြီးပြီလား"

"ရှာဖွေဆဲပါပဲ ... ရှင်ရော"

"ကိုယ်လည်း ရှာဖွေဆဲပဲ ဆိုပါတော့"

အိမ်သူနဲ့ သူသည် တစ်ယောက်နဲ့ တစ်ယောက် အဓိပ္ပာယ်ပါပါ စိုက်ကြည့်ပြီးနောက် ပြုံးလိုက်ကြလေသည်။ အဲဒီနောက် စားသောက်စရာတွေလည်း ကုန်သွားသဖြင့် အိမ်သူ ထတင်ပြီး ပြန်ဖို့ နှုတ်ဆက်လိုက်သည်။

"ကဲ ... ခုလို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်။ အချင်းချင်းတွေပဲဟာ ပြန်တော့မှာလား။ ကိုယ် လိုက်ပို့ပေးမယ်လေ"

"နေပါစေ။ ရှင်လည်း ကျောင်းသွားဖို့ ပြင်ဆင်ရဦးမှာနဲ့ နောက်ကျနေပါဦးမယ်။ ကျွန်မကို ခွင့်ပြုဦး"

"အိုခေ ... ဆီးယူ"

အိမ်သူက ကျသင့်ငွေ ရှင်းပြီးတာနှင့် သူ့ကို နှုတ်ဆက်ပြီးတစ်ချက်ပြုံးကာ ထွက်လာခဲ့သည်။ ဘာထူးလဲ။ ဘာမှမထူး ခြားပါ။ နံနက်စောစောထပြီး သင်းကို Breakfast ကျွေးလိုက်ရတာ သာ အဖတ်တင်သည်။ သူ့ဆီကတော့ ထူးထူးခြားခြား ပြောင်းလဲ သွားသည့် ဘာစကားမှကို မသိရချေ။

အိမ်သူက မကျေမနပ်ဖြစ်ကာ အံကို တင်းတင်း ကြိတ်မိစဉ်မှာပဲ သူ့ထံက ခေါ်သံတစ်ခုက ကပ်ငြိပြီး ဝင်ရောက် လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ"

အိမ်သူက သူ့ကို လှည့်ကြည့်လိုက်လျှင် သူက နားရွက်နားသို့ လက်ညှိုးနှင့် လက်သန်း ကွေးကပ်ကာ ...

"ကိုယ့်ကို ဖုန်းနံပါတ်လေး ပြောပြနိုင်မလား"

အိမ်သူ့ အတွေးထဲတွင် ယောက်ယက်ခတ်ပြီး ရှုပ်ယှက်ခတ်သွားသည်။ မပေးဘဲနဲ့ အနိုင်ပိုင်းပြီး လှည့်ထွက်သွားရမလား၊ ဘာဖြစ်လို့ အခုမှ လာတောင်းနေရတာလဲ ဆိုပြီး ခြေဆောင့် နှုတ်ခမ်းစူပြရမလား ဘာကိုမှ ဝေခွဲမရနိုင် ဖြစ်သွားသည်။ ဘယ်ဟာ အိမ်သူ့အတွက် အသာစီးရမည့် အခြေအနေ၊ သူ့အတွက် Impression down သွားစေမည့် အခြေအနေလဲဆိုတာ တစ်မိနစ်အတွင်းမှာ အသည်းအသန် စဉ်းစားနေရတာကို အလုပ်မဟုတ်တာ။

"ပေးရကောင်းနိုး၊ မပေးရကောင်းနိုင်း စဉ်းစားနေတာ တွတယ်။ အိုကေ ... ကိုယ် သဘောပေါက်ပါပြီ"

သေစမ်းဟ။ အိမ်သူ ခံလိုက်ရပြန်ပြီ။ အိမ်သူက တစ်ခုခု ပြန်ပြောဖို့ ဟန်ပြင်ပြီးတော့မှ ဘာမှမပြောတော့ဘဲ ချက်ခြင်း လှည့်ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ နည်းနည်းလေး မကျေနပ်နိုင်ဘဲ ဘာကိုဒေါသထွက်နေမှန်း မသိဘဲလည်း ဒေါသထွက်နေခဲ့သည်။





## ၁၇

"ဟဲ့ ... သမီး။ ရေသွားချိုးတော့လေ၊ ညှို့သည်တွေတောင် ရောက်လာတော့မယ်ဟာ။ ခုထိကို ရေမချိုးရသေးဘူး၊ ကြည့်စမ်း"

စိန်က ကွန်ပျူတာရှေ့မှ မျက်လုံးမခွာဘဲ မိခင်ဖြစ်သူကို ပြန်ပြောလိုက်သည်။

"ရေချိုးတာများ ဆယ်မိနစ်ပါ မေမေရာ။ ညှို့သည်တွေက ဆယ့်တစ်နာရီခွဲမှ ရောက်မှာ မဟုတ်လား။ အခုမှ ဆယ့်တစ်နာရီတောင် မထိုးသေးတဲ့ဟာ"

"ခြော် ... ဆယ်မိနစ်ပဲ လိုတော့တဲ့ဟာကို။ ရေချိုးပြီးရုံနဲ့ ပြီးမလားဟဲ့၊ ကြည့်ကောင်းအောင် ပြင်ဆင်ရဦးမှာပေါ့"

"ဟင်း ... ဘာပြင်စရာလိုလဲ မေမေရာ။ သမီးက အဲဒါမျိုးတွေ ဘယ်တုန်းက ပြင်ဆင်ဖူးလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး ... အခုလာမယ့် ဧည့်သည်တွေထဲမှာ သမီးနဲ့ မတိမ်းမယိမ်း သားယောကျ်ားလေးများ ပါနေမလား"

စိန်ရဲ့ အတိအကျမေးနေသောဟန်ကို စိန့်အမေက မျက်ခုံးပင့်ကြည့်ကာ ...

"ဟဲ့ ... နင်က ဘယ်လိုလုပ် ကြိုသိနေတာလဲ"

"သိတာပေါ့။ မေမေတို့ ဒီလောက် ပုံမမှန်တော့မှ ဒါ တစ်ခုခုတော့ ထူးခြားနေတာမို့ပေါ့။ သိပ်တော့လည်း မထူးခြားပါဘူး မေမေရာ ...

ဒါ မြန်မာဗီဒီယိုဇာတ်လမ်းတွေထဲမှာပါတဲ့ ဇာတ်ထုတ်အထာတွေပါ။ ဘာလဲ ... မေမေတို့က သမီးကို ယောကျ်ားပေးစားချင်နေတာလား။ လုံးဝ စိတ်မဝင်စားဘူးနော် မေမေ။ အပြတ်ပြောထားလိုက်မယ်"

"ဟဲ့ ... အပြောမကြီးပါနဲ့ဦးအေ။ မြင်တောင် မမြင်ရသေးပဲနဲ့များ။ အခုလာမယ့်သူတွေက သမီးဖေဖေရဲ့မိတ်ဆွေ သမီးရဲ့၊ မိတ်ဆွေဆိုတာမျိုးထက် သူ့ဇာတိက ရပ်ဆွေရပ်မျိုးပေါ့။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူတို့တွေ ရန်ကုန်ပြောင်းလာတော့ သမီးအဖေကပဲ အစအဆုံး ကူညီပေးခဲ့တာ ...

သူတို့စီးပွားရေး လုပ်တော့လည်း လိုအပ်တဲ့ငွေကြေးရော၊ အကြံဉာဏ်ရော အားလုံးကူညီခဲ့တာ"



"ဒါနဲ့များတောင် သူတို့က ဒီမှာ ထမင်းလာစားကြဦးမယ်တဲ့ပေါ့၊ သူတို့ကတောင် ကျွေးရဦးမယ့်ဥစ္စာ"

စိန်ရဲ့ ကလေးဆန်ဆန် အပြောကို စိန့်အမေက တစ်ချက်ရယ်မောကာ ပါးတစ်ဖက်ကို ဆွဲလိမ်သည်။

"ကျွေးပါတယ်။ အပြင်မှာဆို သူတို့ကချည်း ခဏ ခဏ ဖိတ်ကျွေးတာ။ အခုမှ မေမေတို့က အိမ်မှာဖိတ်ကျွေးရတာ။ သူတို့မှာ သားသမီးသုံးယောက်ရှိတယ် သမီးရဲ့။ အကြီးဆုံးမလေးကတော့ အိမ်ထောင်ကျသွားပြီ ...

သားအလတ်နဲ့ သမီးအငယ်ဆုံး တစ်ယောက်ပဲ ရှိတော့တာ။ ရှင်းရှင်းပြောရရင် သူတို့ရဲ့သားနဲ့ သမီးကို လက်ထပ်ပေးချင်တယ်လို့ သူ့အမေက ပြောတယ်။ မေမေတို့ရဲ့ သမီးလေးကို လိုချင်လို့ပါ။ မေမေတို့နဲ့ အမျိုးတော်ချင်လို့ပါတဲ့ ...

သူတို့ ကြည့်ရတာ မေမေတို့နဲ့ တကယ်ကို ဆွေမျိုးတော်စပ်ချင်တဲ့ပုံပါ။ သူတို့သားလေးကလည်း တကယ့်ကို မွန်မွန်ရည်ရည်နဲ့ ကြည့်ကောင်းပါတယ်။ ဒါပေမဲ့ မေမေကတော့ ပြောလိုက်ပါတယ်။ ကလေးနှစ်ယောက်ကို ပေးတွေ့ပြီးတော့မှပဲ သူတို့ချင်း ရင်းနှီးမှု တည်ဆောက်ပါစေလို့။ သမီးဆန္ဒ မပါဘဲ ဘာမှမလုပ်ပါဘူးလို့ မေမေ ကတိပေးပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရေသွားချိုးပြီး ကောင်းကောင်းမွန်မွန်လေး ဝတ်စားလာခဲ့ပါ"

စိန်က ဘာမှဆက်ပြောစရာ မရှိတော့သည့် ပုံစံဖြင့် ပခုံးတစ်ချက် တွန့်ပြပြီးနောက် ကွန်ပျူတာရှေ့မှ ထွက်လာခဲ့သည်။ စိန့်ရဲ့အကြောင်း စိန့်မိဘတွေ အသိဆုံးဖြစ်ပါသည်။ ဒါကြောင့် အိမ်ထောင်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဘာ pressure မှ ပေးမှာ မဟုတ်ဘူးဆိုတာ စိန်က ကြိုသိနေသည်။ ဒါကြောင့်လည်း ဘာမှ ခေါင်းထဲ ထည့်မနေတော့ပဲ ရေချိုးခေါင်းလျှော်ကာ အေးအေးဆေးဆေးပဲ နေ့နေလိုက်သည်။

စိန်ရဲ့ဆံပင်က အခုခေတ်စားနေသည့် Bob Hair ပုံစံ နားရွက်အောက်နားထိသာရှိသော လုံးလုံးဖောင်းဖောင်းလေး ဖြစ်တာကြောင့် ခဏလေးနဲ့ ပုံသွင်းလို့ ပြီးသွားသည်။ မျက်နှာကို နို့ရည်ငသိမ်း၊ Two Way Cake ရိုက်လိုက်လျှင် မျက်နှာပြင်ဆင်မှု အပိုင်းကလည်း ဘာမှမရှိတော့။ အသားရောင် နှုတ်ခမ်းနီ Lip Gloss လေးကိုသာ စိုစိုရွှဲရွှဲလေး ဆိုးလိုက်လျှင် ပိုမို Prefect ဖြစ်သွားခဲ့ပြီ။

အဝတ်အစားကိုတော့ လူကြီးတွေ ရှေ့မှာလည်း ဣန္ဒြေရအောင်၊ လူငယ်ရှေ့မှာလည်း စတိုင်လ်ကျနေအောင် ရှပ်ကော်လာပါဝင်သည့် လီနင်အဖြူရောင် ဘလောက်စ်ပွပွလေးကို ဝတ်ဆင်ကာ ပန်းဆီရောင်ရင့်ရင့် ခါးပတ်သေးသေးလေးကို ပတ်လိုက်သည်။ အောက်က ဘောင်းဘီကတော့ အောက်ရှုးအကျပ်





ပန်းဆီရောင်ရင့်ရင့်လေးပဲ ဖြစ်လေသည်။ စိန် အရမ်းကြိုက်ရသည့် DKNY ပန်းသီးစိမ်းရနံ့ ရေမွှေးကို ဆွတ်ပြီးသွားလျှင်တော့ ဘာ နှထပ်ပြင်စရာ မလိုတော့အောင် ပြည့်စုံသွားပြီဖြစ်သည်။

မှန်ထဲမှာ မြင်နေရသော စိန်ရဲ့ပုံစံသည် ရိုးရိုးရှင်းရှင်းလေးနဲ့ စတိုင်လ်တစ်မျိုး ထွက်နေသည်။ စိန်က အဲဒီလို စတိုင်လ်တွေကိုသာ နှစ်သက်သူ ဖြစ်ပါသည်။ အဆုံးသတ်မတော့ စိန်သည် ဘောင်းဘီအိတ်ကပ်ထဲသို့ ဖုန်းကို ထိုးထည့်ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ စိန့်အမေက စိန် ဝတ်စားလာပုံကို စိတ်တိုင်းကျသလို တစ်ချက်ပြုံးကြည့်ကာ ...

"ငါ့သမီးလေးက ချောလိုက်တာ။ So lovely "

"ဧည့်သည်တွေကို ဘာဟင်းတွေနဲ့ ကျွေးမှာလဲ မေမေ"

"တရုတ်ဟင်းတွေ ကျွေးမှာ သမီးရဲ့"

"အိုခေ ... အဲဒီ အစီအစဉ်ကို အကြိုက်ဆုံးပဲ။ အရည်က ဘာစီစဉ်ထားလဲ"

"ငါးခေါင်းဟင်းချိုပေါ့။ မေမေ့ သမီးလေး အကြိုက်ပဲလေ"

"Yes ... အဲဒီအတွက်တော့ ကျေးဇူးအတင်ဆုံးပဲ"

အဲဒီအချိန်မှာပဲ ပေါ်တီကိုအောက်သို့ ကားရပ်သံကြားလိုက်သဖြင့် ဧည့်သည်တွေ ရောက်လာပြီဆိုတာ သိလိုက်ရသည်။ မေမေနဲ့အတူ ပေါ်တီကိုရှေ့သို့ ထွက်ကြိုစဉ်မှာပဲ စိန့်ရဲ့ မျက်လုံးတွေသည် တစ်စုံတစ်ယောက်ကို သွားမြင်တွေ့ရာ၌ အခိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အံ့သြစိတ်ဖြင့် ငေးစိုက်သွားရသည်။ ထိုတစ်ယောက်ကလည်း ဖိန့်ကို တွေ့သွားသောအခါ အံ့သြသွားဟန် ရှိပါသည်။

အင်း;လေ ... သူနဲ့ စိန်နဲ့ဟာ လူချင်းမရင်းနှီးပေမယ့် သင်တန်းတစ်ခုထဲ တက်နေကြတဲ့သူတွေ ဖြစ်လေရာ မျက်မှန်းတော့ တန်းမိကြသည်။ ဧည့်ခန်းထဲရောက်၍ မိသားစုစုံညီသွားတော့မှ စိန့်အမေက စိန့်ကို သူတို့မိသားစုနဲ့ မိတ်ဆက်ပေးသည်။

"ဒါ ကျွန်မတို့ သမီးလေး စိန်ပန်းနီနီလေ။ သမီးရေ ဒါကတော့ အန်ကယ်သန်းထွန်းအောင်တဲ့။ ဒါက အန်တီသရဖီ၊ ဒါကတော့ ကဲ ... သား မိတ်ဆက်လိုက်ပါဦး"

"ဟုတ်ကဲ့ ... ကျွန်တော် လင်းပြေပါ"

"ကျွန်မ ရှင့်ကို သိသလိုပဲ။ MBA သင်တန်းကလား"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း စိန်ပန်းနီနီကို တွေ့တော့ တွေ့ဖူးတယ်လို့ ထင်နေတာ"

"ဩော် ... သားနဲ့ သမီးက သိနေကြပြီးသားလား။ သားကလည်း MBA တက်သလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"တိုက်တိုက်ဆိုင်ဆိုင်ကွယ်။ သင်တန်းမှာ မခင်ကြဘူးလား"

"မခင်ဘူး မေမေ။ ဟိုမှာက ကိုယ့်အုပ်စုနဲ့ကိုယ် ဆိုတော့ မျက်မှန်းတန်းမိရုံလောက်ပါပဲ"





"အင်း ... အခုတော့ သိသွားကြပြီပေါ့။ သရဖီနဲ့စကား ပြောမိတော့လည်း စကားမစပ်မိကြဘူးကိုး"

"ဟုတ်တယ် ဝါဝါရေ။ သရဖီကလည်း မပြောမိဘူး"

လူတွေချင်း ပလဲပန်း သင့်နေချိန်မှာ စိန်က သူ့ကို နိုးမကြည့်ဘဲ ပေါ်တင်ပင် တစ်ချက် လှမ်းကြည့်လိုက်သည်။ သူကလည်း ကြည့်နေတာမို့ အကြည့်ချင်း သွားဆုံသော်လည်း စိန်က မရယ်မပြုံးဘဲ ဒီအတိုင်း ရှိနေသည်။ သူ့ပုံစံက လူကြီးတွေနဲ့ ထမင်းစားမှာမို့ ခါတိုင်းထက် တည်တည်ငြိမ်ငြိမ် ဝတ်လာသည်။ Arrow စပို့ရှပ် အပြာနုအစင်းကို အသားရောင် လီနင်စတိုင်လ်ပန်ဖြင့် သပ်ရပ်စမတ်ကျစွာ ဝတ်စားလာခြင်းကြောင့် မေမေပင် လျှင် သဘောကျနေဟန်ရှိသည်။

ထမင်းစားပွဲမှာလည်း လူကြီးတွေကသာ စကားပြောကြပြီး စိန်တို့နှစ်ယောက်ကတော့ မပြောဖြစ်တော့ချေ။ ဒါကြောင့် အချိုပွဲစားခါနီးကျတော့ စိန့်ရဲ့အမေကပဲ ပေါ်တင်ကြီး လူခွဲထုတ်လေသည်။

"လူကြီးတွေနဲ့ဆိုတော့ သားနဲ့သမီးက ထိုင်နားထောင်ရုံ သက်သက် ဖြစ်နေတာပေါ့။ သက်သက် စကားပြောကြလေ ...

သမီးရေ ... လင်းပြေကို သစ်ခွစင်အောက်မှာ ဧည့်ခံလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံလိုက်ဆိုတော့လည်း ညှော်ခံရုံပဲဖြစ်သည်။ စိန်က သူ့ကို အပြုံးပါးပါးနှင့် ခေါင်းတစ်ချက်ဆတ်ကာ ခြံထဲက သစ်ခွအိမ်လေးထဲသို့ ခေါ်လာခဲ့သည်။ သံဖြူခုံလေးတွေမှာ မျက်နှာချင်းဆိုင် အနေထားဖြင့် ထိုင်မိကြချိန်မှာ အိမ်က ကောင်မလေးတွေက အသီးစုံပန်းကန်လေးအား တစ်ယောက် တစ်ပန်းကန် လာချပေးသည်။ စိန်က လက်တစ်ဖက် ဆန့်တန်းညွှန်ပြရင်းမှ ...

"သုံးဆောင်ပါဦး"

"ကျေးဇူးပဲ"

သူက ခေါင်းတစ်ချက်ဆတ်ကာ ဖန်ပန်းကန်လုံးလေးကို ကောက်ကိုင်ပြီးနောက် နာနတ်သီးတစ်ဖတ်ကို ယူစားသည်။ စိန်ကိုယ်တိုင်လည်း ဖရဲသီးတစ်စိတ်ကို အရသာခံဝါးရင်းမှ ...

"ရှင်က MBA တက်တယ်ဆိုတော့ တစ်ခုခုကို အသုံးချမလို့ပေါ့နော်။ ဘယ်လို ပြန်သုံးမယ်လို့ စိတ်ကူးထားလဲ"

စိန့်ရဲ့ပေါ့ပေါ့ပါးပါးပုံစံကို သူက သဘောကျသလို ပြုံးကြည့်ကာ ...

"ကိုယ်ပိုင်လုပ်ငန်း မလုပ်ခင်အထိတော့ မိဘလုပ်ငန်းတွေထဲမှာ အသုံးချမယ်လို့ စဉ်းစားထားတယ်။ စိန်ပန်းနီနီရဲ့ Plan ကိုရော သိခွင့်ရှိမလား"

"ရှိပါတယ်။ ကျွန်မက လုပ်ချင်တဲ့ အလုပ်လေးတွေရှိတယ်။ အဲဒီအတွက် ဒီသဘောတရားတွေကို နားလည်ချင်လို့ တက်တာပါ ...





ကျွန်မရယ် ... နောက်သူငယ်ချင်း တစ်ယောက်ရယ်ပေါ့"

"ဩော် ... ကျွန်တော် တွေ့တော့ တွေ့ဖူးတယ်။ ဒီအိမ်ကိုလာတော့ စိန်ပန်းနီနီ ဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားဘူး"

"ကျွန်မလည်း ရှင့်ကို တွေ့ဖူးပါတယ်။ တစ်ခါတလေမှာ ကန်တင်းမှာ ရှင်တို့အတွဲ မုန့်စားနေတာတောင် တွေ့ရတတ်တယ်"

ဒီတစ်ခါတော့ သူက အလန့်တကြားပုံစံဖြင့် လက်ထဲက သစ်သီးခွက်ကိုတောင် အောက်သို့ချလိုက်ကာ ...

"ဗျာ ... ကျွန်တော်တို့အတွဲ။ ဟာ ... တစ်ခုခုတော့ မှားနေပြီနဲ့ တူတယ်နော်။ ကျွန်တော့်မှာ ဘာအတွဲမှ မရှိပါဘူး ...

လူမှားတာလား မသိဘူး"

"မှားစရာလား။ ကျောင်းမှာ ရှင်နဲ့တူတဲ့သူ ဘယ်နှယောက်များ ရှိလို့လဲ။ ပြီးတော့ ရှင်နဲ့ တွဲနေတဲ့ ရွှေအိမ်သူနဲ့ တူတာကရော ဘယ်နှယောက်များ ရှိလို့လဲ"

"ဟာ ... ပိုဆိုးသွားပြီ။ ကျွန်တော်နဲ့ ရွှေအိမ်သူနဲ့က သူငယ်ချင်းပါ။ ဘာအတွဲမှ မဟုတ်ပါဘူး"

"ဩော် ... ဆောရီး။ မသိပါဘူး ရွှေအိမ်သူက သူ့အမှားကို ဘယ်ယောက်ျားလေးမှ အကပ်ခံတာ မဟုတ်ဘူးလေ။

www.burmeseclassic.com



ရှင်နဲ့ အတူတူတွဲပြီး မကြာခဏ တွေ့ရတော့ အတွဲလို့ ထင်မိတာပါ ...

ရှင်တို့နှစ်ယောက်ကလည်း သိပ်လိုက်ဖက်ညီတယ် မဟုတ်လား"

"ဟား ... ပြဿနာပဲဗျာ၊ ကျွန်တော်တို့က ရိုးရိုးသားသား ခင်တာပါ။ အဲဒီလိုတော့ အထင်မလွဲစေချင်ဘူးဗျာ"

"မဟုတ်ဘူးဆိုတာ ယုံသွားပါပြီ။ ဒါပေမဲ့ ရှေ့အိမ်သူ့လို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်အနားမှာနေပြီး ရှင် မစွန်ဘူးဆိုတာ သိပ်တော့ သဘာဝမကျဘူးနဲ့ တူတယ်"

"ဘာလဲ ... စိန်ပန်းနီနီက ကျွန်တော့်ကို ခြောက်နေတယ်လို့ ပြောချင်တာလား"

သူ အဲဒီလို ပက်ခနဲ ပြန်ပြောလိမ့်မည်ဟု ထင်မထားသဖြင့် စိန်သည် မျက်လုံးပြူးသွားသည်။ အဲဒီနောက်မှာတော့ သဘောကျလွန်းသဖြင့် ဟက်ဟက်ပက်ပက်ပဲ ရယ်မိလေတော့သည်။ အဲဒီလို ရယ်လိုက်တော့မှပင် ပို၍ရင်းနှီးသွားသလိုတောင် ခံစားရလေသည်။

"ဟား ဟား ... ခြောက်တယ်လို့ မပြောချင်ပါဘူး။ ရှင်ကလည်း ပြဿနာပဲ ... ဟား ဟား"

သူ့ပုံစံက ဆတ်ဆတ်ထိမခံ ဖြစ်သွားတာမို့ စိန်က အဲဒါကို သဘောကျတာ တဟားဟားတောင် ထပ်ရယ်မိလေသည်။ သူက အဲဒါကို မသိမသာ ခေါင်းခါယမ်းကာ ...





"လူတွေက အဲဒါ ခက်တာပဲ။ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကိုမြင်တိုင်း ယောကျ်ားတွေက စွဲလမ်းသွားကြမယ်လို့ ထင်တာကိုး ...

ကိုယ်ကလည်း အဲဒီ အယူအဆကို တော်လှန်ချင်နေတာကွ"

သူက ရင်းရင်းနှီးနှီးပင် ကိုယ်ဟု ပြောင်းလဲသုံးတာကို သတိထားမိလိုက်လေသည်။ ဒါပေမဲ့လည်း အဲဒီထက်ပို၍ အာရုံစိုက်ခံနေရတာက သူ ပြောလိုက်သော စကားရဲ့အဓိပ္ပာယ်ဖြစ်သည်။

"နေ ... နေပါဦး။ ရှင် ပြောလိုက်တာက ဘာအဓိပ္ပာယ်လဲ။ တော်လှန်ချင်တယ်ဆိုတာက"

"တော်လှန်ချင်တယ်ဆိုတာက အဲဒီလို မဖြစ်ရဘူးလို့ ပြောတာလေ"

"ဟင် ... ဒါဖြင့် ရှင် ... ရှင်က အဲဒီအယူအဆ မမှန်အောင် တမင်သက်သက် သက်သေပြတာနဲ့ မတူနေဘူးလား"

"မတူပါဘူး။ သူ့ကို အစတည်းက ကိုယ် စိတ်မဝင်စားခဲ့တာပဲလေ"

"အိုး ... ဂေါ်ဒ်၊ လုံးဝကို မယုံနိုင်စရာပဲ၊ သူ့ကို တွေ့တော်များများက အသေရရ အရှင်ရရ ဖြစ်နေကြတဲ့အချိန်မှာ ရှင်က စိတ်မဝင်စားခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပဲ။ အဲဒီလို အသေရရ အရှင်ရရ ဖြစ်နေတဲ့လူတွေကိုလည်း အံ့သြမိတယ်။ မိန်းမတစ်ယောက်ကို အဲဒီလောက်ကြီးအထိ ရူးသွပ်ဖို့ မလိုဘူး ထင်ပါတယ်ကွာ ...

မင်း သိမလားတော့ မသိဘူး။ ကျောင်းမှာသူ့ကို အရမ်း Crazy ဖြစ်တဲ့ လူတစ်ယောက်ရှိတယ်။ ကျောင်းဖွင့်စတည်းက သူနဲ့ပြဿနာတွေတက်တဲ့ တစ်ယောက်လေ၊ အညာသားပေါ့ လှမျိုးခင် တဲ့"

"သိပါတယ်။ လှမျိုးခင်က ဘာဖြစ်လို့လဲ"

"ဪ ... အဲဒီလူက သူ့ကို ရေလည်ကြွေတာကွား ဟိုက ပိုးစိုးပက်စက် ပြောလည်း မနာဘူး။ ကိုယ်တောင် အိမ်သူ့ကို ပြောလိုက်ပါသေးတယ်။ လှမျိုးခင်ရဲ့အချစ်က စစ်မှန်တယ်လို့ စဉ်းစားသင့်တယ်လို့"

"ဟုတ်လား ... ရှင် အဲလို မြင်သလား"

"အင်း ... မြင်တယ်လေ။ သူ့ကို ကြည့်ရတာ လွန်ခဲ့တဲ့ နှစ်,နှစ်ဆယ်က Queen တစ်ယောက်ကို အရူးအမူးကြိုက်ခဲ့တဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက်ကို ပြန်မြင်နေတဲ့ အတိုင်းပဲ"

"သူ့ပုံစံကို တုံးတယ်လို့ ရှင် မထင်ဘူးလား"

"အင်း ... ပုံတုံးတယ် ဆိုတာထက် သိပ်စတိုင်လ်မကျတာပေါ့။ ရုပ်က မဆိုးပါဘူး။ ဘာဖြစ်လို့ မေးတာလဲ"





သူကလည်း မခေချ။ စိန့်ကို စူးမမ်းရိပ်ဖြင့် တန်ပြန်မေးခွန်းထုတ်သည်။ စိန်က ဘာမှမဖြစ်သလိုဖြင့် လိုက်ချီးသီးတစ်လုံးကို မြို့ကာ ...

"မဟုတ်ပါဘူး။ သူတို့နှစ်ယောက်ဇာတ်လမ်းကို စိတ်ဝင်စားလို့ပါ။ သူ ရွှေအိမ်သူ့ရဲ့အချစ်ကို ရနိုင်ပါ့မလား။ အဲဒါမျိုးကို စိတ်ဝင်စားလို့"

"စိန်ပန်းနီနီက ဘာကြောင့် စိတ်ဝင်စားရတာလဲ"

"ဪ ... စိတ်ဝင်စားတာပေါ့။ တစ်ယောက်က အရမ်းလှတဲ့ Queen ။ တစ်ယောက်က ရိုးရိုးသားသား ကိုးရိုးကားရား အညာသားလေးလေ။ ရှင်နဲ့ ရွှေအိမ်သူကလည်း ရင်းနှီးကြပြီး ရွှေအိမ်သူ ဆိုတာကလည်း ရှင့်ကို ခင်ခင်မင်မင် ရှိတယ်ဆိုတော့ ဒီဇာတ်လမ်းက စိတ်ဝင်စားဖို့ကောင်းတာပေါ့"

"ကိုယ်ကတော့ သိပ်စိတ်မဝင်စားဘူး။ မင်းအမေက ကိုယ်နဲ့ မင်းကို ဒီအကြောင်းတွေ ပြောဖို့တော့ သပ်သပ်တစ်ပိုင်းထိုင်ခိုင်းတာ မဟုတ်လောက်ဘူးနဲ့ တူပါတယ်နော် ...

ကိုယ်တို့နှစ်ယောက်ကြားမှာ ဒီ့ထက် စိတ်ဝင်စားစရာကောင်းတဲ့ Topic မျိုး မရှိတော့ဘူးလားဟင်"

စိန်က သူ့စကားကြောင့် ပခုံးတွန့်မိလိုက်သော ...

"ကျွန်မကတော့ မစဉ်းစားတတ်ဘူး။ ရှင်ပဲ ပြောကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိန်ပန်းနီနီလို့ ခေါ်ရတာ နည်းနည်းရှည်ပြီး စိမ်းသလိုပဲ။ ဒီ့ထက်ရင်းနှီးအောင် ဘယ်လိုခေါ်ရမလဲ"

"စိန်လို့တော့ ခေါ်ကြတာပဲ"

"စိန် ! အင်း ... ကောင်းပြီလေ၊ စိန်လို့ဘဲ ခေါ်တာပေါ့။ ခုချိန်ကစပြီး မင်းနဲ့ ကိုယ်နဲ့ သူငယ်ချင်းဖြစ်သွားပြီလို့ ပြောလို့ရမလား"

"ရပါတယ်"

"မင်းရဲ့ ရပါတယ်က သိပ်အသက်မပါသလိုပဲနော်"

"အသက်မပါရအောင် ကျွန်မက သေနေတဲ့သူမှ မဟုတ်တာ"

"ဟား ... သဘောကျသွားပြီ။ ဘယ်လိုမှတော့ မအောက်မေ့နဲ့ စိန်။ ကိုယ့်ကိုတွေ့တဲ့ မိန်းကလေး တော်တော်များများ welcome ဖြစ်တာများတယ် ...

အချိန်တိုအတွင်းမှာပဲ ဆက်ဆံရေးတွေ အများကြီး ပြောင်းလဲသွားအောင် ဖန်တီးချင်ကြတယ်။ မင်းကတော့ သူတို့နဲ့ သိပ်မတူသလိုဘဲ"

"အဲဒါကို အချိန်ကြာလာတာနဲ့အမျှ ရှင် ပိုသိလာလိမ့်မယ်"

သူ့မျက်နှာတွင် အရိပ်တစ်မျိုး ဖြတ်ပြေးသွားလေသည်။ စိန်က အဲဒါကို အရသာခံပြီး ကြည့်ရှုနေမိသည်။ သူ ဘာကိုဆိုလိုချင်သလဲ စိန် သိပါသည်။ သူဆိုလျှင် မိန်းကလေးတိုင်းက ကြည်ဖြူကျေနပ်ကြသည်။ သူနဲ့ပတ်သက်လာလျှင် လိုက်လိုက်





လှဲလှဲ ရှိကြသည်ဟု မာန်တက်ချင်တာဖြစ်သည်။ ဒါ့ကြောင့်လည်း သူလိုလူက ရွှေအိမ်သူ့ကိုတောင် ဂရုမစိုက်လေသောအထာ ချိုးထားတာကို စိန်ကလည်း ရိပ်မိလေသည်။

"စိန့်ရဲ့ဖုန်းနံပါတ်လေး ကိုယ် သိခွင့်ရှိမလား"

"သိခွင့်ရှိမလား ဆိုတာရယ်၊ သိချင်တယ် ဆိုတာရယ်၊ ဖုန်းနံပါတ်လေးပေးပါ ဆိုတာရယ်က အဓိပ္ပာယ်တွေ ဘယ်လိုကွာသွားသလဲဟင်"

"ဟား ... စိန်က ရစ်ပြီကွာ၊ မိန်းကလေးတွေဟာ အဲဒီလို ရစ်တတ်တာကတော့ တစ်ပုံစံတည်းပဲနဲ့ တူတယ်နော်"

"နီး ... နီး ...၊ တချို့ ထောင့်စိတ်ကိစ္စတွေဟာ ရစ်တတ်တာနဲ့ ဆင်တူယိုးမှား ဖြစ်ဝတတ်ပါတယ်"

"မသိဘူးကွာ။ ကိုယ်ကတော့ အဲဒီမေးခွန်းတွေရဲ့အဓိပ္ပာယ်ကို နိုက်နိုက်ချွတ်ချွတ် ခွဲခြားပြီး မပြောတတ်ဘူး ...

ဒါပေမဲ့ မေးခွန်းတွေရဲ့ အရင်းအမြစ်ကတော့ တစ်ခုတည်းပါပဲ။ သိချင်စိတ်ကို အခြေခံထားတာပါ"

"သိချင်တော့လည်း ပြောရသေးတာပေါ့။ ကျွန်မ ဖုန်းက (xxx)ပဲ"

သူက အိတ်ထဲကဖုန်းကိုထုတ်ကာ Memory ထဲမှာ စိန်ရဲ့ဖုန်းနံပါတ်ကို ရိုက်ထည့်လိုက်ဟန်တူသည်။ ပြီးတော့ စိန့်ကို တစ်ချက် မော့်ကြည့်ကာ ...

"ကျွန်တော် ဖုန်းဆက်ရင် စိန် ကိုင်မှာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ မကိုင်ဘဲ နေရမှာလဲ"

"ဩော် ... တချို့က နံပါတ်မသိရင် မကိုင်တတ်ကြဘူးလေ"

"အိုကေ ... ကိုင်ဖြစ်မှာပါ"

"ဟုတ်ပြီလေ ... ဘာပဲပြောပြော စိန်နဲ့ စကားပြောရတာ ပျော်ပါတယ်။ နောက်ထပ်လည်း စကားတွေ ပြောချင်သေးတယ်။ ကျောင်းမှာ ထပ်တွေ့ကြတာပေါ့။ အခုတော့ လူကြီးတွေဆီ ပြန်သွားရအောင်"

"As you like"

စိန်တို့ အိမ်ထဲ ပြန်ဝင်လာတော့ လူကြီးတွေမေးမြန်းသမျှကို သူကပဲ ဒိုင်ခံဖြေကြားသည်။ အဲဒီနောက် သူတို့မိသားစု ပြန်သွားချိန်ဝယ် စိန့်အမေက စိန့်ကို မျက်စတစ်ချက်ပစ်ပြကာ ...

"ဘယ်လိုလဲ သမီး။ ကောင်လေးကတော့ အတော်ချောသားနော်။ စကားပြောကြည့်တာရော ဘယ်လိုနေလဲ"

"သမီး စိတ်မဝင်စားပါဘူး မေမေ"

"ဟဲ့ ... တစ်ခါတည်း တွေ့တာနဲ့ပဲ ဒီလိုပြောရသလား"

"ပြောတယ်။ သူ သိပ်ချောတာ ဟုတ်တယ်။ ဒါပေမဲ့ အဲဒါကိုက လူသားမဆန်သလို ခံစားရလို့ မကြိုက်ဘူး မေမေ"

"ဟင်"



စိန့်အမေရဲ့ အံ့သြနေပုံကို ဆက်လက်မခံစားတော့ဘဲ စိန်က အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။ ဒီအချိန်ဆိုလျှင် စိန့်ဘော်ဒါ နှင်းပွင့်တစ်ယောက် ရည်းစားနဲ့ အကြည်ဆိုက်လို့ ကောင်းခန်းတော့ ရောက်နေမှာပင်။ ရည်းစားဆီကို ပို့လွှတ်ထားသော ရင်ခုန်သံတွေကို စိန်က နည်းနည်းလောက် ဖွဲ့ယူဦးမှပဲဟု စိတ်ကူးသည်။ ကျောင်းက မိန်းကလေးတွေ စိတ်ဝင်တစားရှိကြသော King ဟု နာမည်ပေးထားသော လင်းပြေ တစ်ယောက် စိန်တို့အိမ်သို့ ဘမင်းစားကြွလာခဲ့သည်ဆိုလျှင် နှင်းပွင့်အတွက် ဒီနေ့သတင်းဟာ အရှေ့တောင်အာရှတွင် စိတ်ဝင်စားဖို့ အကောင်းဆုံးဖြစ်သွားနိုင်သည်။

အတွေးနှင့်အတူ စိန်က နှင်းပွင့်ရဲ့ဖုန်းကို ခေါ်ဆိုလိုက်သည်။ မိန်းကလေးများသည် သတင်းထူးတစ်ခုကို ကြားသိရလျှင် အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကို အရင်ဆုံး သတိရမိကြလေသည်။

❀ ❤ ❀

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"အိုခေ ... ဒီနေ့အဖို့တော့ လုံလောက်သွားပါပြီ။ ဘယ်ဆို လို့လဲ လှမျိုးခင်ရဲ့ မင်းက ပေးတဲ့ထရိန်နင်အတိုင် လိုက်နိုင်သားပဲ ...

ဒီပုံအတိုင်းဆို သိပ်မကြာခင် Rain ရဲ့ Bod Structure အတိုင်း ဖြစ်လာတော့မှာပါ"

သူ့ကို သင်တန်းပေးသော ဆရာက ပခုံးတစ်ဖက် ကိုင်ပြီး ချီးကျူးလျှင် သူက ကျေနပ်စွာဖြင့် ပြုံးရသည်။ အရင် ခေါင်းကုတ်ဖင်ကုတ်ကာ အဟီးအဟဲတွေဖြင့် မနေတတ် မထို တတ် ဒီနိုင်းမျိုးတွေ မရှိတော့ပါ။ တတ်နိုင်သလောက် သတိထာ ပြင်ပါဟု စိန်က ပြောထားသဖြင့် စိန့်ရဲ့ညွှန်ကြားချက်အတိုင် လိုက်နာခဲ့ရာ ပြောင်းလဲသင့်သလောက် ပြောင်းလဲခဲ့ပြီဖြစ်သည်

အစပိုင်းမှာတော့ စိန်ကပြောလို့သာ Body Beau ကို ကရားဖြစ်ခဲ့သော်လည်း စိတ်ကတော့ သိပ်ပါသည် မဟုတ်လ





နောက်တော့ သူကိုယ်၌ကကို လိုလိုလားလား ရှိလာခဲ့ကာ စိတ်ပါ လက်ပါ ကြိုးစားလာခဲ့တာဖြစ်သည်။ သူကိုယ်တိုင်ကကို အရင် လှမျိုးခင်နှင့် ထူးခြားကွဲပြားသွားသည့် ပုံစံမျိုး ဖြစ်ချင်လာခဲ့တာ ဖြစ်သည်။ သူ့ကိုလေ့ကျင့်ပေးနေသော ဆရာရဲ့ Body Structure ကိုကြည့်ကာ အားကျစိတ်တို့ကလည်း ဖြစ်ကွန်းသေးသည်။ ပြီး တော့ သင်တန်းမှာလည်း မိတ်ဆွေသစ်တွေရကာ သူ ပျော်လာခဲ့ သည်။ လုဖို့တစ်ခုတည်း ရည်ရွယ်ပြီး လုပ်ခဲ့သော်လည်း အား ကစားလုပ်ခြင်း၏ အကျိုးကျေးဇူးကတော့ အများကြီးသက်ရောက် ခဲ့ပါသည်။

"ဟော ... ဟိုကလာနေတာ မင်း ဘော်ဒါကြီး စိန်ပန်း နီနီ မဟုတ်လား။ စောစောစီးစီး ဘယ်လိုမျက်စီလည်ပြီး ရောက်လာတာပါလိမ့်"

သူက ဆရာပြောသံကြောင့် လှည့်ကြည့်လိုက်လျှင် တကယ်ကိုပဲ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ဖြင့် လျှောက်လာသော စိန့်ကို တွေ့လိုက်ရသည်။ ခေါင်းစွပ်ဆွယ်တာပါး ပန်းနုရောင်၊ ဂျင်း(န်) ပြာပြာတစ်ထည်ဖြင့် လန်းဆန်းလတ်ဆတ်စွာ လျှောက်လာသော စိန်သည် အိပ်ရာနိုးခါစကြောင့်လားတော့ မသိ။ မျက်နှာက ဖူး ဖူးပြည့်ပြည့်လေး ရှိနေသည်။

"Hey ! Morning"

"မောနင်း စိန်ပန်းနီနီ။ ဘယ်လိုလဲ စောစောစီးစီးလာလို့ ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုဘ်တယ် ဦးနိုင်။ သမီးလည်း တစ်နေ့ တစ်နေလေး စားစားထဖွားတယ် ရှိအောင်လို့။ ဘယ်လိုလဲ သင်တန်းသားက စည်းကမ်းလိုက်နာရဲ့လား"

"လိုက်နာပါဗျား။ ကြိုးကြိုးစားစားပါပဲ။ အခု သူကိုယ်တိုင်ကကို စိတ်ပါလက်ပါ ရှိလာပြီလေ။ သိပ်မကြာခင် မွန်းထားတဲ့အတိုင်း ဖြစ်လာတော့မှာပါ"

"အိုး ... အိုခေ။ ဦးနိုင်ကိုတော့ ယုံပါတယ်။ ကဲ လှမျိုးခင်၊ ရှင် အိမ်ပြန်မှာ မဟုတ်လား။ ကျွန်မနဲ့လိုက်ခဲ့"

သူက ဆရာ့ကို နှုတ်ဆက်ကာ သူမနဲ့အတူ လိုက်ပါလာခဲ့သည်။ သင်တန်းက တစ်ပတ်မှာ ခြောက်ရက်ပြ တာကြောင့် စနေနေ့ဆိုလျှင်တော့ သူက မနက်ပိုင်း လာဆော့တ သည်။ ကျန်တဲ့ရက်တွေကတော့ ကျောင်းကအပြန် ညနေဘ ဝင်စကားဖြစ်ပါသည်။ စိန်က ကားမောင်းရင်းမှ သူ့ကို လှ ကြည့်ကာ ...

"အညာသား ... ရှင် မုန့်ဟင်းခါး ကြိုက်တယ် မဟု လား"

"ကြိုက်တာပေါ့။ ကျွေးမလို့လား"

"Yes ။ ဟသ်ာတမုန့်ဟင်းခါး ကောင်းကောင်းရတဲ့ ကို ခေါ်သွားမယ်။ မုန့်ဟင်းခါး ဆိုပေမယ့် အညာဘ မုန့်ဟင်းခါးနဲ့ ရန်ကုန်မုန့်ဟင်းခါးနဲ့မတူဘူးနော်"





"ဟုတ်တယ်။ ကျွန်တော်တို့ဆီက မုန့်ဟင်းခါးက ပဲနဲ့ ချက်တာ။ ငါးသိပ်မပါဘူး။ ရန်ကုန်က လူတွေလာရင် နယ်က မုန့်ဟင်းခါးကို မစားတတ်ဘူးဗျ"

"အင်း ... အညာက မုန့်ဟင်းခါးက အရသာတစ်မျိုးဖြစ် နေလို့ပါ။ ကောင်းတော့ ကောင်းပါတယ်။ ကျွန်မကတော့ ကြိုက်တယ်၊ ရှင့်ရဲ့ရွှေအိမ်သူလည်း မုန့်ဟင်းခါးကြိုက် တယ်၊ သွားပို့ဦးမလား"

သူက နှုတ်ခမ်းကိုမဲ့ကာ ပခုံးတစ်ချက် တွန့်ရင်း ...

"ဒီတစ်ခါ သွားပို့ရင်တော့ ကျွန်တော့်ကို မုန့်ဟင်းခါး ဟင်းရည်နဲ့ ပက်လွှတ်မှာ သေချာတယ်။ နေပါဗျာ"

စိန်က ဘာမှမပြောတော့ဘဲ ကားကိုသာ ဆက်မောင်း နေတော့သည်။ သူက ရန်ကုန်နံနက်ခင်းရဲ့ မပီပြင်သောဆောင်း ကို ငေးမောရင်း ဘာလိုလိုနဲ့ ရန်ကုန်ရောက်တာ ရှစ်လတောင် ရှိခဲ့ပြီဟု သတိပြုမိလိုက်သည်။ ဒီရှစ်လအတွင်းမှာ သူ ဘာတွေ ပြောင်းလဲခဲ့ပြီလဲ။ ရောက်စကထက်တော့ နည်းနည်းပြောင်းလဲ သွားခဲ့ပြီဟု ထင်ပါသည်။

မုန့်ဟင်းခါးဆိုင်သို့ရောက်လျှင် စိန်က မုန့်စားရင်း မှ သူ့ကို မေးသည်။

"လှမျိုးခင် ... ရှင် Cosmetic တွေက ဘာသုံးလဲ"

"ဗျာ ... ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ခုခေတ်မှာ ယောကျ်ားလေးတွေလည်း တစ်ကိုယ်ရေသန့်ရှင်းမှုကို အလေးထားလာပြီမလားကွာ။ အဲဒီအတွက် For Men ဆိုပြီး ယောကျ်ားလေးသုံးပစ္စည်းတွေလည်း သီးသန့်ထုတ်လုပ်လာကြပြီ ...

မျက်နှာသစ်၊ Toner ၊ After Shave ၊ စသဖြင့်ပေါ့၊ ရှင် ကောင်းကောင်းသုံးလားလို့ မေးတာ"

"အင်း ... သုံးပါတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ အဲဒီလိုပစ္စည်းတွေ ကောင်းကောင်းသုံးဖို့ လိုအပ်တယ်လို့ ရှင့်ကို ပြောမလို့။ ယောကျ်ားလေးတစ်ယောက်ဟာ လှဖို့ ချောဖို့ထက် အဓိက,က စမတ်ဖြစ်ဖို့ လိုတာရှင့် ...

ရှင့်ကို အခုလို'ဒီပုံစံသွင်းနေတယ် ဆိုတာကလည်း စမတ်ဖြစ်ဖို့ သွင်းနေတာ။ စမတ်ဖြစ်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အမြဲဂရုစိုက်ရမယ်။ ရေမွှန်မွှန်ချိုးဖို့ ပြောနေတာ မဟုတ်ဘူး။ လူကို မြင်လိုက်တာနဲ့ သပ်ရပ်သန့်ရှင်းမှုရှိတာကို ဆိုလိုတာ ...

ရှင် ရေမွှေးလေး ဘာလေး သုံးပါ့လား"

"အင်း ... သုံးတော့ သုံးချင်တယ်။ ဘာသုံးရင် ကောင်းမလဲ စဉ်းစားနေတာ၊ အတော်ပဲ စိန့်ကိုတောင် မေးတော့မလို့"





"BOSS HUGO သုံးလေ၊ For Men ပေါ့။ အဲဒီအနံ့က တော်တော်မိုက်တယ်"

"ဟုတ်လား ... စိန့်ဆီက ရ,ရနေတာ အဲဒီအနံ့လား"

သူ့စကားကြောင့် သူမက အသာအယာ ရယ်မောကာ ...

"မဟုတ်ပါဘူး။ ကျွန်မ သုံးတာက DKNY အစိမ်းရောင်ပါ။ DKNY သုံးချင်လည်း သုံးလေ။ ရွေးစရာတွေ ရှိပါတယ်"

"နေပါစေ၊'အခုနကပြောတာ ဘာ။ အဲဒါ ကောင်းတယ်ဆိုရင် အဲဒါပဲ သုံးတော့မယ်။ ဈေးကြီးလားဟင်"

"ဈေးတော့ ကြီးတာပေါ့။ ဒါပေမဲ့ တစ်ပုလင်းကို ခြောက်လ ခုနစ်လလောက်တော့ ဆွဲတ်ရပါတယ်း ဒါက နေ့တိုင်းသုံးရင် ပြောတာ ...

ခုနက ပြောတာ Boss Hugo လေ"

"ဟုတ်ပြီ ... ကျွန်တော် ဝယ်လိုက်ပါ့မယ်"

"လှမျိုးခင်"

သူက အရသာရှိလှသော မုန့်ဟင်းခါးကို ငုံ့စားနေရာမှာပဲ စိန့်ရဲ့ခေါ်သံကြောင့် မော့်ကြည့်လိုက်လျှင် သူ့ကို ပြုံးဆောင်ယောင် မျက်နှာထားဖြင့် စိုက်ကြည့်နေသော စိန့်ကိုတွေ့လိုက်ရသည်။

"ရှင့်ကို ထူးခြားတာတစ်ခု ပြောပြမလို့"

"ဘာများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ တစ်ပတ်က အိမ်ကို လင်းပြေတို့ မိသား ထမင်းလာစားသွားတယ်။ သူ့မိဘတွေနဲ့ ကျွန်မမိဘတွေ က မိတ်ဆွေတွေလေ ...

အဲဒီမှာ သူနဲ့ ကျွန်မ စကားပြောဖြစ်ကြတော့ ရွှေအိမ်သူ့အကြောင်းလေးပါ ထည့်ပြောဖြစ်ကြတယ်"

သူ့ရင်ထဲတွင် ဒုတ်ခနဲ ဖြစ်သွားသည်။ လင်းပြေ ဆိုသော ခပ်ဖြောင့်ဖြောင့်ဘဲနှင့် သူ့မတူအောင် လုပသော ရွှေအိမ်သူတို့ကို ကျောင်းမှာလည်း ဟိုထင် ဒီထင် ထင်ကြေးပေး ကြတာကို သူလည်း ကြား၍ ထားပါသည်။

"သူကရော ရွှေအိမ်သူ့ကို ကြိုက်နေတာလား"

"ဟင့်အင်း ... မကြိုက်ဘူး"

"ဟာ ... ဖြစ်နိုင်ပါ့မလားဗျာ။ ရွှေအိမ်သူနဲ့ အဲဒီတစ်ယောက် က အလွမ်းသင့်ကြတာပဲဟာ။ ဒီလို သိပ်လှတဲ့ မိန်းကလေး တစ်ယောက်ရဲ့အနားမှာနေရတဲ့ ယောက်ျားတစ်ယောက် ဟာ မကြိုက်ဘူးဆိုတော့ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တယ်။ သူ မညာဘူး။ အဲဒါကို ကျွန်မ သေချာ သိတယ်။ သူနဲ့ စကားပြောတဲ့ တစ်ချိန်လုံး သူ့ကို ကျွန်မ သေချာအကဲခတ်နေခဲ့တာ ...

သူကလည်း အခု ရှင်ပြောသလိုပဲ လှတိုင်း ရင်ခုန် ရမှာလားဆိုပြီး ပြန်ချေပတယ်။ သူက အဲဒီအယူအဆ တော်လှန်ချင်နေတာတဲ့"





"ဟင်း ... အဆန်းပဲ"

"ရှင် ဝမ်းမသာဘူးလား"

သူက ဘာပြောရမှန်း မသိပေ။ ဒါကြောင့် မုန့်ဟင်း ခါးပန်းကန်ထဲက အိုးဘဲဥတစ်ဖတ်ကို အရသာခံ မြုံနေမိသည်။

"ဝမ်းသာတယ်လည်း မဟုတ်ပါဘူး။ ကြားရတာ နည်း နည်းတော့ ထူးဆန်းနေသလားလို့ပဲ ...

စိန် ကျွန်တော် ရွှေအိမ်သူ့ကို ဘယ်တော့ဖွင့်ပြော ရမလဲဟင်"

သူ့ကို စိန်က မျက်လုံးတစ်ချက် လှမ်းကြည့်ပြီး နောက် ရေနွေးကြမ်း မော့သောက်ပြီးနောက် ခပ်အေးအေးပင် ပြောသည်။

"ဘယ်တော့မှ ဖွင့်ပြောစရာ မလိုဘူး"

"ဗျာ"

"ဟုတ်တယ်လေ။ ရှင့်အနေနဲ့ သူ့ကို တကူးတက ဖွင့် ပြောစရာ လိုသေးလို့လား။ ရှင် သူ့ကို ကြိုက်နေတယ်ဆို တာ တစ်ကျောင်းလုံး သိတာပဲ ...

သူကိုယ်တိုင်လည်း ရှင်ဟာ သူ့ကို အရူးအမူးစွဲလမ်း နေတဲ့သူတစ်ယောက်ဆိုတာ သိနေတာပဲ။ ဒါကြောင့် ရှင် က သူ့ကို ဘာမှဖွင့်ပြောနေစရာ အကြောင်းမရှိဘူး။ သူ့ အပေါ်မှာ အရူးအမူး စွဲလမ်းနေခဲ့တဲ့ ရှင်ဟာ စွဲလမ်းမှုတွေ ကဖြည်းဖြည်း လျော့ပါးလာချင်တန်ဆောင်ရှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒီလိုတွေ လုပ်ရမယ်"

"ဒါပေါ့။ အဲဒီလို လုပ်ရမယ့် အချိန်ဟာ ရှင် လုံးဝပြောင်းလဲသွားတဲ့အချိန်မှာ လုပ်ရမှာပဲ။ ရှင့်ရဲ့စတိုင်လ်နဲ့ ရုပ်ရည်ကို လုံးဝပြောင်းလဲသွားအောင် လုပ်ပေးဖို့ရှိတယ် ...

အဲဒီလို ပြောင်းလဲသွားရင် သူ့အပေါ်မှာထားတဲ့ ရှင့်ရဲ့ဂရုစိုက် အသည်းပိုမှုတွေကို လျှော့ချပစ်ရတော့မယ်၊ အဲဒီအချိန်ဟာ သူကတစ်ပြန် ရှင့်ကိုလိုက်ရမယ့်အချိန်ပဲ"

သူမက ရဲရဲတောက် ပြတ်ပြတ်သားသားပြောလျှင် သူ့မှာ ကြက်သီးမွေးညင်းတောင် ထသွားလေသည်။ မြတ်စွာဘုရား ဒီလိုကိစ္စမျိုး တကယ်ရှိပါ့မလား၊ သူ ယုံတောင် မယုံချင်ပါ။ မယုံရဲ ယုံရဲနှင့် သူမကို ကြည့်လိုက်လျှင် သူမကလည်း သဘောပေါက်စွာဖြင့် ...

"ရှင် ကျွန်မ ပြောတာကို မယုံရင် လောင်းမလား"

"စိန့်ကို ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ယုံကြည်တာက သူ့အချစ်ကို ကျွန်တော် တောင်းခံမှ ပေးမယ်လို့ ယုံကြည်ခဲ့တာ ...

သူ ကျွန်တော့်ကို ပြန်လိုက်မယ် ဆိုတာကတော့"

"အေးလေ ... ရှင် မယုံရင် လောင်းလိုက်။ လောင်းကြေးစားကြေးက ရုပ်ဝတ္ထုကြေးတော့ မဟုတ်ဘူး။ အနိုင်ရတဲ့လူက ကြိုက်တာခိုင်းကြေး ဘယ်လိုလဲ"





စိန့်ရဲ့ မျက်စပစ်မေးသော အမေးကို သူက ဖျားချင်သွားသည်။ ဒါကြောင့် ပခုံးကို ခပ်မြန်မြန်တွန့်ကာ (အဲဒီအကျင့်ကလည်း စိန့်ထံကကူးတာ ဖြစ်ပါသည်။)

"တော်ပြီဗျာ။ စိန့်ကို ကြောက်တယ်။ လောင်းတော့ဘူး"

"အဲဒါပဲ။ လူတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိကြဘူး။ ကျွန်မက ရှင့်ဘက်က လုံးဝလောင်းနေတာတောင် ရှင်က ယုံကြည်မှုမရှိဘူး ...

ကဲ ... ကျွန်မကိုတော့ ယုံတယ်ဆိုရင် ရှင် နည်းနည်းလေး အားစိုက်လိုက်တော့။ သိပ်မကြာခင်မှာ ရှင် နောက်ထပ် သင်တန်းတစ်ခုတက်ဖို့ ရှိသေးတယ်"

"ဟား ... တက်လိုက်ရတဲ့ သင်တန်းဗျာ။ အဲဒါကရော ဘယ်နှလ တက်ရမှာလဲ၊ ဘာသင်တန်းလဲ"

"အဲဒါက တစ်ပတ် ဆယ်ရက်ပဲ ကြာမှာပါ။ ဘာသင်တန်းလဲ ဆိုတာတော့ နီးတော့ပြောမယ်။ အိုခေ ... ကဲ ... စားပြီးရင် ပြန်ကြစို့ ...

ဩော် ... တစ်ခု သတိပေးရဦးမယ်။ ရှင့် Body က ကျစ်စပြုနေပြီနော်၊ ဒါပေမဲ့ fitting တွေ မဝတ်သေးနဲ့ဦး။ အင်္ကျီပွပွတွေပဲ ဝတ်ဦး ...

အလှလေးကို ဖုံးထားဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စိန့်ကို သူ ဘာမှပြန်ပြောနိုင်စွမ်း မရှိပါ။ မပြောနိုင်အောင်လည်း ဒီမိန်းကလေးဟာ သူ့မတူအောင် ဥာဏ်ကောင်းလွန်းသည်ဟု ထင်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၉

"ဟေး ... စိန်ပန်းနီနီ ... ဟေး ..."

နောက်ကပါးဆီက ခေါ်သံတစ်ခုကြောင့် လမ်းလျှောက်လာကြသည့် စိန်နှင့် နှင်းပွင့်က ရပ်ပြီး လှည့်ကြည့်လိုက်လျှင် အပြေးတစ်ပိုင်းနှင့် လက်လှမ်းပြနေသော လင်းပြေကို မြင်လိုက်ရသည်။ စိန်နှင့် နှင်းပွင့်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးတဲ့နောက် မသိမသာ ပခုံးတွန့်မိကြလေသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်မှာ အဖြူရောင်တီရှပ်နှင့် ဂျင်း(န်)အနက်ကို တွဲဖက်ဝတ်ဆင်ထားသော သူသည် ရုပ်ဖြောင့်လှသော်လည်း Body Structure ကတော့ သာမန်အနေအထားမှာပဲ ရှိသည်ဟု စိန်ကတော့ ထင်သည်။

"ဟား ... ခေါ်လိုက်ရတာ။ ကန်တင်းသွားမလို့နဲ့ တူတယ်။ ကိုယ်ရော လိုက်လို့ရမလား"

"ရပါတယ်။ လိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဟုတ်ပြီ ဟူသော ပုံစံမျိုးဖြင့် စိန့်ရဲ့ဘေးက
ဝင်လျှောက်သည်။

စိန်က လမ်းလျှောက်ရင်းမှနေ၍ ...

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကျွန်မသူငယ်ချင်း နှင်းပွင့်
မြတ်နိုးတဲ့။ နှင်းပွင့်လို့ပဲ ခေါ်ကြတယ်"

"ဟုတ်ကဲ့။ အခုလို သိရတာ ဝမ်းသာပါတယ်"

"နှင်းပွင့်လည်း ဝမ်းသာပါတယ်"

"လင်းပြေ အိမ်က ဘာမှစားမလာခဲ့ဘူးလား"

သူက စိန့်ရဲ့အမေးကို မျက်ခုံးပင့်ပြီး ရယ်ဟ
သဏ္ဍာန်ဖြင့် ကြည့်ကာ ...

"စိန် မေးတဲ့ပုံစံက မသိရင် ကိုယ့်ကို မုန့်ကျွေးရ
ကြောက်တဲ့ပုံစံနော်။ စိတ်ချပါ ကိုယ် ကျွေးမှာပါ"

"မဟုတ်ပါဘူး။ တော်တော်များများက အိမ်က စား
ကြတာများတယ်လေ။ နှင်းပွင့်နဲ့ ကျွန်မကသာ ကျောင်း
အစားအသောက်တွေကြိုက်လို့ ဒီရောက်မှပဲ စားကြတာ"

"ကိုယ်လည်း ဒီက အစားအသောက်တွေ ကြိုက်ပါတယ်
အိမ်မှာက ရိုးရိုးမုန့်တွေပဲ စားရတာ။ ဒါပေမဲ့ အဖော်
တော့ ကန်တင်းမှာလည်း တကူးတက သွားမစားဖြစ်
ဘူး ...

နောက်ဆိုရင်တော့ စိန်နဲ့အတူတူ ကပ်စားမှနဲ့
တယ်"





ဖွတ်ကိုပဲ အကြောင်းစပ်နေသော မင်းသားချော
ကြောင့် စိန်နဲ့ နှင်းပွင့်က တစ်ယောက်နဲ့တစ်ယောက် အထာ
ပေါက်စွာ မသိမသာ ကြည့်မိကြ၏။

ကန်တင်းသို့ရောက်လျှင် သူက စိန် မှာစားသည့်
အတိုင်း နန်းပြားသုပ်နှင့် လက်ဖက်ရည်ပုံမှန်တစ်ခွက် မှာလေသည်။
ပြီးတော့ စားရင်းသောက်ရင်းမှ စကားတွေ များသေးသည်။

"ဘာလိုလိုနဲ့ MBA တက်တာ တစ်နှစ်တောင်ရှိလာတော့
မယ်နော်။ နောက်တစ်နှစ်ပြီးရင် Project တင်ရတော့မယ်။
စိန် ဘာကိုတင်ဖို့ စိတ်ကူးထားလဲ"

"မစဉ်းစားရသေးပါဘူး။ အဝေးကြီး လိုသေးတာပဲ။ ကျွန်မ
က Day By Day ပဲ သွားတယ်"

"အင်း ... ကောင်းပါတယ်။ ကိုယ်ကတော့ အသိတစ်
ယောက်ရဲ့ စက်ရုံအကြောင်းကို တင်မလားလို့ ...

ဩော် ... ဒါနဲ့ စိန် ရုပ်ရှင်ကြည့်တာ ဝါသနာပါ
လား"

"ကားလဲတိုင်း သွားကြည့်ရလောက်တဲ့ အထိတော့ ဝါသနာ
မပါဘူး။ ကျွန်မက စာဖတ်တာပဲ ဝါသနာပါတာ ...

ရုပ်ရှင်ကတော့ တစ်လနေလို့ တစ်ခါတောင် ကြည့်
ခဲ့ပါတယ်"

"ဩော် ... ကိုယ်ကတော့ အမြဲတမ်း သွားကြည့်ဖြစ်တယ်။
နေပြည်တော်မှာလေ။ ဒီတစ်ပတ်လဲမယ့်ကားက ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တကယ်လို့ စိန်တို့သူငယ်ချင်းနှစ်ယောက် ကြည့်မယ်ဆိုရင် ကိုယ် လက်မှတ် Booking လုပ်ထားမလို့"

"နေပါစေ ... ကျွန်မ သိပ်ကြည့်ချင်စိတ် မရှိပါဘူး"

"ရပါတယ်၊ စိန် ကြည့်ချင်စိတ် ပေါ်လာအောင် ကိုယ်ကြိုးစားမှာပေါ့"

အဲဒီစကားကြောင့် စိန်က နန်းပြားသုပ်ကို ဝါးရင်းမှ သူ့ကို မျက်လုံးလှန်ပြီး မော့ကြည့်ဖြစ်သွားသည်။ စိန့်ကို ပြုံးကြည့်နေသော သူ့မျက်လုံးထဲတွင် ရီဝေသော အရိပ်အယောင်တစ်မျိုးက ယှက်သိုင်းစီးဆင်းနေသည်။ မိန်းကလေးတို့၏ မွေးရာပါ ဗီဇစိတ်အရ အဲဒီအကြည့်ဟာ ဘာအဓိပ္ပာယ်လဲဆိုတာ ဖရိပ်မိသည်အထိ စိန် မအ,ခဲ့ပါ။

စိန်သည် အဲဒီအကြည့်နှင့် အဲဒီလို လာပြောတာကြောင့် နည်းနည်းတော့ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ သူ့ကို တစ်ခုခု ပြန်ပြောဖို့ စဉ်းစားနေတုန်းမှာပဲ စိန်တို့ရဲ့ဝိုင်းသို့ လုံးဝထင်မှတ်မထားသူတစ်ယောက်က ရောက်ရှိလို့လာခဲ့သည်။ နှင်းပွင့်ရဲ့နှုတ်ဖျားမှ "ဟင် ... လှမျိုးခင်"ဟု အာမေဋိတ်သံထွက်ပေါ်လာသလို စိန်ကလည်း သူ့ကို ကြောင်ပြီး ကြည့်နေမိသည်။

သူက ဝင်မထိုင်ဘဲ မတ်တတ်ရပ်နေသောကြောင့် ...

"လှမျိုးခင် ထိုင်လေ"

"မဟုတ်ဘူး ... ဟို ..."





သူ့စကားက ဘာအဓိပ္ပာယ်၊ ဘာ့အဆက်အစပ်မှ မရှိပါ။ မပြောရဲသလိုလို ပြောမထွက်သလိုလို ချိတုံချတုံ ဖြစ်နေတာကို မျက်မှောင်တစ်ချက် ကြွတ်ကြည့်ကာ ...

"ဘာပြောစရာရှိလို့လဲ၊ ပြောလေ"

"ကိုလင်းပြေကို ရွှေအိမ်သူက ခေါ်ခိုင်းလိုက်လို့"

"ဘယ်လို ! "

အဲဒီအသံက လင်းပြေထံက ထွက်လာတာ ဖြစ်သည်။ သူက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြကာ ...

"ဟုတ်တယ်။ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တာ။ အရေးနည်းနည်းကြီးလို့ပါတဲ့၊ အဲဒါ အခု လာခဲ့ပေးပါဆိုပြီး"

"သွားရင် သွားလေ လင်းပြေ။ စားထားတာလည်း ကုန်သလောက်ရှိနေပြီပဲ။ ကျွန်မတို့ ရှင်းလိုက်ပါ့မယ်"

"အာ ... ရပါတယ်။ ကိုယ်ပဲ ရှင်းခဲ့မယ်"

"မရှင်းပါနဲ့၊ သွားပါ ရပါတယ်။ တစ်ခုခု ကိစ္စရှိလို့ နေမှာပေါ့၊ လှမျိုးခင် ... ထိုင်လေ၊ ရှင့်ကိုတော့ မခေါ်ဘူး မဟုတ်လား"

"ဟင့်အင်း ... မခေါ်ပါဘူး"

သူက ဝင်ထိုင်ကာ လင်းပြေကို ကြည့်သည်။ လင်းပြေက ဘာမှမထူးခြားသော မျက်နှာနှင့်ပင် ကျောပိုးအိတ်ကို ပြင်လွယ်ကာ ထိုင်ရာမှ ထသည်။ ပြီးတော့ စိန့်ကိုပဲ ခပ်မှုန်မှုန် စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး စိန်။ နောက်နေ့ကျရင် ကိုယ် ကျွေးပါ့မယ်။ ကဲ... အားလုံးပဲ ခွင့်ပြုပါဦး"

သူ ထွက်သွားတော့မှပင် ငူငူကြီး ထိုင်နေသော လှမျိုးခင်ကို စိန်က မေးခွန်းထုတ်ရတော့သည်။

"နေပါဦး လှမျိုးခင်ရဲ့။ ကျုပ် အံ့ဩလွန်းလို့ပါ။ တကယ်ပဲ ရှင့်ကို ရွှေအိမ်သူက လင်းပြေကို ခေါ်နိုင်းတာပေါ့ ဟုတ်လား ...

သူ ဒီမှာရှိမှန်း ဘယ်လိုလုပ် သိတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော် အတန်းရှေ့ကိုရောက်တော့ သူက ကျွန်တော့်ကို ဟိတ်ဆို ပြီး ခပ်တည်တည်နဲ့ ခေါ်တာ။ ပထမ ကျွန်တော်က ခေါ်တယ်တောင် မထင်ဘူး ...

သူက လက်ယပ်ပြတော့မှ သွားမိတာ။ လင်းပြေ ကန်တင်းမှာ ရှိတယ်တဲ့။ ကျွန်မ အရေးကြီးတဲ့ကိစ္စရှိလို့ ခေါ်ပေးပါတဲ့။ ကျွန်တော်လည်း ဘာမှတောင် ပြန်မပြော နိုင်ဘူး။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဆိုပြီး ထွက်လာခဲ့တာပဲ_

စိန် ... ခင်ဗျားပြောတော့ လင်းပြေနဲ့ သူနဲ့ ဘာမှ ပတ်သက်ပုံ မရဘူးဆို။ အခုတော့ သူ့ကြည့်ရတာ လင်းပြေ အပေါ်မှာ ပိုင်နိုင်တဲ့ပုံစံ ရှိသလိုပဲ။ ပြီးတော့ ကျွန်တော့်ကို သွယ်ဝိုက်ပြီးတော့ သူနဲ့ လင်းပြေအကြောင်း အသိပေးလိုက်တာလား မသိဘူးနော်"





လှမျိုးခင်ရဲ့ ဆီးရွက်လောက်ရှိနေသော မျက်နှာကို စိန်က တစ်ချက်စိုက်ကြည့်ရင်း စားပွဲခုံကို လက်နဲ့ တခေါက်ခေါက် ခေါက်ကာ စဉ်းစားမိသည်။ တစ်မိနစ်လောက် စဉ်းစားရုံမျှဖြင့် စိန်က အဖြစ်မှန်နဲ့ နီးစပ်သောအဖြေကို ကောက်ချက်ဆွဲမိလေသည်။

"မဖြစ်နိုင်ဘူး။ သူ့မှာ တကယ်ရင်းနှီး ပတ်သက်တယ်ဆို ရင် သူ လင်းပြေကို ဖုန်းဆက်ခေါ်ရမှာပေါ့။ ဖုန်း ဘာလို့ မဆက်သလဲ။ ဖုန်းနံပါတ် မသိတာ ဖြစ်နိုင်တယ်"

"ဟာ ... စိန်ကလည်း။ လင်းပြေနဲ့ ရွှေအိမ်သူက တစ် ယောက်နဲ့တစ်ယောက် ဖုန်းနံပါတ် မသိဘူးဆိုတာ ဖြစ်နိုင် ပါ့မလား"

"သိပ်ဖြစ်နိုင်တာပေါ့။ သူတို့ကဆရာကြီးတွေချင်း တွေ့ ကြတာပဲ။ တစ်ယောက်နဲ့ တစ်ယောက် ဂိုက်ခံနေကြတာ လည်း ဖြစ်နိုင်တာပဲ"

"ဟဲ့ ... ဂိုက်ခံနေတယ်သာ ပြောတယ်။ လင်းပြေက နင့် ကို အထာကြီးနဲ့ ဆက်ဆံနေတာနော် ...

ပြောတဲ့စကားတွေ ကြည့်တဲ့ ကြည့်ပုံတွေက ဟင်း... ငါ့သူငယ်ချင်းကိုတော့ ချိန်ရွယ်နေပြီနဲ့တူတယ်။ လှမျိုးခင် ရှင် သိပ်စိတ်ပူမနေနဲ့၊ လင်းပြေက ကျွန်မသူငယ်ချင်းကို စိတ်ဝင်စားနေတဲ့ပုံပဲ။ ရှင့် ရွှေအိမ်သူကို သူ စိတ်ဝင်စားပုံ မရဘူး"

"ဟဲ့ ... နင် ဘာတွေ လျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စိန်က ဟန့်လိုက်သော်လည်း နှင်းပွင့်ကတော့ ဖြုံ မပေါ်ချေ။ နှန်းကြီးသုပ်တစ်ဇွန်းကို ပလုတ်ပလောင်းစားရင်းမှ_

"ငါလည်း နှင့်အနားမှာ နေတာကြာတော့ ခန့်မှန်းတာ မှန်တတ်နေပါပြီဟာ။ လင်းပြေဟာ နင့်ကို စိတ်ဝင်စား နေတယ်။ အဲဒါ တကယ်ပဲ"

အဲဒီစကားကြောင့် လှမျိုးခင်က စိန်နှင့် နှင်းပွင့်ရဲ့ မျက်နှာကို တစ်ယောက်တစ်လှည့်စီ ကြည့်သည်။ နှင်းပွင့် တစ် ယောက် နောက်ထပ်စကားကို မဆက်ခင်မှာပဲ စိန်က စကားလမ်း ကြောင်း ပြောင်းပစ်လိုက်သည်။

"တကယ်တွေ နှစ်ကယ်တွေ နောက်ထားပါ။ လှမျိုးခင် ရှင့်ကို ရွှေအိမ်သူက စကားပြောတယ်ဆိုတော့ ရှင့်အတွက် ဒါ အလားအလာကောင်းတဲ့ အခြေအနေပဲ။ သိပ်မကြာ ခင်မှာပဲ ရှင့်အတွက် Plan ကို စတင်အကောင်အထည်ဖော် ရတော့မယ် ...

လကုန်ရင် စာမေးပွဲဖြေမယ်။ စာမေးပွဲပြီးရင် ကျောင်း က နှစ်ပတ်လောက် ပိတ်မယ်။ အဲဒီရက်အတွင်းမှာ ရှင် Personal Grooming သင်တန်း တက်ရမယ်။ ကျောင်း ပြန်တက်တဲ့နေ့ကစပြီး ရှင့်ရဲ့အပြောအဆို၊ အပြုအမူ ဝတ်စားဆင်ယင်မှု Style ကအစ အားလုံး ပြောင်းလဲပစ် ရမယ်။ အထူးသဖြင့် ရွှေအိမ်သူကို ဆက်ဆံတဲ့ပုံစံ လုံး ပြောင်းလဲပစ်ရမယ့် အချိန်ပေါ့။ ကျွန်မပြောတာ သဘော ပေါက်လား"



"Personal Grooming ဆိုတာ ဘာသင်တန်းလဲ"

"မော်ဒယ်အေဂျင်စီ တစ်ခုကဖွင့်တဲ့ သင်တန်းပါ။ လွယ် လွယ်ပြောရရင် ရှင့်ကို ဝတ်တတ် စားတတ် နေတတ် ထိုင်တတ်အောင် သင်ပေးမယ့် သင်တန်းပေါ့။ မော်ဒယ် သင်တန်း မဟုတ်ဘူးနော်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိချင်တဲ့ လူတွေကို လူကြားထဲမှာ နေထိုင်တတ်တဲ့ အပြု အမူမျိုးရှိအောင် သင်ပေးတဲ့ သင်တန်းပါ ...

ကျွန်မလည်း တက်ခဲ့ဖူးတယ်။ အဓိက,ကတော့ ရှင့်ရဲ့ လုံးဝပြောင်းလဲသွားတဲ့ Style နဲ့ ရွှေအိမ်သူကို ဆွဲဆောင်နိုင်ဖို့ပဲ။ လူဆိုတာ လိုက်ရင် ပြေးတတ်တယ် ဆိုတဲ့စကားလေး ရှင်လည်း ကြားဖူးမှာပါ ...

အဲဒီတော့ ... ... ..."

စိန်က ဆက်မပြောတော့ဘဲ သူ့ကို ပြုံးပြီးကြည့် လိုက်လျှင် လှမျိုးခင်က တောက်ပစွာ ပြုံးပြလာသည်။ ပြီးတော့ စိန့်ကို နှစ်ထောင်းအားရ ပုံစံဖြင့် လက်မတစ်ချက် ထောင်ပြသည်။ ရန်ကုန်မှာ အနေကြာလာသော အညာသားဟာ ရန်ကုန်နဲ့တည့် သည်ဟုပဲ ပြောရမလား။ အသားအရေတွေ စိုဝင်းကာ ညိုစိမ့်နေ သာကိုက တော်တော်ကြည့်ကောင်းသော အရာတစ်ခုဟု စိန်က တိတ်တဆိတ် မှတ်ချက်ချမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

တက္ကသိုလ်က ဘွဲ့တစ်ခု ရပြီးတဲ့အထိ၊ နောက်ထပ် ဘွဲ့တစ်ခု ယူဖို့အတွက် ကျောင်းဆပ်တက်တဲ့အထိ အသက်နှ ဆယ်ကျော်အရွယ်အထိ လင်းပြေ ထံတွင် မယ်မယ်ရရ ဖြစ်ခ ခဲ့သော အချစ်တစ်ခု မရှိခဲ့ပါ။ အချစ်ကို စိတ်ဝင်စားရကောင်း မှန်းလည်း မသိခဲ့သည်မှာ သူ့ဘဝရဲ့တိုးတက်ရာ တိုးတက်ကြောင် အတွက်သာဖြစ်သည်။ တကယ်ဆိုလျှင် အမေ မွေးပေးထားသော သူ့ရုပ်ရည်ကြောင့် သူ့မှာ စွံလှပါသည်။ ဒါပေမဲ့လည်း သူ သူ့ကိုယ်သူ တန်ဖိုးထားခဲ့သည်။

သူ ငယ်ငယ်တုန်းက မိဘတွေဟာ ဒီလော မပြည့်စုံကြသေးချေ။ အခုလည်း ကျိုကျိုတက်ကြီး ပြည့်စုံနေ တော့ မဟုတ်ပါ။ ဒါပေမဲ့ တင့်တောင့်တင့်တယ် အနေအထား တော့ နေနိုင်ပြီဟု ပြောလို့တော့ရသည်။ ဒီလိုနေနိုင်ခဲ့တာ



လည်း စိန်ပန်းနီနီရဲ့ဖခင် ဦးလင်းနိုင်၏ ကျေးဇူးကြောင့်ဖြစ်သည်ဟု သူ သိထားခဲ့တာပင်။ သူ့မိဘတွေ ပါးစပ်က ဦးလင်းနိုင်တို့ မိသားစုအကြောင်း ခဏ ခဏ ပြောခဲ့တာကြောင့်လည်း သူ့စိတ်ထဲမှာ လေးစားချစ်ခင်မှု အခံက ရှိနေခဲ့သည်။

သူ့အမေက စိန်ပန်းနီနီကို ချစ်ခင်သဘောကျကာ ဒီလိုစိတ်ထားကောင်းတဲ့ မိသားစုဝင်အဖြစ်လည်း သူ့ကို ဖြစ်စေချင်သည်။ သူကတော့ ငြင်းတာလည်း မလုပ်၊ ခေါင်းညိတ်တာလည်း မလုပ်ခဲ့ဘဲ ထမင်းစားဖိတ်သည့်နေ့မှပဲ အကဲဖြတ်ဖို့ စဉ်းစားထားခဲ့သည်။ တကယ်တမ်းလည်း သူမကို တွေ့လိုက်ရတဲ့အခါမှာ သူ့ရင်ထဲ တစ်မျိုးဖြစ်သွားခဲ့တာကို ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်လေသည်။

သူမဟာ လှသည်ဟုတော့ ပြော၍ရမည် ထင်ပါသည်။

ဒါပေမဲ့ လှတယ်ဆိုသော စကားသည် စိန်ပန်းနီနီအတွက် ဒိမ်ဖျင်းနေသည်ဟု သူ ထင်သည်။ လှတယ်ဆိုတာထက် သူမရဲ့ရုပ်ရည်က အဆင့်အတန်းတစ်မျိုး ထွက်နေသော ရုပ်ရည်မျိုးဖြစ်သည်။ ဒီခေတ်ကြီးထဲမှာ တော်ရုံရုပ်ရှိသော မိန်းကလေးတစ်ယောက်အဖို့ လုံးဝအလန်းစားဖြစ်အောင် လုပ်လို့ရသည်။ စိန်ပန်းနီနီသည် အဲဒီလို လုပ်ခွင့်ရှိသော အခြေခံရုပ်ရည်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမက အဲဒီလိုတွေ စိတ်ဝင်စားပုံ မပေါ်ပါ။ သူမကို မြင်ရတာ ရိုးရှင်းအထက်တန်းကျသော Style တစ်ခုနဲ့သာ အစဉ်အမြဲ ရှိနေသည်။ ဆံပင်တိုဖောင်းဖောင်းလေးနဲ့ ရုံးရှုထက်မြက်သော မျက်ဝန်းတစ်စုံသည် သူမရဲ့ထူးခြားသော ဂုဏ်အင်သာ ဖြစ်ပေလိမ့်မည်။ ဘယ်လိုပြောရမလဲ ? ။ သူကလည်း ရုပ်လှတာထက် စိတ်ထားပိုလှပုံရသော မိန်းကလေးကို စိတ်ဝင်စားတာဖြစ်သည်။ ပြီးတော့ သူ့ကို ပုံမှန်သာ ဆက်ဆံသောမိန်းကလေးမို့လည်း သဘောကျသွားတာ ဖြစ်နိုင်သည်။ လူဆိုတာ မရတာမှ ခက်ခဲတာကိုမှ လွယ်လွယ်မရတာကိုမှ ပိုတန်ဖိုးထားထားတတ်သည် မဟုတ်ပါလား။

အဲဒီလို တွေးမိတော့လည်း သူဟာ ပေါများရွာရတိုင်း တန်ဖိုးမမဲ့တတ်တဲ့အကြောင်း၊ လျှပ်စစ်မီးနဲ့ နှိုင်းယှဉ်ပြီး ပြောပြသွားခဲ့သော ရွှေအိမ်သူကို သတိရသွားပြန်သည်။ ရွှေအိမ်သူကိုတော့ သူ တကယ်ပဲ စိတ်မဝင်စားခဲ့ပါ။ သူမ သိပ်လှတာမှန်သော်လည်း သူ ဘယ်လိုမှ ရင်ခုန်လို့ မရခဲ့တာ အသေအချာဖြစ်သည်။ တစ်နေ့ကလည်း လှမျိုးခင်နှင့် ခေါ်ခိုင်းလိုက်သောကိစ္စမှာ ဘာမှမဟုတ်ချေ။ ခေါင်းကိုက်လို့ ဆေးသောက်ချင်သည်ဟုအကြောင်းပြတာဖြစ်သည်။ ပြီးတော့ သူနဲ့ စိန်ပန်းနီနီကို စပ်စုသည်။ သူကလည်း မိဘချင်း ရင်းနှီးတာကအစ မချွင်းမချန်ပြောပြလိုက်လေသည်။



ပြေငြိမ်းလွဲသွားသော ရွှေအိမ်သူရဲ့မျက်နှာ အဓိပ်အနက်ကို သူ သတိထားမိသော်လည်း ဘာဆိုတာကို ဆက်မတွေးတော့ မစဉ်းစားတော့ချေ။ စဉ်းစားစရာလည်း မလိုဘူးဟု ထင်ပါသည်။ သူ့အတွက်ကတော့ မိဘတွေကလည်း နှစ်သက်ကြည်ဖြူကာ သူကိုယ်တိုင်ကလည်း နှစ်သက်စိတ်ဝင်စားမိသည့် စိန်ပန်းနီနီကိုသာ အာရုံထဲမှာ ထည့်ထားမိတော့သည်။ ချစ်တယ်ဆိုသော အဆင့်ထိ မရောက်ရသေးပေမယ့် စိတ်ဝင်တစား သဘောကျခြင်းဟာလည်း ချစ်ခြင်းရဲ့ အစတစ်ခုလားတော့ မပြောတတ်ပါ။ ကြိုဖူးတဲ့သူတွေလည်း ရှိလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ မိခင်၏ ရွှေလမ်းငွေလမ်းဖောက်ပေးမှုအတိုင်း သူမတို့အိမ်သို့ မနက်လေးကြာဆံချက်သွားပို့ရတော့မည်။ နေ့လယ် နေ့ခင်း အဆာပြေစားသောက်ဖို့ရစေရန်အတွက် သူ့အမေက လက်ရာကောင်းကောင်းဖြင့် တမင်ချက်ပေးတာဖြစ်သည်။ စာမေးပွဲဖြေအပြီး ကျောင်းပိတ်ထားသောအချိန်မို့ သူမလည်း အိမ်မှာပဲ အေးအေးဆေးဆေး အနားယူနေတော့ပါမည်။

ထင်တဲ့အတိုင်းပင်။ သူမတို့အိမ်သို့ ရောက်သွားသောအခါ သူမရဲ့အမေနဲ့ အရင်တွေ့သည်။ သူ့ကို ကျေးဇူးတင်စကားပြောပြီးသောအခါ သူမကို ခေါ်ပေးပါသည်။ လှေကားထက်ကဆင်းလာသော စိန်ပန်းနီနီသည် သူ့ကိုတွေ့သောအခါ မြူးရယ်ပြုံးမှာ ကလေးတစ်ယောက်လို အပြစ်ကင်းစင်လှသည်ဟု ထင်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက ဘောင်းဘီတော်တော်ကြိုက်သူဟု ထင်ရလောက် အောင် တွေ့လိုက်တိုင်း ဘောင်းဘီနဲ့သာဖြစ်သည်။ အနုလည်း လိမ္မော်နုရောင် တီရှပ်အကျပ်လေးနှင့် မီးခိုးရောင်ချာလီဘောင်းဘီ ပွပွကို ဝတ်ဆင်ထားပုံမှာ လုံးဝကို Free Style သာ ဖြစ်လေသည်။

သူမရဲ့အမေက သူတို့နဲ့ စကားအနည်းငယ် ပြော ပြီးသောအခါ တခြားဧည့်သည်တစ်ယောက် ရောက်လာသဖြင့် အပေါ်ထပ်ဧည့်ခန်းသို့ တက်သွားသည်။ ဒီတော့မှပဲ သူက သူမ ရဲ့မျက်နှာလေးကို ငေးစိုက်ကာ လွတ်လွတ်လပ်လပ် ရှိတော့သည်။

“စိန် ကြာဆံချက် ကြိုက်ရဲ့လား”

“ကြိုက်ပါတယ်”

“ကျောင်းပိတ်ထားတော့ စိန် အနားရနေမှာပေါ့။ ဘာတွေ လုပ်ဖြစ်နေလဲ”

“ဒီလိုပါပဲ စာလေး ဘာလေးဖတ်၊ တီဗီကြည့်၊ အင်တာ နက်သုံး အပြင်သွားတဲ့အခါလည်း သွားပေါ့လေ”

“အင်း ... ကိုယ်ကတော့ အဖေနိုင်းရင် နိုင်းသလို အလုပ် လေးတွေ ကူညီဖြစ်တယ်။ ဒါနဲ့ စိန်ရော ခရီးတွေ ဘာတွေ ထွက်ဖို့ အစီအစဉ် မရှိဘူးလား”

“မရှိပါဘူး”

“စိန်က လိုတိုရှင်းပဲ ဖြေတတ်တယ်နဲ့ တူတယ်နော် ကိုယ်နဲ့ စကားပြောရတာ စိန့်အတွက် စိတ်ဝင်စားစရာ မကောင်းဘူးနဲ့တူတယ်”



သူက ပြောလိုက်လျှင် သူမ မျက်လုံးတွေက ဖျတ် ခနဲ တောက်သွားသည်။ ပြီးတော့မှ ဘယ်လိုအပြုအမူမှန်း မသိ သော နှုတ်ခမ်းကို စုချွန်ပြီး ပြုံးကာ ...

“ဒါကတော့ ရှင့်အပေါ်မှာ မူတည်တာပေါ့။ ရှင်က စိတ် ဝင်စားစရာကောင်းတဲ့ စကားတွေပြောရင် စိတ်ဝင်စားမယ် လေ”

“အိုခေ ... အဲဒီလို ဖြစ်လာအောင် အချိန်တော့ နည်းနည်း ယူရမယ်နဲ့တူတယ်။ စိန် စိတ်ဝင်စားတဲ့အရာတွေကို ကိုယ် သိအောင် ကြိုးစားပါ့မယ် ...

ဒါနဲ့ စကားမစပ်။ စိန့်နဲ့ လှမျိုးခင်ဟာ တော်တော် ရင်းနှီးသလား”

“အဲဒါကို သိရင် ရှင့်အတွက် ဘာများ ထူးခြားသွားနိုင် လို့လဲ”

“ထူးထူးခြားခြားကြီး မဟုတ်ပေမယ့် စိန်နဲ့ ပတ်သက်နေ တဲ့ လူတစ်ယောက်မို့ သိချင်ရုံသက်သက်ပါ။ သူနဲ့စိန်နဲ့ ကို ကြည့်ရတာ တော်တော်ခင်ပုံပဲ ...

အထူးသဖြင့် စိန်က သူ့ကို ကိုယ့်ထက်တောင် ခင် တဲ့ပုံပဲ”

“ဖြစ်နိုင်ပါတယ်”

“စိန်တို့ အဲဒီလောက် ဘာကြောင့် ရင်းနှီးသွားရတာလဲ။ အထူးသဖြင့် စိန့်လို မိန်းကလေးတစ်ယောက်က လှမျိုးခင်

www.burmeseclassic.com



ကို ဘော်ဒါရင်းတစ်ယောက်လို ရင်းနှီးခင်မင်တာ ကိုယ့်အတွက်တော့ နည်းနည်းထူးဆန်းနေတယ်"

"ဒါကတော့ ကျွန်မက သူ့ကို သဘောကျလို့ပါ"

"ဘယ်လို ! "

ဒီတစ်ခါတော့ မျက်ခုံးပင့်ပြီး အံ့သြသွားရသူမှာ သူ ဖြစ်သည်။

စိန်ကတော့ ဘယ်လိုမှ မမှုသည့် အေးဆေးသော မျက်နှာထားနှင့်ပင် ...

"ဟုတ်တယ်၊ မှတ်မှတ်ရရ သူ ရန်ကုန်ကို MBA တက်ဖို့ စရောက်လာတဲ့နေ့မှာတည်းက အဝေးပြေးကားကွင်းမှာ သူနဲ့ ကျွန်မ စပြီးဆုံခဲ့တာ ...

အဲဒီတုန်းက ကျွန်မက Express တစ်စီးကို လာစောင့်နေခဲ့တာ။ လာခဲ့တဲ့ကားကလည်း တက္ကစီနဲ့လေ။ သူက ကျွန်မကို Taxi သမားထင်ပြီး ကားငှားစီးရာကနေ စတွေ့တော့တာပါပဲ ...

နောက်ပိုင်းလည်း ကျောင်းမှာ သူနဲ့ မကြာခဏဆုံဖြစ်ပါတယ်။ ရွှေအိမ်သူ့ဆီကို ချွန်လွှတ်ကြတဲ့ ကျောင်းသားတွေရဲ့ဒဏ်ကြောင့် မရှုမလှ သူ ဖြစ်နေတုန်းမှာ ကျွန်မက သွားအားပေးခဲ့ရာကနေ သူက ခင်သွားတာ။ သူ့ပုံစံက ရိုးသားမှု အပြည့်ရှိတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ ခင်စရာကောင်းလို့ သဘောကျသွားတာ"





ကြည့်စမ်း ...။ သူမရဲ့မျက်နှာက လှမျိုးခင် အကြောင်းပြောတော့ တောက်ပချိုမြိုးနေလိုက်တာ။ သူ မေးရင်တော့ တစ်ခွန်းမေး၊ တစ်ခွန်းဖြေဖြစ်သည်။ သူမ ဘာကြောင့် ဒီလိုအူကြောင်ကြောင်တစ်ကောင်ကို ဓာတ်ကျနေရသနည်း။ သူနဲ့ အူကြောင်ကြောင်တွင် သူမက အူကြောင်ကြောင်ကိုသာ ပိုမိုသဘောတွေ့နေဟန်ရှိသည်။ မိန်းကလေး အများစုက စိတ်ဝင်စားကြသော သူ့ကို သူမက ဘာကြောင့်များ စိတ်မဝင်စားနိုင် ဖြစ်နေရတာတဲ့လဲ။ စိတ်မဝင်စားဟန်ဘဲ ဆောင်နေတာလားတော့ မသိပါ။ အဲဒီလိုတော့လည်း သိပ်မဖြစ်နိုင်ချေ။ သူမ ကြည့်ရတာ ဟန်ဆောင်နေတာ၊ ပဲများနေတာလည်းမဟုတ်။ မိန်းကလေးတွေဟာ တော်တော် နားလည်ရခက်ပါသည်။

"ဒါဆို ကိုယ်ကတော့ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား မရှိလို့ သဘောမကျတာပေါ့။ အဲဒီလိုလား"

"အဲဒီလို မပြောမိပါဘူး"

"မပြောပေမယ့် အဲဒီလို ဖြစ်မနေဘူးလား"

"ဟား ဟား ... ဘာဆိုင်လဲ။ ကျီးကန်းများအားလုံး မည်းကြသည်။ ထို့ကြောင့် မည်းသောငှက်တိုင်းဟာ ကျီးကန်းများဖြစ်သည်လို့တော့ ပြောလို့မရဘူးလေ ...

တကယ်တော့ လူတွေဟာ ဘယ်သူ့ကိုမှ အထင်ကြီးအားကျနေဖို့ မလိုပါဘူး။ ဘုရားသခင်က ကိုယ်ပိုင်ဘဝ တစ်ခု ပေးပြီးသားပဲလေ။ ပြီးတော့ လူတစ်ယောက်နဲ့ တစ်ယောက်က အကြိုက်ချင်းမှ မတူကြတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အပြောကောင်းလွန်းသောကြောင့် သူ့မှာ ဘာမှ ပြန်မပြောနိုင်ပါ။

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကိုယ်ကတော့ စိန့်ရဲ့အရင်းနှီးဆုံး လူတစ်ယောက် ဖြစ်ချင်တာအမှန်ပါ။ အဲဒီအတွက် ဘာပဲ ဖြစ်ဖြစ် စိန့်အတွက် အမြဲ Ready ဖြစ်နေမယ်"

သူ့စကားကို စိန်က ဘာမှပြန်မပြောဘဲ ဟုတ်ပါပြီ ဟူသောပုံစံမျိုးနဲ့သာ ခေါင်းတညိတ်ညိတ် ရှိနေသည်။ ပုံစံလေးက အေးအေးချမ်းချမ်း ရှိနေတာမို့ သူက နှစ်သက်သဘောကျသလို ဖြစ်ကာ ထပ်ပြီး အရဲစွန့်ပြောမိသည်။

"စိန်"

"ပြော ... ဘာပြောဦးမှာလဲ"

"စိန်နဲ့ ကိုယ့်ကို မိဘတွေအချင်းချင်း သဘောတူကြည်ဖြူ တယ်ဆိုတာ စိန် သိပြီးပြီ မဟုတ်လား"

အဲဒီတော့ ဘာဖြစ်သလဲဟူသော ပုံစံမျိုးနဲ့ သူမက ပြန်ကြည့်သည်။ သူကလည်း နောက်လည်း ပြောရမှာအတူတူ ခုတည်းက ပြောဖို့ဆုံးဖြတ်လိုက်တော့ကာ ...

"စိန်ရဲ့သဘောထားကိုတော့ ကိုယ်မပြောတတ်ဘူး။ ပြီးတော့ စိန့်သဘောထားကို ပြောဖို့ကလည်း စောသေးတယ်ထင် တယ်။ ကိုယ်ကတော့ မိဘတွေကြောင့် မဟုတ်ဘဲ စိန့်ကို ကိုယ်တိုင်ကကို နှစ်သက်သဘောကျတယ် ဆိုတာပါပဲ





အဲဒါလေးကို စိန် သိစေချင်တာပါ။ ကဲ ... စိန် လည်း ထိုင်နေရတာ ညောင်းရောပေါ့။ ကိုယ့်အမေလက်ရာ မန္တလေးကြာဆံချက်လေး အားပေးလိုက်ပါဦး။ ကိုယ် ပြန်လိုက်ဦးမယ် ...

အန်တီ့ကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ။ ညသည်နဲ့မို့ တကူးတက တက်မနှုတ်ဆက်တော့ဘူး နော်"

သူက ပြောပြောဆိုဆို မတ်တတ်ထရပ်လိုက်သည်။ သူမက သူ့ကို ဘာမှမပြောဘဲ အသာစိုက်ကြည့်နေသည်။ ကြည့် နေပုံက တစ်ခုခု ပြောချင်နေတဲ့ ပုံစံမို့ သူက လက်နှစ်ဖက်နောက် ခံကာ အလိုက်တသိ မေးမြန်းလိုက်သည်။

"စိန် ကိုယ့်ကို ဘာပြောစရာ ရှိသေးလဲ"

"မရှိတော့ပါဘူး။ ဒီကို လာတာကိုက ရှင် ပြောချင်တာ ပြောဖို့လာတာ မဟုတ်လား"

"အဲဒီလို ပြောခွင့်ရတာကိုက ကျေးဇူးတင်ပါတယ် စိန်"

သူ့စကားကို သူမက နှုတ်ခမ်းတွန့်ကာ ပြုံးသည်။ အဲဒီအပြုံးဟာ လှောင်ပြုံးဆန်ဆန် ဖြစ်နေလားတော့ မပြောတတ် ပါ။ သူကတော့ သူမ အိမ်ကနေ၍ ပြန်လာရာလမ်းတစ်လျှောက် လုံး လှမျိုးခင်ကိုမှ သူမက ဘာကြောင့် ထူးထူးခြားခြား မာတ် ကျနေမိလဲဆိုတာ စဉ်းစားမရ ဖြစ်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

လှမျိုးခင်သည် မှန်ထဲမှာ မြင်တွေ့နေရသော ရုပ်သွင်ကိုကြည့်ကာ ဒါ ငါမှဟုတ်ရဲ့လားဟု တွေးထင်နေမိသည်။ ကျစ်လစ်ဖြောင့်မတ်သော ကိုယ်ခန္ဓာနှင့်ထပ်တူ၊ ဝင်းဝါစိုပြည်သလို ဖြစ်နေသော အသားအရေနှင့် စတိုင်လ်ကျကျစွာ ဝတ်စားဆင်ယင်ထားသော သူသည် သူ မဟုတ်သလိုကို ဖြစ်နေသည်။ ကျောင်းပိတ်ထားသည့်ရက်တွေမှာ စိန်ရဲ့ညွှန်ကြားချက်ဖြင့် သူ personal Grooming သင်တန်းကို သွားတက်ခဲ့သည်။ ဒီသင်တန်းကတော့ သူ့ကို ဘယ်လိုစတိုင်လ်ကျအောင် နေရမယ်ဆိုတာ သင်ပေးလိုက်သော သင်တန်းဖြစ်လေသည်။

စိန့်ရဲ့ညွှန်ကြားချက်ဖြင့် သူက ဆံပင်ပုံစံပါ အသစ်ပြောင်းလဲလိုက်တာဖြစ်သည်။ သူနဲ့ လိုက်ဖက်မည့်ပုံစံကို ဆံပင်ဆရာနဲ့ဆွေးနွေးကာ အခရောင်ပါ တစ်ခါတည်း ဆိုးပေးလိုက်တာဖြစ်သည်။ အဲဒီနောက် သပ်ရပ်စတိုင်လ်ကျသည့် အဝတ်အစား





မျိုးကို ဝယ်သည်။ ဒီနေ့လို ကျောင်းပြန်ဖွင့်သည့် နေ့မှာတော့ သူ့ဒီဇိုင်းက လုံးဝပြောင်းလဲသွားပြီဖြစ်သည်။ ရန်ကုန် ရောက်တာလည်း တစ်နှစ်ခန့် ကြာခဲ့ပြီ ဖြစ်သောကြောင့် သူ့ပုံစံကလည်း ရောက်စနဲ့ သိပ်မတူတော့ပါ။ ညိုသော အသားအရောင်များပင် လျှင် ဝင်းဝါသည့်ဘက်သို့ ရောက်ခဲ့ပြီ ဖြစ်လေသည်။ စိန် ပြောသလို ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်း ဂရုစိုက်သောကြောင့် သူ့ပုံစံဟာ ရောက်စနှင့် လုံးဝမတူတော့ပါ။

မှန်ထဲမှာ မြင်ရသော သူ့ပုံစံသည် ခရမ်းပုပ်ရောင် ရှပ်အကျပ်ကို တံတောင်ဆစ်နားမှာ လက်ခေါက်ဝတ်ပြီး ကြယ်သီး စွန်တပ်သည့် အင်္ကျီမျိုးဖြစ်သည်။ အောက်က ဘောင်းဘီကတော့ မှိုးရှင်းပါသည်။ Levise ဂျင်း(န်)အပြာဖျော့သာဖြစ်သည်။ နာရီ ပတ်၊ ရေမွှေးဆွတ်ကာ ဘေးလွယ်အိတ်အနက် ပြားပြားရှည်ရှည် ကို လွယ်လိုက်လျှင်တော့ သူ့ရဲ့ဒီဇိုင်းသစ်က လုံးဝကို Perfect အနေအထားသို့ ရောက်သွားပြီဖြစ်သည်။ သူ့အခန်းထဲက ထွက် လာပြီး ဧည့်ခန်းထဲက အဖြတ်တွင် သူက လေးသောင်းကို နှုတ် ဆက်နေကြအတိုင်း နှုတ်ဆက်သည်။

"လေးသောင်း ... ကျွန်တော် ဒိုးပြီ"

စကားပြောတာကအစ သူက အရင်လို မဟုတ် တော့။ မြို့ပြယဉ်ကျေးမှုနှင့် ဆီလျော်သော ခေတ်ပေါ်အသုံးအနှုန်း များကို သုံးတတ်လာသည်။ လေးသောင်းက သူ့ကို အံ့သြသလို ငေးကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘာတွေ လုပ်ထားတာလဲ"

"ဗျာ ... ဘာလုပ်လို့လဲ လေးသောင်းရဲ့။ ကျောင်းသွားမှာမို့ ရှိုးလေးပဲ နည်းနည်း ထုတ်ထားတာပါ"

"မဟုတ်ပါဘူး၊ မင်း ... မင်း ... ထူးတော့ ထူးခြားနေပါတယ်။ ကျစ်ကျစ်လစ်လစ်နဲ့၊ ဟာ ... နေစမ်းပါဦး"

လေးသောင်းက ထိုင်ရာကထောင် ထကာ သူ့တစ်ကိုယ်လုံးကို လှည့်ပတ်ကြည့်ရှုသည်။ သူက ရယ်ချင်စိတ်ဖြင့် နှုတ်ခမ်းကို အသာကိုက်ထားရလေသည်။ သူနဲ့ လေးသောင်းဟာ တစ်အိမ်တည်းနေတယ် ဆိုသော်ငြား တစ်ယောက်မျက်နှာ တစ်ယောက်တောင် စေ့စေ့ကြည့်ကြတဲ့သူတွေ မဟုတ်ချေ။

လေးသောင်းကလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေသလို သူကလည်း သူ့ကိစ္စနဲ့သူ ပြီးနေသဖြင့် တစ်အိမ်တည်းနေသည့် တူဝရီးနှစ်ယောက်မှာ စကားတောင် ဆယ်ခွန်းပြည့်အောင် မပြောဖြစ်ကြပါ။ ထမင်းစားချိန်ကလည်း မတူကြသဖြင့် ဘယ်နေရာမှ ကောင်းကောင်းမတွေ့ရပေ။ အခုမှပဲ ကိုယ်ရောင်ကိုယ်ဝါ ထွန်းပြောင်လာသော သူ့ကို လေးသောင်းက သေချာဂရုပြုမိတော့တာ ဖြစ်နိုင်လေသည်။

"မင်း ... ဟိုဒင်း ... အဆီတွေ ဘာတွေ သွားချထားတာလား"

"အာ ... မဟုတ်ပါဘူး။ ဒီဗလတွေဟာ အဆီချရင်ထွက်လာပါ့မလား"





"အေး ... ဟုတ်တော့ ဟုတ်သား။ ဟား ... ဒါပေမဲ့ မင်းပုံစံက မိနေတယ်ကွ။ အရင်က မင်းက ဖောသွပ်သွပ်ပါ။ အခု တယ်မိုက်နေပါလား။ နေပါဦး၊ မင်း ဘယ်တုန်းက ဒီပုံဖြစ်နေတာလဲ ...

ငါနဲ့ တစ်အိမ်တည်းနေပြီး ငါတောင် သတိမထားမိပါလား"

"လေးလေးက အာရုံတွေ များနေတာကိုး။ ကဲ ... ကြည့်ချင်ရင်လည်း ညကျမှသာ တစိမ့်စိမ့်ကြည့်ပေတော့။ ခုတော့ လစ်တော့မယ် ...

ကျောင်းနောက်ကျနေမှာစိုးလို့"

သူက လေးသောင်းကို အနိုင်နဲ့ ပိုင်းခဲ့ကာ ကျောင်းသို့ထွက်လာခဲ့သည်။ ကျောင်းသို့ရောက်လျှင် သူနဲ့ မျက်မှန်းတန်းမိကာ အနည်းငယ် ခင်မင်နေသော ကျောင်းသားတစ်ယောက်နှင့် တွေ့သည်မို့ သူက အဝေးကမြင်ကတည်းက လက်လှမ်းပြလိုက်သော်လည်း အဲဒီတစ်ယောက်က ပြန်မနှုတ်ဆက်ဘဲ ကြောင်ပြီး ကြည့်နေသည်။ ဘယ်သူပါလိမ့်ဟူသော ဇဝေဇဝါပုံစံမျိုးမို့ သူက မျက်နှာရှေ့မှာ လက်ဝှေ့ယမ်းကာ ...

"ဟေး ... သော်ငြိမ်း။ ငါလေကွာ ... မင်းက ငါ့တောင် မမှတ်မိတော့ဘူးလား"

"ဟင် ... မင်း ... လှမျိုးခင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့။ မင်းကလည်း ကျောင်းလေး နှစ်ပတ် သုံးပတ်လောက် ပိတ်တာနဲ့ ငါ့ရုပ်ကိုတောင် မေ့သွားတယ်ပေါ့"

"အာ ... မင်းက အရမ်းလန်းလာတာကိုးကွ။ ဟော့ကောင် ဒီရက်ပိုင်းမှာ မင်းက ဒီလောက်တောင် ပြောင်းလဲသွားတာလား။ ကြည့်စမ်း ... မင်း ဒါ ရိုးရိုးသားသားတော့ မဖြစ်နိုင်ဘူး။ တမင် ကျိတ်ပြီးကြံစည်ထားတာပဲ ဖြစ်ရမယ်။ ဟုတ်လား"

"ကြံစည်ထားတာတော့ မဟုတ်ပါဘူးကွာ။ ငါ့စတိုင်လ်က ပွမ်းနေတာ ပြောင်းပစ်လိုက်တဲ့ သဘောပါ ...

အဲ့ခေ ... ချီးကျူးတဲ့အတွက် သင့်ခ်ယူ သူငယ်ချင်း။ နောက်မှတွေ့မယ် ... ဆီးယူ"

"အာ ... ဆီးယူ ... ဆီးယူ"

သူက ရှေ့သို့ ထပ်မံလျှောက်လာမဲ့ပြန်သည်။ အဲဒီနောက် ရှေ့မှာ သူ မြင်လိုက်ရတာက ရွှေအိမ်သူရဲ့ နောက်ပိုင်းအလှကိုဖြစ်သည်။ သူမကို သူက ကျော်တက်လိုက်ပြီးနောက် ရှေ့ကနေ ပိတ်ရပ်ကာ အလန်းဆန်းဆုံး အပြုံးတစ်ခုနှင့် နှုတ်ဆက်လိုက်သည်။

"မောနင်း ရွှေအိမ်သူ။ မတွေ့ရတာ နည်းနည်းတောင်ကြာသွားပြီနော်"

သူမက ရုတ်တရက်မို့ သူ့ကို ဘယ်သူပါလိမ့်ဟူသော ပုံစံဖြင့် သေချာစိုက်ကြည့်နေသည်။ စာမေးပွဲပြီးသွားသည့်



အချိန်ကစပြီး ကျောင်းပိတ်ထားသည့် ကာလတစ်လျှောက်လုံး သူမကို သူ လုံးဝအဆက်အသွယ် မလုပ်ခဲ့ပါ။ သွားလည်း မတွေ့ခဲ့ချေ။ အဲဒါကလည်း ကိုယ်ယောင်ဖျောက်ထားပါဆိုသော စိန်ရဲ့ ညွှန်ကြားချက်အတိုင်းပဲ ဖြစ်တော့သည်။

သူ့ကို အံ့သြသလို စိုက်ကြည့်နေသော သူမကို သူက လက်ချောင်းလေးများ လှုပ်ခတ်နှုတ်ဆက်လိုက်ရင်း ...

"ဟိတ် ... ကိုယ့်ကို မမှတ်မိဘူးလား။ ကိုယ် လှမျိုးခင်လေ"

သူမလက်ထဲမှာ ကိုင်ထားသော ဖိုင်က အောက်သို့ ထောက်ခနဲ ပြုတ်ကျသွားသည်။ နှင်းဆီဖူးလို နှုတ်ခမ်းများသည် အစွမ်းကုန်ပွင့်တော့မည့်ဟန် အသာဟလို့ နေလေသည်။ သူက တစ်ချက်ပြုံးလိုက်ကာ သူမခြေရင်းမှာကျနေသည့် ဖိုင်ချပ်လေးကို ဒူးထောက်ပြီး ကောက်ယူလိုက်သည်။ ပြီးတော့ ဒူးထောက်လျက်သားမှ မထသေးဘဲ အဲဒီအနေအထားနှင့်ပင် သူမကို မော့ကြည့်ကာ လက်ထဲက ဖိုင်ကို ကမ်းပေးလိုက်သည်။ သူမက သတိလက်လွှတ်နေသလို အနေအထားဖြင့် ယောင်ယောင်ကန်းကန်း လှမ်းယူသည်။ သူက အဲဒီပုံစံကို သဘောတကျဖြင့် ပြုံးလိုက်ကာ ခေါင်းတစ်ချက် ဆတ်မိသည်။

အဲဒီနောက် မတ်တတ်ထရပ်ကာ သူမကို တည့်တည့် စိုက်ကြည့်လိုက်သည်။ သူမကလည်း သူ့ကို သတိလက်လွှတ် ငေးမောနေသည်မို့ သူတို့နှစ်ယောက်၏ အကြည့်ချင်းသည် အတန်

www.burmeseclassic.com

www.burmeseclassic.com



ကြာ ရှုးစိုက်နေမိကြသည်။ သူ့ကို တစ်ခုခု ပြောချင်သော်လည်း ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည့် သူမ၏ဖြစ်အင်ကို သူက သဘောပေါက်စွာဖြင့် ပြုံးကာ ...

"ကိုယ် သွားတော့မယ်နော်"

သူမက ယောင်ပြီး ခေါင်းညိတ်ပြသည်။ သူက အပြုံးတစ်ခုဖြင့် ချာခနဲ လှည့်ထွက်လာခဲ့လေသည်။ သူမ ဘယ် လိုပြစ်ကျန်ခဲ့သလဲ ဆိုတာတော့ သူ လှည့်မကြည့်တော့ပါ။ ကန် တင်းမှာ စိန်နှင့် ချိန်းထားတာမို့ သူက ကန်တင်းသို့ ထွက်လာ ခဲ့သည်။ ကန်တင်းရောက်လျှင် စိန်၊ နှင်းပွင့်တို့နဲ့အတူ လင်းပြေ ဆိုသော တစ်ယောက်ကိုပါ တွေ့မြင်လိုက်ရသဖြင့် သူစိတ်ထဲ မှာ တစ်မျိုးဖြစ်သွားသည်။

လင်းပြေဟာ စိန့်ကို သိပ်ကပ်သည်ဟု သူ ထင်သည်။ အစောပိုင်းတုန်းက ရွှေအိမ်သူ့အနားမှာ တွေ့ရပြီး နောက်ပိုင်းကျ မှ စိန့်အနားတွင် တွေ့ရသော လင်းပြေကို ဘာကြောင့်မှန်းမသိ ဘဲ သူအမြင်မကြည်ချင်ပါ။ အခုလည်း လင်းပြေနဲ့အတူ တွဲတွေ့ ရသည်မို့ နည်းနည်းတော့ စိတ်အနှောင့်အယှက် ဖြစ်ချင်သွားသည်။ အဲဒီအချိန်မှာပဲ နှင်းပွင့်က သူ့ကို မြင်သွားကာ လှက်ရှေ့ယမ်း သည်။ သူက နှင်းပွင့်ကို လက်တစ်ဖက်ထောင်ပြပြီး နှုတ်ဆက် ကာ သူမတို့စားပွဲနားသို့ လျှောက်လာခဲ့သည်။ သူ ပြောင်းလဲလာ မည်ကို ကြိုသိထားသော နှင်းပွင့်ကတော့ သိပ်ထူးထူးခြားခြား အံ့ဩတန် မပြပေမယ့် ဝမ်းသာသဘောကျနေဟန်ရှိသည်။



"ဟေး ... ခင်၊ လန်းလို့ပါလား။ လုံးဝကို ပြောင်းလဲသွား လိုက်တာ"

နှင်းပွင့်နှင့် စိန်က ဒေါက်တာခင်မောင်ဝင်း၏ ဆောင်း ပါးတွေကိုဖတ်ကာ သဘောကျ နှစ်ခြိုက်တတ်ကြပြီး ဒေါက်တာ ခင်မောင်ဝင်းကို နိုင်ငံခြားသားတွေက ခေါ်ပုံမျိုး သူ့ကိုလည်း တစ်ခါတစ်ရံမှာ "ခင်"ဟု နောက်သလိုလို အတည်လိုလိုဖြင့် ခေါ်တတ်ကြသည်။ အခုဆိုလျှင် သူက စိန့်ရဲ့လမ်းညွှန်မှုဖြင့် စာအုပ်ကောင်းတွေ ဖတ်တာမျိုး၊ မဂ္ဂဇင်းဂျာနယ်တွေ အမြဲဖတ် ကာ ခေတ်ကို အဆက်မပြတ် လေ့လာနိုင်ပြီဖြစ်သလို စာဖတ်ခြင်း က ရလာခဲ့သော သူ့ရဲ့အတွေးအခေါ် ဗဟုသုတတွေကလည်း ပြောင်းလဲများပြားနိုင်ပြီ ဖြစ်လေသည်။

"ကျေးဇူးပဲ နှင်းပွင့်"

သူက နှင်းပွင့်ကို ပြန်လည်ပြောဆိုရင်း စိန်နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ရုတ်တရက်ပေါ် လာသော စိတ်ကူးဖြင့် ...

"ကိုလင်းပြေ ... ခင်ဗျားကို ရွှေအိမ်သူ ရှာနေတယ်။ အကယ်၍ ကန်တင်းမှာ တွေ့ခဲ့ရင် သူ့ဆီ လိုက်လာခဲ့ဖို့ ပြောပေးပါတဲ့ မှာလိုက်တယ်"

သူ့စကားကြောင့် လင်းပြေက မျက်မှောင်ကြုတ် သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သူက ရှာရတာလဲ ... ကျွတ်"

လင်းပြေရဲ့ မကျေမနပ် ကျွတ်သံကြောင့် သူက နည်းနည်းတောင် အံ့သြသွားရသည်။ လင်းပြေဟာ အိမ်သူ့ကို တကယ်ပဲ စိတ်မဝင်စားတော့တာလား။ အဲဒီအချိန်မှာ စိန်က ဝင်ပြောသည်။

"သူ့ကို ဖုန်းဆက်မေးလိုက်လေ၊ ရှင့်မှာ ဖုန်းနံပါတ် မရှိဘူးလား"

"ဟင့်အင်း ... ကိုယ် သူ့ဖုန်းနံပါတ် မသိဘူး"

"အိုး ... ဝမ်းဒါးဖူးလ်။ သူကရော ဘာဖြစ်လို့ ဖုန်းဆက်မခေါ်သလဲ"

"သူလည်း မသိလို့ပေါ့ စိန်ရဲ့။ ရှင်းနေတာပဲ"

စိန်က တလက်လက် တောက်ပလာသော မျက်လုံးများဖြင့် အသာအယာပြုံးကာ ...

"ဒါဆို ရှင်တို့နှစ်ယောက်က ဘယ်သူကအရင် ဖုန်းနံပါတ်စ,တောင်းမလဲဆိုပြီး အထာတွေ ကိုင်နေလို့နဲ့တူတယ် ...

တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးရဲ့သားနဲ့ ဖုန်းနံပါတ်လေးတောင် မသိဘူးဆိုတာ သိပ်မဟုတ်သေးပါဘူး"

"ထားပါတော့။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုယ် တစ်ခုတစ်ရာ မပြောချင်တော့ဘူး။ လှမျိုးခင် ... ခင်ဗျားကိုကြည့်ရတာ တော်တော်ပြောင်းလဲနေတယ်နော် ...



ဝင်လာတုန်းက ခင့်ဗျားလို့ လုံးဝမထင်ဘူး။ အမှန်အတိုင်း ပြောရရင် အရှမ်းကို အထာကျသွားတယ်။ ဘာတစ်ခုမှ အိုဗာမဖြစ်တဲ့ စတိုင်လ်တစ်ခုထဲမှာ ဝင်နေတယ်။ ကျွန်တော် ထင်တာ မလွဲဘူးဆိုရင် ... (သူက စိန့်ဘက်သို့ ရုတ်တရက်လှည့်ကြည့်ကာ) ...

"စိန် ... ဒါ စိန့်ရဲ့ Idea ကလွဲလို့ တခြားမဖြစ်နိုင်ဘူး။ သူ့ပုံစံက ဒီကျောင်းကို စရောက်တည်းက ပုံစံနဲ့ယှဉ်ရင် လုံးဝကို ပြောင်းလဲသွားတာ ...

ကျောင်းရောက်ခါစက သူလည်း ရှိုင်းတာပဲလေ။ ဒါပေမဲ့ အဆင်ပြေတဲ့ ပုံစံမျိုးမှ ထွက်လာတာ။ အခုပုံစံက ပြောပုံ ဆိုပုံ၊ ဝတ်ပုံ စားပုံ ကိုယ်ဟန်အနေအထား အားလုံး ပြောင်းလဲသွားတာ။ ဒါတွေဟာ အားလုံးကို နားလည်တတ်ကျွမ်းတဲ့ Guide တစ်ယောက်ရဲ့ စိတ်ရှည်လက်ရှည် ပြောင်းလဲဖန်တီးမှုတွေပဲ။ ဒါကို စိန် ငြင်းချင်သေးလား"

"မငြင်းပါဘူး။ ရှင်သာ CID ထဲဝင်ရင် မြန်မာပြည်အတွက် စုံထောက်ကောင်းတစ်ယောက် ဖြစ်လာမှာပဲနော်"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ စိန့်ကို ကိုယ် ချီးကျူးပါတယ်။ စိန်က ကိုယ် ထင်ထားတာထက် အများကြီး ပိုတော်တဲ့ မိန်းကလေးတစ်ယောက်ပါ ...

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... စိန်တို့ စကားပြောကြဦးမှာ မဟုတ်လား။ ကိုယ် သွားလိုက်ဦးမယ်။ ဪ ... လှမျိုးခင်၊ ရွှေအိမ်သူက ခင်ဗျားရဲ့အလန်းစားဒီဇိုင်းကို မြင်တော့ တော်တော်ရှော့ရသွားမှာပဲနော်”

“အဲဒီလောက်လည်း မဟုတ်ပါဘူး”

“အိုကေ ... ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားအတွက် မျှော်လင့်ချက်ရောင်ခြည် စတင်သမ်းလာပြီလို့ ထင်တယ်။ ခင်ဗျားဘက်က စိန် တစ်ယောက်လုံး ရှိနေမှတော့ ရွှေအိမ်သူရဲ့ အချစ်ကို ရဖို့ဆိုတာ သိပ်မခက်တော့ပါဘူး ...

ကျွန်တော်လည်း ကူညီပါ့မယ် ... အိုကေ”

လင်းပြေက အားလုံးကို အပြုံးတစ်ချက်နဲ့ နှုတ်ဆက်ပြီးနောက် ထွက်သွားသည်။ လင်းပြေ ထွက်သွားတော့မှပဲ လေထုက ပိုမိုသန့်စင်သွားသည်ဟု ထင်မိလေသည်။ ပြီးတော့ သူ့စိတ်ကလည်း ပိုမိုလွတ်လပ်သွားသလို ခံစားမိသည်။ လင်းပြေ အနားမှာရှိနေလျှင် စိန့်ကိုတောင် လွတ်လွတ်လပ်လပ် စကားပြောနိုင် ဖြစ်ရသည်မှာ ဘာကြောင့်မှန်းတော့ မပြောတတ်ပါ။

လင်းပြေ ထွက်သွားပြီးတာနှင့် နှင်းပွင့်ရဲ့အသံက စထွက်လာသည်။ ရုတ်တရက်ကြီး စိန့်ကို လက်ဆွဲနှုတ်ဆက်ကာ ...

“စိန် Congratulation ဟာ။ နင့်အတွက် ဂုဏ်ယူပါတယ်”





“ဘာဂုဏ်ယူတာလဲ။ နင် လူမှားနေပြီ။ နင် ကွန်ဂရက်ကျူလိတ် လုပ်ရမှာက လှမျိုးခင် မဟုတ်ဘူးလား”

“မဟုတ်ဘူး။ သူ့ကို ဒီလိုပုံစံ ပြောင်းပေးလိုက်တာက နင်လေ။ နင့်အစွမ်းအစနဲ့ နင့်အိုက်ဒီယာကြောင့်သာ သူ ဒီလို ဖြစ်သွားရတာ ...

သူ့ကိုယ်သူတောင် သူက ဒီလိုပုံစံ ပြောင်းလဲလို့ရတယ်ဆိုတာ သိမှာမဟုတ်ဘူး။ ဟုတ်တယ် ဟုတ်လား လှမျိုးခင်”

နှင်းပွင့်က သူ့ကို ရုတ်တရက် လှည့်မေးလိုက်လျှင် သူက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်သည်။ သူ့ရဲ့ပုံစံကို စိန်က သနားသလို ရယ်မောကာ ...

“နှင်းပွင့်ရယ် ... သူ့ကိုလည်း ချီးကျူးလိုက်ပါဦးဟာ။ ငါ ဘယ်လောက်ပဲ Idea တော်တော် သူကိုယ်တိုင်က စိတ်ပါလက်ပါ လိုက်လုပ်မှလည်း ဖြစ်တာလေ ...

ကဲ ... အဲဒါတွေ အသာထားစမ်းပါဦး။ ရှင့်ကို ရွှေအိမ်သူက တွေ့တော့ မအံ့ဩဘူးလား”

သူ့မျက်လုံးထဲတွင် အိမ်သူ၏ အံ့ဩရိပ်စွန်းထင်းနေသော မျက်လုံးနက်နက်များကို ပြန်လည်မြင်ယောင်လာသည်။ ဒီလိုမျက်လုံးမျိုးတွေ မြင်ရဖို့ သူ ဘယ်လောက်တောင်များ စောင့်ခဲ့ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အံ့သြတာမှ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဖိုင်တောင်ပြုတ်ကျလို့ ကျွန်တော်က ကောက်ပေးရတာ ...

အဲဒီအချိန်ထိ သူက ကျွန်တော့်ကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေတုန်းပဲ။ ဘာစကားမှတောင် မပြောနိုင်ဘူး။ ကျွန်တော်က သွားမယ်နော်လို့ ပြောတော့ ယောင်ပြီး ခေါင်းညိတ်ပြတယ် ...

သူ ကျွန်တော့်ကို ငေးပြီး ကျန်ရစ်ခဲ့တယ်"

"တကယ် ! အဲလို တကယ်ကြီးပေါ့ ဟုတ်လား"

နှင်းပွင့်က အံ့သြဟန်ဖြင့် မေးသည်။ စိန်ကတော့ သိပ်အံ့သြနေဟန် မရှိပါ။ စိန့် ကြည့်ရတာ ဒီလိုအခြေအနေဖြစ်လာဖို့ အတော်မျှော်လင့်ထားပြီးဟန် ဖြစ်ပါသည်။

သူ့အတွက် ဂုဏ်ယူသော ပျော်ရွှင်သော အရိပ်အယောင်များကို စိန့်ရဲ့မျက်လုံးထဲတွင် တွေ့မြင်လိုက်ရလျှင် သူ အပြုံးလေးစားသွားရသည်။

စိန်က စားပွဲခုံကို လက်ညှိုးနှင့် သုံးလေးချက်ခေါက်ရင်းမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းပြီ။ အခုချိန်ကစပြီးတော့ ရှင် သူ့ကို စကားလိုက်ပြောတာတို့ အတင်းဝင်ရောတာတို့ ဘာတစ်ခုမှ မလုပ်တော့ဘဲ ဒီအတိုင်းလေးပဲ အသာငေးကြည့်နေတဲ့ အလုပ်ကို လုပ်တော့ ...





ပြောရရင် သူနဲ့ ခပ်ခွာခွာပေါ့။ ဒါပေမဲ့ သူ့မြင်ကွင်းထဲမှာတော့ ရှင် ရှိနေပစေ။ သူက ရှင့်ကို စကားလာမပြောမချင်း မခေါ်မချင်း ရှင် သူ့အနားကို မသွားနဲ့။ ကျွန်မ ပြောတာ သဘောပေါက်တယ်နော်"

"စိန် ... ကျွန်တော့်ကို သူက ဘယ်လိုလုပ် စကားလာပြောမှာလဲ"

"ရှင်က ကျွန်မပြောတာကို မယုံတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ အိုခေပါ ... စိန် ပြောတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်။ ဒါနဲ့ စိန့်ကို တစ်ခုလောက် မေးချင်တယ်။ စိန် ဖြေပေးမှာလား"

"ဘာမေးမှာလဲ"

"လင်းပြေက စိန့်ကို ဂရုတစိုက် ရှိနေတယ်လို့ ကျွန်တော်ထင်တယ်၊ အဲဒါ ဟုတ်လား"

သူ့မေးခွန်းကို စိန်က ရုတ်တရက် ပြန်လည်မဖြေနိုင်ဘဲ သူ့ကို ပြန်လည် စိုက်ကြည့်နေတုန်းမှာပဲ နှင်းပွင့်ထံက အသံထွက်လာသည်။

"ဟုတ်တယ် လှမျိုးခင်ရေ။ အဲဒီ King က ကျုပ်တို့သူငယ်ချင်းကိုမှ ထူးထူးခြားခြား ဓာတ်ကျနေတော်မူတယ် ...

သူက ရွှေအိမ်သူနဲ့ စသိပြီး ရွှေအိမ်သူကလည်း သူ့ကိုပဲ favour ပေးတော့ သူတို့နှစ်ယောက်ကို အနေနဲ့ အမြန် ဖြစ်သွားလိမ့်မယ်လို့ ထင်ထားကြတာ။ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကလည်း အရမ်းလိုက်တယ်လေ။ ဒါပေမဲ့ လင်းပြေက စိန်နဲ့ရင်းနှီးသွားပြီးတဲ့ နောက်ပိုင်းမှာ စိန့်ကို တော်တော်စိတ်ဝင်စားနေတဲ့ သဘောမှာရှိတယ် ...

သူက တကယ့်အလှစစ်ကို ရှာဖွေတွေ့သွားတာနေမှာပေါ့ဟယ် ... ဟင်း ... ဟင်း”

“ဟာ ... ဒီမိန်းမ ဘာတွေ လျှောက်ပြောနေတာလဲ၊ တော်ပြီ၊ အတန်းသွားတက်တော့မယ် ... လာကြ”

စိန်က နှင်းပွင့်ကို မာန်မဲပြောဆိုလိုက်သော ပုံစံလေးကို သူကငေးကာ တကယ်ပဲ စိန်ရဲ့အလှစစ် ဆိုတာကို စဉ်းစားတွေးတောနေမိသွားသည်။ စိန့်အနားမှာ သူ အကြာကြီးရှိနေခဲ့ပေမယ့် စိန့်ကို သူ လှတယ်ဟု တစ်ခါမှ တွေးမကြည့်ခဲ့ဖူးချေ။ သူ့မိတ်ဆွေကောင်မလေးဟာ ချစ်စရာကောင်းသည်ဟုသာ သူ တွေးခဲ့ဖူးသည်။

ရွှေအိမ်သူ၏ အလှတရားမှာသာ အရူးကြီးရူးလျှက် ကျဆုံးခဲ့သော သူဟာ မြင်မြင်ချင်း ပစ်ကျခဲ့သော အလှကိုသာ အလှစစ်ဟု ထင်မြင်ယူဆခဲ့လျှင် လင်းပြေ ဆိုတဲ့ တစ်ယောက်ကရော စိန်ရဲ့ဘယ်အရာကို အလှတရားဟု သတ်မှတ်ကာ စိတ်ဝင်စားသွားခဲ့ရတာလဲ။

အလှဆိုတာ ဘာလဲ။





၂၂

အိမ်သူသည် အခုဆိုလျှင် ကျောင်းသို့ ရောက်လာသလောက်တိုင်း တစ်ခုခု လိုအပ်သလို၊ ဒါမှမဟုတ် တစ်ခုခုကို စောင့်စားသလို၊ ဒါမှမဟုတ်လည်း တစ်ခုခုကို မချင့်မရဲ ဖြစ်သလိုလိုသဖြင့် ဘာမှန်းမသိသော ဖီလင်တစ်မျိုးကို ခံစားနေခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်သည်။ အဲဒီဖီလင်ဟာ ယောကျ်ားနှစ်ယောက်နှင့် ပတ်သက်နေတာကြောင့်လည်း အိမ်သူ ပို၍ရူးချင်တာဖြစ်သည်။ တစ်ယောက်ကတော့ လင်းပြေ ဖြစ်သည်။ လင်းပြေကတော့ သွားပါတော့။

သူ့ကြောင့် တောင့်တတာတွေ၊ ကြောင့်ကြတာတွေ များရတာက သူနဲ့ အိမ်သူသည် အများမျှော်လင့်ထားသလို အခြေအနေမျိုး ဖြစ်မလာတာကြောင့်ပင်။ သူ့ကို အိမ်သူက အခွင့်အလမ်းတွေ ပေးထားခဲ့သော်လည်း သူက အဲဒီလမ်းအတိုင်း လျှောက်မလာခဲ့။ အဲဒီအတွက် တနုံ့နုံ့ဖြစ်ရသလို သူ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားနေသော မိန်းကလေးကို သိရတော့ ပို၍ တနုံ့နုံ့ ဖြစ်ရလေသည်။ အဲဒီ မိန်းကလေးဟာ အိမ်သူရဲ့တစ်ဝက်လောက်သော်မှ တောင် မချော့ပါ။ အဆင့်အတန်းရှိသော ရုပ်ရည်တစ်မျိုးကို ပိုင်ဆိုင်ထားရုံမှလွဲ၍ ဘာမှ သိပ်ထူးထူးခြားခြား မလှပသော မိန်းကလေးဖြစ်သည်။ အရပ်မြင့်ပြီး သွယ်သွယ်လျလျ ရှိသော်ငြား အိမ်သူ့လို မယ်အချိုးအစားရှိသော ကိုယ်လုံးကိုယ်ပေါက်မျိုး မဟုတ်ပါ။ ဒါကိုများ လင်းပြေက ဘာကိုစွဲမက်နေသလဲတော့ မပြောတတ်ချေ။

ထားပါတော့၊ အဲဒီ စိတ်ခံစားမှုတွေအပြင် နောက်ထပ်တစ်ခုက အပြောင်းလဲကြီး ပြောင်းလဲသွားသည့် လှမျိုးခင်ဆိုသည့် သကောင့်သားကြောင့်ပဲ ဖြစ်သည်။ အရင်က စေ့စေ့တောင် မကြည့်မိခဲ့သည့် လှမျိုးခင်ကို စေ့စေ့ကြည့်မိသွားတဲ့အချိန်တော့ လုံးဝကို ပါးစပ်အဟောင်းသားဖြင့် ရှော့ရသွားခဲ့တာပင်။ လုံးဝကို ကျစ်လစ်တောင့်တင်းကာ အချိုးအစား ကျနသော Body Structure နှင့်အတူ ဝတ်တာ စားတာ ပြောတာ ဆိုတာတွေကလည်း မော်ဒယ်သင်တန်းများ တက်ထားသလားဟု ထင်ရလောက်အောင် စတိုင်လ်ကျကျ ပြောင်းလဲသွားခဲ့တာ ဖြစ်သည်။

အရင်နဲ့ ဘာမှကို မဆိုင်တော့။ အဲဒီအချိန်မှာပဲ သူက အရင်ပုံစံနဲ့ မတူတော့ဘဲ ပြောင်းလဲသွားတော့တာက အိမ်သူ့ကို စကားလိုက်ပြောခဲ့တာမျိုး မလုပ်တော့ဘဲ အဝေးကသာ လှမ်းမော့ဖွယ် မျက်လုံးကြီးတွေနှင့် ငေးနေတော့တာ ဖြစ်သည်။





အိမ်သူ့ အနားသို့ ကပ်ရမှာ ကြောက်သွားလို့လားတော့ မပြောတတ်ချေ။ အရင်ကဆိုလျှင် သူ့ကို အိမ်သူက နှစ်ပြားမတန်အောင် ပြောလွှတ်ကာ စိတ်မထင်ရင် မထင်သလို လက်ကလည်း ပါတတ်သေးသည်။ ဒါတွေကို အံ့သြဖွယ် သည်းခံနိုင်ကာ ဘယ်သူနဲ့မှ မတူသော ဇွဲနဘဲမျိုးဖြင့် အိမ်သူ့ကို လိုက်ခဲ့သူဖြစ်၏။

အခုတော့ အဲဒီလို အရူးအမူး လိုက်စကားပြောတာမျိုး မရှိတော့။ တစ်ချိန်က ကိုယ့်ကို အသည်းအသန် လိုက်ခဲ့တဲ့ သူတစ်ယောက်က အနားကနေ ရုတ်တရက် ဖယ်ကွာသွားသော အခါ တစ်ခုခုက လွဲချော်နေသလို ခံစားခဲ့ရသည်။ လှမျိုးခင် ဆိုသည့် တစ်ယောက်ဟာ အရင်ကထက် ပိုမိုကြည့်ကောင်းလာတာ ကြောင့် တချို့ကောင်မလေးတွေကတောင် စိတ်ဝင်တစားဖြင့် အခင်အမင် ဖွဲ့နေကြတာလည်း အိမ် သူ ကြားနေရသည်။

ကြာလာသောအခါ အိမ်သူ ဒေါသတွေ ထွက်လာသလို စိတ်ထဲမှာ မခံနိုင်သလိုလည်း ဖြစ်လာသည်။ ဒါကြောင့် တစ်နေ့မှာတော့ အိမ်သူက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်တော့လေသည်။

အဲဒါကတော့ တခြားမဟုတ်။ အိမ်သူ အလာကို ကော်ခုံတစ်ခုပေါ်မှာ အမြဲထိုင်ပြီး ငေးတတ်သော လှမျိုးခင်ရဲ့ရှေ့ ကို တည့်တည့်သွားရပ်လိုက်တာပဲ ဖြစ်တော့သည်။ အဲဒီနေ့က သူသည် မီးခိုးရောင်တီရှပ်အကျပ် လည်ပင်းအတိ အင်္ကျီကို ဂျင်း(န်)မှိုတက် အနက်ရောင်တစ်ထည်ဖြင့် ခပ်ရိုးရိုး စတိုင်လ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ရွှာ ဝတ်ဆင်ထားတာဖြစ်သည်။ ကြေးနီရောင်ဖျော့ဖျော့ရှိသော ဆံပင်ကာလာကို ဆိုးထားကာ တိုတိုရှင်းရှင်းနဲ့ စတိုင်လ်ကျသည့် ဆံပင်ပုံစံကလည်း သူ့ကို အပြတ်အသတ် ပံ့ပိုးပေးထားသည်။

"ဒီမှာ"

"ဗျာ"

အိမ်သူက သူ့ရှေ့တည့်တည့်မှာရပ်ပြီး ခေါ်လိုက်သဖြင့် သူက အလန့်တကြား ထူးသည်။ အင်း ... ဘယ်လောက်ပဲ ပြောင်းလဲထား ပြောင်းလဲထား ငယ်နိုင် ငယ်ကြောက် သဘာဝကတော့ ရှိသေးပုံရသည်။ အိမ်သူက ဟန်ကိုယ့်ဖို့ဆိုသော သဘောအတိုင်း သူ့ကို ခပ်တင်းတင်း စိုက်ကြည့်ကာ ...

"ရှင် ဘာကိစ္စ ကျွန်မကို နေ့တိုင်း စောင့်ကြည့်နေရတာလဲ"

"ကိုယ်လား ... ဟိုဒင်း"

ရုတ်တရက်ဆိုတော့ သူက ကျက်ထားတာတွေ တော်တော် မေ့သွားပြီထင်သည်။ အိမ်သူက သဘောကျစွာဖြင့် တစ် ချက်ပြုံးလိုက်ရင်း ...

"ရှင် ကျွန်မနဲ့ စကားပြောချင်တာလား"

"ဗျာ ... ဟုတ်။ အင်း ... ဟုတ်တယ်"

ပထမတော့ ကြောက်လန့်တကြား ဗျာ ... ဟုတ် သတိဝင်လာသောအခါ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်သည့်ပုံ ဖြင့် အင်း ... ဟုတ်တယ်ဟု ခပ်မှန်မှန် ဆိုလာလေတာကြောင့် အိမ်သူက နှုတ်ခမ်းတွန့်ရုံ ခပ်လွှန့်လွှန့်ပြုံးကာ ...





"စကားပြောချင်ရင် ဘာလို့ လာမပြောသလဲ။ အရင်ကဆိုရင် ကျွန်မကို အမြဲတမ်း လိုက်ပြောနေတာပဲ မဟုတ်လား"

"အရင်က အလိုက်မသိလို့ အဲဒီလို ပြောမိတာပါ။ အိမ်သူ့ကို အနှောင့်အယှက် ပေးမိသလို ဖြစ်သွားတာကြောင့် အခု အဲဒီလို မလုပ်တော့တာ"

သူ့စကားကြောင့် အိမ်သူက အထက်စီးဆန်ဆန် ပြုံးလိုက်သည်။ ပြီးတော့မှ ...

"ကန်တင်း သွားရအောင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာသာ လှမျိုးခင်ရဲ့ နှလုံးခုန်သံကို နားကြပ်ဖြင့် လာရောက်စမ်းသပ်ကြည့်လျှင် သာမန်ထက် ငါးဆလောက် ပိုခုန်နေမှာ သေချာသည်။ ဒီထက်ပိုခုန်ရလျှင်လည်း နှလုံးပေါက်ထွက်ပြီး သေဖို့ပဲ ရှိတော့သည်။ သူ့ရှေ့မှာထိုင်ကာ သူ့ကို ငြိုးကြည့်နေသူသည် တစ်ချိန်က သူ့ပါးကို ရိုက်ခဲ့ဖူးသည့် ရွှေအိမ်သူမှ ဟုတ်ပါလေစဟု တွေးတောနေမိသည်။ ရွှေအိမ်သူနဲ့ ဒီလိုတွေ့စုံတွဲပြီး ကန်တင်းမှာ ထိုင်ခွင့်ရလိမ့်မည်ဟု သူ လုံးဝမမျှော်လင့်ထားခဲ့။

အထူးသဖြင့် စိန် ပြောခဲ့သော စကားတွေအတိုင်း တစ်သဝေမတိမ်း ဖြစ်လာတာကို သူ အံ့သြ၍ မဆုံးချေ။ စိန်သည် ဝမ်းတွင်းပါ အကြားအမြင်များ ရနေသလားဟု တစ်ခါတစ်ခါ၌ သူ စဉ်းစားကြည့်ဖူးသည်။ ခေတ်လူငယ်တစ်ယောက်မို့ အကြားအမြင် ရနေတာကို ရှက်ပြီး မပြောရဲတာမျိုးများ ဖြစ်နေမလားဟုလည်း ထင်သည်။ ဒါမှမဟုတ် အကြားအမြင်ရတာကို လူတွေသိပြီး ဝိုင်းမေးကြမှာစိုးသဖြင့် ဖုံးထားသလားဟုလည်း



ထင်မိသည်။ သူကတော့ စိန့်ကို တကယ်ပဲ အကြားအမြင်ရနေသည်ဟု ထင်ကိုထင်လေသည်။

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

"အကြားအမြင် ရတဲ့ဟာ"

"ဘာရယ်"

"အဲ ... ဆောရီး။ မဟုတ်ပါဘူး ယောင်သွားလို့"

ရွှေအိမ်သူက ရှေ့က လက်ဖက်ရည်ကို တစ်ငုံယူမော့ကာ သူ့ကိုစေ့စေ့ကြည့်လျက် ...

"ရှင် ဗေဒင်တွေ အကြားအမြင်တွေ ဝါသနာပါလို့လား"

"မပါ,ပါဘူး။ မပါ,ပါဘူး။ ဟို ... အိမ်သူက ကိုယ့်ကို ဘာပြောစရာ ရှိလို့လဲဟင်"

"ရှင် လုံးဝပြောင်းလဲသွားတယ်နော်၊ ဘာကြောင့်လဲ"

"အိမ်သူကြောင့်ပါ"

"ကျွန်မကြောင့် ! ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ်က အိမ်သူ့ကြောင့်မှ မဟုတ်ရင် ဘယ်သူ့ကြောင့် ပြောင်းလဲရမှာလဲ"

"ရှင့်ကို ဒီလို ပြောင်းလဲသွားအောင် ဘယ်သူတွေက အကြံဉာဏ်တွေ ပေးခဲ့သေးလဲ"

သူက စိန့်ရဲ့ရုပ်သွင်ကို ဖျတ်ခနဲ ပြေးမြင်သည်။ စိန်က မှာထားသည် သူမရဲ့အကြံဉာဏ်တွေမှန်း ရွှေအိမ်သူ့ကို လုံးဝဖြောပြခွင့် မရှိပါတဲ့။ ပြောခဲ့လျှင် သူနဲ့ အိမ်သူ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်တော့တဲ့။ သူက အဖြေတစ်ခုကို အသည်းအသန် စဉ်းစားကာ ...

"ဟိုဒင်းလေ ... ကိုယ့် ဦးလေးပါ။ ကိုယ့်ဦးလေးက ... အဟင်း"

"ဦးလေး ! ။ အင်း ... ထားပါတော့၊ ရှင့်ကို အရင်က ကျွန်မ ဆက်ဆံခဲ့တဲ့ ပုံစံကို ရှင် မှတ်မိဦးမှာပေါ့"

"ဟား ... သိပ်မှတ်မိတာပေါ့"

"ဘာလဲ ... ရှင်က အသေအချာကို မှတ်ထားတယ်ဆိုတဲ့ သဘောလား။ ကျွန်မကို အငြိုးထား,ထားတယ်နဲ့တူတယ်"

"အာ ... မဟုတ်ပါဘူး။ ကိုယ်က အိမ်သူ့ကို ဘာကိစ္စ အငြိုးထားရမှာလဲ။ အငြိုးမထားလို့ပဲ ခုလို ထိုင်စကားပြောနေတာပေါ့"

"ဒါဖြင့်ရင် ရှင့်စိတ်ထဲမှာ ကျွန်မအပေါ် ဘာအငြိုးအတေး၊ အမုန်းတရားမှ မရှိဘူးပေါ့"

"မရှိပါဘူး"

"သေချာလို့လား"

"သေချာပါတယ် အိမ်သူ။ ကိုယ်ကလေ အိမ်သူ့ကို ဟိုဒင်းဖြစ်နေတဲ့သူပဲ၊ ဘာဖြစ်လို့ အငြိုးထားရမှာလဲ။ ခုလို အိမ်သူက ကိုယ့်ကို စကားပြောတော့ အရမ်းဝမ်းသာပြီး အံ့သြပြီး ဟို ဘာပြောရမှန်းမသိ ဖြစ်နေတာ ...

ကိုယ့်ကို အိမ်သူ အသိအမှတ်ပြုပြီပေါ့နော်"





သူမက သူ့ကို တစ်ချက်စိုက်ကြည့်လိုက်လျှင် သူ ရင်တစ်ချက် ခုန်သွားသည်၊

"ရှင့်ရဲ့ပြောင်းလဲလာမှုကို အသိအမှတ် ပြုတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပုံစံကိုရောက်အောင် ရှင် တော်တော်ကြိုးစားခဲ့ရမှာပဲ ...

ကောင်းပြီ ဒီနေ့ကစပြီး ရှင့်ကို ကျွန်မရဲ့မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ် ပြုလိုက်ပြီ"

"ဟာ ... တကယ်ပေါ့နော်"

"ဒါနဲ့ စကားမစပ်၊ ရှင်နဲ့ စိန်ပန်းနီနီ ဆိုတဲ့ မိန်းကလေးနဲ့ တော်တော်ခင်လား"

"ဗျာ"

"ကျွန်မ ပြောတာ နားမလည်ဘူးလား။ ရှင်တို့ကို ကျွန်မ မကြာခဏ စကားပြောနေတာ မြင်ဖူးလို့"

"ဟုတ် ... ခင်ပါတယ်။ စိန်က အဲ ... စိန်ပန်းနီနီက အရမ်းသဘောကောင်းတယ်"

"ဟုတ်လား ... အင်း ... ပြီးရောလေ၊ ကဲ ... အတန်းချိန်နီးနေပြီ၊ ကျွန်မ အတန်းသွားတက်တော့မယ်"

"အာ ... ကိုယ်ရော လိုက်မှာပေါ့။ အတူတူ သွားမယ်နော်"

သူ့ကို သူမက မျက်စောင်းလှဲ့လှဲ့ ထိုးသည်။ အဲဒီနောက် ကန်တင်းကနေ အတန်းရှိရာသို့ သွားရာလမ်းတွင် သူ့ခြေထောက်တွေမှာ မြေကြီးနဲ့တောင် မထိဘူးဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ကြည့်နေသော မျက်လုံးတွေကလည်း အများကြီးပဲဖြစ်သည်။ ကြည့်စမ်း ... စိန် ... အဲဒီ စိန်တစ်ယောက်ဟာ တကယ်ပဲ အကြားအမြင် ရသွားသည်ဟု သူ ယုံကြည်၏။

စိန့်ကိုတော့ သူမ ကြိုက်တတ်သည့် အစားကောင်းကောင်းတွေ ဝယ်ကျွေးကာ ဒီအကြောင်းတွေကို အားပါးတရ ပြောပြဖို့ တေးထားလိုက်လေသည်။





## ၂၃

"ဖက်ထုပ်ဆီချက်၊ ဘဲသားသုပ်တစ်ပွဲ၊ ကြက်ခြေထောက်ချဉ်စပ်တစ်ပွဲ၊ အင်း ... တော်ပြီ၊ ရှင်ကရော ဘာမှာ့မှာလဲ ... မှာ"

စိန် မှာနေတာတွေကို ငေးကြည့်နေသော လှမျိုးခင်က စိန့်ရဲ့မေးခွန်းကြောင့် ခေါင်းကုတ်ကာ ...

"ဟိုဒင်း ... အဲဒါတွေ အားလုံး စိန်တစ်ယောက်တည်း စားမှာလားဟင်"

"ဖက်ထုပ်ဆီချက်ကတော့ တစ်ယောက်တည်းပဲ စားမှာပေါ့။ ကျန်တဲ့ဟာတွေကတော့ ရှင့်ကို နည်းနည်းကျွေးလည်း ဖြစ်ပါတယ် ... Why ? "

"ဪ ... သိပါဘူး။ အားလုံး စိန် တစ်ယောက်တည်းပဲ စားမှာလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း စားလည်း ကုန်တယ်။ ကဲ ... မှာ... မှာ"

"ဟိုဒင်း ... ကျွန်တော်လည်း ဖက်ထုပ်ဆီချက်ပဲ"

စားပွဲထိုးက ဖက်ဆီတွူးဟု အော်ဟစ်ပြီး ထွက်ခွာသွားချိန်ဝယ် သူက စိန့်ကို မျက်လုံးပြူးကြည့်လာကာ ...

"စိန့်ကြည့်ရတာ ဒီနေရာနဲ့ တော်တော်အကျွမ်းတဝင်ရှိပုံပဲ"

သူက တရှဲရှဲကြော်လှော်နေသော မီးဖိုများ၊ အငွေ့တထောင်းထောင်းထနေသော စွပ်ပြုတ်ရည်အိုးကြီးများ၊ ချိတ်ဆွဲထားသော ဘဲကောင်လုံးများ ကြိတ်ကြိတ်တိုး ဝယ်ယူစားသောက်နေကြသော လူများကို ဝေ့ဝဲကြည့်ကာ ပြောသည်။ စိန်က အရင်လာချပေးထားသော ဟင်းချိုရည်ကို တစ်ဇွန်းခပ်သောက်ရင်းမှ...

"ဒီနေရာက ကျွန်မ ငယ်ငယ်လေးတည်းက ကျွန်မအဖေနဲ့ မကြာခဏ လာစားတတ်တဲ့ နေရာပဲ။ အခုနောက်ပိုင်းကြီးလာတော့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းလည်း လာစားဖြစ်တယ် ...

စိတ်ကူးပေါက်ရင် ပေါက်သလို ညဘက် တစ်ယောက်တည်း ကားမောင်းပြီးတော့လည်း ထွက်လာတတ်တာပဲ"

"ဒါကို ဘာလို့ ခေါ်သလဲ။ တရုတ်တန်းပေါ့နော် ... အဲလိုလား"



"ဟုတ်တယ်။ တရုတ်တန်း (၁၉)လမ်း ဆိုတာ အရင်တည်းက နာမည်ကြီးပေါ့။ ဒီက ငါးရံ့ဆန်ပြုတ်က နာမည်ကြီးပဲလေ ...

ကိုရီးယားကားတွေထဲကလို ညဈေးတန်းမှာ စားကြသောက်ကြတာ ခေတ်မစားခင်တည်းက ဒီညဈေးတန်းက ဒီမှာ နာမည်ကြီးပြီးသားပါ"

"ဟုတ်တယ်နော်၊ ဒီနေရာက ကိုရီးယားကားတွေထဲက ညဈေးတန်းနဲ့ တူတယ်။ လူတွေ စားကြ သောက်ကြ သွားကြ လာကြနဲ့ သဘာဝဆန်ပြီး ပျော်စရာကောင်းသလိုပဲ။ ညဈေးတန်းမှာ လျှောက်ကြည့်စရာတွေလည်း စုံတယ်"

စိန်က ခေါင်းတစ်ချက် ဆတ်ပြပြီးနောက် လာချပေးထားသော ဘဲသားခုပ်ထဲမှ ဘဲသားတစ်ဖတ်ကို တူနဲ့ညှပ်ယူရင်းမှ အရသာရှိစွာ စားသောက်လိုက်သည်။ လှမျိုးခင်က ရွှေအိမ်သူဖြင့် အဆင်ပြေသွားခြင်း အထိမ်းအမှတ်ကြောင့် စိန့်ကို ဆိုင်တစ်ဆိုင်မှာ ကောင်းကောင်းပြုစုပါရစေဟု ဆိုလာသောအခါ စိန်က သူ့ကို တရုတ်တန်းသို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

သွားကြ လာကြ စားကြ သောက်ကြနှင့် မီးရောင်စုံလင်းလက်နေသော တရုတ်တန်း၏ ရှုခင်းကို သူလည်း သဘောကျသွားပုံပေါ်သည်။ စားသောက်ဖွယ်ရာများ လာချပေးသောအခါ စားရင်းသောက်ရင်းနှင့် စိန်တို့ စကားဆက်ကြသည်။

"စိန့်ကို တစ်ခုလောက် မေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိန်က မေး ဟူသော သဘောဖြင့် သူ့ကို ခေါင်းဆတ်ပြမိသည်။ သူက စိန့်ကို မဝံ့မရဲ ကြည့်လာကာ ...

"စိန် ကျွန်တော့်ကို စိတ်ဆိုးမှာလား"

စိန်က ဖက်ထုပ်ဆီချက်တစ်လုတ်ကို အားပါးတရ ပလုတ်ပလောင်း စားရင်းမှ ...

"ရှင် ... ကျွန်မ စိတ်ဆိုးတာ ဘယ်နခါများ တွေ့ဖူးလို့လဲ"

"အင်း ... ဟုတ်တယ်နော်။ ဟုတ်သားပဲ စိန် စိတ်ဆိုးဒေါသထွက်တာမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ စိန် တစ်ခါမှ ဒေါသမထွက်ဖူးဘူးလားဟင်"

"လူပဲရှင် ဒေါသတော့ ထွက်ဖူးတာပေါ့။ ဒါပေမဲ့ ဒေါသထွက်တာ များတဲ့လူဟာ ဒေါသ သိပ်မထွက်တဲ့ လူထက်စာရင် ပိုပြီးရုပ်ရင့်တယ်တဲ့ ...

ပြီးတော့ ရှင်တော့ မသိဘူး။ ကျွန်မကတော့ ဒေါသထွက်ရတာ ပင်ပန်းတယ်လို့ မြင်တယ်။ ပင်ပန်းတဲ့ အလုပ်တစ်ခုကို လုပ်ဖို့ ကျွန်မ ပျင်းတယ်လေ"

"ဟား ... ဒါကြောင့် ထင်တယ်။ စိန်က အိမ်သူ့ထက် ပိုပြီး နုငယ်တယ်လို့ ထင်ရတယ်နော်"

"တော်စမ်းပါ၊ လာမမြှောက်စမ်းပါနဲ့၊ သူ့ထက်နုငယ်ချင်ငယ်မယ်။ သူ့ထက်တော့ ပိုမချော မလှနိုင်တာ အမှန်ပဲ မဟုတ်လား။ သူက ကျွန်မထက် အဆပေါင်းများစွာ ချောတယ်လေ"





"အာ ... ဒါပေမဲ့ စိန်က အရမ်းချစ်စရာကောင်းတယ်"

အဲဒီစကားကြောင့် စိန်က သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် သူက မနေတတ် မထိုင်တတ်ပုံစံဖြင့် ...

"ဘ ... ဘာလဲဟင်။ ကျွန်တော်က ရိုးရိုး ပြောတာပါ"

"ကဲ ... ရှင် ဘာမေးမှာလဲ မေး"

"စိန် အကြားအမြင် ရနေတာ မဟုတ်လား"

"ဘာရယ်"

"ဟို ... စိန် အကြားအမြင် ရနေတာ မဟုတ်လား။ အဲဒါ သူများတွေသိရင် လာမေးမှာစိုးလို့ ရှက်လို့ ဘယ်သူ့ကိုမှ မပြောတာ မဟုတ်လား"

စိန်သည် အတည်ပေါက်ကြီးနှင့် မဝံ့မရဲ ပြောနေသော လူမျိုးခင်ကို အံ့ဩတကြီး စိုက်ကြည့်နေမိသည်။ ရယ်ချင်စိတ်က ဟိုးနှလုံးသားထဲက တလှိုက်လှိုက် တက်လာသော်လည်း မရယ်ချနိုင်သေး။ သူ ဘာကြောင့် အဲဒီလို ထင်ရတာလဲ။ သူ့ပုံစံက တကယ်ကြီး ထင်နေသောပုံစံမျိုး ဖြစ်သောကြောင့် စိန်က ခေါင်းကို မသိမသာ ခါယမ်းကာ ...

"ရှင် ဘာကြောင့် အဲဒီလို ထင်ရတာလဲ"

"ဟုတ်တယ်လေ။ စိန် ပြောတာတွေက တကယ် ဖြစ်လာတာကိုး။ အကြားအမြင် ရနေမှသာ အဲဒီလောက် ပေါ်တဲ့ ကျကျကြီးတွေ ပြောနိုင်တာ မဟုတ်လား"



www.burmeseclassic.com

စိန် ဒီတစ်ခါတော့ မအောင့်နိုင်တော့ဘဲ တဟားဟား အော်ရယ်မိတော့သည်။ လူသံ ကားသံနှင့် ဆူညံနေတာမို့ စိန့်ရဲ့ရယ်သံသည် ညရဲ့အလင်းရောင်အောက်တွင် ပျောက်ဆုံးသွားသည်။ စိန်က သူ့ကို တစ်ချက်ကြည့်မိသည်။ နီယွန်မီးရောင်၏ အလင်းရောင်ကြောင့် သူ့မျက်နှာသည် အသားအရောင်တစ်မျိုး ဖြစ်နေသည်။ မရမ်းစေ့ရောင် အကွက်ကျဲကျဲ ရှပ်လက်တိုအကျပ်၊ ဂျင်းအနက်ဖြင့် သူဟာ အရင်ထက်များစွာ ကြည့်ကောင်းနေသည်။

"လှမျိုးခင်ရယ် ... ရှင်က တကယ်ရယ်ရတာပဲ။ ကျွန်မမှာ ဘာအကြားအမြင်မှ မရှိဘူး။ ဒါတွေကို nearly ပြောနိုင်တယ် ဆိုတာကလည်း စိတ်ပညာသဘောသဘာဝတွေကို လေ့လာထားတာလည်း ပါ,ပါတယ် ...

ဒါတွေကို ရှင် နားလည်အောင် အသေးစိတ်မပြောပြပေမယ့် ဘာတွေက ဘယ်လိုတွေလာမယ်၊ ဘာပြီးရင် ဘာလာမယ်ဆိုတာ အရိပ်အမြွက် ပြောပြခဲ့တာပဲ။ အခု အခြေအနေတိုင်းဆို အိုကေနေတာပဲ မဟုတ်လား"

စိန့်ရဲ့စကားတွေကို သူက ငေးပြီးနားထောင်နေသည်။ အဲဒီအချိန်မှာပဲ စိန်ရဲ့ဘောင်းဘီအိတ်ထဲက ဖုန်းက မြည်သံထွက်ပေါ်လာတာမို့ စိန်က ဖွင့်နားထောင်လိုက်သည်။ ဖုန်းက လင်းပြေ ထံမှဖြစ်သည်။

"အင်း ... ပြော လင်းပြေ"





လင်းပြေ ဆိုသော အသံကြားတာနှင့် လှမျိုးခင်က ဖက်ထုပ်စားနေရာမှ ခေါင်းထောင်ပြီး ပြူးကြည့်သည်။ သူက လင်းပြေ ဆိုတာနှင့် အဲဒီလို ပြူးပြူးပြဲပြဲ ဖြစ်သွားလေ့ရှိသည်။ တစ်ဖက်က လင်းပြေကလည်း ဆူညံနေသော လူသံ သူသံတွေကို ရိပ်မိသွားဟန်ဖြင့် ...

"စိန် အပြင်ရောက်နေတာလား"

"အင်း ... ဟုတ်တယ်။ တရုတ်တန်းမှာ"

"တရုတ်တန်းမှာ ! ... ဝါးတီးဆွဲနေတာလား"

"ဟုတ်တယ်၊ လှမျိုးခင်နဲ့လေ"

"စိန်တို့ နှစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ရှင် စားချင်ရင် လာခဲ့လေ။ ဒါပေမဲ့ ကျွန်မတို့စားနေတာ တစ်ဝက်ကျိုးနေပြီ။ ရှင်က ပြည်လမ်းက လာရမှာဆိုတော့ အဝေးကြီးပဲ ...

တော်ပြီ မလာနဲ့တော့။ ကျွန်မ အိမ်ပြန်တာ မိုးချုပ်သွားလိမ့်မယ်"

"စိန်က မမိုက်ဘူးဗျာ။ စောစောတည်းက ကိုယ့်ကို ခေါ်သင့်တာပေါ့"

စိန်က တစ်ချက် ရယ်လိုက်သေးကာ ချော့မော့နှစ်သိမ့်သည့် အသံမျိုးဖြင့် ...

"ဒီနေ့ ဒကာက လှမျိုးခင်ရှင့်။ အိုခေ ... ဆီးယူ၊ ကျွန်မ အိမ်ရောက်မှ ဖုန်းပြန်ဆက်လိုက်မယ်၊ ဒီမှာ စားလာခ်စကြီးမို့"

www.burmeseclassic.com



စိန်က နှုတ်ဆက်ပြီးနောက် ဖုန်းကိုပိတ်ကာ အိတ်ထဲ ပြန်ထည့်ပြီး စားလက်စတူကို ကောက်ကိုင်ပြီး ပြန်စားဖို့ ပြင်သည်။ လှမျိုးခင်ထံမှ စိန် ဟူသော ခပ်ဆောင့်ဆောင့်ခေါ်သံ ထွက်လာသဖြင့် စိန်က ကြက်ခြေထောက်တစ်ဖတ်ကို တူနှင့်ညှပ်ယူရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်မိသည်။

"သူနဲ့ စိန်နဲ့ တော်တော်ခင်နေပြီလား"

"အင်း ... ရှင့်လောက်တော့ မခင်တာ အမှန်ပဲ"

သူ့မျက်နှာက ကျေနပ်သလိုဖြင့် ပြုံးသွားသည်။ ဒါပေမဲ့ ခဏပဲဖြစ်သည်။

"စိန် ...။ နှင်းပွင့်က ပြောတယ်။ လင်းပြေက စိန့်ကို စိတ်ဝင်စားနေတယ်တဲ့။ အဲဒါ ဟုတ်လား"

"ဘယ်သိမလဲ"

"အာ ... စိန် ညာတာ။ စိန်က အကြားအမြင် ရနေသလို သူများကိစ္စတွေတောင် သိနိုင်နေသေးတာပဲ။ ကိုယ့်ကိစ္စကျမှ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲ ကျွန်တော့်ကို ပြောမပြချင်လို့လား"

"အရှင်းဆုံး ပြောရရင်တော့ အဲဒီလို ဆွေးနွေးဖို့ ကိစ္စတွေကို စိတ်မဝင်စားတာ။ ကျွန်မ ပြောတာ ရှင် သဘောပေါက်လား"

"ပေါက်ပါတယ်၊ ထားပါတော့ဗျာ"

"ရှင်နဲ့ ချွေးအိမ်သူရဲ့ အခြေအနေက ဘယ်လိုရှိလဲ"





"ဒီလိုပါပဲ။ သူနဲ့ စကားပြောရင် ကျွန်တော်က သူ့မျက်နှာကို ငေးငေးနေတာနဲ့ပဲ ဘာပြောရမှန်း မသိဘူး ...

ကျွန်တော် သူ့ကို ဖွင့်ပြောရတော့မလားဟင်"

"ခုချိန်ကစပြီး ရှင့်စိတ်နဲ့ ရှင့်ကိုယ် ဆုံးဖြတ်တော့လေ။ အရင်တုန်းကတော့ ရှင်က လမ်းဘေးမှာရောက်နေလို့ ကျွန်မက လမ်းပေါ်ကို ဆွဲတင်ပေးခဲ့ရတာ။ အခုတော့ လမ်းပေါ်ကို ရောက်သွားပြီပဲ။ ကိုယ့်ဟာကိုယ် ဆက်ပြေးတော့ပေါ့ ...

ပန်းဝင်သွားလည်း ရှင့်အစွမ်းအစပဲ၊ ခလုတ်တိုက်လဲလည်း ရှင့်အစွမ်းအစပဲ။ ကျွန်မကို အားကိုးမနေနဲ့တော့လေ။ ရှင့်ကို တွေးခေါ်တတ်တဲ့ အသိဉာဏ်နဲ့ အခြေခံအချက်တွေ ပြောပြပေးခဲ့ပြီပဲ။ ဒါတွေနဲ့ ရှင် သွားလို့ရပါပြီ"

စိန့်ရဲ့စကားကြောင့် သူက တွေဝေငြိမ်သက်သွားသည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ အစားကိုသာ ဆက်စားနေတော့သည်။ စားသောက်ပြီးလျှင် ကျသလောက် ထုတ်ရှင်းကာ စိန်တို့နှစ်ယောက်လုံး မတ်တတ်ထရပ်မိသည်။

"ဝယ်ကျွေးတဲ့အတွက် ကျေးဇူးပဲ။ ကျွန်မတို့ ဒီကနေပဲ လမ်းခွဲကြတာပေါ့။ ရှင် Taxi ငှားပြန်ဖို့ အဆင်ပြေပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်။ စိန့်ကားအနားထိ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"As you like"

စိန့်ရဲ့ကားက လသာလမ်းမှာ ရပ်ထားခဲ့တာမို့ အဲဒီနားအထိ အေးအေးလူလူ လျှောက်လာခဲ့ကြသည်။ ကမ်းနားလမ်းဘက်က ဆိပ်ကမ်းမှာ ရပ်ထားသော ပင်လယ်ကူးသင်္ဘောကြီးတွေကို လှမ်းမြင်ရသော ရှုခင်းကလည်း သူ့အတွက် ထူးဆန်းလို့နေသည်။

"ခုချိန် ကမ်းနားမှာ လမ်းလျှောက်ရရင် သိပ်ကောင်းမှာနော်"

စိန့်က သူ့စကားကြောင့် အသာပြုံးရင်း ...

"ဒီနေ့အဖို့တော့ မဖြစ်နိုင်တော့ဘူး။ နောင်တစ်ချိန်ကျတော့မှ ချွေအိမ်သူနဲ့ အတူလျှောက်နိုင်အောင် ကြိုးစားပေါ့"

စိန့်က ကားအနားသို့ရောက်လျှင် သူ့ကို အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်သည်။ အဲဒီနောက် ကားပေါ်တက်ပြီးနောက် မောင်းထွက်လာခဲ့သည်။ လက်ပြရင်း ကျန်ရစ်ခဲ့သော သူ့ပုံရိပ်ကို နောက်ကြည့်မှန်မှတစ်ဆင့် တွေ့မြင်နေရသော်လည်း အဆုံးထိ မကြည့်မိတော့ပါ။ အကျင့်ပါနေသော လက်တို့က FM ခလုတ်ကို သွားနှိပ်လိုက်လျှင် သီချင်းတစ်ပုဒ်က ကားထဲတွင် လွင့်ကျသွားသည်။





"မင်း လုပ်ရင် ဘာမဆို ကိုယ်လိုက်လုပ်ရ ... မင်းသွားရင် ဘယ်မဆို ကိုယ်လျှောက်လိုက်ရ ... မင်း မရှိရင် ကိုယ်ဟာ တစ်ယောက်တည်း ပျင်းစရာ ...

ငါ့ကို နင် ကြိုက်တဲ့ပုံပြော ... နင် ခေါ်ဆောင်ရာ လိုက်ပါ့မယ် ... ငါ့ကို တစ်ချက်လေး ငဲ့ကြည့်ဦး"

သီချင်းထဲက ကောင်မလေးသည် သူ့ချစ်သူကို တော်တော်ချစ်ကာ ချစ်သူစိတ်နဲ့ လူလုပ်မည့်သဘောမျိုး ဆိုထားတာမို့ စိန့်က နှစ်သက်စွာ ပြုံးမိသည်။ စိန့်လည်း လူတစ်ယောက်ကို အဲဒီလောက် ချစ်ပစ်ချင်သည်။ ခက်တာက စိန့်နှလုံးသားဟာ ဘာကြောင့်များ အိပ်မောကျနေတာပါလိမ့်။ ဘယ်အချိန်မှ နိုးမှာပါလိမ့်။

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

"ဟော့ကောင် ... ထ ... ထ၊ အိမ်ရှေ့မှာ မင်းအဖေနဲ့အမေ တို့ ရောက်နေပြီကွ"

လေးသောင်းက သူ့ကို လှုပ်နှိုးသောအခါ သူက အိပ်ရာမှ အိပ်မှုန်စုံမွှားဖြင့်ထကာ နာရီကိုကြည့်လိုက်လျှင် နံနက် ခြောက်နာရီခန့် ရှိပြီဖြစ်သည်။ သူ့မိဘတွေ လာမယ်ဆိုတာ ကိုတင်လည်း အကြောင်းကြားမထားသဖြင့် ဟုတ်ရော ဟုတ်ရဲ့ လားဟူသည့် အတွေးနှင့်အတူ သူက ဧည့်ခန်းထဲသို့ ရောက်သွား သည်။

တကယ်ပဲ ဧည့်ခန်းထဲမှာက သူ့ရဲ့မွေးသမိခင် ကျေးဇူးရှင် မိဘနှစ်ပါးစလုံးက မိန့်မိန့်ကြီး ရောက်နေကြ သည်။

"ဟာ ... အားပုကျို ... အားမွှန်းညီ ... အညားရော့"



သူက ထုံးစံအတိုင်း လက်နှစ်ဖက်ကို ဆန့်တန်းကာ ပြောင်စပ်စပ် သဏ္ဍာန်ဖြင့် ဝင်သွားလိုက်လျှင် သူ့အမေကတော့ သဘောတကျနှင့် ရယ်မောက သူ့အဖေကတော့ ထုံးစံအတိုင်း ချီးကျူးထောပနာပြုသည်။

"ဟင်း ... အကျင့်ကတော့ မပျောက်သေးဘူး။ ဒါနဲ့ နေပါဦး၊ မင်း ကြည့်ရတာ တစ်ခုခု ပြောင်းလဲနေသလိုပဲ။ တစ်ခုခုတော့ မကပါဘူး ...

ဟော့ ... မိန်းမ။ မင့်သားကို ကြည့်စမ်း"

"ကျုပ်သားက ပိုချောလာတာတော့။ အသားတွေလည်း ဖြူပြီး ခန္ဓာကိုယ်ကလည်း ကိုရီးယားကားတွေထဲက မင်း သားလိုပဲ ကျစ်လစ်တောင့်တင်းနေတာ။ တကယ့် မြို့သား အတိုင်းပဲ။ အမယ်လေး ... ချောလိုက်တဲ့ ငါ့သားကြီး။ ကျေနပ်တယ်ဟော့"

သူ့အမေက အညာလေသံအတိုင်း အားပါးတရ အော်သည်။ သူ့အဖေက သူ့ပုံစံကို မိန့်မိန့်ကြီး ပြုံးကြည့်ကာ ...

"အင်း ... မင်းကို ငါ လိုချင်တာ ဒီပုံစံပဲ။ မင်းပုံစံက ကျောက်ပန်းတောင်းမှာ နေတာထက် အများကြီး ပြောင်းလဲ သွားပြီ ...

မင်းကွာ ရန်ကုန်မှာ ကျောင်းမတက်ချင်လို့သာ တော်တော့တယ်။ ဟိုကသွားတာ တစ်နှစ်တောင် ပြည့်တော့ မယ်။ တစ်ခေါက်တလေတောင် ပြန်မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းက ခဏပဲ ပိတ်လို့ပါ အဖေရာ။ ပြီးတော့ ကျောင်းပိတ်ရက်တွေမှာလည်း ဟိုလုပ် ဒီလုပ်နဲ့ဆိုတော့ အချိန်က မရတာမို့လို့ ...

အဖေတို့ လာတော့ ကောင်းတာပေါ့ အဖေရဲ့။ ရန်ကုန်မှာ ဘုရားဖူးပြီး လည်ရ ပတ်ရတာပေါ့။ စားသောက်ဆိုင် ကောင်းကောင်းတွေ ကျွန်တော် လိုက်ပို့မယ်"

"အေး ... မင်းတောင် ရန်ကုန်သားတစ်ပိုင်း ဖြစ်ရောပေါ့။ မင်း ဒီမှာ လိမ်လိမ်မာမာနဲ့ စာကြိုးစားတယ်။ ကောင်းကောင်းနေတယ်ဆိုတာ သိရလို့ မင်းကို ဆုချဖို့ စီစဉ်ထားတယ်"

"ဗျာ ... ဘာလဲဟင် အဖေ"

"အိမ်ရှေ့ကို ထွက်ကြည့်လိုက်"

သူက ကမန်းကတန်းပင် အိမ်အပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။ ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားက မစ်ဆူဘီရှီ အမှတ်တံဆိပ် ခဲပြာရောင်ဖြစ်ကာ ပရာဒိုအသေးစားပုံစံ စတိုင်လ်မိုက်မိုက်ကားမျိုး ဖြစ်သည်။ သူက ကားကိုမြင်တာနှင့် လိုက်ခနဲ ဝမ်းသာသွားပြီး နောက်သို့ လှည့်ကြည့်လိုက်လျှင် သူ့အဖေက သူ့ကို လက်ပိုက်ကာ ပြုံးကြည့်နေသည်။

"အဖေ ... ဒါ ကျွန်တော့်အတွက်လား"

"အေး"

"ဟာ ... ဒါ ဒီမှာစီးဖို့အတွက်လား အဖေ"



"ဒါပေါ့ကွ"

"ဟား ... အားပုကျိ"

သူက ဝမ်းသာအားရဖြင့် သူ့အဖေကို ခါးမှပြေးဖက်လိုက်သည်။

"ဟား ... ဒီကောင်ကွာ၊ ခုထိ မကြီးမကျယ်နဲ့ ပေါတုန်းပဲ"

ဘယ်လိုပဲ ပါးစပ်ကပြောပြော သူ့အဖေ ကြည့်ရတာ ကျေနပ်နေတဲ့ပုံပဲ ဖြစ်ပါသည်။

"ဘယ်လိုလဲကွ၊ ကြိုက်ရဲ့လား"

"ဟား ... ကြိုက်တာပေါ့ အဖေရာ။ ဒီကားဆို ခရီးတွေ ဘာတွေ ထွက်လို့လည်း ကောင်းတယ်၊ ကျွန်တော်က ကားမြင့်ကို အရမ်းသဘောကျတာ။ ဘယ်သွားသွား အဆင်ပြေတယ် ...

သင့်ခ်ယူ အဖေ၊ ကျေးဇူးအများကြီး တင်ပါတယ်။ အဖေကလည်း ကားဝယ်ပေးတာများ စောစောစီးစီး ဝယ်ပေးရင်လည်း ပြီးရော၊ ကျွန်တော့်မှာ တစ်နှစ်လောက် ဘတ်စ်ကား စီးလိုက်ရသေးတယ်"

"ဒါက မင်း အခြေခံဘဝတွေအကြောင်းကို နားလည်စေချင်လို့ပေါ့ကွ။ ဒါမှ မင်း အောက်ခြေမလွတ် ဘဝင်မမြင့်မှာ။ ပြီးတော့ မင်း နေပုံထိုင်ပုံကို ငါက စောင့်ကြည့်သေးတာ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ဒီအတိုင်း လွှတ်ထားတယ်များ ထင်မနေနဲ့။ မင်းဦးလေးဆီကနေ မင်းအကြောင်းတွေ အမြဲနားစွင့်နေတာ။ မင်း အေးအေးဆေးဆေး နေတယ်၊ စာကြိုးစားတယ်။ ပေါ့လားဝါးလား မရှိဘူးလို့ ကြားလို့ ဆုချတာပါပဲ”

“ဪ … ဒီလိုကိုး။ ဘာလဲ … အဖေက ကျွန်တော့်ကို ရန်ကုန်ရောက်တာနဲ့ အိုးလုံးမှောက် ခွက်လုံးမှောက် ကဲတော့မယ်လို့ ထင်နေတာလား …

ကျွန်တော်က ဘဝကို အဓိပ္ပာယ်ရှိအောင် နေထိုင်တာပါဗျာ။ ကျွန်တော် အရင်ထက်စာရင် အများကြီး ပြောင်းလဲတိုးတက်လာပါပြီ”

သူက အဲဒီလို ပြောလိုက်ရင်းမှ စိန့်ကို ဖျတ်ခနဲ သတိရမိသွားသည်။ ဒီလိုတွေ ဖြစ်လာတာ ဘယ်သူ့ကြောင့်လဲ။ စိန်သည် သူ့အတွက်တော့ တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေကောင်း တစ်ယောက်ပဲ ဖြစ်ပါသည်။

“အေး … မင်းပုံကို ကြည့်တာနဲ့ ငါ လက်ခံနိုင်ပါတယ်။ ကဲ … မင်း ရေမိုးချိုး၊ ခဏနေ ဒင်းဆမ်းသွားစားကြမယ်။ ပြီးရင် မင်းက မင်းကားနဲ့ ကျောင်းကို တစ်ခါတည်းသွားတော့”

“ဟုတ်ကဲ့ အဖေ”



သူက အိမ်ထဲသို့ ဝင်လာကာ သူ့အမေနဲ့ စကားအနည်းငယ်ပြောသည်။ ပြီးတဲ့နောက်မှာတော့ ရေချိုးကာ အဝတ်အစားလဲသည်။ သူ ဝတ်သော အဝတ်အစားမှာ အဖြူရောင်စပို့ရှပ်အစင်းလေးဖြစ်ကာ အနက်ရောင်ဘောင်းဘီနဲ့မို့ Black & White အတွဲအစပ် ဖြစ်သည်။ တစ်ကိုယ်လုံးကို ကြော့မော့သပ်ရပ်အောင် ပြင်ဆင်ပြီး၍ အပြင်ပြန်ထွက်လာလျှင် သူ့အဖေက သူ့ကိုကြည့်ကာ …

“ဟော့ကောင် … မင်း ရည်းစားရနေပြီလား”

“ဗျာ … ရသေးပါဘူးဗျ။ အဖေကလည်း”

“ငါ့ကို မလိမ်နဲ့။ မင်းပုံစံက ရည်းစားက ပြောင်းလဲပေးထားလို့ ဒီလိုဖြစ်နေတဲ့ပုံစံနဲ့။ မင်း ဒီပုံစံ ဖြစ်လာတာ ကောင်မလေးတစ်ယောက်ယောက်က ပြောင်းလဲပေးထားတာ မဟုတ်လား …

မင်းကြိုက်နေတဲ့ ရန်ကုန်သူတစ်ယောက်ယောက် နေမှာပေါ့”

“အာ … ရည်းစားက ပြောင်းလဲပေးထားတာ မဟုတ်ပါဘူး အဖေရာ။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က အကြံပေးထားတာ …

သူက အရမ်းတော်တာ အဖေရ။ ကျွန်တော် ဒီလို ဖြစ်လာအောင် သူက သိသင့်တဲ့အချက်တွေ အများကြီး ပြောပြတယ်။ ကျွန်တော့်ကို MBA စ,တက်တည်းက ကူညီပေးခဲ့တဲ့သူပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတာပေါ့ကွာ။ ဘုရားဟောတရားတွေထဲမှာကို မိတ်ဆွေကောင်းတွေရဲ့ ကဏ္ဍဟာလည်း အများကြီး အရေးပါကြောင်း ဟောထားသေးတာပဲ ...

ကဲ ... ပြီးရင် သွားကြစို့ဟေ့။ ဗိုက်ဆာနေပြီ၊ ဟော ... မောင်သောင်း ကားထုတ်တော့ဟေ့။ ဟော့ကောင် ... မင်း မောင်းလို့ဖြစ်ပါ့မလား"

"အား ... ဖြစ်ပါတယ် အဖေရ၊ ကျွန်တော်က မွေးတည်းက ကားနဲ့ဖက်ကြီးလာတဲ့ကောင်ပဲ"

"အဲဒါကို ပြောတာ မဟုတ်ဘူး။ မင်း လမ်းတွေသိရဲ့လားလို့ ပြောတာ"

"အာ ... လမ်းလည်း ကျွမ်းတယ်။ ကဲ ... လစ်မယ်ဗျို့။ လာ အမေ ... ကျွန်တော့်ကားပေါ် လာထိုင်"

အဲဒီလိုနဲ့ သူတို့မိသားစုဟာ နံနက်စောစောပဲ ဒင်းဆမ်းသွားစားကြသည်။ ပြီးတော့ အမေ့ဆန္ဒအရ ရွှေတိဂုံဘုရားသို့ တက်ကြလေသည်။ ဘုရားက ပြန်ဆင်းလာသောအခါ သူတကျောင်းသို့ မောင်းလာခဲ့သည်။ ဘာကြောင့်မှန်း မသိဘဲ သူ့ရဲ့ မိတ်ဆွေကောင်မလေး စိန့်ကို အထူးသတိရမိကာ တွေ့ချင်နေမိသည်။ သူ့အဖေက လက်ဆောင်ဝယ်ပေးသော ဒီကားဟာ စိန်နဲ့လည်း သက်ဆိုင်သည်ဟု ထင်နေသည်မှာ ဘာကြောင့်မှန်းတော့ မပြောတတ်ချေ။ ဒီကားရသည့် အထိမ်းအမှတ်နှင့် စိန့်ကိုလည်း တစ်ခုခု ဝယ်ကျွေးချင်သည်။



ဒါကြောင့် သူက ကျောင်းသို့ ရောက်ရောက်ချင်း စိန့်ထံ ဖုန်းခေါ်လိုက်သည်။ သူ ရောက်တာ နည်းနည်းစောနေသေးသဖြင့် စိန်တို့ မရောက်သေးချေ။

"ပြော ... ခင်"

သူမှန်းသိသဖြင့် စိန်က ဖုန်းကို ဖွင့်ဖွင့်ချင်း ပြောသည်။ စိန်သည် စိတ်လိုလက်ရရှိလျှင် သူ့ကို ခင်ဟု ခေါ်တတ်သူဖြစ်သည်။

"စိန် ... On the Way လား"

စိန်နဲ့ ပေါင်းသဖြင့် သူတောင် စိန့်လိုပဲ အင်္ဂလိပ်စကားတွေ ကြားညှပ်ပြီး ပြောတတ်နေပြီဖြစ်သည်။

"ဟုတ်တယ်၊ အိမ်က ထွက်ခါစလေးပဲ။ ပြော ... ဘာအရေးပေါ်လဲ"

"အရေးမပေါ်ပါဘူး။ ကျွန်တော်က ကျောင်းကိုရောက်နေပြီ။ စိန့်ကို ပြစရာရှိလို့၊ ပြီးတော့ နေ့လယ်စာလည်း ကျွေးချင်လို့"

"အိုခေ ... ခဏနေ တွေ့တာပေါ့"

စိန်က ဖုန်းချသွားသည်။ သူက စိန် လာရာလမ်းလေးကို ကားပေါ်ကင်မှ စောင့်နေမိသည်။ ခဏကြာသောအခါ စိန့်ရဲ့ကား မောင်းဝင်လာတာကို တွေ့လိုက်ရသည်။ စိန်သည် ပါကင်ကို စနစ်တကျ ထိုးပြီးသောအခါ ကားပေါ်မှ ဆင်းလာ

www.burmeseclassic.com



သည်။ ခဲရောင် ဘလောက်စ်ခါးရှည်အကျီကို ခဲမှိုတက် Skinney ဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထားသော မိန်သည် အဝတ်အစား ကို ရှင်းရှင်းလေးနဲ့ လှအောင် ဝတ်တတ်သူလည်း ဖြစ်သည်။

"စိန် … မောနင်း"

"အင်း … မောနင်း။ ပြောပါဦး ဘာထူးလို့လဲ"

"စိန် … ဒါ ကျွန်တော့်ကားလေ"

"အို … ဟုတ်လား။ ဘာလဲ … ရှင့်မိဘတွေ ဒီမနက် ရောက်လာပြီး လက်ဆောင်ပေးတာလား"

"ဟင် … စိန်က သိပြန်ပြီ"

"ဟား ဟား … အကြားအမြင် ရနေတယ်တော့ မထင် ပါနဲ့ရှင်။ ရှင့်မိဘတွေက နယ်မှာ မဟုတ်လား။ သူတို့က ဝယ်ပြီး ရောက်လာတာမို့ ရှင့် အခုချက်ချင်း တက်မောင်း လာလို့ ရတာပေါ့ …

ကောင်းပါတယ်၊ အခုမှ ရှင်နဲ့ကား လုံးဝလိုက်ဖက် သွားတော့တယ်"

"ကျွန်တော်က ဒီကားရရချင်း၊ စိန့်ကို သတိရတာ ပြီးတော့ ဒီကားကိုရတာ စိန့်ကြောင့်လည်း ပါတယ်"

"အို … ဘုရားရေ။ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ပေါ့။ ကျွန်တော်ကတော့ ဆိုင်တယ် လို့ ထင်တာပဲ။ ကျွန်တော့်အဖေက ဒီမှာ လိမ်လိမ်မာမာ





နဲ့ ကောင်းကောင်းနေလို့ ဝယ်ပေးတာတဲ့။ ပြီးတော့ ကျွန် တော်ရဲ့ဒီပုံစံကိုလည်း အရမ်းသဘောကျနေတယ်။ ဘာပဲ ဖြစ်ဖြစ် စိန့်ကို ကျေးဇူးတင်ပါတယ် …

ဒီကားရတဲ့ အထိမ်းအမှတ်နဲ့ စိန့်ကို နေ့လယ်စာ ကျွေးချင်တယ်"

"ဟိုတစ်နေ့ကလည်း တရုတ်တန်းမှာ ရှင် ကျွေးပြီးပြီပဲ"

"အာ … အဲဒါက သပ်သပ်။ ခုဟာက သပ်သပ်ပဲ။ ပြီးတော့ စိန့်ကားကို ထားခဲ့ပြီး ကျွန်တော့်ကားနဲ့သွားမယ်။ ကျွန်တော့်ကားကို လိုက်စီးကြည့်စမ်းပါ"

"အင်းပါ … ပြီးတာပဲ။ ကဲ … ကျွန်မ တီချယ်နဲ့ ချိန်း ထားသေးလို့ သွားလိုက်ဦးမယ်။ ရှင် ဒီမှာ နေခဲ့ဦးမှာ မဟုတ်လား"

သူမက အထာပေါက်စွာဖြင့် မေးလျှင် သူက ဟဲ ရယ်ကာ လက်ပြပြီး နေရစ်ခဲ့သည်။ သူ့တာဝန်က ရွှေမင်း မီးကို စောင့်ရန်ဖြစ်၏။ ခဏကြာသောအခါ တကယ်ပဲ အိမ်သူ ရောက်လာလေသည်။ သူက ဒီတစ်ခါတော့ ယုံကြည်မှုရှိရှိနှင့်ပင် အိမ်သူ့အနားသို့ တိုးကပ်သွားရင်း …

"အိမ်သူ မောနင်း"

"အင်း … မောနင်း"

"ဟို … အိမ်သူ Breakfast စားပြီးပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စားခဲ့ပြီးပြီ"

"သြော် ... ဟိုဒင်း ... အဟင်း"

"ပြောလေ ... ဘာပြောစရာရှိလို့လဲ"

"သြော် ... ညနေ အိမ်သူ ကျောင်းကပြန်လာရင် ကိုယ် လိုက်ပို့ပြီး အပြင်မှာ မုန့်တစ်ခုခု ကျွေးပါရစေလို့"

"ဘာလဲ ... ဒီနေ့က ရှင့်မွေးနေ့လား"

"အာ ... အဲဒီလိုတော့ မဟုတ်ပါဘူး။ ဟိုလေ ... ကျွန်တော့် အိမ်က ကားပို့ပေးလို့ အဲဒါ အိမ်သူ့ကို လိုက်ပို့ချင်လို့ပါ— မုန့်လည်း ကျွေးချင်လို့၊ အဲဒါ လက်ခံလားဟင်"

သူမက မျက်လုံးထောင့်ကပ်ကာ တစ်ချက် စဉ်းစား ဟန်ဖြင့် ...

"ရှင့်သော်ဒါ စိန်ပန်းနီနီကိုရော မကျွေးဘူးလား"

"သြော် ... စိန်နဲ့က အဲ ... စိန်ပန်းနီနီနဲ့က ဒီနေ့ ရေ ခင်း ချိန်းထားတယ်"

"ဟုတ်လား ... အဲဒါဆိုရင်တော့ စိတ်မကောင်းစရာပဲ"

"ဗျာ ... ဘာဖြစ်လို့လဲဟင်"

"ညနေဘက်က ကျွန်မ မအားဘူးရှင်။ ကျွန်မအမေ ဆေး ခန်းပြရမှာကို အဖော်လိုက်ပေးဖို့ ရှိတယ်။ ရှင် ကျွေးချင် ရင် နေ့ခင်းဘက်ပဲ ကျွေးလို့ရမယ်"

"ဗျာ ... အဲ ... အဲလိုလား"





သူမက မျက်နှာကို မော့်ချီကာ မေးအနည်းငယ်ဆတ် လျက် ...

"ဟုတ်တယ်။ ဘာလဲ ... ရှင်က နေ့လယ်ခင်း မကျွေးနိုင် ဘူးဆိုတဲ့ သဘောလား"

"အာ ... အဲဒီလို မဟုတ်ပါဘူး"

သူက အကြံအိုက်စွာဖြင့် ခေါင်းကုတ်မိသည်။ အဲဒီလို ခေါင်းကုတ်ရင်းနဲ့မှ လူကြားထဲ ခေါင်းကုတ် ဖင်ကုတ် မလုပ်ရဘူးဟု ဆုံးမသွန်သင်ထားသော စိန့်ကို သွားသတိရမိ သည်။ ဘယ့်နှယ်လုပ်ရပါ့။ စိန့်ကို ခုနကလေးတင်ပဲ နေ့လယ်စာ ကျွေးပါမည်ဟု လောကွတ်တွေ ချော်ထားပြီးပြီ။ ဒီဘက်မှာက လည်း သူ တစ်သက်လုံးက မမျှော်လင့်ထားခဲ့သော ထမင်းအတူ စားခွင့်ကို အိမ်သူက ပေးနေခဲ့ပြီ။ တစ်ဖက်က သူ့ရဲ့မိတ်ဆွေ ကောင်မလေး စိန်ပန်းနီနီ ဖြစ်ကာ၊ တစ်ဖက်ကတော့ သူ အသည်း အသန် စွဲလမ်းရသည့် ရွှေအိမ်သူ ဖြစ်နေသောအခါ ...

"ဒီမှာ ရှင် ဘာတွေ စဉ်းစားနေတာလဲ"

"ဟင် ... ဘာမှ မစဉ်းစားပါဘူး"

"အိုခေလေ ... ရှင်က နေ့လယ်ခင်း အဆင်မပြေဘူးဆို တော့လည်း ဆောရီးပေါ့။ ကျွန်မကို ခွင့်ပြုဦး"

သူမက ခြေတစ်လှမ်းဖြင့် စကင်ထွက်ခွာသွားသည်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်း သူငေးကြောင်ပြီး ကြည့်နေဆဲ။ နောက်တော့ သူ့ပါးစပ်မှ သူမနာမည်ကို လွှတ်ခနဲ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ"

သူမက လည်ပင်းလေလိမ်ကာ မော်ချီပြီး ကြည့်သည့် အဲဒီကြည့်ပုံလေးက စွဲမက်စရာမို့ သူက အပြုံးများများဖြင့် ...

"ဟိုလေ ... ကျွန်တော် စိန်ပန်းနီနီကို တောင်းပန်လိုက်ပါမယ်။ အိမ်သူနဲ့ ကျွန်တော် ဒီနေ့ နေ့လယ်စာကို အိမ်သူကြိုက်တဲ့ဆိုင်မှာ သွားစားရအောင်"

"ပြီးရော"

သူမက ကျေနပ်သည့် အပြုံးဖြင့် ပြန်လှည့်သွားလျှင် သူက ဝမ်းသာအားရဖြင့် လေထဲသို့ လက်သီးတစ်လုံးကို ပစ်သွင်းမိသည်။ ဒါပေမဲ့ စိန့်ကို ဖျတ်ခနဲ သတိရသွားပြန်သောအခါ ငယ်ထိပ်မွေးတွေတောင် ထောင်ချင်သလို ဖြစ်သွားလျက် စိန့်ရဲ့ ဖုန်းကို မကြောက်ကြောက်လန့်လန့်ဖြင့် ခေါ်ဆိုရသည်။ ဖုန်းဝင်သွားလျှင် စိန်က ချက်ချင်းပဲ ဖွင့်ကိုင်သည်။

"ပြော ... လှမျိုးခင်"

"ဟို ... ဟိုလေ ... စိန်"

"ဘာဖြစ်လို့ အ,ထစ် အ,ထစ် ဖြစ်နေတာလဲ။ ကိစ္စမရှိဘူး၊ ဒီနေ့ နေ့လယ်စာကို ရွှေအိမ်သူနဲ့ပဲ အေးအေးဆေးဆေး သွားစားလိုက်ပါ"

"ဘာ ... ဟင် စိန် ဘယ်လိုလုပ် သိနေတာလဲ"

"ဘာလဲ ... အကြားအမြင်ရနေတာ သေချာသွားပြီလား ထင်နေတာလား။ ရှင့်ကို ကျွန်မ ပြောပြီးသားပဲ။ ကြိုတင်တွေးတောတတ်ခြင်းဟာ အကြားအမြင်ရသလောက်နီးနီး သိနိုင်စွမ်းရှိတယ် ဆိုတာလေ ...

ကဲ ... ဘာမှ အပြစ်မကင်း ခံစားမနေနဲ့။ ကျွန်မက ဘာမှ မဖြစ်ဘူး၊ ရှင်နဲ့ ရှင့်အသည်းလေး အဆင်ပြေဖို့ အရေးကြီးတယ်။ အိုခေ ... အဆင်ပြေစေဖို့ မျှော်လင့်နေမယ်။ ဒါပဲနော် ... ဘိုင့် ... ဘိုင်"



စိန်က ရွှင်လန်းစွာနှင့် နှုတ်ဆက်ပြီး ဖုန်းချသွားသည်။ သူသည် ဘာမှမပြောနိုင်ဘဲ ဖုန်းကို ငိုင်ပြီး ကြည့်နေမိသည်။ ဒီလောက် လွယ်ကူလိမ့်မည်ဟု သူ မထင်ခဲ့ပါ။ စိန့်ကိုလည်း ဘယ်ကနေ ဘယ်လို စကားစီစဉ်ကာ ပြောရမှန်းလည်း မသိခဲ့။ အခုတော့ သူတောင် ဘာမှပြောစရာ မလိုဘဲ စိန်က ကြိုတင်သိနှင့်ကာ နားလည်နိုင်စွမ်း ပေးထားခဲ့သည်။ စိန်သည် တစ်ဖက်သားပေါ်မှာ အများကြီး နားလည်ပေးနိုင်သော၊ စိတ်သဘောထားပြည့်ဝသော ကောင်မလေးတစ်ယောက်အဖြစ် အမြဲသတိမှတ်ရမည်သာ ဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ် စိန့်ကိုတော့ သူ သေချာတောင်းပန်ရဦးမည်ဟု သဘောပေါက်လိုက်သည်။

နေ့လယ်ခင်း ထမင်းစားနားချိန်မှာတော့ သူက ရွှေအိမ်သူ့ကို သူ့ကားဆီသို့ ခေါ်လာခဲ့သည်။ သူ့ဘေးမှာ လျှောက်လှမ်းလာသော ရွှေအိမ်သူကြောင့် သူ့ရင်ခုန်သံတွေ မြန်နေခဲ့တာသည်း အမှန်တကယ်ပဲ ဖြစ်သည်။ သူက အိမ်သူ တက်ဖို့ ကားတံခါးတစ်ဖက်ကို ဖွင့်ပေးရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တက်ပါ အိမ်သူ"

သူမက ကားပေါ်မတက်သေးဘဲ ကားကို ဝေ့ဝဲကြည့်ရှုကာ ...

"ဒါ ရှင့်ကားလား"

"အင်း ... ဟုတ်တယ်လေ။ ဒီမနက်ကမှ ကိုယ့်အဖေက ကိုယ့်ကို လက်ဆောင်ပေးလိုက်တာ"

"ဩော် ... ရှင်က လက်စသတ်တော့ ကားဖွင့်ပွဲလုပ်တာကိုး"

"ဟား ... အဲဒီလိုလည်း မဟုတ်ပါဘူး။ အရင်တည်းက အိမ်သူတို့ကို ကိုယ်က အပြင်ဘက်က ဆိုင်တွေမှာလည်း ကျွေးချင်နေတာပါ။ ဒါပေမဲ့ Taxi နဲ့ကျတော့ အိမ်သူ့ကို ခေါ်ရမှာ အားနာလို့"

"နေပါဦး၊ အိမ်သူတို့ကိုဆိုတော့ ကျွန်မအပြင် ဘယ်သူတွေ ရှိသေးလို့လဲ"

အရေးထဲ အကျကောက်နေသော မရွှေချောကြောင့် သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်မိသွားသည်။

"ဘယ်သူမှ မရှိပါဘူး အိမ်သူရဲ့။ ရုတ်တရက်ဆိုတော့လေ ဟို ... ပြောမိပြောရာ ပြောထွက်သွားတာပါ။ အဟင်း ... ကဲ ... သွားရအောင်နော်"

သူမက နှုတ်ခမ်းကို တင်းတင်းစေ့ပြီးနောက် ကားပေါ်တက်ထိုင်လျှင် သူက ကားကို ညင်သာစွာ မောင်းထွက်လိုက်





သည်။ ကျောင်းဝင်းထဲကနေ၍ ချိုးကွေ့ထွက်ပြီးတော့မှ သူမဘက်သို့ အသာငဲ့ကြည့်ကာ ...

"အိမ်သူ ... ဘယ်ဆိုင်မှာ စားချင်လဲ။ ဘာအစားအစာ စားချင်လဲ"

"အေးအေးဆေးဆေး ရှိမယ့်ဆိုင်မျိုးကို သွားပေါ့။ ကျောင်းနဲ့လည်း သိပ်မဝေးတဲ့နေရာ"

"ဟုတ် ... ဒါဆိုရင် စိမ်းလန်းစိုပြည်ကို သွားလိုက်မယ်နော်"

"ရှင် စိမ်းလန်းစိုပြည်ကို မကြာခဏ ရောက်ဖြစ်လား"

"အင်း ... မကြာခဏတော့ မဟုတ်ဘူး။ ရောက်တော့ ရောက်ဖြစ်ပါတယ်"

"ဟုတ်လား။ ဘယ်သူတွေနဲ့ ရောက်ဖြစ်တာလဲ"

သူက အနည်းငယ် အံ့ဩသောစိတ်ဖြင့် သူမဘက်သို့ လှည့်ကြည့်မိသော်လည်း သူမက ဘယ်လိုမှ မမှုသော အနေအထားဖြင့် ရှိနေသည်။ သူ ဘယ်လိုနားလည်ရမှာပါလိမ့်။ ပျော်ရမှာလား ဝမ်းနည်းရမှာလား၊ သူမက သူ့ကို စိတ်ဝင်တစားမေးမြန်းနေတာကိုပဲ ဂုဏ်ယူရမှာလား။ သူသည် သူမနှင့်ပတ်သက်၍ ဘာတစ်ခုမှ အဆင်သင့် မဖြစ်သေးဘဲ လွဲချော်နေဆဲ ဖြစ်ပါသည်။

"စိန်တို့နဲ့ အများဆုံး ရောက်ဖြစ်တာပါ။ ဒီကို ပထမဆုံး ခေါ်လာတာလည်း စိန်ပဲလေ"

"ဩော် ... ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"စိန်က ကိုယ့်ကို ဒီကျောင်း ရောက်တည်းက ကူညီခဲ့တဲ့ သူပါ။ အရမ်းသဘောကောင်းပြီး အရမ်းလည်း နားလည်မှု ရှိတယ် ...

သူငယ်ချင်းကောင်း မိတ်ဆွေကောင်း တစ်ယောက်ပေါ့"

"ဒါဆို ဒီပုံစံဖြစ်အောင် ပြောင်းလဲပေးလိုက်တာလည်း သူပဲပေါ့"

"အင်း ... ဒီလိုလည်း ပြောလို့ရပါတယ်"

သူက ရန်ကုန်မှာ ကားမောင်းခါစမို့ သိပ်မကျွမ်းကျင်သေးတာကြောင့် ဂရုတစိုက် မောင်းနေရကာ ဘေးက သူမကလည်း အလိုက်ကန်းဆိုး မသိဘဲ ဟိုမေး ဒီမေး ဖြစ်နေတာကြောင့် အဖြေများမှာလည်း ကြောက်ရသေးသဖြင့် သူ့စိတ်တွေဟာ ဗျာများနေရသေးလေသည်။

"ကျွန်မနဲ့ ပတ်သက်ပြီးတော့ သူက ထင်မြင်ချက် တစ်စုံတစ်ရာ ပေးမှာပေါ့။ ဘာပေးလဲ"

"အင်းပေါ့ ... အဲ ... ဘာမှ မပေးပါဘူး။ သူက အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘာမှ မပြောဖူးဘူး"

"ဟုတ်လို့လား။ သိပ်မဖြစ်နိုင်ဘူးနဲ့ တူတယ်။ ရှင့်အပေါ်ကို အများကြီး အကူအညီ အကြံဉာဏ်ပေးတယ်ဆိုတဲ့ မိတ်ဆွေကောင်းတာ ကျွန်မနဲ့ ပတ်သက်ပြီး ဘာမှမပြောဘူးဆိုတာ လုံးဝယုတ္တိမရှိဘူး ...





ရှင်ကရော ကျွန်မနဲ့ ပတ်သက်ပြီး ဘာမှ မပြောပြဖူးဘူးလား"

"မ ... မပြောပါဘူး"

"ရှင် မလိမ်နဲ့နော်"

"အဲ ... မလိမ် ... ဟာ ... ဟာ ... အမယ်လေး"

ကားမောင်းတဲ့အထဲသို့ အပြည့်အဝ စိတ်မရောက်သောသူဟာ ကွေ့မယ့်လမ်းကြောကို ကြိုမယူထားမိတာကြောင့် အနီးကပ်မှ ယူဖို့ကြိုးစားလျှင် လွတ်မည်ထင်ပြီး တစ်ဖက်ယာဉ်ကြောကို ဝင်လိုက်တာ မလွတ်တော့ပေ။ သူ့ကားနောက်မြီးနှင့် တစ်ဖက်ကားခေါင်းတို့က ပွတ်ဆွဲမိသွားကာ ဂျိမ်းခနဲ အသံကြီးညံထွက်လာသည်။

အဲဒီနောက်မှာတော့ သူဟာ ဘာမှ မတတ်နိုင်ဘဲ ကားရပ်ပေးလိုက်ရတော့သည်။ ယာဉ်ထိန်းရဲကလည်း ဒီဘက်ကို လျှောက်လာနေပြီမို့ သူ့ကံကြမ္မာဟာ မတွေးချင်တော့။ သူသည် ဘေးက အိမ်သူကိုပဲ မျက်နှာငယ်လေးဖြင့် လှည့်ကြည့်လိုက်လျှင် သူမက သူ့ကို အထင်သေးသည့် အရိပ်အယောင် ပါဝင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေကာ ကျွတ်ခနဲ စိတ်ပျက်သလိုဖြင့် စုတ်သပ်သည်။

"အိမ်သူ ... ဆောရီးပါ၊ ကိုယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ။ ရှင့်ကို အထင်ကြီးပြီး လိုက်လာတာ အလကားပဲ။ ရှင် ကားကိုတောင် ဖြောင့်အောင် မမောင်းတတ်ဘဲ ကျွန်မကို ခေါ်လာတာ အံ့သြဖို့ ကောင်းလိုက်တာနော်"

"ဟို ... ကိုယ်က ..."

အဲဒီအချိန်မှာပဲ ယာဉ်ထိန်းရဲက သူ့ကားတံခါးကို လာခေါက်နေပြီဖြစ်သည်။ သူက စိတ်ပျက်စွာဖြင့် ခေါင်းကုတ်နေတုန်းမှာပဲ သူမက ကားတံခါးကို ဖျတ်ခနဲ ဖွင့်ကာ ...

"ကဲ ... ရှင့်ပြဿနာ ရှင့်ဘာသာ ရှင်းပေတော့။ ကျွန်မကတော့ ထိုင်စောင့်မနေနိုင်ဘူး။ ဒီအမှုတွဲထဲမှာလည်း မပါနိုင်ဘူး ...

သွားပြီ ..."

"ဟာ ... အိမ်သူ။ အဲဒီလို မလုပ်ပါနဲ့ ... အိမ်သူ"

သူမက သူ ခေါ်နေတာကို လှည့်ပင်မကြည့်တော့ဘဲ တစ်ဖက်လမ်းသို့ ကူးသွားကာ Taxi တစ်စီးကို ငှားပြီးနောက် လိုက်ပါသွားလေသည်။ သူ့အနားသို့ ရောက်လာတာကတော့ ယာဉ်ထိန်းရဲနှင့် တစ်ဖက်က ကားပိုင်ရှင်ပဲ ဖြစ်တော့သည်။ သူ့ကားရဲ့နောက်မီးခွက်ကလည်း ကွဲသွားသေးသည်။ ဒါပေမဲ့လည်း မှားတာက သူ မှားသောအခါ သူသည် ဖြစ်သမျှအကြောင်းအကောင်းဟုသာ သတ်မှတ်လျက် အားလုံးကို ရင်ဆိုင်ဖို့သာ ပြင်ထားတော့သည်။





သူ့မျက်လုံးထဲမှာတော့ အထင်သေးသည့် အရိပ်တွေနှင့်ကြည့်ကာ ထွက်သွားသော အိမ်သူရဲ့ပုံစံကို မျက်လုံးထဲက မထွက်ချေ။ အိမ်သူဟာ ဘာကြောင့်များ နားလည်မှု မရှိရတာပါလိမ့်။ သူသည် ဒုက္ခရောက်လျှင် တ,နေကြဖြစ်သော စိန့်ကိုသာ အထူးတလည် သတိရမိတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"အင်း ... ဖြစ်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ လောကကြီးမှာက ဘယ်အရာမှ မသေချာဘူးလေ"

စိန်သည် ဘေးနားမှာ ထိုင်နေသော လင်းပြေရဲ့ စကားတွေကို အလိုက်သင့် ပြန်ပြောနေရင်းမှ မျက်လုံးတွေက ရှေ့တူရူမှ လျှောက်လာသော လှမျိုးခင်ရဲ့ မကြည်သာ မရွှင်ပျသော မျက်နှာကို မြင်လိုက်တာနှင့် စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားသည်။ သူက စိန်နဲ့ လင်းပြေ အတူယှဉ်ထိုင်နေတာကို မြင်သွားသော အခါ မျက်နှာက တစ်မျိုးဖြစ်သွားပြီး နှုတ်ဆက်သလို ခေါင်းတစ်ချက်ဆတ်ကာ ဆက်လျှောက်သွားသည်။

သူ့ကြည့်ရတာ စိန့်ကို တစ်ခုခု ပြောချင်ပုံရပြီး လင်းပြေနဲ့အတူ စကားပြောနေတာမို့ အလိုက်တသိ ရှောင်ထွက်သွားတာဖြစ်သည်။ မနေ့က သူ အိမ်သူနှင့် နေ့လယ်စာ ထွက်စားသည်။ အဲဒီထဲက ကျောင်းသို့ ပြန်လာတာ မတွေ့ရတော့ချေ။





သူ့မိဘတွေ ရောက်နေသဖြင့် အိမ်ပြန်သွားတာလားဟု ထင်မိသော စိန်ဟာ ထွေထွေထူးထူးလည်း မစဉ်းစားမိခဲ့ပါ။ အခုတွေ့တော့မှပဲ သူ့မျက်နှာ မသာယာတာကို သတိထားမိတော့တာဖြစ်သည်။

ဒါကြောင့် လင်းပြေကို ခဏနော်ဟု ခွင့်တောင်းကာ အိတ်ထဲမှ ဖုန်းကို ထုတ်ယူပြီး လှမျိုးခင်ထံ ခေါ်ဆိုလိုက်သည်။

"အင်း ... လှမျိုးခင်။ ရှင် ဘယ်မှာလဲ"

"ကျွန်တော် ကန်တင်းမှာ"

"ဟုတ်လား ... ရှင် ကျွန်မကို တစ်ခုခု ပြောချင်တဲ့ပုံ ပေါက်နေတယ်။ ဘာပြောချင်နေတာလဲ"

"စိန် ... ကျွန်တော် စိတ်ညစ်နေတာ။ အဲဒါ စိန့်ကို ရင်ဖွင့်မယ်ဆိုပြီးတော့ ကျောင်းကိုလာတာ။ စိန်နဲ့ လင်းပြေကိုတွေ့တော့ ပိုစိတ်ညစ်သွားတယ်"

"အတန်းရှေ့ကို လာခဲ့လေ။ အဲဒီမှာ ကျွန်မ စောင့်နေမယ်၊ အိုခေ ... ဆီးယူ"

စိန်က ဖုန်းပိတ်ကာ လင်းပြေကို ပြုံးပြုံးလေး ကြည့်လိုက်သည်။ လင်းပြေက တစ်ခုခုကို နားကြည်းသော ပုံစံမျိုးဖြင့် မျက်လုံးများကို မှေးကျဉ်းကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီးမှ ...

"စိန်က လှမျိုးခင်ကို တော်တော်သံယောဇဉ်ရှိပုံပဲ"

"ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ အဝေးက လာပြီး ဘာစကားမှ မပြောတဲ့ လှမျိုးခင်ရဲ့မျက်နှာကို မြင်လိုက်တာနဲ့ တစ်ခုခု ဖြစ်နေတယ်လို့ သိလိုက်နိုင်တဲ့ စိန်ရဲ့သံယောဇဉ်ကို ဘေးလူက ပိုသိသာ မြင်နေရတယ်လေ"

အဲဒီစကားကို စိန်က ဘာမှ ဂရုမစိုက်ဟန်ဖြင့် ပခုံးတစ်ချက်တွန့်ကာ ...

"ဒါ ရှင် ကျွန်မအကြောင်းကို ကောင်းကောင်း မသိသေးလို့ ဒီစကားမျိုးကို ပြောတာပါ ...

ကျွန်မက လူတွေကို သိပ်စိတ်ဝင်စားပြီး လှုကဲခတ်တော်တယ်ဆိုတာ ရှင်မှ မသိသေးတာ။ အိုခေ ... ကျွန်မ သွားဦးမယ်"

စိန်က မတ်တတ်ထရပ်ကာ ခြေလှမ်း နှစ်လှမ်း သုံးလှမ်း လျှောက်ပြီးစဉ်မှာပဲ နောက်ပါးဆီမှ ခေါ်သံထွက်ပေါ်လာသည်။

"စိန်"

စိန်က လှည့်ကြည့်လိုက်လျှင် သူက စိန့်ကို တောက်ပရွှန်းလက်သော မျက်ဝန်းများဖြင့် ငေးကာ ...

"လှုကဲခတ်တော်တယ်ဆိုတဲ့ စိန်က ကိုယ့်နှလုံးသားမှာ ဘာဖြစ်နေလဲ ဆိုတာကိုတော့ သိနိုင်မှာပေါ့နော် ...

သိမယ်လို့လည်း ယုံကြည်ပါတယ်။ စိန့်ကို ကိုယ် အရမ်းချစ်နေမိပြီ ... သိလား"



အဲဒီစကားကြောင့် စိန်သည် ပါးစပ်အဟောင်းသားပွင့်သွားရသည်။ ပြီးတော့ ဘာမှ မပြောနိုင်ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ထွက်လာခဲ့လေသည်။ သူ တစ်နေ့နေ့မှာ ပြောတော့ ပြောမည်ဟု ထင်ထားသော်လည်း ဒီလို ရုတ်တရက်ကြီး ပြောချလိုက်မည်ဟုတော့ မထင်ပေ။ လှမျိုးခင် အပေါ်မှာထားသော ဂရုစိုက်မှုက သူ့ကို စေ့ဆော်တွန်းအားပေးလိုက်သည်ဟု ထင်ပါသည်။

စိန်တို့ရဲ့အတန်းရှေ့မှာတော့ လှမျိုးခင်က ကြက်ကြီးကို လည်လိမ်ထားသလို မျက်နှာမျိုးဖြင့် ရှိနေသည်။ စိန်ရောက်လာသောအခါ အားကိုတကြီး မျက်နှာမျိုးဖြင့် ဆီးခေါ်သည်။

"စိန်"

"ရှင် ဘာဖြစ်လဲ။ မနေ့က အဆင်မပြေဘူးလား"

"မနေ့က ကျွန်တော့်ကား Accident ဖြစ်တယ် စိန်"

အဲဒီလို အစချီပြီး သူက မနေ့က ဖြစ်သမျှ ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြသည်။ စိန်သည် သူ ပြောတာတွေကို နားထောင်ပြီး တစ်ခုခုကို တစ်ရေးရေး သိမြင်လို့လာလေသည်။ ရွှေအိမ်သူ၏ စိတ်ခုတ်သည် စိန့်အပေါ်မှာ သိသာထင်ရှားနေပြီဟု စိန်ကတော့ သတ်မှတ်လေသည်။ အားလုံးက သူနဲ့ဖြစ်သွားလိမ့်မည်၊ နတ်ဖက်တဲ့စုံတွဲဟု သတ်မှတ်ထားသော လင်းပြေကလည်း စိန့်ထံသို့ အာရုံကျသလို၊ သူ့အပေါ်မှာ သည်းသည်းလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော လှမျိုးခင်ကလည်း စိန့်ကို အထူးတလည် ခင်မင်သံယောဇဉ် ရှိရှာတာမို့ ဒါတွေကို သူမက ကြည့်မရတာလည်း ဖြစ်နိုင်ပါသည်။

"အိမ်သူကလည်း စိတ်ဆိုးသွားလား မသိပါဘူး။ ကျွန်တော့် အဖေကလည်း ဆူတယ်ဗျာ။ ကားကလည်း ဝပ်ရှော့ပို့ထား ရပြီ။ ဟိုဘက်ကားကိုလည်း လျော်လိုက်ရတယ် ...

စိတ်ညစ်တယ်၊ ကံကို မကောင်းပါဘူး"

"ကံပါ ... ကံမကောင်းဘူးလို့ မတွေးပါနဲ့။ အဲဒီတော့ ဒီနေ့ နေ့ခင်း နေ့လယ်စာကို ကျွန်မက ကျွေးတာပေါ့"

"အာ ... စိန့်ကို ကျွန်တော်က အရမ်းအားနာနေတာ။ စိန့် နဲ့သွားရင် ကျွန်တော် ဒါမျိုးဖြစ်မှာ မဟုတ်ဘူးနော်။ စိန့် ကို ခေါ်ထားပြီးမှ ဖျက်လိုက်ရတာ တကယ် စိတ်မကောင်း ဘူး ...

ဒါနဲ့ စိန်နဲ့ လင်းပြေ ဘာတွေပြောနေတာလဲ"

"အင်း ... သူက ကျွန်မကို ရည်းစားစကား ပြောလိုက်တာ"

"ဗျာ"

"ဟုတ်တယ်။ အံ့သြစရာကြီးနော်"

စိန်က ခပ်ပေါ့ပေါ့ပြောပြီး ရယ်လိုက်သော်လည်း သူက လိုက်မရယ်ပါ။ တစ်ခုခုကို လေးလေးနက်နက် စဉ်းစား လျက် ...

"စိန် သူ့ကို ဘယ်တော့ အဖြေပြန်ပေးမှာလဲဟင်"





"ဘာလဲ ... ရှင်က စိတ်ဝင်စားလို့လား"

"အင်း ... ဝင်စားတာပေါ့"

"သိပ်မကြာတဲ့ တစ်နေ့ပေါ့"

"ဗျာ"

"ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး။ အင်း ... အတန်းသွားတက်တော့ မယ်နော်။ ဟို ... စိန်က နေ့လယ်စာ ကျွေးမယ်ဆိုတာကို ကျွန်တော် အားနာလို့ မစားပါရစေနဲ့။ နောက်မှ ကျွန်တော် ဝယ်ကျွေးပါရစေ ...

ဆောရီးပဲ စိန်ရယ်"

သူက ခပ်တိုးတိုး ပြောပြီးနောက် ထွက်ခွာသွားလေ သည်။ စိန်သည် ထွက်ခွာသွားသော သူ့ကျောပြင်ကို ငေးကာ ရင်ထဲမှာ တစ်ခုခု ဖြစ်ကျန်ခဲ့သည်ဟု ထင်သည်။ လောလောဆယ် မှာတော့ ခပ်ချောချော ကောင်လေးတစ်ယောက်က ရည်းစား စကားပြောခြင်း ခံထားရသော်လည်း စိန့် နှလုံးသားသည် ပုံမှန် အတိုင်းပဲ ခုန်နေဆဲပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၆

လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ဆိုသော စကားသည် ရွှေအိမ်သူ့အတွက်တော့ အားလုံးမှန်နေပြီ ဖြစ်သော်လည်း လှမျိုးခင်ကတော့ လှတစ်မျက် ရှိတိုင်းလည်း၊ ယဉ်တစ်ကိုယ်လုံး ရှိတိုင်းလည်း စွဲမက်ဖို့ မကောင်းတော့ပြီ ဆိုတာကို နားလည်ချင်လာခဲ့ပြီဖြစ်သည်။ ရွှေအိမ်သူနဲ့ တွေ့ရလေတိုင်း သူ့အပေါ်မှာ နိုင့်ထက်စီးနင်း ဆက်ဆံခံရသောအခါ သူ့အနေအထားဟာ ဘာလဲ ဘယ်လဲဆိုတာကို သူ ပြန်လည်စဉ်းစားမိပြီ။

အဲဒီထက် ဆိုးတာက ရွှေအိမ်သူဟာ စိန့်အပေါ်မှာ အမြင်မကြည်လင်ဘူးဟု သူက ထင်မြင်လာခဲ့တာပဲ ဖြစ်သည်။ ဘာဖြစ်လို့မှန်း မသိဘဲ သူကတော့ အဲဒီလိုပဲ ယူဆလေသည်။ ယူဆရအောင်လည်း ယူဆချင်စရာတွေ အများကြီးပဲ ဖြစ်သည်။ စိန်နဲ့ ကန်တင်းမှာ ထိုင်နေလျှင် ဖုန်းဆက်ပြီး လှမ်းခေါ်ကာ တစ်ခုခု နိုင်းသည်။ စိန်နဲ့ ချိန်းထားတယ်ဟု သိလျှင် အကြောင်း





တစ်ခုခုပြကာ သူ့ကို အကူအညီတောင်းသလိုလိုဖြင့် ချိန်းထားတာကို မသိမသာ ဖျက်တတ်သည်။ သူက နည်းနည်းလောက် ကွန့်ပလိန့်တက်တာနှင့် သူနဲ့ ကျွန်မက ဘယ်သူအရေးကြီးသလဲ ဆိုသော စကားနဲ့ အကျပ်ကိုင်တော့တာပဲ ဖြစ်သည်။

အဲဒီလိုမေးတဲ့ အချိန်တိုင်းမှာ သူ တွေ့ဖူးသမျှတို့၌ အလှပဆုံးသော မျက်နှာသည် ရုပ်အဆိုးဆုံးမျက်နှာ ဖြစ်သွားသည် ဟု ထင်မိလေသည်။ တဖြည်းဖြည်းနဲ့ သူ့ကိုယ်သူ ပြန်သုံးသပ်လာမိသည်မှာ ရွှေအိမ်သူ့အပေါ်မှာ စိတ်ကုန်သလို ဖြစ်လာသော ခံစားမှုကြီးကို ထူးဆန်းအံ့ဩစွာ တွေ့ရလေသည်။ ရွှေအိမ်သူက တော့ သည်းခံနေတာ အကောင်းအောက်မေ့လျက် နှားတစ်ကောင်ကို နဖားကြိုးထိုးဖို့ ကြံစည်စိတ်ကူးကာ ပျော်မွေ့ကျေနပ်နေသော မျက်နှာနှင့် ဖြစ်သော်လည်း သူကတော့ အဲဒီမျက်နှာကိုကြည့်ကာ တစ်ရက်ထက် တစ်ရက် ထိတ်လန့်တုန်လှုပ်လာသည်။ ရွှေအိမ်သူနဲ့တွေ့တိုင်း ဟန်မပျက်နေရပေမယ့် သူ့နှလုံးသားတွေဟာ ထင်သလောက်မလတ်ဆတ်တော့ဘူးဆိုတာ သိမြင်လို့ လာလေသည်။

အဲဒီလို မလတ်ဆတ်သော နှလုံးသားဟာ လင်းပြေနဲ့ စိန့်ကို အတူတွဲတွေ့ရလျှင် ပိုဆိုးသည်။ လင်းပြေနဲ့ စိန်တို့ ရယ်ရယ်မောမော စကားပြောတာ မြင်လေတိုင်း သူ့ရင်ထဲမှာ ဘယ်လိုခံစားသွားရမှန်း မသိချေ။ တစ်ခုခုကို ဆုံးရှုံးတော့မှာ သို့လို အပြီးတိုင် ဝေးလွင့်သွားတော့မှာလိုလိုဖြင့် စိတ်တွေက ဆူးလံနောက်ကျိသွားတော့သည်။ ခုတလောမှာ သူ့စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေမှန်းကို မသိတော့ပါ။ တစ်ခုခုသော့ မှားနေသည်ဟု ထင်သည်။ တစ်ခုခုလည်း လွဲနေသည်ဟု ထင်သည်။ အရင်က သူ့စိတ်ထဲမှာ မရှင်းတာရှိလျှင် စိန့်ထံသို့ အမြေပြးသွားကာ မေးနေကြဖြစ်သည်။

စိန့်ရဲ့အကြံပေးစကား၊ အားပေးစကားတွေအောက်မှာ သူ့နှလုံးသားတို့ဟာ တက်ကြွလန်းဆန်းသွားစမြဲ။ ပျော်ရွှင်သွားရစမြဲ။ စိန့်ရဲ့ အကြံပေးစကားတွေကြောင့် ရွှေအိမ်သူရဲ့ နှိပ်ကွပ်မှုတွေကို ခံနေရတုန်းကတောင် သူက အပြုံးမပျက်ဘဲ လန်းဆန်းနိုင်ခဲ့သည်။ ရွှေအိမ်သူက ဘယ်လောက်ပဲ ရက်စက် ရက်စက် စိန့်ရဲ့အားပေးမှုတွေဖြင့် သူက ပြည့်စုံပျော်ရွှင်ခဲ့သည်။ ဒါပေမဲ့ အဲဒီအကြံပေးချက်တွေ အကောင်အထည် ပေါ်လာသောအခါ အရင်ကလောက် ပြည့်စုံပျော်ရွှင်မှု မရှိတော့ပေ။ ဘာဖြစ်လို့လဲ... ? ... ? ...။

ကြိုးစားနေတုန်းမှာ သူ ပျော်ရွှင်ခဲ့ရသည်။ ကြိုးစားမှုတွေ အရာထင်တော့မည့် အချိန်၊ ရွှေအိမ်သူရဲ့အနားမှာ သူ ရောက်သွားချိန်မှာတော့ ထင်သလောက် မပျော်ရွှင်တော့ဟာ သူ ဘယ်လိုမှ နားမလည်နိုင်သော အလှည့်အပြောင်းတစ်ခုပဲ ဖြစ်တော့သည်။ အဲဒီအလှည့်အပြောင်းထက် ကြီးသော အလှည့်အပြောင်းတစ်ခုကိုတော့ ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ ညနေဘက် ရွှေအိမ်သူနဲ့ မုန့်စားထွက်ချိန်မှာတော့ အံ့သြဖွယ်ရာ သိရှိခဲ့ရလေသည်။





ညနေဆည်းဆာနှင့်အတူ အိမ်သူက စိမ်းဖန့်ဖန့်မြန်မာဝတ်စုံလေးဖြင့် အထူးတလည် လှပနေခဲ့သော်လည်း အဲဒီအလှအပတို့ကို ခါတိုင်းလို သူ့မှာ အပြည့်အဝ မရှုစားနိုင်ဘဲ ဖြစ်နေသည်။ ဘာကြောင့်မှန်း မသိဘဲ အိမ်သူနဲ့တွေ့လေတိုင်း သူ့စိတ်တွေ fresh မဖြစ်ချေ။ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေသလို၊ လေးလံသော အရာတစ်ခုခုကို သယ်ပိုးထားသလိုလို ခံစားနေရလေ့ရှိသည်။

သူမကတော့ ဘာမှ သိပုံမပေါ်ပါ။ သူနဲ့တွေ့လျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိနေသည့်မဟာ မျက်နှာကို မော်ချီပြီးနေသည်။ သူ ဘာဖြစ်နေသလဲ၊ ဘာခံစားမှုတွေ ရှိနေသလဲဆိုတာ တစ်ခါမှ ဆန်းစစ်ခံစားကြည့်ပုံတောင် မပေါ်ပါ။ အခုလည်း ဆိုင်မှာ သူမကြိုက်တာပဲ မှာပြီး သူ့အတွက် မှာပေးဖော်တောင် မရပါ။

သူမက စားချင်တာတွေ မှာပြီးတာနှင့် သူ့ကို မေးစေ့မှာ လက်နှစ်ဖက် ယှက်ထောက်ပြီး ...

"ဒီနေ့ ရှင့်ကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

"ဟင် ... ဘာပြောမလို့လဲ"

"ကျွန်မကို ဒီကျောင်းစတက်ကတည်းက စိတ်ဝင်တစား ပိုးပန်းကြတဲ့ ယောကျ်ားလေးတွေ ရှိတယ်ဆိုတာ ရှင်သိပါတယ်နော်"

"သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲမှာ ရှင်လည်း တစ်ယောက်အပါအဝင် မဟုတ်လား။ ရှင့်ကို ကျွန်မ တော်တော်တော့ ထူးဆန်းတယ် သိလား။ ဒီလောက် ရှင့်အပေါ်မှာ ခက်ခက်ထန်ထန် ဆက်ဆံခဲ့တာတောင် ရှင် တစ်ချက် အပြုံးမပျက်ခဲ့ဘူးနော် ...

ရှင် ဘယ်လိုခံနိုင်ရည် စွမ်းအားတွေနဲ့ သည်းခံခဲ့တာလဲဟင်"

သူက ဘာဖြေရမှန်း မသိစွာနှင့် သူမရဲ့မျက်နှာကို အထိတ်ထိတ် အလန့်လန့်ဖြင့် မော့ကြည့်လိုက်လျှင် သူမက ညို့ဝင်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ သူ ဘာပြန်ဖြေရမှာတဲ့လဲ။ တကယ်ဆိုလျှင် ဒီအချိန်ဟာ သူ့အတွက် တော်လ်ကီတွေ အင်မတန်လွှတ်လို့ကောင်းသော အချိန်သာဖြစ်သည်။ ဒါပေမဲ့ သူ့ပါးစပ်က ဘာစကားမှ မထွက်ချေ။ ဘာကြောင့် စကားလုံးတွေက ပျောက်ဆုံးနေရတာလဲ ...

သူမက သူ့ကို ဖြေလေဟူသော ပုံစံမျိုးဖြင့် မျက်ခုံးတစ်ချက် ပင့်ပြသည်။ အဲဒီ မျက်ခုံးပင့်ပြနေပုံက သူ့ကို သေမိန့်ချတော့မည့် ပုံစံမျိုးနှင့် တူနေသည်ဟု ထိတ်လန့်စွာ တွေးမိလိုက်သေးသည်။

"ကျွန်တော်လား ... ဟိုဒင်း ... အဲ ... ကိုယ်က အမြဲတမ်း သည်းခံတတ်တယ်။ သူများကို နားလည်ခွင့်လွှတ်တတ်တယ်၊ နဂိုတည်းကပါ"





တကယ်ဆို သူ ဖြေရမည့် အဖြေက ဒီ့ထက် Romantic ဆန်ကာ လှပကြွရွနေဖို့ကောင်းသည်။ သို့သော်လည်း ဘာကြောင့်မှန်းမသိဘဲ အဲဒီစကားတွေဟာ သူ့နှုတ်ခမ်းဖျားထက်မှာ ဘယ်လိုမှ တင်လို့မရဘဲ ထူးဆန်းစွာဖြင့် ပျောက်ဆုံးလို့ နေလေသည်။

"ဟုတ်လား။ ကျွန်မနဲ့လည်း အဲဒီလိုလူမျိုးနဲ့မှ အဆင်ပြေမယ် ထင်တယ်။ ဒါ့ထက် ရှင့်ကို တစ်ခုပြောစရာရှိတယ်"

ဒီနေ့အဖို့တော့ သူနဲ့ ပတ်သက်ပြီး သူမထံမှာ မေးစရာတွေ၊ ပြောစရာတွေနဲ့ တော်တော်ပြည့်စုံနေသည်ဟု ထင်သည်။ သူကတော့ ဘာမှမပြောနိုင်ပဲ ခေါင်းတစ်ချက်သာ ညိတ်ပြမိသည်။

"ရှင်ကြည့်ရတာ စိန်ပန်းနီနီကို အရမ်းအလေးထားပြီး ဦးစားပေးတဲ့ပုံပဲ။ အကယ်၍များနော် ရှင့်ကို ကျွန်မက အဖြေပေးလိုက်လို့ ရှင်နဲ့ ကျွန်မနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုပါတော့ ...

သူနဲ့ ကျွန်မနဲ့ယှဉ်လာရင် ရှင် ဘယ်သူ့ကို ဦးစားပေးမှာလဲ"

"အဲဒီလို နှိုင်းယှဉ်စရာ အကြောင်းရှိလို့လား အိမ်သူရယ်"

"အို ... ဘာဖြစ်လို့ မရှိရမှာလဲ။ သိပ်ရှိတာပေါ့။ ကျွန်မက ဘာမဆို ဦးဦးဖျားဖျား ရ,ရမှ ကျေနပ်တာ။ တခြားယောက်ယောက်နဲ့ ယှဉ်လာရင် ကျွန်မက ပထမ အနေအထားမှာပဲ နေချင်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ကျွန်မအပေါ်မှာ တကယ်ကို အနွံအတာခံပြီး တကယ်ဂရုစိုက်နိုင်တာ တွေ့ရတယ်။ ဒါပေမဲ့ ခက်တာက ရှင့်မှာ ကျွန်မလိုပဲ နောက်ထပ် အရေးကြီးတဲ့သူတစ်ယောက် ရှိနေတာကိုပဲ ...

အဲဒါကို ကျွန်မ သဘောမကျနိုင်ဘူး။ အဲဒီကိစ္စရှင် ဘယ်လိုဖြေရှင်းမှာလဲ"

"ဟို ... အဲ ... အဲဒါက ..."

သူမက မဲပြုံးတစ်ချက် ပြုံးပြီးနောက် လာချပေးထားသော ဟင်းပန်းကန်ထဲမှ အသားတစ်တုံးကို ကျွမ်းကျင်စွာ လှီးဖြတ်နေသည်။ လှပသော လက်ချောင်းများက အသားတုံးကို လှီးဖြတ်နေပုံမှာ ကြည့်ကောင်းလှသလို ရှိသော်လည်း သူကတော့ သူ့နှလုံးသားကိုသာ လှီးဖြတ်နေသည်ဟု ခံစားမိလေသည်။

"ရှင့်အတွက် အဲဒီကိစ္စက အဲဒီလောက်တောင် ခက်ခဲနေလား"

"မဟုတ်ပါဘူး။ ကိုယ် ဘာပြန်ပြောရမှန်းတောင် မသိတော့လို့ပါ။ အိမ်သူ ကိုယ့်ကို ဘာဖြစ်လို့ အဲဒီလိုမျိုးတွေ ပြောသလဲဆိုတာ နားမလည်နိုင်တော့ဘူး"

"ရှင်းရှင်းလေးပါ။ မိန်းကလေးတိုင်းမှာ သဝန်တိုစိတ်ဆိုတာ ရှိတာပဲလေ"

အဲဒါ သဝန်တိုစိတ် မဟုတ်ဘူးဟော့။ မနာလိုစိတ်၊ မစ္ဆရိယစိတ် သိရဲ့လားဟု သူ့ရင်ထဲက အော်ပြောနေတာကိုတော့





သူမ ကြားနိုင်မှာ မဟုတ်တော့ချေ။ သူမက အသားတစ်ဖဲ့ကို ပါးစပ်ထဲသို့ ထိုးသွင်းကာ ဖြည်းဖြည်းဝါးရင်းမှ ဆက်ပြောသည်။

"အဲဒီမိန်းကလေးက စန်းတစ်မျိုးတော့ ရှိတယ်နဲ့ တူတယ်နော်။ သူ့အနားမှာ လင်းပြေ ဆိုတဲ့ လူကတောင် မခွဲနိုင်မခွာရက် ခ,စားနေရတယ် ...

ဘာတွေ ခုတ်ကောင်းနေလဲတော့ မပြောတတ်ဘူး။ ကြည့်ရတာ ယောကျာ်းတွေရဲ့အထာကိုတော့ တော်တော်ညက်တဲ့ပုံပဲ။ ဆရာမကြီးလား မသိဘူး"

အဲဒီစကားကြောင့် သူ့သွေးတွေ ဖျင်းခနဲ ဖြစ်သွားသည်။ စိန့်ကို ပြောနေသောပုံစံက တမင်ရွတ်ချပြီး ပြောနေသောပုံစံမျိုးမို့ စိန့်အတွက် တကယ်ပဲ မခံမရပ်နိုင် ဖြစ်လို့သွားသည်။

"စိန်က လင်းပြေကို စိတ်မဝင်စားပါဘူး"

"စိတ်မဝင်စားဘူး ! ။ အာ ဟာ ... ယုံချင်စရာကြီးပဲ။ လင်းပြေလို ယောကျာ်းတစ်ယောက်ကို စိန်ပန်းနီနီ ဆိုတဲ့ မိန်းကလေးက စိတ်မဝင်စားဘူးဆိုတာ သူ့ရဲ့ တက်ကနစ်တစ်ခုပဲ ဖြစ်မှာပါ"

"စိန်က အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး"

သူမက စားသောက်ရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်ကာ တစ်ချက် စိုက်ကြည့်သည်။ ပြီးတော့မှ လက်ထဲက ဓားနှင့်ခက်ရင်းကိုချကာ ...

"ကျွန်မ ပြောချင်တာ အဲဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"… … …"

သူက တစ်စုံတစ်ခု ဘာမှပြန်မပြောနိုင်ဘဲ အိမ်သူ့ကိုသာ ငေးကြည့်နေမိသည်။ သူမကပဲ ဆက်ပြောတာဖြစ်ပါသည်။

"ရှင်က သူ့ကို သိပ်နေရာပေးလွန်းအားကြီးတယ်၊ အဲဒါဟာ ရှင် ကျွန်မနဲ့ ရေ့ဆက်ပတ်သက်နေရဦးမယ်ဆိုရင် ရှင်နဲ့ ကျွန်မကြားမှာ အနှောင့်အယှက်တစ်ခု ဖြစ်လာနိုင်တယ် …

ဒီတော့ ရှင် စဉ်းစားဆုံးဖြတ်ရမယ့်အပိုင်းကို ရောက်နေခဲ့ပြီ"

"ဗျာ … ဘာကို စဉ်းစားဆုံးဖြတ်ရမှာလဲ"

"ရှင် … စိန်ပန်းနီနီနဲ့ လုံးဝမပတ်သက်တော့ပါဘူးလို့ ကျွန်မကို ကတိပေးနိုင်မလား"

"အာ … အဲဒါကြီးကတော့ …"

"ရှင် … မပေးနိုင်ဘူးလား။ အိုခေလေ … ဒါက ချက်ချင်းပြောဖို့ စောပါသေးတယ်။ ရှင့်မှာ စဉ်းစားဖို့ အခွင့်အရေးရှိပါတယ် …

နောက်တစ်ပတ် ဒီလိုအချိန် ဒီဆိုင်ရှေ့က အင်းလျားကန်ပေါင်ပေါ်မှာ ရှင်နဲ့ ကျွန်မ ဆုံမယ်။ ဆုံတဲ့အခါ ရှင့်ဆီက အဖြေစကား တစ်ခုခုကို သိချင်တယ်။ အဲဒီအဖြေပေါ်မှာ မူတည်ပြီး ရှင့်အပေါ်မှာထားမယ့် ကျွန်မရဲ့သဘောထားအဖြေကို ရှင် သိရလိမ့်မယ် …

ဘယ်လိုလဲ"





"အိမ်သူ … ကျေးဇူးပြုပြီး အဲဒီ အပေးအယူကြီးကတော့ ရက်စက်ရာ ကျမနေဘူးလား"

သူမက ဒါ အမိန့်ပဲ ဟူသောပုံစံဖြင့် ပခုံးကို တစ်ချက်တွန့်ကာ …

"ရက်စက်တာတွေ ငဲ့ညှာတာတွေ နားမလည်ဘူး။ ကျွန်မဖြစ်ချင်တာကို ကျွန်မ ပြောတာပဲ …

ကျွန်မမှာလည်း ကျွန်မဖြစ်ချင်တာကို တောင်းဆိုခွင့်ရှိသလို ရှင့်မှာလည်း ရှင် ရွေးချယ်ချင်တာကို ရွေးချယ်ပိုင်ခွင့် ရှိတာပဲ …

ဒါကို ကျွန်မက မတရားဘူးလို့ ရှင် ပြောချင်သေးလား"

"အိမ်သူရယ် … အဲ … အဲဒါက …"

သူမက သူ့ရဲ့အညှာကို ကိုင်လိုက်သော အပြုံးမျိုးဖြင့် ပြုံးကြည့်ကာ …

"ရှင် တစ်ပတ်တိတိ စဉ်းစားဆုံးဖြတ်ချိန် ရတယ်။ နောက်ဆုံး ရှင် ဆုံးဖြတ်ရ ခက်နေရင် ရှင့်ရဲ့ဆရာမကြီးနဲ့ တိုင်ပင်ကြည့်ပေါ့။

ရှင် သူ့ကို အမြဲတိုင်ပင်ခဲ့တာပဲ မဟုတ်လား။ သူကလည်း ရှင့်ရဲ့ အခါတော်ပေး လုပ်ခဲ့တာပဲ မဟုတ်လား။ ဟင် ? … တိုင်ပင်ကြည့်လိုက်ပါလား။ သူ ဘာပြောမလဲ ရှင် စိတ်မဝင်စားဘူးလား … /



www.burmeseclassic.com

www.burmeseclassic.com



သူက ရှင့်အတွက် အကောင်းဆုံး အဖြေတစ်ခုကို စဉ်းစားပေးနိုင်မှာပါ …

ကဲ … ဒီနေ့ကစလို့ နောက်တစ်ပတ်ပဲ”

သူမရဲ့စကားသံအဆုံးတွင် သူ့ရင်ခွင်တစ်ခုလုံး တိတ်ဆိတ်လို့သွားသည်။ အပြန်လမ်းမှာ သူမနှင့် စကားတောင်ထပ်မဆိုဖြစ်ကြတော့။ အပေးအယူ တစ်ခုသည် သူ့နှလုံးသားကို အကြီးအကျယ် ခြောက်လှန့်လျက် ရှိလေသည်။ စိန်နဲ့ လုံးဝမပတ်သက်ရဘဲ နေရမည်တဲ့။

စိန်သည် လုံးဝမပတ်သက်ဘဲ ကင်းပြတ်လို့ရသည့်မိန်းကလေးလား။ စိန် ကိုယ်တိုင်ကရော သူ့အဖြစ်ကိုသိလျှင် ဘာအကြံဉာဏ်တွေ ပေးဦးမှာတဲ့လဲ။ သူ့ရင်ထဲတွင် ဘာကိုမှစဉ်းစားလို့ မရအောင် မွန်းကျပ်လို့ လာခဲ့ပါသည်။





## ၂၇

စိန်သည် ဒီနေ့အဖို့ ကျောင်းသို့လာရာတွင် ထူးဆန်းနေသည်ဟု ထင်မိသည်။ ဘာဖြစ်လို့လဲဆိုတော့ ဘာစီးပွားရေးလုပ်ငန်းရှင်မှ မဟုတ်သော စိန့်ထံသို့ Appoinment သုံးခုကတန်းစီပြီး ဝင်ရောက်လာသောကြောင့်ဖြစ်သည်။ စိန်နဲ့ တွေ့ဆုံပြီး စကားပြောချင်သည်ဟု လင်းပြေက ပထမဆုံး ချိန်းဆိုပြီး၊ နောက်ထပ် ချိန်းဆိုတာကတော့ လှမျိုးခင် ဖြစ်သည်။ နောက်ဆုံးချိန်းဆိုသူကတော့ ရွှေအိမ်သူပဲ ဖြစ်လေသည်။

လင်းပြေကိုတော့ စိန်က ကျောင်းမရောက်ခင်စိမ်းလန်းစိုပြည်ထဲက Zephyr စားသောက်ဆိုင်ထဲမှာ Breakfast စားရင်း စကားပြောခဲ့သည်။ သူ ပြောသော စကားတွေမှာ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါ။ သူ ချစ်စကားပြောထားသောစိန့်ထံမှ အဖြေပေးမည့် အချိန်တစ်ခုကို တောင်းတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ စိန်။ ကိုယ်ပြောတာကို လက်ခံစဉ်းစားပေးနိုင်မလား၊ ကိုယ် ပြောတာက စိန့်ဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေကို တောင်းတာမဟုတ်ဘူး ...

ကိုယ့်အတွက် သတ်သတ်မှတ်မှတ် အဖြေရက်တစ်ခုကို လိုချင်တာ၊ ဥပမာ ... ရှင့်ကို နောက်တစ်နှစ်နေမှ အဖြေပေးမယ်ဆိုလည်း ရတယ် ...

ကိုယ်ဟာ တစ်နှစ်တိတိ မျှော်လင့်ချက်တစ်ခုနဲ့ ပျော်ရွှင်စွာ ရှင်သန်နေထိုင်နိုင်ပါပြီ။ ကိုယ် ပြောတာသဘောပေါက်လား"

"အင်း ... ပေါက်ပါတယ်"

"ပေါက်ရင် အဲဒီ စောင့်ရမယ့် သတ်မှတ်ကာ အဖြေကို ဘယ်နေ့မှာ ပေးမလဲ စိန်"

"အင်း ... တနင်္ဂနွေဆို ရမလား"

"တနင်္ဂနွေ ... အခုလာမယ့် တနင်္ဂနွေလား"

"ဒါပေါ့ ... ဒီတနင်္ဂနွေ၊ အင်းလျားကန်ပေါင်ပေါ်မှာ ဆုံတာပေါ့"

"ဟား ... စိန် တကယ် ပြောတာနော်"

"ဩော် ... ညာပြောတာမှ မဟုတ်တာ"

"အိုခေ ... ကျေးဇူးပဲ စိန်။ ဒါဆိုရင် ..."

"ရှင် သွားလိုက်တော့လေ။ ဟိုမှာ နောက်တစ်ယောက်နဲ့ ကျွန်မ ချိန်းထားသေးတယ်"





သူက စိန် ညွှန်ပြရာသို့ ကြည့်လိုက်လျှင် ဇိုက်ဇိုက် ဇိုက်ဇိုက်ဖြင့် လျှောက်လာသော လှမျိုးခင်ကို မြင်သွားသည်။ ပြီးတော့ အဓိပ္ပာယ်ပေါက်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ နှုတ်ဆက်ပြီး ထွက်ခွာသွားလေသည်။

စိန်က လှမျိုးခင်ကို အပြုံးတစ်ခုဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ရင်း ...

"ထိုင် ... လှမျိုးခင်။ ဘာသောက်မလဲ"

"တော်ပါပြီ၊ ကျွန်တော် အိမ်က စားလာခဲ့ပြီ"

"ကျွန်မကို တစ်ခုခု ပြောစရာများ ရှိလားဟင်"

သူက စိန့်ကို ငေးကြည့်သည်။ ပြီးတော့ သက်ပြင်းချသည်။ နံနက်ခင်းနဲ့မှ မလိုက်ဖက်သော သူ့မုံ့စံ မှုန်းကျပ်ကျပ်ကြောင့် စိန်က မသက်သာစွာ ခေါင်းယမ်းလိုက်ပြီးမှ ...

"ရှင် ဘာဖြစ်နေတာလဲ လှမျိုးခင်။ ရှင့်မှာ အခက်အခဲတစ်ခုခု ပြဿနာတစ်ခုခုများ ရှိသလား"

"စိန် ကျွန်တော့်ရဲ့ကိစ္စ တော်တော်များကို ခင်ဗျားကပဲ အကြံပေးခဲ့တယ်။ ခင်ဗျား ပြောသလို၊ ခင်ဗျား နိမိတ်ဖတ်သလို၊ ဒါမှမဟုတ် ခင်ဗျား အခါတော်ပေးထားသလို အားလုံးဖြစ်ခဲ့တာချည်းပဲ ...

ဒါပေမဲ့ ဒီတစ်ခါတော့ ခင်ဗျားကိုလည်း ဒုက္ခမပေးချင်တော့ဘူး စိန်"



www.burmeseclassic.com

www.burmeseclassic.com



စိန့်ကို သူက ရင်းရင်းနှီးနှီး ဘာလားတော့ မပြောတတ်ပေမယ့် ခင်ဗျားတွေ ဘာတွေ တ,ပြီး ရင်ဖွင့်နေတာတော့ ထူးဆန်းနေသည်။ သူ့ကြည့်ရတာ တကယ်ပဲ စိတ်ပျက်လက်ပျက်ဖြစ်နေပုံ ပေါ်သည်။ သူ ရွှေအိမ်သူနဲ့ ဘာဖြစ်ထားတာလဲ။

"ရှင် ရွှေအိမ်သူနဲ့ ပြဿနာတစ်ခုခုများ ရှိနေလား"

"အဲဒီလိုတော့ မရှိပါဘူး"

"ဒါဆိုရင် ဘာလဲ။ ပွင့်ပွင့်လင်းလင်း ပြောပြမှ ရှင့်ကို ကျွန်မက ကူညီလို့ ရမှာပေါ့"

သူက စိန့်မျက်လုံးတွေထဲသို့ နစ်ဝင်မတတ် ငေးမောကြည့်ရှုနေသည်။ တစ်ခုခုကို ပြောချင်ပါလျက်နှင့် ပြောမထွက်သော ပုံစံမျိုးဟု စိန်က သဘောပေါက် နားလည်ရသည်။ စိန်သည် ဘာမှမပြောတော့ဘဲ သူ့ကိုသာ လက်ပိုက်ကြည့်နေမိတော့သည်။

ခဏကြာသောအခါ သူက ခေါင်းတစ်ချက်ဆတ်ပြီး ...

"ထားလိုက်ပါတော့ဗျာ။ ဆောရီး ... စိန်။ စိန့်ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားရင် တောင်းပန်ပါတယ် ..."

ဘာမှ မဟုတ်တော့ပါဘူး၊ ဒါနဲ့ အခုနက လင်းဖြေက စိန့်ကို ဘာကိစ္စနဲ့ လာတွေ့တာလဲ"

"သူ့ကို အဖြေပေးဖို့လေ"

"ဘာရယ် ! "





"အင်း ... သူ အဖြေတောင်းထားတာကို ပေးဖို့ပေါ့ ဖြစ်လို့လဲ"

လှမျိုးခင်၏ မျက်နှာသည် အခုနကထက် လှုပ်ရှားသွားသည်ဟု ထင်၏။ စိန့် မျက်နှာပေါ်က တစ်စုံတစ်ရာကို လိုက်လံရှာဖွေနေကာ ...

"စိန်က သူ့ကို ဘယ်တော့ အဖြေပေးမှာလဲဟင်"

"တနင်္ဂနွေနေ့လေ၊ ဒီနား အင်းလျားကန်ပေါင်ပေါ်မှာပဲ၊ ညနေ ငါးနာရီလောက်ပေါ့၊ ဘာလို့လဲ"

"ဘာမှ မဟုတ်တော့ပါဘူး။ အိုခေ ... ကျွန်တော် သွားတော့မယ်"

စိန်ကတောင် ခေါင်းညိတ် မပြရသေး။ သူက ရှဘ်ာရက်ပင် ထထွက်သွားတော့လေသည်။ စိန်သည် ဒီတစ်ခါလည်း နားမလည်ခြင်းများစွာနဲ့ ကျန်ရစ်ခဲ့သည်။ ကော်ဖီတစ်ခွက်ကို အေးအေးဆေးဆေး ထပ်သောက်ရင်း ကုန်ခါနီးမှာတော့ ရွှေအိမ်သူက အချိန်မတိကျစွာဖြင့် ရောက်ရှိလို့ လာလေသည်။ သူနဲ့ စိန်သည် ခင်လည်း မခင်၊ စကားပြောစရာ အကြောင်းလည်း မရှိပါဘဲနှင့် မျက်နှာချင်းဆိုင်တွေ့ပြီး စကားပြောဖို့ ချိန်းဆိုသည်မှာ တစ်မျိုးတော့ ဆန်းကြယ်သည်ဟု ထင်မိလေသည်။

သူမက စိန်နဲ့ မျက်နှာချင်းဆိုင် ခုံတွင်ဝင်ထိုင်ကာ ...

"စိန်ပန်းနီနီ ... ကျွန်မက ရွှေအိမ်သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်မ သိပါတယ်။ တစ်ခုခု သောက်ပါ တတ် လား"

သူမက ဝိတ်တာကို စံပယ်ရေနွေးကြမ်း တစ်ခွက် မှာပြီး စိန့်ကို ပြုံးကြည့်ကာ ...

"စိန်ပန်းနီနီကို ကျွန်မက တွေ့ချင်တယ် ပြောတော့ ထူး ဆန်းနေမှာပေါ့။ ကျွန်မက စကားအများကြီးပြောဖို့ ဆန္ဒ မရှိပါဘူး ...

စိန်ပန်းနီနီကို မေးချင်တာ တစ်ခုက ရှင်ဟာ လှမျိုးခင်ကို ကိစ္စတော်တော်များများမှာ ကူညီတာ၊ အကြံ ပေးတာ လုပ်ခဲ့တယ်နော်"

"အဲဒီတော့ ..."

"သူက ရှင့်ကိုသိပ်အားကိုးတယ်ဆိုတာ ကျွန်မ သိပါတယ်။ အရမ်းလည်း ဂရုစိုက်တယ်။ ကျွန်မကိုသာ ခွဲလမ်းနေပေ မယ့် ရှင့်ကိုလည်း သူ့စိတ်ထဲမှာ အမြဲထည့်ထားတာပဲ လေ ...

ကျွန်မက အဲဒါကို Cross ဖြစ်တယ်။ အဲဒီတော့"

"နေပါဦး။ အဲဒီစကားတွေက ကျွန်မကို လာပြောရမှာမှ မဟုတ်တာ၊ လှမျိုးခင်ကို ပြောရမှာလေ"

"ဟုတ်ပါတယ်။ လှမျိုးခင်ကို ကျွန်မ ပြောခဲ့တယ်။ အခုန ဒီမှာ ရှင်နဲ့ သူ စကားပြောနေတာ တွေ့လိုက်ရ တယ်။ သူ ရှင့်ကို ဘာပြောလဲ"





"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဆိုင်ပါတယ်။ ကျွန်မရဲ့သိက္ခာနဲ့ ဆိုင်ပါတယ်"

"ဘယ်လို ..."

"ဟုတ်တယ်။ သူနဲ့ ကျွန်မ အပေးအယူတစ်ခု လုပ်ထား တယ်။ အဲဒီ အပေးအယူမှာ အလျော်အစားတွေရှိတယ် ...

သူက ရှင့်ကို တစ်ခုခု ပြောခဲ့တယ်ဆိုရင် ကျွန်မ အတွက် Plus ဖြတဲ့ အခြေအနေပါ။ ဘာမှမပြောဘူးဆို ရင် ကျွန်မအတွက် ထူးခြားမှု မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ် ပါ"

"ရှင့်စကားတွေကို ကျွန်မ ဘယ်လိုမှ နားမလည်နိုင် ဘူး"

"ဒီထက် နားလည်အောင် ပြောပြရရင်တော့ ရှင်ဟာ လှမျိုးခင်ကို အမြဲတမ်း အခါတော်ပေး လုပ်ခဲ့တယ်မဟုတ် လား ...

ကျွန်မက သူ့ကို ရှင်နဲ့ မပတ်သက်ဖို့ Pressure ပေးကြည့်တယ်လေ။ အဲဒီအတွက် အကြံဉာဏ်ကို ရှင့်ဆီ က တောင်းကြည့်ပါလားလို့လည်း ပြောခဲ့တယ်။ သူ ရှင့် ကို မပြောခဲ့ဘူး မဟုတ်လား။ အဲဒါ သူ့ရဲ့ရွေးချယ်မှုဆို တာ ကျွန်မ သဘောပေါက်လိုက်ပြီလေ။ ကဲ ... ဒီလောက် ဆို ရှင်ရော အရှင်းဆုံး သဘောပေါက်ပြီလား



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိမ်သူရဲ့ စကားအဆုံးတွင် စိန့်နှလုံးသားတစ်ခုလုံး ဲအေးခဲသွားသလို ခံစားသွားရလေသည်။ ဘာစကားမှ မပြောနိုင်ဘဲ ရှော့ရနေမိသည်။ ခုတလောမှာ ဖုန်းဆက်တိုင်း တစ်ခုခုကို ချိတုံချတုံ ဖြစ်နေသော လှမျိုးခင်၊ စိန် ဆုံးဖြတ်ပေးမှာ ဒီတစ်ခါတော့ ကြောက်နေတယ်ဟူသည့် အဆက်အစပ်မရှိသော စကားလုံးတွေနှင့် ကျဉ်းထဲ ကျပ်ထဲ ရောက်နေသော သူ့ရုပ်သွင်အားလုံးဟာ စိန့် ခေါင်းထဲတွင် အဆက်အစပ်နှင့် ပေါ်လာသည်။

ဘုရားသခင် ... သူဟာ စိန် ဘာကိုဆုံးဖြတ်ပေးမှာကို သိနေတယ်တဲ့လား၊ ဒါကြောင့် အဲဒီဆုံးဖြတ်ချက်ကို မလိုချင်တာကြောင့် ရှောင်ထွက်သွားတာတဲ့လား။ စိန် တစ်ယောက် မတွေးနိုင် မအန်နိုင် ဖြစ်နေတုန်းမှာပဲ ရွှေအိမ်သူက လက်ဖက်ရည်ကြမ်းကို တစ်ငုံမော့သောက်ကာ ...

"ကျွန်မဘဝမှာ ဝမ်းနည်းစရာ အကောင်းဆုံး ကိစ္စကတော့ ယောကျ်ားပေွဟာ ချစ်တာနဲ့ ကြိုက်တာကို မခွဲခြားတတ်ဘဲ ကျွန်မကို လာရောက်ပတ်သက်ကြတာပဲ ...

ဖွဲလမ်းတာကို သူတို့က အချစ်လို့ယူဆကြတာလေ၊ ဒီရုပ်ရည်ကြောင့်ပဲ ကျွန်မအနားမှာ မလိုအပ်ဘဲ ယောကျ်ားတွေ များနေခဲ့သလို၊ ဒီရုပ်ရည်ကြောင့်ပဲ အချစ်စစ်ကို တွေ့ဖို့လည်း ခဲယဉ်းသွားတယ် ...

ရှင်ရော ကျွန်မကို ဘာပြောစရာ ရှိသေးလဲ"

"မရှိတော့ဘူး"





"အိုခေ ... ဒါဆို ကျွန်မကို ခွင့်ပြုပါဦး"

သူမက မတ်တတ်ထရပ်သည်။ စိန်သည် ဘာမှမပြောနိုင်ဘဲ အဝေးကို ငေးနေမိသည်။ မျက်လုံးတွေက ဖွင့်ထားသော်လည်း ဘာမှကိုမမြင်ချေ။ စိန် မြင်နေတာတွေသည် လက်ရှိပုံရိပ်တို့ကို မဟုတ်။ လွန်ခဲ့သော တစ်နှစ်ခန့်က အဝေးပြေးကွင်းမှာ စတွေ့ခဲ့သော အူကြောင်ကြောင်တစ်ယောက်ကိုသာ ဖြစ်သည်။

အဲဒီ အူကြောင်ကြောင်ဟာ သူ သိပ်လိုချင်သော အရာတစ်ခုကို ပါးစပ်နား ရောက်ခါနီးမှ ဘာကြောင့် ပုတ်ချလိုက်ရတာတဲ့လဲ။ ဘာသဘောလဲ ... ဘာအတွက်လဲ။

ရှင်နဲ့တော့ ရူးရပြီ ရွှေညာသားရယ်။



www.burmeseclassic.com

www.burmeseclassic.com



## "တနင်္ဂနွေနေ့"

လှမျိုးခင်သည် ကားကို ကန်ပေါင်နားက ပါကင်မှာ ကမန်းကတန်း ထိုးရပ်ပြီးနောက် ကန်ပေါင်ပေါ်သို့ ကသောကမြော ပြေးတက်လာခဲ့သည်။ လက်ထဲက နာရီကို ကြည့်မိသောအခါ ငါးနာရီထိုးနေခဲ့ပြီ။ သွားရမလို မသွားရမလိုဖြင့် ချီတုံချတုံဖြစ်နေသော စိတ်များမှာ လေးနာရီခွဲလျှင်တော့ ဘယ်လိုမှ မရတော့ချေ။ သူ အပြေးလာခဲ့သည်မှာ ရွှေအိမ်သူထံသို့တော့ မဟုတ်ဘဲ လင်းပြေကို အပြေပေးတော့မည့် စိန့်ထံသို့သာဖြစ်သည်။

ကန်ပေါင်ပေါ်တွင် တနင်္ဂနွေနေ့မို့ လူတွေကလည်း များလှလေရာ စိန့်ကို ရုတ်တရက် ရှာမတွေ့ချေ။ ရှာဖွေရင်း ပြေးရင်း လျှောက်လာခဲ့သည်မှာ IBC ရှိသော ဟိုဘက်ထိပ်သို့တောင် ရောက်တော့မည် ဖြစ်သည်။ စိန့်ကိုတော့ မတွေ့သေး။ သူ့ရင်ထဲတွင် ပြာလာပြီးနောက် လှကလည်း ကလေးတစ်ယောက်လို အော်ငိုပစ်ချင်လာသည်။ အဲဒီအချိန်မှာပဲ သူ့လက်တစ်ဖက်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာဖမ်းဆွဲတာကို ခံလိုက်ရတာဖြစ်သည်။





"ဘာဖြစ်လို့ အရူးလို လျှောက်ပြေးနေရတာလဲ"

သူ လှည့်ကြည့်လိုက်လျှင် သူ့ကို ရင်ခွင်ဆန်သော မျက်ဝန်းများဖြင့် ငေးကြည့်နေသော စိန့်ကို ရူးချင်ဖွယ်ရာ တွေ့လိုက်ရသည်။

"စိန့်"

"ရှင် ... ရူးသွားပြီလား"

"စိန့် ... လင်းပြေရော။ လင်းပြေကို စိန့် အပြေပေးပြီးသွားပြီလားဟင်"

"အေးလေ"

"ဟား ... စိန့်ရယ်"

"ဘာဖြစ်တာလဲ"

"ကျွန်တော် ... ကျွန်တော်တော့ ...။ ဟား ... သွားပါပြီ စိန့်ရယ်"

ယုံကျုံးမရသလို ဖြစ်နေသော သူ့ပုံစံကို စိန့်က ဟက်ခနဲဖြင့် စိတ်ပျက်သလို တစ်ချက်ရယ်ပြီးမှ ...

"ရှင့်ကို အဲဒါကြောင့် အိုက်ဒီယာ မရှိဘူးလို့ ပြောတာ။ ပျော်စရာကောင်းတဲ့ အဖြေကို ရသွားတဲ့ ယောကျ်ားတစ်ယောက်က ကျွန်မအနားမှာ မရှိဘဲ နေမလားရှင့်"

"ဗျာ ... ဒါဆိုရင် ! "

စိန့်က သူ့ကို မျက်ဝန်းများ မှေးစင်းကြည့်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ရှင် ဘာအရူးထတာလဲ။ ဘာကိစ္စနဲ့ ရွှေအိမ်သူ့ဆီကို မသွားရတာလဲ ...

ဒါ အနှစ်နှစ် အလလက ရှင် ဖြစ်ချင်ခဲ့တဲ့ ဆန္ဒတွေပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး စိန်"

သူ့မျက်လုံးတွေက လင်းလက်ရီဝေသွားသည်ဟု ထင်သည်။ အဘယ့်ကြောင့်ဆိုသော် စိန့်မျက်ဝန်းတွေထဲမှာ သူ့မျက်လုံးတွေကို ပြန်မြင်နေရသောကြောင့် ဖြစ်သည်။ အဲဒီလောက်ထိ သူတို့ နီးကပ်နေကြသည်။

"ကျွန်တော် သူ့ကို ချစ်ခဲ့တာ မဟုတ်ဘူး။ စွဲလမ်းခဲ့တာ။ သူ့အလှကို မြင်မြင်ချင်းမှာပဲ မမြင်ဘူး မူးမြစ်ထင်၊ သူ့အလှကို ရူးရူးသွပ်သွပ် စွဲလမ်းသွားခဲ့တာပါ ...

ဒါကို မီးလောင်ရာ လေပင့်ပေးခဲ့တာက စိန်ပဲလေ။ စိန့်ကြောင့်ပဲ ကျွန်တော့်ရဲ့ အရူးဒီဂရီတွေ မြင့်တက်လာခဲ့ရတာ။ တကယ်တမ်းမှာကျတော့ ကျွန်တော် ချစ်ခဲ့တာ သူ့ကို မဟုတ်ဘူးဆိုတာ သူ့အနားကို တော့တော့ဆိုင်ဆိုင် ရောက်သွားတော့မှ သိလိုက်ရတာပဲလေ ...

သူ့အနားလည်း ရောက်ရော၊ စိန်က ကျွန်တော့်ဘေးမှာ မရှိတော့ဘူး။ အဲဒီကျမှ ကျွန်တော့်အတွက် ဘာလိုအပ်တယ်ဆိုတာ အရှင်းဆုံး သဘောပေါက်လိုက်ရတာပဲ ...





စိန် ကျွန်တော့်ကို အမြဲတမ်း အကြားအမြင် ရခဲ့တယ်နော်။ ခုရော ကျွန်တော့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာ သိတယ် မဟုတ်လားဟင်"

စိန်သည် သူ့ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်။ ပါးများရိုက်တော့မလားလို့ စိုးရိမ်စွာနှင့် ရင်တထိတ်ထိတ်ရှိနေတုန်းမှာပဲ သူမက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။ ဒီတော့မှပဲ သူက သက်ပြင်းချနိုင်တော့တာဖြစ်သည်။ နောက်တော့ စိန်က စကားတစ်ခွန်းကို လေးလေးနက်နက် ဆိုသည်။

"လက်စသတ်တော့ ကျွန်မက ရှင့်အစွဲအလမ်းတွေကို အခါတော်ပေးမိနေခဲ့တာကိုး ...

ပြောရရင်တော့ နီးစပ်မှုပေါ့။ နီးစပ်မှုကြောင့် ရှင်နဲ့ ကျွန်မ သံယောဇဉ် ရှိသွားကြတာလား မသိဘူးနော်။ စွဲလမ်းမှုကို ရှင်က အချစ်လို့ ထင်ယောင်ထင်မှား ဖြစ်ခဲ့တယ်။ အခုရော နီးစပ်မှုကို အချစ်လို့ ထင်ပြန်ပြီလား"

"စိန် ! "

သူက ထိတ်လန့်စွာ ခေါ်မိလျှင် စိန်က နှစ်သိမ့်သလို ပြုံးပြ၏။ ပြီးတော့ သူ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်ကာ ...

"သေချာတာကတော့ ရုပ်ရည်ချောမောလှပမှုမှာ ရှင်ရော ကျွန်မရော ကျဆုံးမသွားခဲ့ကြဘူး ...

ဒါဆိုရင် အချစ်စစ်ဆိုတာ ကျွန်မတို့နဲ့ နီးနီးနားနားပဲ ရှိမယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သိပ်မြင့်လွန်းသော စကားတွေကို သူ နားမလည်ပါ။ ဒါပေမဲ့လည်း စိန့် မျက်ဝန်းတွေကတော့ နွေးထွေးနေခဲ့သည်။ ဒီလောက်ဆိုရင်ပဲ သူ့အတွက် လုံလောက်ပြီဟု ထင်ပါသည်။

"ကျွန်တော်ဟာ ခပ်ညံ့ညံ့ကောင် တစ်ကောင်ပါ စိန်။ မိန်းမတစ်ယောက်ရဲ့အလှကို ယစ်မူးပြီး အဲဒါကို အချစ်လို့ ထင်ခဲ့ဖူးပါတယ် ...

ဒါပေမဲ့လည်း အချစ်စစ်ကို မေ့ထားနိုင်တဲ့ အထိ တော့လည်း မညံ့သေးပါဘူး။ စိန့်အနားမှာ ရှိနေခွင့်ပေးပါ"

"အိုခေလေ"

စိန်က ပြုံးပြုံးလေး ပြောသောအခါ သူက စိန့်ရဲ့ လက်ဖျားလေးကို မချင့်မရဲ ဆွဲယူဖျစ်ညှစ်မိသည်။ စိန်က မရုန်းပါ။ ဒီအတွက် စိန့်ရဲ့နှလုံးသားကို သူက ကောင်းကောင်းကြီးသဘော ပေါက်သွားခဲ့သည်။ ဒီနေရာမှာ တစ်ခုပြောချင်တာက အချစ်ကြောင့် စွဲလမ်းခြင်း ဖြစ်ပေါ်နိုင်သော်လည်း စွဲလမ်းခြင်းကြောင့်တော့ အချစ်ဟု တစ်ထစ်ချ မမှတ်နိုင်။

ချစ်ခင်လေးစားစွာဖြင့်

ဆုမြတ်မွန်မွန်
3:10 (A:M)
22-10-2010

BURMESE CLASSIC

www.burmeseclassic.com